

ဝဏ္ဏအောင်
ကျောင်ချိုင်ဝံ
ဆိုင်းတာမန့်
ပထမပိုင်း
ထိဖုံး ၏ ဓွမ်း ကျက်ပန်

ဝဏ္ဏအောင်

---

# လှောင်ချိုင့်စံသိုင်းတမန်

ပထမပိုင်း

(ပ-ဒု.နှစ်အုပ်တွဲ)

စာမူခွင့်ပြုချက်အမှတ် ၁၄၅၃/ ၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၃/ ၂၀၀၄ (၁)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ ဧပြီလ၊
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀-ကျပ်။

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့ (၃)၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဦးလှသိန်း (လှသိန်းဦးပုံနှိပ်တိုက်)၊
အမှတ် ၁၂၊ ဒါနလမ်း၊ သာယာကုန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်သူ

ဦးထွန်းလင်း (မြ-၀၆၃၆၂)၊
မိုးဝေအော့ဖ်ဆက်၊ အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

# မရဏလက်ဆောင်

---

ကျောင်းမြို့စား ဂေဟာ....

ဂေဟာ၏ဧည့်ခန်းမကြီးမှာ ကြီးကျယ်ခန်းနားစွာ ပြင်ဆင်ထားလေသည်။

ဧည့်ခန်းမကြီးအတွင်း၌ မြို့စားကြီးကျောင်းချုံ၊ ဇနီးသည် ရှယဉ်၊ သားကျောင်းလုံနှင့် မြို့စားဂေဟာမှ အရေးပါသူများ စုရုံးရောက်ရှိနေကြသည်။

ကျောင်းမြို့စားဂေဟာသို့ ထင်းကျွန်းဂိုဏ်းမှ စောဘမာန် ဝူးလိတိုးဘိုး ရောက်ရှိလာခြင်းကြောင့် ဖြစ်လေသည်။

ဝူးလိဘိုးဘိုးသည် ကျောင်းမြို့စားအတွက် ထင်းကျွန်းဂိုဏ်းချုပ်၏လက်ဆောင် ပန်းချယ်ရီအရက်ကို လာရောက်ပို့ဆောင်ပေးခြင်း ဖြစ်သည်။

ပန်းချယ်ရီအရက်သည် ထင်းကျန့်ဂိုဏ်းမှ ဂိုဏ်းချုပ်သောက်ရန်နှင့် အထူးဧည့်သည်တော်များ ရောက်ရှိလာပါက ဧည့်ခံရန် တစ်နှစ်မှတစ်အိုးသာ ချက်လုပ်သော အရက်ဖြစ်သည်။

ဝူးလိဘိုးဘိုးယူဆောင်လာသည့် ပန်းချယ်ရီ အရက်အိုးမှာ ရှေးကျသားပြီး အဖုံးကိုအနီရောင်စက္ကူကပ်ကာ ချိတ်ပိတ်ထားသည်။

ဝူးလိဘိုးဘိုးသည် ကျင်းမြို့စားအားဦးညွှတ်ကာ အရက်အိုးကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပေးလေသည်။

'ထင်းကျန့်ဂိုဏ်းချုပ်ဟာ ကျောက်ဖြူတောင်ကြားမှာဖြစ်ပျက်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး မြို့စားကြီးကို ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ အရက်တစ်အိုး ပို့ပေးလိုက်ပါတယ်'

ထင်းကျန့်ဂိုဏ်းသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ထင်းကျန့်ဂိုဏ်းချုပ်၏ သိုင်းပညာကို ရှောင်လင်၊ ဝူးတန်ဂိုဏ်းအစရှိသော သိုင်းဂိုဏ်းကြီးများကပင် လေးစားကြရပြီး သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ရာ၌ နေရာပေးကာ တန်းတူရှယ်တူ ဆက်ဆံရလေသည်။

ထင်းကျန့်ဂိုဏ်းတွင် ဝူးလိဘိုးဘိုးကဲ့သို့ထိပ်တန်းသိုင်းပညာရှင် အများအပြားရှိနေသဖြင့် သိုင်းလောက၏ ရိုသေလေးစားမှု ခံရခြင်းလည်း ဖြစ်လေသည်။



ကျင်းမြို့စားသည်လည်း နာမည်ကျော် သိုင်းပညာရှင်တစ်ယောက်ဖြစ်ခဲ့ပြီး ထင်းကျန့်ဂိုဏ်းထက် အရင်ကျော်ကြားခဲ့သူ ဖြစ်ပေသည်။

ထို့ပြင် ကျင်းမြို့စားနှင့် ထင်းကျန့်ဂိုဏ်းချုပ်သည် ဆွေမျိုးများလည်း တော်စပ်နေကြသေး၏။

ထင်းကျန့်ဂိုဏ်းချုပ်၏ ညီမမှာ ကျင်းမြို့စား၏ ဇနီးဖြစ်သောကြောင့်ပင်။

ထင်းကျန့်ဂိုဏ်း အောင်မြင်လာသည့်အခါ ကျင်းမြို့စားထက် ပို၍ထင်ရှားသွားပြီး ကျင်းမြို့စား၏ အရှိန်အဝါကို မှေးမှိန်သွားစေခဲ့သည်။

မည်သို့ဆိုစေ....

ကျင်းမြို့စားနှင့် ထင်းကျန့်ဂိုဏ်းချုပ်တို့ ဆွေမျိုးတော်စပ်နေကြသဖြင့် သိုင်းလောကသားများသည်လည်း ကျင်းမြို့စားအား ယခင်ကထက်ပို၍ လေးလေးစားစား ရှိကြလေသည်။

ကျင်းမြို့စားသည် ယောက်ဖတော်က လက်ဆောင်အရက် ပေးပို့လိုက်ခြင်းကြောင့် ဝမ်းသာဂုဏ်ယူလိမ့်မည် ဖြစ်ပေသည်။

သို့သော် မြို့စားကြီး၏မျက်နှာ မသာမယာ ဖြစ်နေသည်။

အရက်လာပို့သော ဝူးလိဘိုးဘိုးသည်လည်း ရင်းနှီးနှစ်ခင်ဟန်မရှိဘဲ အေးတိအေးစက် ဖြစ်နေသည်။

ကျောင်းမြို့စားက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ပန်းချယ်ရီအရက်ကို လက်ဆောင်ရတာ အင်မတန်ဝမ်းသာဂုဏ်ယူဖို့ ကောင်းပါတယ်၊ နောက်သုံးရက်ကြာရင် ကျုပ်သောက်ဖြစ်အောင် ဆက်ဆက်သောက်လိုက်ပါမယ်လို့ ထင်းကျွန်းဂိုဏ်းချုပ်ကို ပြောလိုက်ပါ'

ဂူးလီတိုးတိုး ဦးညွှတ်လိုက်သည်။

'ကောင်းပါပြီ၊ ဂိုဏ်းချုပ်ကြီးကို ပြန်ပြောပြလိုက်ပါမယ်၊ ကဲ...ကျုပ်ကိုခွင့်ပြုပါဦး'

'အင်း...ထင်းကျွန်းဂိုဏ်း အဓွန့်ရှည်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ'

ဤတွင် ဝူးလီတိုးတိုးက သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်ပြီး ဧည့်ခန်းမအတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

'တိုးတိုး'

သခင်လေးကျောင်းလုံက လှစ်ခနဲပြေးလိုက်သွားသည်။

သို့သော်....

'သခင်လေး'

လူတစ်ယောက်က ဟန့်တားလိုက်သည်။

ကျောင်းမြို့စား၏ညာလက်ရုံး ဝမ်းကိုဖြစ်သည်။

ကျောင်းလုံ မကျေမနပ်ဖြစ်သွား၏။



'ဦးလေး ဝမ်းကို၊ ကျွန်တော်က ထင်းကျွန်းဂိုဏ်းကို...'

'စိတ်ချပါ၊ တစ်နေ့ကျရင် ထင်းကျွန်းဂိုဏ်းကို အလည်အပတ် သွားရမှာပါ'

'ကျွန်တော်....'

သို့စဉ်...

'သား မေမေနဲ့လိုက်ခဲ့'

မြို့စားကတော် ရှယဉ်၏အသံ ထွက်ပေါ်လာသဖြင့် ကျောင်းလုံ ဘာမှမတတ်နိုင်တော့ပါ။

'ဟုတ်ကဲ့ မေမေ'

ရှယဉ်က ဧည့်ခန်းအတွင်းမှထွက်သွားရာ ကျောင်းလုံလည်း လိုက်သွားရလေတော့သည်။

....★....

မြို့စားဂေဟာ၏ဝဲဘက်တွင် ရောင်စုံပန်းများ ပွင့်ဖူးနေသည့် ပန်းဥယျာဉ်ကြီး ရှိနေသည်။

ရှုယဉ်သည် ပန်းဥယျာဉ်အတွင်း ရောက်ရှိသောအခါ ကျောက်ခုံတစ်လုံး၌ ထိုင်ချလိုက်၏။

ကျင်းလုံက မိခင်နှင့်မလှမ်းမကမ်း၌ ရပ်လိုက်၏။

သူ၏မိခင်မှာ မျက်နှာမသာမယာဖြစ်နေကြောင်း သတိပြုမိလိုက်သည်။

ထို့ပြင် ဖခင်နှင့် မြို့စားဂေဟာမှ အရေးပါသူများလည်း မျက်နှာမကောင်းဖြစ်နေကြောင်း သတိပြုမိခဲ့၏။

ထင်းကျွန်ဂိုဏ်းချုပ်က အရက်လက်ဆောင် လာပေးသည်ကို အဘယ်ကြောင့် မနှစ်မြို့သည့်အသွင် ဆောင်နေကြပါသနည်း။

ကျင်းလုံ မစဉ်းစားတတ်ပါ။

သူသိထားသည်မှာ ကျော်ကြားလှသည့် ထင်းကျွန်ဂိုဏ်းသို့သွားကာ ဦးလေးဖြစ်သူ ထင်းကျွန်ဂိုဏ်းချုပ်နှင့် တွေ့ဆုံလိုခြင်းသာ ဖြစ်ပေသည်။

'မေမေ....ထင်းကျွန်ဂိုဏ်းက တစ်ယောက်ယောက်ရောက်လာရင် ကျွန်တော့်ကို အလည်အပတ် ထည့်လိုက်မယ်ဆိုနေတော့ ဘာကြောင့် သွားခွင့်မပြုတာလဲ'

မိခင်ကြီးအား မေးလိုက်လေသည်။

ရှုယဉ် ခေါင်းခါယမ်းလိုက်၏။



'သားကို မေမေ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မယ်၊ ထင်းကျွန်ဂိုဏ်းကို သားဘယ်တော့မှ သွားဖို့လည်းပဲ ရမှာမဟုတ်ဘူး'

'ဗျာ....'

ကျင်းလုံ မျက်နှာပျက်သွားလေသည်။

'ဘာဖြစ်လို့လဲ မေမေရယ်၊ ထင်းကျွန်ဂိုဏ်းဟာ ဘယ်လောက်ကျော်ကြားသလဲ၊ ဘယ်လောက် ကြီးကျယ်သလဲ လူတိုင်းက ချီးကျူးနေကြတယ်၊ ထင်းကျွန်ဂိုဏ်းချုပ်ဟာ ကျွန်တော့်ရဲ့ဦးလေးပဲမဟုတ်လား၊ အများသူငါတက်တက်ကြွကြွနဲ့သွားပြီး ဂါရဝပြုနေကြတဲ့ ဦးလေးကို ကျွန်တော်က ဘာကြောင့်သွားမတွေ့နိုင်ရတာလဲ၊ ဘာကြောင့်ဦးလေးကြောင့် ကျွန်တော်ဂုဏ်မယူနိုင်ရမှာလဲ'

ရှုယဉ်၏မျက်နှာ တည်သွားလေသည်။

'သားကဂုဏ်ယူချင်ပေမယ့် သူကသားကို သူ့ရဲ့တူတော်မောင်တစ်ယောက်လို သဘောထားမယ်မျှားထင်နေသလား'

'ဗျာ....'

'ထင်းကျွန်ဂိုဏ်းချုပ်မပြောနဲ့ သူ့ရဲ့အခိုင်းအစေကတောင် သားကိုဆေးဖော်ကြောဖက်လုပ်ချင်ကြမှာမဟုတ်ဘူး'

ကျင်းလုံမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

သူသည် မြို့စားသား သခင်လေးတစ်ယောက် ဖြစ်သလို ထင်းကျွန်ဂိုဏ်းချုပ်၏တူလည်းဖြစ်သည်။

ကျင်းမြို့စားနှင့် ထင်းကျန့်ဂိုဏ်းအားအများက ကြည်ညို လေးစားကြသဖြင့် သူ့ကိုလည်း ကြည်ညို လေးစားကာ အရေးပေးလိမ့်မည်ဟု ယုံကြည်ထားပါသည်။

မိခင်၏ စကားအရ ထင်းကျန့်ဂိုဏ်း၏ အဓိကအခေစများကပင် သူ့အားအရေးလုပ်ကြမည်မဟုတ်ဟု သိပိုက်ရသော အခါ မယုံကြည်အောင်ဖြစ်သွားရတော့၏။

'မေမေ....မေမေဘာယ်လိုပြောလိုက်တာလဲ၊ ကျွန်တော့်ကို ဘယ်သူကမှ အရေးလုပ်ကြမှာ မဟုတ်ဘူးဆိုတာ တကယ်ပဲ လား၊ ကျွန်တော့်ကို ပြောပါဦးမေမေရယ်'

ရှုယဉ်ခေါင်းညိတ်လိုက်သည်။

'မေမေဘာကြောင့် လိမ်ပြောရမှာလဲ၊ ဝုလီသိုးကိုးက သားကိုအရေးလုပ်လို့လား မေမေ့ကိုတောင် နှုတ်ဆက်မသွား တာ သားမမြင်ဘူးလား'

'ကျွန်တော်...'

ကျင်းလုံ မည်သို့ပြောရမှန်း မသိအောင် ဖြစ်သွားသော သည်။

ရှုယဉ်က ဆက်ပြောလေသည်။

'သစ်းကျန့်ဂိုဏ်းနဲ့ဝေးဝေးနေတာ သားအတွက်အကောင်း ဆုံးဖြစ်လိမ့်မယ်၊ သားအိမ်မှာနေရတာပျင်းရင် စိတ်ပြေလက် ပျောက်ခရီးထွက်ဖို့ မေမေစီစဉ်ပေးမယ်'



ခေါင်းဆိုလျှင် ကျင်းလုံဝမ်းသာသွားမည်သာ ဖြစ်သည်။ အခုအချိန်၌ကား မည်သို့မျှဝမ်းမသာနိုင်တော့ချေ။

ထင်းကျန့်ဂိုဏ်း၏ ကိစ္စနှင့်ပတ်သက်ကာ စိတ်ထဲရှုပ်ထွေး နောက်ကျိနေသည်မဟုတ်ပါလား။

'ကျွန်တော် ဘယ်ကိုမှမသွားချင်ဘူး မေမေ'

'ဘာဖြစ်လို့လဲသားရဲ့'

'ထင်းကျန့်ဂိုဏ်းက ဘာကြောင့် ကျွန်တော်တို့ကို မတူ သလိုမတန်သလို သဘောထားရသလဲဆိုတာ သိချင်ပါတယ်'

'ဒါတော့သားရယ်'

ရှုယဉ်သည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ မပြောဘဲ နေလိုက်လေ၏။

ကျင်းလုံအနည်းငယ်စဉ်းစားပြီးမှ ပြောလေသည်။

ကျွန်တော်တို့ ကျင်းဂေဟာနဲ့ ထင်းကျန့်ဂိုဏ်းဟာ ဆွေ မျိုးသားချင်းတွေဖြစ်တယ်လို့ ကျွန်တော် နားလည်ထားခဲ့ပါ တယ်၊ ခုတော့ဆွေမျိုးမဆန်တဲ့ အကြောင်းကိစ္စ တစ်ခုခုဟာ ကျွန်တော်တို့ကြားထဲမှာ ရှိနေပြီထင်တယ်'

ရှုယဉ် ခေါင်းညိတ်လိုက်သည်။

'သားထင်တာမှန်ပါတယ်၊ တကယ်တော့ သားရဲ့ဖေဖေနဲ့ ထင်ကျန့်ဂိုဏ်းဟာ မဟာရန်သူတော်တွေဖြစ်နေကြပြီကွဲ့'

'ဗျာ....'

ကျင်းလုံ အံ့ဩပြီးရင်းအံ့ဩနေရဲ့တော့သည်။

ရှယ်ဥ်က ဆက်ပြောသည်။

'ကျောက်ဖြူတောင်ကြားမှာ ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာ သားသိသလား'

'ဟင့်အင်း....ကျွန်တော်မသိဘူးမေမေ'

ကျင်းလုံမှာ ခေါင်းခါယမ်းကာ ပြောလေသည်။

နောင်တစ်ချိန်တွင် ထင်ရှားသော သိုင်းသမားတစ်ဦး ဖြစ်လာစေရန် အချိန်ရှိသရွေ့ သိုင်းပညာ လေ့ကျင့်နေခဲ့ရသဖြင့် ကျင်းမြို့စားဂေဟာ၌ ဘာတွေ ဖြစ်ပျက်နေသည်ကိုပင် မသိနိုင်အောင်ဖြစ်ခဲ့ရလေသည်။

ရှယ်ဥ်က ရှင်းပြလိုက်သည်။

'သားရဲ့ဖေဖေဟာ ကြေးစားလူသတ်သမား တစ်ယောက်ကိုငှားပြီး ကျောက်ဖြူတောင်ကြားမှာ ထင်းကျန့်ဂိုဏ်းက လူတွေကို လုပ်ကြံခိုင်းခဲ့တယ်'

'ဗျာ....'

ကြားလိုက်ရသော စကားကြောင့် ကျင်းလုံမှာ ပါးစပ်အဟောင်းယားဖြစ်သွားရလေတော့သည်။

ပည်သို့မျှမယုံနိုင်အောင်လည်း ဖြဲမိလေ၏။



'ဖေဖေက ကြေးစား လူသတ်သမား ငှားပြီး ထင်းကျန့်ဂိုဏ်းကလူတွေကို လုပ်ကြံခဲ့တယ်ဟုတ်သား'

'ဟုတ်တယ်သား၊ ထင်းကျန့်ဂိုဏ်းရဲ့ အရေးပါတဲ့ သက်တော်ရှည်ဘိုးဘိုးကို လုပ်ကြံခိုင်းလိုက်တာပဲ၊ ဒါပေမယ့်သားဖေဖေရဲ့လုပ်ရပ်က မအောင်မြင်ခဲ့ဘူး၊ ကြေးစားသိုင်းသမားဟာ သက်တော်ရှည်ဘိုးဘိုးကို မလုပ်ကြံနိုင်တဲ့အပြင် အရေးနိမ့်ပြီး လက်ရအဖမ်းခံလိုက်ရတယ်၊ သူဟာ ကြေးစားပီပီသစ္စာရှိတယ်၊ သတ္တိကောင်းတယ်၊ ဒါပေမယ့် ထင်းကျန့်ဂိုဏ်းကဖမ်းဆီးနှိပ်စက်တာကို မခံနိုင်ဘဲ သားဖေဖေက ငွေပေးခိုင်းစေခဲ့တယ်ဆိုတာကို ထုတ်ဖော်ဝန်ခံခဲ့တယ်'

'ဒါ....ဒါဆို....'

ကျင်းလုံ၏မျက်နှာမှာ သွေးဆုတ်သလို ဖြူဖွေးသွားလေသည်။

ဖခင်၏ ယောက်ဖတော် အပေါ်၌ မကောင်းကြံခဲ့သည့် အကြံအစည်သည် ဘူးပေါ်သလိုပေါ်သွားခဲ့ပြီဖြစ်ရာ....

ထင်းကျန့်ဂိုဏ်းချုပ်က မည်သို့ သဘောထားမည်နည်း....

သိုင်းလောကသားများကကော မည်သို့ သဘောထားကြမည်နည်း....

'ရှက်စရာကောင်းလိုက်တာ ဆွေမျိုးသားချင်းအပေါ်မှာ သစ္စာဖောက်တာ တစ်သက်လုံး ဘယ်သူ့ကိုမှ မျက်နှာမပြရဲတဲ့ဘဝမျိုးရောက်တော့မှာပဲ'

ကျင်းလုံမှာ အရှုံးတစ်ယောက်ပမာ ငြိမ်သွားလိုက်မိလေသည်။

ရှယဉ်က ဆက်ပြင်းချလိုက်၏။

'ဒီအကြောင်းကို ဘယ်သူမှ မသိကြလို့မေပါကွယ်၊ သားဖေဖေဟာ ဘယ်သူ့ ... မျက်နှာမပြရဲအောင် ဖြစ်နေခဲ့ရတာကြာပါပြီ'

'ဗျာ....'

'တကယ်တော့ ဒီကိစ္စတွေဟာ မေမေ့ကြောင့်ပါ၊ မေမေကိုယ်တိုင်က မပြတ်သားခဲ့လို့ ပွင့်ပွင့်လင်းလင်းမရှိခဲ့လို့ အမှန်ကိုဝန်မခံရဲလို့ ဖြစ်ခဲ့ရတာပါကွယ်'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော်တော့ ဘာမှနားမလည်နိုင်တော့ပါဘူး မေမေရယ်'

'အင်းလေ....ဒီကိစ္စ ဘယ်သူမှမသိရအောင်ဖုံးဖိထားခဲ့ကြတာဟို့'

ကျင်းလုံက မိခင်အားငေးမောကြည့်နေမိတော့သည်။

သူ၏မိဘနှစ်ပါးနှင့် ထင်းကျန့်ဂိုဏ်းတို့သည် ပတ်သက်ဆက်နွယ်မှုတစ်ခုခုတော့ ရှိရပေမည်။

ဖခင်ကြီးက ကြေးစားလူသတ်သမား ငှားရမ်းကာ ထင်းကျန့် ဂိုဏ်းချုပ်အား လုပ်ကြံရန် ကြိုးစားခဲ့သည်မှာလည်း အကြောင်းတစ်ခုခုရှိရပေမည်။



ကျင်းလုံသည် မိဘများ၏လျှို့ဝှက်ချက်ကို သိချင်လာလေတော့၏။

သို့သော် မမေးရက်ပါ။

ရှယဉ်က ဆက်ပြောလာသည်။

'ထင်းကျန့်ဂိုဏ်းချုပ်က အရက်လက်ဆောင်ပေးလိုက်တာကလဲ ကြေးစားငှားပြီး လူသတ်ခိုင်းတဲ့ကိစ္စကို လူအရှင်ကြားမဖော်ထုတ်ဘဲ ဖုံးဖိထားလိုက်မယ်ဆိုတဲ့သဘောပဲ၊ ဒီကိစ္စကိုမေမေတို့မိသားစုနဲ့ ထင်းကျန့်ဂိုဏ်းပဲ သိကြလိမ့်မယ်၊ တခြားဘယ်သူမှသိကြမှာမဟုတ်ဘူး'

ကျင်းလုံ နှုတ်ခမ်းတရွရွဖြစ်လာသည်။

'မေမေတို့က....'

ရှယဉ် လက်ကာပြလိုက်သည်။

'တစ်နေ့ သားသိလာမှာပါကွယ်၊ ခုချိန်မှာ သားအသက်ငယ်သေးတယ်၊ စဉ်းစားချင့်ချိန်နိုင်စွမ်း မရှိရင်ခက်မယ်၊ ဒါကြောင့် သားရဲ့ဖေဖေကဖွင့်မပြောဘဲထားဖို့ ဆုံးဖြတ်ခဲ့တာပဲ'

'မေမေ....'

ကျင်းလုံ၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဖခင်ဖြစ်သူနှင့် ယခုချက်ချင်း သွားတွေ့ချင်သည့်စိတ်များ ဖြစ်ပေါ်လာသည်။

အလွန်အရေးကြီးသောလျှို့ဝှက်ချက်တစ်ခုကို သူသည်းသိသွားသင့်သည် မဟုတ်ပါလား။

အရက်လက်ဆောင် ပို့လိုက်ခြင်းသည် လည်းကောင်း၊ သုံးရက်ကြာမှ သောက်မည် ဆိုခြင်းသည် လည်းကောင်း ထူးခြားသော အဓိပ္ပာယ်များ ရှိရပေလိမ့်မည်။

ကျင်းလုံ ဂဏှာမငြိမ်ဖြစ်နေစဉ်....

'သားခရီးထွက်ဖို့ မေမေစီစဉ်ထားပြီးပြီ၊ သား စစ်လိန်တောင်ကို သွားရလိမ့်မယ်'

ရှယဉ်၏စကားသံ ထွက်ပေါ်လာသည်။

ကျင်းလုံ၏အတွေးကား စစ်လိန်တောင် ဟူသည့်အမည်က ရုတ်တရက်လွှမ်းမိုးသွားလေတော့သည်။

.... ★ ....

သုံးရက်....

ကျင်းလုံ စစ်လိန်တောင်သို့ခရီးထွက်သွားသည်မှာသုံးရက်ရှိပြီဖြစ်လေသည်။



ကျင်းမြို့စားသည် ရေမိုးချိုး ကိုယ်လက်သန့်စင်ကာ အမွှေးနံ့သာများ လိမ်းကျံလိုက်ပြီး ဝတ်ကောင်းစားလှ ဝတ်ဆင်လိုက်သည်။

မြို့စားကတော် ရှယဉ်လည်း ထိုနည်းနှင်နှင်ဖြစ်သည်။

ဇနီးမောင်နှံ နှစ်ယောက်သည် လှပစွာ ခင်းကျင်းထားသော စားပွဲတစ်လုံး၌ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

စားပွဲပေါ်တွင် အရက်တစ်အိုးနှင့် အရက်ခွက်နှစ်ခွက်သာ ရှိနေသည်။

ထိုအရက်ကား ထင်းကျန့်ဂိုဏ်းချုပ်၏ လက်ဆောင် မန်းချယ်ရီ အရက်ပင်ဖြစ်လေသည်။

ရှယဉ်က အရက်ငှဲ့လိုက်သည်။

ကျင်းမြို့စားက သက်ပြင်းချရင်း....

'အင်း....တကယ်တော့ ပန်းချယ်ရီအရက်ကို ကျုပ် တစ်ယောက်ထဲပဲ မသောက်သင့်တာပါ၊ ကျုပ်ဟာ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်ကတည်းက ညီမအပေါ် သစ္စာဖောက်သလို ဖြစ်ခဲ့ရတာပါ'

ရှယဉ် ပြုံးလိုက်သည်။

'ကျွန်မတို့နှစ်ယောက်ဟာ ခွဲခြားလို့မရတော့ပါဘူး၊ ဆိုးကျိုးကောင်းဘက် ဖြစ်နေကြပြီပဲ၊ ကျွန်မကြောင့် အစ်ကိုကံဆိုးခဲ့ရတာပါရှင်'

ကျောင်းမြို့စားက လက်မခံချေ၊

'မဟုတ်ဘူး၊ ကျုပ်ရဲ့ကုသိုလ်ကံကြောင့် ဖြစ်ခဲ့ရတာပါ၊ ကျုပ်က ထင်းကျန့်ဂိုဏ်းချုပ်ကို ပေါ့ပေါ့တန်တန် သဘောထားခဲ့မိတယ်၊ သူဟာ ရည်ရွယ်ချက်အင်မတန်ကြီးမားတဲ့လူ၊ အကြံအစည်ကြီးတဲ့လူဆိုတာ နောက်မှသိရတယ်၊ ကျုပ်ကိုယ်ကျုပ် အထင်ကြီးခဲ့မိတာ အမှားကြီး မှားခဲ့တာပေါ့၊ ဒါပေမယ့်ဖြစ်ပျက်ခဲ့သမျှကို ကျုပ်ကျေနပ်နိုင်ပါတယ်'

ရှုယဉ် စိတ်မကောင်းဖြစ်သွားလေသည်၊

ကျောင်းမြို့စားက ဆက်ပြောလိုက်၏၊

'ကျောက်ဖြူတောင်ကြေးကိစ္စကိုဖန်တီးခဲ့ရတာဟာကျုပ်ရဲ့ သားလေး ကျောင်းလုံအတွက် မခံမရပ်နိုင်အောင်ဖြစ်မိလို့ပါ'

ပြောရင်း ဝမ်းနည်းကြေကွဲလာကာ အသံ တိမ်ဝင်သွားလေတော့သည်၊

'မိုးကြိုးကို သူတို့ဖမ်းမိသွားပြီးတဲ့နောက် ကျောင်ရဲ့ဘဝဆုံးပြီဆိုတာ သိလိုက်ရတယ်၊ ကျုပ်ရဲ့လုပ်ရပ်ဟာ ခါချဉ်ကောင်က တောင်ကြီးဖြိုမယ့်သဘောမျိုး ဖြစ်နေပြီလို့ နားလည်လိုက်ပေမယ့် အသိနောက်ကျခဲ့ပြီ၊ မခံချင်စိတ် တစ်ခုနဲ့ လုပ်ခဲ့ပြီးမှ ရလာတဲ့ ကောင်းကျိုး ဆိုးကျိုးကို ခံစားရတော့မှာပဲ၊ သားလေးကျောင်းလုံအတွက် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ခုချိန်မှာ ထင်းကျန့်ဂိုဏ်းက ချမ်းသာပေးခဲ့တာကိုပဲ ကျေးဇူးတင်ရဦးမယ်'



ရှုယဉ် ခေါင်းညိတ်လိုက်သည်၊

'ကျွန်မတို့ကိစ္စတွေကို သားလေးရဲ့ ရှေ့ဘဝခရီးထဲ ပါမသွားစေချင်ပါဘူး၊ ထင်းကျန့်ဂိုဏ်းချုပ်က အရက် လက်ဆောင် ပေးလိုက်ကတည်းက သူကိုယ်တိုင်လဲ ဒီကိစ္စတွေကို ပြီးပြတ်သွားစေချင်တဲ့သဘောရှိနေတာ ထင်ရှားတယ်၊အင်း.... အစ်ကို ဘက်ကတွေးကြည့်ရင် ခံပြင်းနာကြည်းစရာကောင်းလှပေမယ့်....'

သူမ၏စကားမဆုံးမီ ကျောင်းမြို့စားက ကြားဖြတ်ပြောလိုက်လေသည်၊

'ကျုပ်က အရှုံးနဲ့ပဲ ကျေနပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ'

ရှုယဉ် ပါးစပ်ပိတ်ထားလိုက်၏၊

ကျောင်းမြို့စားက အရက်ခွက်ကိုကောက်ကိုင်လိုက်သည်၊

'ကျုပ်က ထင်းကျန့်ဂိုဏ်းရဲ့ ပန်းချယ်ရီအရက်ကို သောက်တော့မယ်၊ လောကပေါ်မှာ လိမ်လည်လှည့်ဖြားမှုတွေ ကင်းရှင်းပြီး အာဃာတတရားတွေ ပပျောက်သွားဖို့နဲ့ ကံဆိုးရှာတဲ့ ကျုပ်ရဲ့သားလေး ရှေ့ဘဝခရီးတစ်လျှောက် ကံကောင်းနိုင်ပါစေလို့ နောက်ဆုံးအနေနဲ့ ဆုတောင်းလိုက်ပါတယ်'

စကားဆုံးသည်နှင့် အရက်ခွက်ကို တစ်ရှိန်ထိုးမော့သောက်လိုက်လေသည်၊

ရှုယဉ်ကလည်း ဆုတောင်းလိုက်၏၊

'ရှေးရှေးက ကျွန်မအပေါ်တင်ရှိခဲ့တဲ့ ဝဋ်ကြွေးတွေ ကုန်ပါစေတော့၊ ကျွန်မရဲ့သားလေးရဲ့ဘဝ သာယာဖြောင့်ဖြူးပါစေ'

သူမလည်း အချက်တစ်ချက် သောက်လိုက်လေသည်။

အရက်သောက်ကြပြီး မရှေးမနှောင်းမှာပင် သူမတို့ဇနီးမောင်နှံနှစ်ယောက်၏ နှာခေါင်း၊ ပါးစပ်ထဲမှသွေးများယိုစီးကျလာပြီး ကြမ်းပြင်ပေါ် လဲကျသွားကြတော့၏။

ကျောင်းမြို့စားနှင့် ရှယဉ်တို့ဇနီးမောင်နှံသည် တိတ်ဆိတ်စွာဖြင့် လူလောကကြီးအား ကျောခိုင်းစွန့်ခွာ သွားခဲ့ကြပြီ ဖြစ်လေသည်။

*

## မရေမရာ

'ခွပ်ခွပ်…ခွပ်ခွပ်'

'ခွပ်ခွပ်…ခွပ်ခွပ်'

မြင်းခွာသံများ စည်းချက် ဝါးချက် ကျကျ ထွက်ပေါ်နေ၏။

မြင်းလှည်းတစ်စီးသည် တောလမ်းအတိုင်း မှိုင်းညို့ညို့ တောင်တန်းကြီးများဆီသို့ ဦးတည်ခရီးနှင်နေလေသည်။

မြင်းလှည်း မောင်းနှင်လာသူကား ဂေဟာမှ တံခါးစောင့် ယို့ထိန်ဖြစ်သည်။

ယို့ထိန်သည် ကျောင်းမြို့စား၏ တာဝန်ပေးချက်အရ ကျောင်းလုံအား စစ်လီန်တောင်သို့ လိုက်လံပို့ဆောင်ပေးခြင်းဖြစ်သည်။

စစ်လိန်တောင်သည် အနောက်ဘက် တောင်တန်းကြီး၌ ပါဝင်နေသောတောင်တစ်လုံးဖြစ်ပြီး မြင့်မားမတ်စောက်လှသည်။

သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေသကဲ့သို့ ရေတံခွန်များ၊ လိုဏ်ဂူများ ရွှံ့နွံများလည်း ပေါများလှသည်။

တောချိုင်းတိရစ္ဆာန်များလည်း ခိုအောင်းလျက်ရှိကာလူသူ အရောက်အပေါက်နည်းလှသော တောင်တစ်လုံးဖြစ်ပေသည်။

သိုင်းပညာနှင့်ပတ်သက်လျှင် အရူးအမူး ဖြစ်တတ်သော ကျောင်းလုံသည် တစ်ခါက ထူးဆန်းသော သတင်းတစ်ခုကြားခဲ့ရသည်။

စစ်လိန်တောင်၌ တစ်ချိန်က ရှောင်လင်ကျောင်းတော်ကြီးမှ ဂိုဏ်းခွဲတစ်ခုရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ထိုဂိုဏ်းခွဲပျက်စီးသွားသောအခါ သိုင်းကျမ်းများ ကျန်ရစ်ခဲ့သည်ဟူ၍ ဖြစ်လေသည်။

ထိုသတင်းကို ကြားရပြီးကတည်းက စစ်လိန်တောင်သို့ သွားလိုသောဆန္ဒများဖြစ်ပေါ်ခဲ့သည်။

မိဘများအား ပူဆာခဲ့သည်။

မိဘများက လမ်းခရီးခက်ခဲကြမ်းတမ်းပြီး အန္တရာယ်များလှသဖြင့် ခွင့်မပြုခဲ့ချေ။

ယခုမှ ကောက်ကာ ငင်ကာ သွားခွင့်ပြုလိုက်ခြင်း ဖြစ်သည်။



'ခွပ်ခွပ်....ခွပ်ခွပ်'

'ခွပ်ခွပ်...ခွပ်ခွပ်'

မြင်းလှည်းက ဖြည်းဖြည်းမှန်မှန် ခရီးနှင်နေသည်။

ကျောင်းလုံသည် မြင်းလှည်းပြတင်းပေါက်မှနေ၍ ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုရင်း လိုက်ပါလာခဲ့လေသည်။

သူ၏မျက်လုံးထဲ၌ စိမ်းလန်းစိုပြေသော သဘာဝ ရှုခင်းများ မှိုင်းညို့ညို့ တောင်စဉ် တောင်တန်းများကို တွေ့မြင်နေရသော်လည်း တကယ်တမ်း၌ မိဘနှစ်ပါး၏ ရုပ်သွင်ကိုသာ မြင်ယောင်နေမိလေသည်။

သူ၏မိဘနှစ်ပါးတွင် လျှို့ဝှက်သောအကြောင်းချင်းရာတစ်ရပ်ရပ်ရှိရပေလိမ့်မည်။

ကျောင်းလုံနားမလည်နိုင်ဆုံးမှာ ထင်းကျန့်ဂိုဏ်းနှင့်ပတ်သက်၍ဖြစ်လေသည်။

ထင်းကျန့်ဂိုဏ်းချုပ်နှင့် သူ၏ မိခင်သည် မောင်နှမများ ဖြစ်ကြသည်။

သို့ပါလျက် အဘယ်ကြောင့် သူစိမ်းပြင်ပြင် နေခဲ့ရပါသနည်း။

ယခုမှ ကျောင်းလုံ စဉ်းစားမိသည်။

သူတို့ ကျောင်းမြို့စားဂေဟာသို့ ထင်းကျူန့်ဂိုဏ်းချုပ်တစ်ကြိမ် တစ်ခါမျှလာရောက်လည်ပတ်မှု မရှိခြင်းပင်ဖြစ်သည်။

ဂိုဏ်းချုပ်သာမက ထင်းကျူန့်ဂိုဏ်းမှ လူများသည်လည်း ရောက်ခဲလှ၏။

အကြောင်းကိစ္စကြီးငယ်ရှိမှ ရောက်ရှိလာတတ်သည်။

မောင်နှမအရင်းများဖြစ်ကြပါလျက် အဆက်အသွယ်မရှိသလောက်ဖြစ်နေခြင်းကား အံ့သြစရာဟု ဆိုရပေတော့မည်။

'ဖေဖေဟာထင်းကျူန့်ဂိုဏ်းကလူတွေကို ကျောက်ဖြူတောင်ကြားမှာ ဒုက္ခပေးခိုင်းခဲ့တာ ထင်းကျူန့်ဂိုဏ်းချုပ်ဆီ သွားပြီးတဲ့နောက် တစ်ယောက်ကို တစ်ယောက် ဘယ် လိုလုပ်မျက်နှာပြတော့မလဲ၊ ထင်းကျူန့်ဂိုဏ်းချုပ်က သည်းခံခွင့်လွှတ်နိုင်ပါ့မလား၊ ပန်းချွယ်ရဲ့အရက်ကို လက်ဆောင်ပေးတာကကော ဘာသဘောလဲ'

ကျောင်းလုံ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

စစ်လိန်တောင်သို့ သွားချင်စိတ်မရှိတော့ပါ။

နောက်ကြောင်း၊ ပြန်လှည့်မည်ဆိုလျှင်လည်း လိုက်လံပို့ဆောင်ပေးသည့် တံခါးမှူး ယို့ထိန်က လက်ခံမည်မဟုတ်ချေ။



ကျောင်းလုံ ဆုံးဖြတ်ချက်ချလိုက်သည်။

အသံမကြားရအောင် မြင်းလှည်းတံခါးကို အသာအယာ ဖွင့်လိုက်၏။

ထို့နောက် ကိုယ်ဖော့ပညာအသုံးပြုကာ တိတ်တဆိတ်ခုန်ဆင်းလိုက်လေတော့သည်။

'ခွပ်ခွပ်….ခွပ်ခွပ်'

'ခွပ်ခွပ်….ခွပ်ခွပ်'

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံများ စည်းချက်ဝါးချက် ညီညီ ထွက်ပေါ်နေသည်။

ယို့ထိန်သည် မြင်းလှည်းကိုဆက်၍ မောင်းနှင်သွားနေသည်။

ယို့ထိန်၏မြင်းလှည်း မြင်ကွင်းမှပျောက်ကွယ်သွားတော့မှ တောအုပ်ထဲမှထွက်ကာ နောက်ကြောင်းလှည့်ပြီး ပြေးလွှားသွားလေတော့သည်။

....★....

**မြို့စားဂေဟာ....**

နေဝင်မိုးချုပ်သည်နှင့် မီးရောင်များ ထိန်ထိန်လင်းနေ

တတ်သည့် မြို့စားဂေဟာကား ယနေ့ညအဖို့ မီးရောင်ပျောက်ကွယ်ကာ မှောင်နှင့်မည်းမည်း ရှိနေလေသည်။

ကျင်းလုံသည် ချွေးသံရွှဲရွှဲဖြင့် ပြန်လည်ရောက်ရှိလာသော အခါ မမျှော်လင့်သော အခြေအနေကြောင့် အသိတ်တလန့် ဖြစ်သွားရတော့၏။

'ဒါ....ဒါက ဘယ်လိုဖြစ်ရတာလဲ'

မြို့စားဂေဟာ ၊တံခါးမကြီးပိတ်ထားပြီး သော့ခလောက် တွဲလွဲရှိနေသည်။

ကျင်းလုံ၏ မျက်လုံးကိုလက်ဖြင့်ပွတ်လိုက်သည်။

ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်သလို ဖြစ်လေသည်။

သူ၏အမြင် မှားခြင်းမဟုတ်၊ ဂေဟာအား အမှန်ပင်ပိတ်ထားခြင်း ဖြစ်လေသည်၊

'ဒုန်းဒုန်း....ဒုန်းဒုန်း'

'ဒုန်းဒုန်း....ဒုန်းဒုန်း'

ကျင်းလုံက တံခါးမကြီးကို တအားထုချလိုက်မိ၏။

'မေမေ... မေမေ'

'ဘဘဝမ်း'

'တံခါးဖွင့်ကြပါဦး



ကျယ်လောင်စွာအော်ဟစ် ခေါ်သည့်တိုင်....

ဂေဟာတံခါး ပွင့်သွားခြင်းမရှိသလို မည်သူကမှလည်း လာရောက်ဖွင့်ပေးခြင်း မရှိပါချေ၊

ကျင်းလုံမှာ ခြေကုန်လက်ပမ်းကျသွားသကဲ့သို့ ဖြစ်သွားလေသည်။

တံခါးမကြီးရှေ့၌ ဒူးထောက်ချလိုက်မိလေသည်။

ရင်ထဲ တွန်ယင်လှိုက်လှဲကာ မောပန်းနေပြီး တစ်ကိုယ်လုံးလည်း ချွေးပြိုက်ပြိုက်စိုရွှဲနေသည်။

တံခါးမကြီးအား သော့ခတ်ထားပြီးမှ မည်သူကလာပြီး ဖွင့်ပေးနိုင်ပါဦးမည်နည်း။

'တစ်ယောက်မှ မရှိတော့ဘူးလား၊ ဘယ်ရောက်သွားကြပြီလဲ၊ ဖေဖေတို့ ဘယ်ထွက်သွားကြတာလဲ၊ ဘာကြောင့် ငါ့ကို မခေါ်ဘဲ ထားပစ်ခဲ့ရတာလဲ'

ကျင်းလုံမှာ အဖြေမရှိသော မေးခွန်းများဖြင့် ချာချာလည် သွားရတော့သည်၊

အတန်ကြာမှ သတိပြန်ဝင်လာကာ ထရပ်လိုက်သည်။

ထို့နောက် ကိုယ်ဖော့ပညာအသုံးပြုကာ ခြံဝင်းအုတ်တိုင်းကို ခုန်ကျော်လိုက်လေသည်၊

ကျင်းလုံမှာ ချက်ချင်းပင် ! မြို့စားဂေဟာခြံဝင်းအတွင်းသို့ ရောက်ရှိသွားလေသည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာသည်။

မြို့စားဂေဟာသည် လရောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။

သုံးရက်....

သုံးရက်အတွင်း အခြေအနေအရပ်ရပ်သည် မယုံနိုင်စရာကောင်းလောက်အောင် ပြောင်းလဲသွားခဲ့ပြီ တကား။

ကျင်းလုံ၏နှာခေါင်းထဲ၌ စက္ကူမီးရှို့သည့်အနံ့ ကိုရှူရှိုက်မိလိုက်သည်။

သေသေချာချာ ကြည့်လိုက်သောအခါ ကျင်းမြို့စားအိမ်ဂေဟာရှေ့၌ စဉ့်အင်တုံတစ်လုံး ပြာများဖြင့်ပြည့်နှက်နေသည်ကို တွေ့ရသည်။

ရွှေစက္ကူ၊ ငွေစက္ကူများကို မီးရှို့ထားခြင်း ဖြစ်လေသည်။

ကျင်းလုံ မျက်လုံးပြူးသွား၏။

မကောင်းသော အမင်္ဂလာ အတိတ်နိမိတ်များကို တွေ့မြင်လာရပြီ မဟုတ်ပါလား။



'ဖေဖေ....မေမေ'

စိုးရိမ်တကြီးအော်ခေါ်ရင်း ဂေဟာအတွင်းသို့ လှမ်းဝင်လိုက်သည်။

ဂေဟာထဲ၌ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေတော့ပါ။

မကြာသေးမီက အသုဘအခန်းအနားတစ်ခု ကျင်းပခဲ့သည့် အထောက်အထားများကိုသာ တွေ့ရသည်။

ကျင်းလုံမှာ တုံးတိုင်းသူမဟုတ်ရကား မိဘနှစ်ပါး ကွယ်လွန်သွားခဲ့ပြီး ကျင်းမြို့စားဂေဟာ၌ မှီတင်းနေထိုင်ခဲ့ကြသူများလည်း ရှောင်ခွာသွားကြပြီဖြစ်ကြောင်း နားလည်လိုက်တော့သည်။

အိပ်မက်မက်နေသည်တော့ မဟုတ်ပါ။

သို့သော် အရာရာကို မယုံနိုင်အောင်ဖြစ်နေမိ၏။

ကျင်းလုံသည် အားအင်ကုန်ခမ်းကာ တစ်ကိုယ်လုံးချည်နဲ့သွားသကဲ့သို့ ခံစားလိုက်ရပြီး ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

...★...

ညဥ့်နက်လာပြီ ဖြစ်သည်။

အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံယာသည်။

ကျောင်းလုံး၏တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေ၏။

နံရံကိုကျော မှီလျက် ကြမ်းပြင်ပေါ် ပလ္လင်မယွက်ထိုင်နေခဲ့သည်မှာ အတော်ပင်ကြာသွားပြီ ဖြစ်သည်။

ရုတ်တရက် ခြေသံတချို့ ထွက်ပေါ်လာသည်။

လူတစ်ယောက် ကျောင်းမြို့စားဂေဟာအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

ကျောင်းလုံး တုတ်တုတ်မျှမလှုပ်ပါ။

ဝင်လာသူအား ငေးကြည့်နေမိလေသည်။

ထိုသူသည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ကာ ခန္ဓာကိုယ် ပိန်းပါးပါးရှိသည်။

ကြောင်တစ်ကောင်အလား ညင်သာပေါ့ပါးသော ခြေလှမ်းများဖြင့် ဂေဟာအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

ညဥ့်နက်လေလေ လရောင်က ပို၍အားကောင်းလာလေလေဖြစ်ရာ ဂေဟာအတွင်း၌ လင်းလင်းချင်းချင်း ဖြစ်ပေါ်နေသည်။

ထိုလူ၏မျက်နှာမှာ လူသေအလောင်းပမာ အေးတိအေးစက် ရှိနေ၏။



ညအချိန် ကျင်လည်ကျက်စားသည့် မကောင်းဆိုးဝါး တစ်ကောင်နှင့်ပင် တူနေပေတော့သည်။

ထိုလူသည် ဧည့်ခန်းမ ကျယ်ကြီးအတွင်း တစ်ချက် ဝေ့ကြည့်လိုက်၏၊ ငုတ်တုတ်ထိုင်နေသော ကျောင်းလုံးကို တွေ့မြင်သွားဟန်တူသည်။

ခြေလှမ်းများ တုံ့ခနဲရပ်သွားပြီး....

စူးရှတောက်ပသောမျက်လုံးများဖြင့် ကျောင်းလုံးကို အကဲခတ်လိုက်သည်။

ကျောင်းလုံးက ငေးကြည့်နေ၏။

တစ်ယောက်ကိုတစ်ယောက် အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ ကျောင်းလုံးက စပြောလိုက်သည်။

'ခင်ဗျား ဘာလိုချင်လို့လဲ'

ထိုလူက အဖြေမပေးဘဲ ပြန်မေးလိုက်၏။

'မင်းကော'

'ကျုပ်လား'

သူက တောက်တောင်ကာ ရယ်မောလိုက်သည်။

'ကျုပ်ရဲ့မိဘတွေကို ပြန်လိုချင်တယ်လေ'

သူ၏စကားကြောင့် အနက်ရောင်ဝတ်ထားသော ညလှ အံ့ဩသွားသည်။

'ခင်ဗျားကကော၊ လိုချင်တဲ့ပစ္စည်းရှိရင် ယူသွားပါဗျာ၊ ဘာမှအားနာစရာမလိုပါဘူး'

ညလှ ခေါင်းခါယမ်းလိုက်၏။

'ငါ ဘာမှမလိုချင်ဘူး'

'ဒါဖြင့် ခင်ဗျား ဘာလာလုပ်တာလဲ'

'အခြေအနေလာကြည့်တာ'

ကျင်းလုံ ပခုံးတွန့်လိုက်သည်။

'ကျင်းမြို့စားဂေဟာဆိုတာ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့ရတဲ့နေရာတစ်ခုမဟုတ်ပါဘူး၊ ဒါပေမယ့် ခုချိန်မှာတော့ ဘာမှကိစ္စမရှိတော့ပါဘူးဗျာ၊ လိုချင်တာမရှိဘဲ အခြေအနေလာကြည့်တယ်ဆိုတော့ ခင်ဗျားဟာ ကျုပ်မိဘတွေနဲ့ ပတ်သက်နေလို့လား'

ညလှ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'လက်စသပ်တော့ မင်းဟာ မြို့စားသားဖြစ်နေတာကိုး'

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကကျင်းလုံပါ၊ ခင်ဗျားက ညလှ တစ်ယောက် မဟုတ်လား'



'ဟား....ဟား....ဟား'

ထိုလူက ရယ်မောလိုက်သည်။

'လက်စသပ်တော့ မင်းက ငါ့ကို ညလှတစ်ယောက်လို့ ထင်နေတာကိုး၊ ကောင်းပြီလေ၊ ငါ့ကို ညလှတစ်ယောက်လို့ပဲ ထားလိုက်ပါတော့၊ ငါကပစ္စည်းလိုချင်လို့ လာခဲ့တာမဟုတ်ဘူး၊ ကျင်းမြို့စားဇနီးမောင်နှံသေဆုံးသွားပြီဆိုတဲ့ သတင်းကြားလို့ လာကြည့်တာ'

'ဪ....'

'မင်းရဲ့မိဘတွေ သေဆုံးသွားကြတယ်၊ မင်းကတော့ ငုတ်တုတ်ထိုင်နေတယ်'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ ဘယ်လိုသေဆုံးသွားကြတယ်ဆိုတာတောင် ကျုပ်မသိလိုက်ဘူး'

'မင်း တော်တော်ညံ့တာပဲ'

'ဗျာ....'

'ကျင်းမြို့စားတို့ဟာ ကိုယ့်ကိုယ်ကို အဆိပ်သောက်ပြီး အဆုံးစီရင်သွားကြတာပဲကွ'

ရုတ်တရက် ကျောင်းလုံမှာ ဝမ်းနည်းကြေကွဲကာ ငိုကြွေးလို စိတ်များ ဖြစ်ပေါ်လာသည်။

သို့သော် ငို၍မရသကဲ့သို့ ကြေကွဲစိတ်များ ငိုကြွေးလိုစိတ်များ ချက်ချင်းကွယ်ပျောက်သွား၏။

ကျောင်းမြို့စားဂေဟာနှင့်မည်သို့မျှမပတ်သက်သူတစ်ယောက်ပမာ ဖြစ်သွားတော့သည်။

'မြို့စားဇနီးမောင်နှံ အဆုံး စီရင်သွားကြပြီးတဲ့နောက် အားလုံးစုန်ခွာသွားကြပြီ၊ မင်းကော'

'ကျုပ်ဘယ်ကိုသွားရမှာလဲ'

'ဟေ....'

ညာလူ မေးကျမနပ်ဖြစ်သွားသည်။

'မင်းလိုအသုံးမကျတဲ့သားတစ်ယောက်ကိုမွေးထားခဲ့ရလို့ ကျောင်းမြို့စားဟာ တမလွန်ဘဝမှာတောင် စိတ်သောကရောက်နေရတော့မှာပဲ'

ကျောင်းလုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဟာ တကယ့်ကို အသုံးမကျတဲ့သားတစ်ယောက်ပါပဲ၊ မေမေတို့ ခုလိုအဆုံးစီရင်သွားကြမယ်ဆိုတာ ရိပ်မိဖို့ကောင်းပေမယ့် ကျုပ်မရိပ်မိခဲ့ဘူး'



ညာလူက ရှေ့တိုးလာသည်။

'မင်းရဲ့မိဘတွေ ဘာကြောင့် အဆုံးစီရင်သွားကြသလဲဆိုတာကော မင်းသိသလား'

'ကျုပ်....ကျုပ်'

'မင်းမသိဘူး မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျုပ်မသိပါဘူး'

ကျောင်းလုံက အမှန်အတိုင်း ဝန်ခံလိုက်၏၊

ညာလူက ခေါ်သသကြီးပြောသည်၊

'အေး....မင်းမသိဘူးဆိုရင် မသေမချင်းမှတ်ထား၊ သူတို့ခုလို အဆုံးစီရင်သွားကြတာဟာ ထင်းကျွန်း ဂိုဏ်းချုပ်ကြောင့်ပဲ'

ကျောင်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်၊

ထင်းကျွန်းဂိုဏ်းချုပ်သည် သူ၏ဘဝတွင် အရေးပါသူတစ်ယောက် ဖြစ်လာခဲ့ချေပြီ၊

'သည်လျှို့ဝှက်ချက်ကို ငါဖော်ထုတ်ရမယ်'

ကျောင်းလုံ တီးတိုးရေရွတ်လိုက်၏၊

ညာလူက တည်ကြည်သောမျက်နှာထားဖြင့်ပြောသည်၊

'မင်းအဖေရဲ့ရန်သူ ထင်းကျွန်းဂိုဏ်းချုပ်ကို သုတ်သင်ရှင်းလင်းပစ်ရမယ်'

ကျင်းလုံက ညလူကိုကြည့်လိုက်သည်။

'ခင်ဗျား ဘယ်သူလဲ ကျုပ်မိဘတွေနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောပြပါလား'

ညလူက လက်ကာပြလိုက်၏။

'မင်းရဲ့မိဘတွေဟာ ကျုပ်အပေါ်မှာ ကျေးဇူးရှိခဲ့တယ်လို့ မှတ်ထားရင် လုံလောက်ပါပြီ၊ ကျုပ် မင်းကို ကူညီသွားပါမယ်'

အထီးကျန်ဖြစ်နေချိန်၌ အားကိုးရမည့် သူတစ်ယောက်ရလိုက်ပြီဟူ၍ ကျင်းလုံဝမ်းသာသွားလေသည်။

'ခင်ဗျားရဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ'

ကျင်းလုံက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

ညလူ လက်ကာပြလိုက်သည်။

'ကျုပ်ကို ကျေးဇူးတင်စရာမလိုဘူး၊ မင်းသာ ထင်းကျွန်းဂိုဏ်းကိုရောက်အောင်သွားပါ၊ တင်းကျွန်းဂိုဏ်းချုပ်ဟာ မင်းရဲ့အဖေနဲ့မောင်နှမတော်စပ်တယ်၊ ဘာကြောင့် မင်းအဖေနဲ့ ပြဿနာဖြစ်ပေါ်ခဲ့ရတယ်ဆိုတာ စုံစမ်းပါ'



'ကောင်းပါပြီခင်ဗျာ'

'မင်းရဲ့နောက်ကျောမှာ ငါအမြဲတမ်း ရှိနေတယ်၊ အရေးအကြောင်းရှိရင် မင်းကိုကူညီသွားမယ်၊ ဒါမှ အားငယ်စရာ မလိုဘူး၊ ကဲ....သည်နေရာမှာအချိန်ဖြုန်းနေမယ့်အစား ထင်းကျွန်းဂိုဏ်းကိုသွားဖို့ကြိုးစားပေတော့'

'စိတ်ချပါ၊ ထင်းကျွန်းဂိုဏ်းကို ကျုပ်အရောက် သွားပါမယ်'

ညလူသည် စကားဆုံးသည်နှင့်ချာခနဲ လှည့်ကာထွက်သွားတော့သည်။

ကျင်းလုံ ဘာဟန့်တားရန်ကြံရွယ်ပြီးမှ အသာငြိမ်နေလိုက်၏။

ညလူသည် သူ၏မိဘများနှင့် ထင်းကျွန်းဂိုဏ်းချုပ်တို့ ပတ်သက်နေပုံကို သိရှိထားဟန်တူ၏။

ထိုလူ မည်သူမည်ဝါဖြစ်ပါသနည်း။

ကျင်းလုံမှာ တွေးတောငေးမောရင်း ကျန်ရစ်ခဲ့လေသည်။

....★....

# သူစိမ်းမြင်မြင်

ထင်းတိုက်တောင်....

ထင်းတိုက် တောင်ပေါ်တွင် သိုင်းလောက၌ ထင်ရှားကျော်ကြားလာသည့် ထင်းကျန့်ဂိုဏ်းရှိလေသည်။

ကျွင်းလုံသည် ထင်းကျန့်ဂိုဏ်းချုပ်နှင့်တွေ့ဆုံရန် ထင်းတိုက်တောင်သို့ ဦးတည်ကာ ခရီးထွက်လာခဲ့သည်။

ထင်းကျန့်ဂိုဏ်း တည်ရှိရာ ထင်းတိုက်တောင်နှင့် ကျွင်းမြို့ စားဂေဟာက ဝေးကွာလှသည်တော့မဟုတ်ပါ၊ တစ်ညအိပ်ခရီးမျှသာရှိသည်။

ကျွင်းလုံ ခရီးပြင်းနှင်းလာခဲ့ရာ နေမွန်းတည့်အချိန်၌ ထင်းတိုက်တောင်နှင့် ငါးမိုင်အကွာသို့ ရောက်ရှိတော့သည်။



လမ်းခရီး၌ အနားယူ အပန်းဖြေရန် ဆောက်လုပ်ထားသော ဇရပ်လေးများနှင့် စားသောက်ဆိုင် ဈေးဆိုင်များရှိနေသည်။

စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှ ကျွင်းလုံဖြတ်သွားစဉ် ဆိုင်ထဲမှ လူသုံးယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်၏။

ထိုလူသုံးယောက်သည် အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး အင်္ကျီရင်ဘတ်ရှေ့၌ အနီရောင်ပိုးချည်ဖြင့် ဓားတစ်လက်ပုံရေးထိုးထား၏။

ထိုလူသုံးယောက်၏အဝတ်အစားများက ထင်းကျန့်ဂိုဏ်းသားဖြစ်ကြောင်း ဖော်ပြနေပေသည်။

ကျွင်းလုံခြေလှမ်းတုန့်ခနဲ ရပ်သွား၏။

အလိုလိုနေရင်း မကျေနပ်သည့်စိတ်များ ဖြစ်ပေါ်လာသည်။

'ထင်းကျန့်ဂိုဏ်းကြောင့် ငါ့ရဲ့မိဘတွေ သေဆုံးသွားခဲ့ရတာပဲ'

ထင်းကျန့်ဂိုဏ်းသား သုံးယောက်ကား အရက်သောက်ထားကြဟန်တူသည်။

မျက်နှာများနီရဲကာ ဒယီးဒယိုင်ဖြစ်နေ၏။

မည်သည်ကို သဘောကျသာမှန်းမသိ တဝါးဝါးတဟား
ဟားရယ်မောလာကြလေသည်။

'ထိုဂိုဏ်းချုပ် အသက်ငါးဆယ်ကျော်နေပြီ၊ လက်ထပ်ဖို့
ကမ်း မ်းထားတဲ့ မိန်းကလေးက အသက် နှစ်ဆယ်ကျော်ပဲ
ရှိသေးတယ်၊ အားကျစရာကောင်းလိုက်တာကွာ'

'အားကျရင် မင်းဂိုဏ်းချုပ်ဖြစ်အောင်လုပ်ပေါ့'

'ဟာ... မတန်မရာ မပြောစမ်းပါနဲ့ကွာ၊ မိန်းမငယ်ငယ်
လေးတစ်ယောက်လိုချင်တာနဲ့ ဒုက္ခရောက်နေပါဦးမယ်၊ ဂိုဏ်း
ချုပ်ရာထူး သွားမှန်းလိုက်တော့ ပြေးပေါက် မှားသွားလိမ့်
မယ်'

'ဟား....ဟား....ဟား'

ကျင်းလုံသည် ထင်ကျန့်ဂိုဏ်းသားများ၏ ပြောစကား
များကို နားစွင့်နေ၏။

'အေး....ဂိုဏ်းမှူးကြီးပြောတာ ငါကြားဖူးတယ်၊ တို့ရဲ့
ဂိုဏ်းချုပ်ဟာ တိုးတစ်ချိန်ကတည်းက လက်ထပ်ဖို့စီစဉ်ခဲ့တာ၊
ဒါပေမယ့် ကျင်းမြို့စားကြောင့် 'ပျက်စီးခဲ့ရတယ်၊ ဒါကြောင့်
လက်မထပ်ဖြစ်တော့ဘဲ ခုချိန်ထိနေခဲ့တာတဲ့'

'နေပါဦး....ကျင်းမြို့စားက ဘာလုပ်ခဲ့လို့တဲ့'

'ဒါတော့ ငါလဲမသိဘူး၊ ဂိုဏ်းမှူးကြီးပဲသိလိမ့်မယ်'



'ဟေ့....အပိုစကားတွေ ပြောမနေနဲ့တော့၊ ဂိုဏ်းချုပ်ရဲ့
မင်္ဂလာပွဲဖြစ်မြောက်ပါစေလို့ ဆုတောင်းကြ၊ ဒါမှ ငါတို့လဲ
ဆုလာဘ်တွေရပြီး ပျော်ချင်တိုင်းပျော်ရလိမ့်မယ်'

'ဟုတ်တယ်ဟေ့၊ ပျော်ပျော်ပါးပါးနေရဖို့က ငါတို့အတွက်
အဓိကပဲကွ'

'ဟား....ဟား....ဟား'

ထင်ကျန့်ဂိုဏ်းသား သုံးယောက်သည် ပြောဆိုရယ်မော၍
ထွက်ခွာသွားကြလေသည်။

ကျင်းလုံ ငူငူကြီး ရပ်နေမိ၏။

မမျှော်လင့်ဘဲ ထင်းကျန့်ဂိုဏ်းချုပ်၏ မင်္ဂလာကိစ္စကို
ကြားလိုက်ရသကဲ့သို့ တစ်ချိန်က သူ၏ဖခင်နှင့် ပတ်သက်ခဲ့
ကြောင်းလည်း တစွန်းတစသိလိုက်ရပြီဖြစ်၏။

ထင်ကျန့်ဂိုဏ်းသို့ လာခဲ့သည်မှာ မှန်ကန်နေပြီဟု ယုံကြည်
ကာ သက်ပြင်းချရင်း ရှေ့ဘက်လှမ်းသွားလိုက်သည်။

များမကြာမီ ထင်းထိုက်တောင်ခြေ ထင်းကျန့်ဂိုဏ်းပိုင်နက်
နယ်မြေသို့ ရောက်ရှိသွားလေတော့သည်။

....✱....

ထင်းထိုက်တောင်မှာ သဘာဝအလှအပများဖြင့် သာယာ
လှပနေသည်။

ကျင်းလုံသည် တောင်ပေါ်တက်သည့် လမ်းကလေးဆီသို့ ဦးတည်လိုက်၏၊ ထိုစဉ်....

'ရပ်လိုက်....'

တင်းကျန့်ဂိုဏ်းသားအချို့ ထွက်ပေါ်လာကာ သူ့အား ဟန့်တားလိုက်ကြလေသည်။

ကျင်းလုံ ခြေလှမ်းရပ်လိုက်သည်၊

ထိုတင်းကျန့်ဂိုဏ်းသားများသည် ထင်းထိုက်တောင်ခြေ၏ လုံခြုံရေးကို တာဝန်ယူထားကြသူများ ဖြစ်ဟန်တူသည်၊

ခေါင်းဆောင်မှာ ကျီကွမ်းအမည်ရှိသူဖြစ်၏။

ကျီကွမ်းက ရှေ့သို့လှမ်းထွက်ကာ ကျင်းလုံအား စစ်ဆေးမေးမြန်းလိုက်သည်၊

'မိတ်ဆွေလေးက ဘယ်သူလဲ၊ ဘယ်လိုအကြောင်းကိစ္စရှိလို့ ဗိမ္မာနယာကိုရောက်လာရသလဲ ပြောပါ'

ကျင်းလုံက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်၊

'ကျုပ်နာမည် ကျင်းလုံလို့ခေါ်ပါတယ်၊ ကျင်းမြို့စားရဲ့ သားပါ၊ ထင်းကျန့်ဂိုဏ်းချုပ်နဲ့တွေ့ဖို့ လာခဲ့တာပါ'

ကျီကွမ်း မျက်မှောင်ကုပ်သွားလေသည်၊



'ကျင်းမြို့စား ဟုတ်လား၊ ဘယ်က ကျင်းမြို့စားလဲ'

'ဗျာ....'

'ကျင်းမြို့စားဆိုတာ ကျုပ်တို့ မကြားဖူးပါဘူး၊ မင်းကို ကျုပ်တို့မသိဘူး၊ ဂိုဏ်းချုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ လက်ခံတွေ့ဆုံနိုင်မှာမဟုတ်ဘူး၊ ဘယ်လိုအကြောင်းကိစ္စရှိတယ် ဆိုတာ ကျုပ်တို့ကိုပြောပါ'

ကျင်းလုံ မကျေမနပ်ဖြစ်သွားသည်၊

'ကျင်းမြို့စားကိုတောင် ခင်ဗျားတို့မသိကြဘူးလား'

သူ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်၊

'ကျင်းမြို့စားဟာ ခင်ဗျားတို့ဂိုဏ်းချုပ်ရဲ့ ယောက်ဖတော်ပါ၊ ခင်ဗျားတို့ မသိဘူးဆိုရင် အပြစ်ပေး အရေးယူခံရလိမ့်မယ်....'

'ဘာကွ....'

'ကျုပ်ရဲ့အမေ ကျင်းမြို့စားကတော်ဟာ ထင်ကျန့်ဂိုဏ်းချုပ်ရဲ့ ညီမပဲ၊ ခင်ဗျားတို့ သေသေချာချာမှတ်ထားပါ'

ကျီကွမ်း ခေါင်းခါယမ်းလိုက်သည်၊

'မင်းဘာတွေပြောနေတာလဲ၊ ကျုပ်တို့လဲ နားမလည်ပါလား'

'ခင်....ခင်ဗျား'

ကျင်းလုံ မေါ်သာထွက်သွားလေသည်။

'ခင်ဗျားတို့ဟာ ကျုပ်အဖေကို တမင်သိက္ခာချချင်တာနဲ့ မသိချင်ဟန်ဆောင်နေကြတာမဟုတ်လား၊ ကျုပ်က ထင်းကျန့်ဂိုဏ်းချုပ်နဲ့တွေ့ရမှ ကျေနပ်နိုင်မယ်'

ကျိုကွမ်း၏မျက်နှာ ခက်ထန်သွားသည်။

'ဘာလဲ....ကျုပ်တို့ ထင်းကျန့်ဂိုဏ်းကိုလာပြီး စော်ကားတာလား၊ မင်းဒုက္ခရောက်သွားချင်လို့လား'

ကျင်းလုံသည် ကျိုကွမ်းနှင့် စကားမပြောလိုတော့သဖြင့် ကျွန်းပင်တောင်ကြား ထင်းထိုက်တောင်ပေါ်သို့တက်သွားရန် ဟန်ပြင်လိုက်လေသည်။

'ရပ်လိုက်....'

ကျိုကွမ်းက ဟန့်တားလိုက်၏။

ကျင်းလုံသည် မကြားချင်ဟန်ဆောင်ကာ လှမ်းသွားလိုက်သည်။



ကျိုကွမ်း ဒေါသွသွား၏။

'မင်း သေချင်ပြီထင်တယ်'

သူ၏လူများကို လက်ဝေ ယမ်းပြလိုက်သည်။

ထင်းကျန့် ဂိုဏ်းသားများက ချက်ချင်းပင် ကျင်းလုံအား ဝိုင်းရံထားလိုက်ကြ၏။

ကျင်းလုံ အံကြိတ်လိုက်သည်။

'မင်းတို့ဟန့်တားနိုင်ရင် ဟန့်တားကြစမ်း'

ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားမနေတော့ဘဲ လက်နှစ်ဖက်ဝေ ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ထင်းကျန့် ဂိုဏ်းသားများကလည်း ကျင်းလုံအား မောင်းထုတ်နိုင်ရန် ကြိုးစားရာမှ တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

'ဝုန်း....'

'အား...'

'အမလေး....'

စူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာလေသည်။

ကျင်းလုံ၏ လက်ချက်ကြောင့် ထင်းကျန့်ဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြတော့သည်။

ကျိုကွမ်း ခံပြင်းသွားလေသည်။

'မင်းက ထင်းကျန့်ဂိုဏ်းမှာလာပြီးလူစွာလုပ်တာပေါ့လေ သိကြသေးတာပေါ့'

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ကိုယ်တိုင်ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ကျွင်းလုံလည်း မထူးတော့ဟုသဘောထားကာ ပြန်လှည့်တိုက်ခိုက်ပစ်လိုက်၏။

'ဝုန်း....'

'အား....'

ကျိုကွမ်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

....★....

ကျွင်းလုံသည် ဒေါသအလျောက် ထင်းကျန့်ဂိုဏ်းသားများအား တိုက်ခိုက်လိုက်မိပြီဖြစ်လေသည်။

'ဖျောင်း....ဖျောင်း....ဖျောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာသည်။

အသက်လေးဆယ်ကျော်ခန့်ရှိ လူတစ်ယောက်က လက်ခုပ်လက်ဝါးတီးကာ လှမ်းလာနေသည်ကို တွေ့ရ၏။



'မဆိုးဘူးပေါ့၊ ထင်းကျန့်ဂိုဏ်းကိုလာပြီးစော်ကားရဲတာ ...သီးတဲ့သတ္တိမဟုတ်ဘူး'

ထိုလူကိုမြင်သည်နှင့် ကျိုကွမ်းတို့ ချက်ချင်းဦးညွှတ်ဂါရဝ ...လိုက်ကြလေသည်။

'ဆရာစုံကို ဂါရဝပြုပါတယ်၊ သူဟာ....'

ကျွင်းလုံက လာရောက်နှောင့်ယှက်နေကြောင်း တိုင်တန်း ...ပြောဆိုလိုက်၏။

ဆရာစုံ မျက်မှောင်ကုပ်သွားသည်။

'ကျွင်းမြို့စားရဲ့သားဟုတ်လား၊ ကျုပ်လဲမကြားဖူးပါလား'

ကျွင်းလုံ ဒေါပွသွားသည်။

'ခင်ဗျား မကြားဖူးရင် စေတမန်ဝူးလီကို မေးကြည့်ပေါ့၊ ...န်ခဲ့တဲ့ သုံးလေးရက်ကပဲ ကျွင်းမြို့စားဂေဟာကို သူရောက် ...ပြီး ပန်းချယ်ရီအရက်ကို လက်ဆောင်ပေးသွားသေးတယ်'

ဆရာစုံ ခေါင်းခါယမ်းလိုက်၏။

'မင်း ဘာတွေပြောနေတာလဲ ကျုပ်နားမလည်နိုင်တော့ ...၊ ထင်းကျန့်ဂိုဏ်းသားတွေကို စော်ကားတဲ့အတွက် မင်းကို ...ရေးယူရလိမ့်မယ်'

ကျင်းလုံ ရင်ကောလိုက်၏။

'ကျုပ်ကိုစော်ကားရင် ထင်းကျန့်ဂိုဏ်းချုပ်က ခင်ဗျားကို ခွင့်လွှတ်မှာမဟုတ်ဘူး'

'ဟား....ဟား....ဟား'

ဆရာစုံက ဟားတိုက်ရယ်မောလိုက်သည်။

'ဂိုဏ်းချုပ်ကမဲ ငါ့ကိုအပြစ်တင်ဦးမယ်ဟုတ်လား၊ ကဲ.... မင်းပြောတဲ့အတိုင်း ဟုတ်မဟုတ် ကြည့်ရအောင်'

စကားဆုံးသည်နှင့် စတင်တိုက်ခိုက်လိုက်လေသည်။

ကျင်းလုံက ပြန်လည်ခုခံတိုက်ခိုက်လိုက်၏။

ကျင်းလုံ၏သိုင်းပညာမှာ မခေပါ။

သို့သော် ဆရာစုံနှင့် ရင်ဆိုင်လိုက်ရသောအခါ သိုင်းသုံးချက်အတွင်း မရှူမလှ အရေးနိမ့်သွားရတော့သည်။

'ဝုန်း....'

'အား....'

ကျင်းလုံမှာ အဝေးသို့လွင့်စဉ်ကာ မြေပေါ် လဲကျသွားတော့သည်။

....☆....



'ဟား....ဟား....ဟား'

ဆရာစုံက လွယ်လင့်တကူ အနိုင်ယူပြီး သဘောကျစွာရယ်မောလိုက်လေသည်။

'ခွေးကောင်....ထင်းကျန့်ဂိုဏ်းကို လာပြီးစော်ကားလို့ရမလား'

'ခေသွားမယ်...တာမှတ်သလဲ'

'ဖုန်း....ခွပ်'

ကျိုက္ကမ်းတို့လူစုက ဝိုင်းဝန်းဆိုးကြိတ် ကန်ကျောက်လိုက်ကြရာ ကျင်းလုံမှာ မြေပြင်ပေါ်၌ လုံးလိမ့်သွားတော့၏။

ဆရာစုံက လက်ခေါ့ယမ်းပြလိုက်သည်။

'ကဲ....တော်ကြပါတော့၊ ဒီကောင်လေးကို ကြည့်ရတာ ဦးနှောက်သိပ်မမှန်ဘူးထင်တယ်၊ ကဲ....ကဲ....သွားပါစေတော့'

ကျိုက္ကမ်းတို့ နောက်ဆုတ်လိုက်ကြ၏။

ကျင်းလုံ လူးလှိမ့်ထလိုက်သည်။

သူ၏အဝတ်အစားများမှာ ဖုန်များ သဲများပေကျံ၏၊ မျက်နှာလည်း ဖူးရောင်ညိုမည်းနေပြီဖြစ်သည်။

နှုတ်ခမ်းပေါက်ပြကာ သွေးများယိုစီးကျနေ၏။

ဆရာစုံက ပြုံးလိုက်သည်။

'ကောင်လေး ပင်းသွားတော့၊ အခိပ္ပာယ်မရှိဘဲ အသား အနာမခံချင်စမ်းပါနဲ့'

'တောက်....'

ကျင်းလုံ အံကြိတ်ကာ တက်ခေါက်လိုက်လေသည်။

'ကျုပ် မသွားဘူး'

'ဟေ....'

'ဆင်းကျန့်ဂိုဏ်းချုပ်နဲ့မတွေ့ရမချင်း ကျုပ်မသွားဘူး'

'ဟာ....မင်း တော်တော်ခက်ပါလား၊ သွားဆို သွားစမ်း ကွာ'

ဆရာစုံသည် ရှေ့တိုးကာ ကျင်းလုံအား လက်ဝါးဖြင့်ရိုက်ချလိုက်၏။

ကျင်းလုံ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း လွတ်အောင် မရှောင်နိုင်ခဲ့ချေ။

'ဝုန်း....'



'အား....'

ယခုတစ်ကြိမ်တွင် ဆရာစုံ၏ လက်ချက်ကြောင့် ကျင်းလုံမှာ အဝေးသို့လွင့်စဉ်သွားကာ မြေပေါ် လဲကျ သတိလစ်သွားတော့သည်။

....★....

## သစ္စာဖောက်ခံရသူ

'ဂျိမ်း....'

မိုးခြိမ်းသံ ထွက်ပေါ်လာလေသည်၊

တောင်းကင်ပေါ်၌ လျှပ်နွယ် လျှပ်ပန်းများ ဝင်းလက်လွှား၏၊

အေးစိမ့်သောလေများ တဟူးဟူးအော်မြည်ကာတိုက်ခတ်နေ၏၊ မကြာမီ မိုးသီးမိုးပေါက်များ ကျဆင်းလာလေသည်၊

မိုး၏အေးစိမ့်မှုကြောင့် ကျင်းလုံ သတိရလာသည်၊

သူ၏တစ်ကိုယ်လုံး နာကျင်နေပြီး မိုးရေစိုရွှဲကာ အေးစက်တောင့်တင်းနေ၏၊

ဦးခေါင်းထဲ မူးနောက်မဝေနေသည်၊



'အား....ကျွတ်....ကျွတ်'

ကျင်းလုံက ညည်းတွားရင်း လူးလှိမ့်ထလိုက်သည်၊

ထိုအခါမှ လမ်းဆုံလမ်းခွအလယ်၌ လဲကျနေခဲ့ခြင်း ဖြစ်ကြောင်း သိလာရလေသည်၊

ပတ်ဝန်းကျင် အရပ်လေးမျက်နှာတွင် အိမ်များ အစီအရီရှိနေ၏၊

မိုးရွာသွန်းခြင်းကြောင့် အိမ်တိုင်းလိုလို တံခါးပိတ်ထားပြီး လမ်းပေါ်၌ လူသွားလူလာ ကင်းရှင်းနေသည်၊

ကျင်းလုံ အံ့သြသွား၏၊

'ကျင်းမြို့လေးကို ပြန်ရောက်နေပါလား'

သူ၏ဇာတိမြို့ကလေးသို့ ပြန်ရောက်နေခြင်းဖြစ်သည်၊

ယခင်က စည်ကားသိုက်မြိုက်ခဲ့သော ကျင်းမြို့ကလေးသည် ယခုတော့ အိမ်ခြေငါးဆယ်ခန့်သာ ကျန်ရစ်ခဲ့ပြီး ယော်ရှာဇနပုဒ်ကလေးတစ်ခုနှင့်မခြား ရှိနေတော့၏၊

လမ်းပန်းခရီးဆက်သွယ်ရေး ပိုမိုကောင်းမွန်သော တောင်ပိုင်းဒေသသို့ ပြောင်းရွှေ့ အခြေချသူများကြောင့် ကျင်းမြို့လေး ခြောက်သွေ့ရခြင်းဖြစ်သည်၊

ထင်းကျူနှင့်ဂုဏ်းဖော ၁င်မြင်လာသောအခါ ကျောင်းမြို့စား
သိုင်းလောကအရှိန်အဝါ မှေးမှိန်သွား၏။

ထို့အတူ ကျောင်းမြို့လေးခြောက်သွေ့သွားသောအခါ မြို့စ
ဟူသော ဂုဏ်ပုဒ်သည်လည်း မှေးမှိန်သွားခဲ့သည်။

ကျောင်းမြို့စား၏ ကံဇာတာ ညှိုးငယ်သွားသောကြေ
ကျောင်းလုံသည်လည်း မြို့စားသားသခင်လေးတစ်ယောက်ဘ
အညာတရာစသို့ ရောက်ရှိခဲ့ရတော့သည်။

ကျောင်းလုံသည် မြို့စားဂေဟာကို ဒယီးဒယိုင်ဖြင့် လှမ်းသွ
လေသည်။

ယခုတစ်ကြိမ်တွင်....

မြို့စားဂေဟာ၏ ခြံဝင်းတံခါးမှာ ဖွင့်ထားလျက်ရှိသည်
တွေ့ရ၏။

ကျောင်းလုံ ဝမ်းသာသွားလေသည်။

ခြံဝင်းတံခါးကို ကျော်ဖြတ်ကာ ဂေဟာရှေ့သို့ ခပ်သွက်
သွက် လှမ်းသွားလိုက်သည်။

ဂေဟာတံခါးလည်း ဖွင့်ထားသည်။

ဂေဟာအတွင်းသို့ရောက်သည့်အခါ လူနှစ်ယောက် ရှိ
သည်ကို တွေ့ရ၏။



ယိုလူနှစ်ယောက်မှာ တံခါးမှူး ယို့ထိန်နှင့် အိမ်ထိန်းကြီး
ဘာဘဝမ်တို့ ဖြစ်ကြလေသည်။

ဖခင်၏ သစ္စာရှိ လူယုံတော်များအား တွေ့လိုက်ရသည့်
အခါ ကျောင်းလုံမှာ ဖော်မပြနိုင်အောင် ဝမ်းသာသွားတော့
သည်။

—★—

ကျောင်းမြို့စားထံ၌ သက်တမ်းကြာရှည်စွာ အမှုထမ်းလာခဲ့
သည့် အိမ်ထိန်းကြီး ဘာဘဝမ်က ကျောင်းလုံ၏ ဒဏ်ရာများကို
ရေနွေးဖြင့်ဆေးကြောကာ ဆေးလိမ်းပေးခဲ့လေသည်။

ညစ်ပတ်စုတ်ပြဲနေသည့်အဝတ်အစားများကိုလည်း အသစ်
လဲပြီးပြီဖြစ်သည်။

ထို့အပြင် ပူပူနွေးနွေး အစားအစာများစီစဉ်ကာ ကျွေး
မွေးဆိုက်သည်။

ကျောင်းလုံ သက်တောင့်သက်သာ ဖြစ်လာလေသည်။

ဘာဘဝမ်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလေ
သည်။

'သခင်လေးအနေနဲ့ စစ်လိန်တောင်ကိုသွားတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်'

ယို့ထိန်က ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ်၊ သခင်လေးရဲ့ ဘဘဝမ်း နေအေးချမ်းသာ ယာသွားအောင် မြို့စားကြီးကစီစဉ်ခဲ့တာပေါ့၊ စစ်လိန်တောင်က ရှောင်လင်ကျောင်းဌာနခွဲ ပျက်စီးသွားတဲ့အခါ ထိပ်တန်းသိုင်းကျမ်းတချို့ ပျောက်ဆုံးသွားခဲ့တာ အမှန်ပါပဲ၊ ဒီသိုင်းကျမ်းတွေဟာ စစ်လိန်တောင်တစ်နေရာမှာ ရှိနေနိုင်ပါတယ်၊ သခင်လေးသာတွေ့အောင်ရှာနိုင်မယ်ဆိုရင် ထင်းကျန့်ဂိုဏ်းကို မှုစရာမလိုတော့ပါဘူး'

ကျင်းလုံ သက်ပြင်းချလိုက်၏။

'ခုချိန်မှာ သိုင်းပညာသင်ဖို့ထက် ဖေဖေတို့ ဘာကြောင့် ကံဆိုးခဲ့ရတယ်ဆိုတာကိုပဲ ကျွန်တော် သိချင်တယ်၊ ထင်းကျန့်ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်ခဲ့တယ်၊ ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေတယ်ဆိုတာလဲ ကျွန်တော်သိချင်တယ်'

ဘဘဝမ်းနှင့် ယို့ထိန်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။

ကျင်းလုံက မေးလိုက်သည်။

'သည်ကိစ္စကို ဘဘတို့သိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်'



'ကျုပ်တို့ ဘာမှ...'

'ဘဘဝမ်း ဘာကြောင့် လိမ်ပြောချင်တာလဲ၊ ဘဘတို့ ပြောမပြရင် ကျွန်တော်ဘာသာ ကြိုးစားပြီး ဖော်ထုတ်ရမှာပဲ ထင်းကျန့်ဂိုဏ်းချုပ်နဲ့တွေ့လိုက်ရင် ရှင်းသွားမှာပါ'

ကျင်းလုံ ကြားဖြတ်ပြောလိုက်သောစကားကြောင့် ဘဘဝမ်း အံ့ဩသွားလေသည်။

ထင်းကျန့်ဂိုဏ်းသို့ သွားခဲ့သည့်ကျင်းလုံမှာ ထိုးကြိတ်နှိပ်စက်မှု ခံခဲ့ရသည်။

နောက်တစ်ကြိမ် သွားဦးမည်ဆိုလျှင်ကား အသက်ရှင်လျက် ပြန်လာနိုင်တော့မည် မဟုတ်ချေ။

ဘဘဝမ်းက ယို့ထိန်ကို လှမ်းကြည့်လိုက်၏၊ ယို့ထိန်က ဘာမျှမတတ်နိုင်သည့်သဘောဖြင့် ပခုံးတွန့်ပြလိုက်၏။

ဘဘဝမ်းက ကျင်းလုံဘက်သို့ ပြန်လှည့်လိုက်၏။

'သည်ကိစ္စတွေ သခင်လေးကို သိစေချင်ရင် မြို့စားကြီးက ပြောပြသွားခဲ့မှာပေါ့'

'ကျွန်တော်...'

'မြို့စားကြီးကိုယ်တိုင်က သခင်လေး မသိသင့်သေးဘူးလို့ ယူဆပြီး မပြောခဲ့တဲ့အတွက် ကျုပ်တို့အနေနဲ့ ပြောပြဖို့ ခက်နေပါတယ်'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

'ကျွန်တော်နားလည်သဘောပေါက်ပါတယ် ဘဘ၊ ဖေဖေ့ ကိုရဲ့လျှို့ဝှက်ချက်ကို ကျွန်တော့် ဘာသာ ကြိုးစားဖော်ထုတ် သွားပါမယ်'

ဤတွင် ကျင်းလုံအား မည်သို့မျှ ဟန့်တားချုပ်ချယ်ရန်တော့ မည်မဟုတ်ကြောင်း ဘဘဝမ်းတို့ နားလည်လိုက်ကြ၏။

ဘဘဝမ်း သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ သခင်လေး သည်လောက်တောင် သိချင် နေမှတော့ ထင်းကျန့်ဂိုဏ်းကို သွားစရာမလိုပါဘူး၊ ကျုပ်တို့ ပြောပြပါ့မယ်'

ကျင်းလုံ ဝမ်းသာသွားသည်၊

'ဖေဖေတို့ ကွယ်လွန်သွားခဲ့ကြပါပြီ၊ ဒါကြောင့်ကျွန်တော် သိရမှ ဖြစ်ပါတော့မယ်၊ ဘဘပြောပြမယ်ဆိုရင် ကျေးဇူးတင် လို့မဆုံးပါဘူးခင်ဗျာ'

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်သည်၊

ဘဘဝမ်း၏ မျက်နှာတည်ကြည်လေးနက်သွား၏။

'သည်အကြောင်းအရာတွေဟာ ပြောလို့ကောင်းတဲ့ ကိစ္စ တော့ မဟုတ်ပါဘူး၊ လူသိမခံဝံ့တဲ့ကိစ္စတွေဆိုရင် ပိုပြီးမှ ပါလိမ့်မယ်၊ မြို့စားကြီးနဲ့ ထင်းကျန့်ဂိုဏ်းချုပ်တို့ရဲ့ကိုယ်ရေး ကိုယ်တာကိစ္စပါပဲ'

ကျင်းလုံက စိတ်ဝင်စားစွာ နားထောင်နေလိုက်၏၊

ဘဘဝမ်းက ဆက်ပြောသည်၊

'သခင်လေး နားလည်အောင် ရိုးရိုးရှင်းရှင်းပဲ ပြောပါမယ်'

'ဟုတ်ကဲ့ဘဘ'

'သခင်လေးရဲ့မိခင်ဟာ ထင်းကျန့်ဂိုဏ်းချုပ်ရဲ့ညီမ မဟုတ် ပါဘူး၊ နောင်တချိန်မှာ လက်ထပ်မယ်လို့ ရည်ရွယ်ထားတဲ့ ဇနီးလောင်းပါ၊ သူတို့ဟာ ချစ်သူတွေလဲ ဖြစ်ခဲ့ကြပါတယ်'

'ဗျာ....'

မမျှော်လင့်သော စကားကြောင့် ကျင်းလုံမှာ အယန္တ တကြား ရေရွတ်လိုက်မိလေသည်။

★

ဘဘဝမ်းသည် တည်ကြည်သောမျက်နှာထားဖြင့် အတိတ် ကာလမှ အကြောင်းအရာများကို ရှင်းပြနေ၏။

'တစ်ချိန်က ထင်းထိုက်တောင်မှာ ထင်းကျန့်ဂိုဏ်းဆိုတာ

မရှိသေးဘူး၊ ကောင်းကင်ဓားသိုင်းသမားကြီးရှုဟိုးပဲ ရှိနေခဲ့တာ၊ အခုထင်းကျန့်ဂိုဏ်းချုပ် ကောင်းဖုံဟာ ရှုဟိုးရဲ့တပည့်ပေါ့၊ ရှုဟိုးမှာ ရှုယဉ်ဆိုတဲ့ သမီးချောတစ်ယောက် ရှိတယ်၊ အနေနီးစပ်ကြတော့ ရှုယဉ်နဲ့ကောင်းဖုံးတို့ဟာ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်'

မိမိ၏မိခင်နှင့် ထင်းကျန့်ဂိုဏ်းချုပ်ကောင်းဖုံးတို့ချစ်သူများ ဖြစ်ခဲ့ကြသည်ဟု သိရသောအခါ ကျင်းလုံ၏ရင်ထဲ မဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

'အဲဒီအချိန်က ကျုပ်တို့ကျင်းမြို့စားဟာ အင်မတန် စည်ကားသိုက်မြိုက်ခဲ့တာပေါ့၊ ကျင်းမြို့စားဟာ မိဘတွေကွယ်လွန်သွားတဲ့အခါ ငယ်ငယ်ရွယ်ရွယ်နဲ့ မြို့စားလေး ဖြစ်လာတယ်၊ သိုင်းပညာကလဲ မခေဘူး၊ စည်းစိမ်ဥစ္စာကလဲပေါ ရုပ်ကလဲချောတော့ လျှမ်းလျှမ်းတောက်ဖြစ်ခဲ့တာပေါ့၊ မြို့စားလေးက မြို့ပြစီမံအုပ်ချုပ်ဖို့ထက် သိုင်းသမားဘဝကို ပိုပြီးခင်တွယ်ခဲ့တယ်၊ ဒီနယ်တစ်ပိုက်မှာရှိတဲ့ သိုင်းသမားတွေနဲ့ တွေ့ဆုံပြီး သိုင်းပညာဆွေးနွေးဖလှယ်လေ့ရှိတယ်၊ ဒီလိုနဲ့ပဲ ကောင်းကင်ဓား ရှုဟိုး ကွယ်လွန်သွားတဲ့အခါမှာ ဂါရဝပြုဖို့ ထင်းထိုက်တောင်ကို ရောက်သွားခဲ့တယ်'

ကျင်းမြို့စားသည် ထင်းထိုက်တောင်သို့ ကောင်းကင်ဓားရှုဟိုး၏အသုဘအခမ်းအနားကို အကြောင်းပြုကာ ရောက်ရှိ



သွားပြီး မိမိ၏မိခင် ရှုယဉ်နှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်ကြောင်းကို ကျင်းလုံ နားလည်လိုက်အည်၊

တဘာဝမ်းကမူ ဆက်ရှင်းလိုက်၏။

'မြို့စားကြီးဟာ သခင်မ ရှုယဉ်ကို တွေ့မြင်တာနဲ့ မေတ္တာသက်ဝင်သွားခဲ့တယ်၊ လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့အချိန်အခါကို အသုံးပြုပြီး ရယူခဲ့တယ်၊ အမှန်တော့ သခင်မရှုယဉ်နဲ့ထင်းကျန့်ဂိုဏ်းချုပ်တို့ဟာ ချစ်သူတွေ ဖြစ်နေခဲ့ကြပြီ'

ကျင်းလုံ မနေနိုင်တော့ပါ။

'မေမေက အကြောင်းမသိလို့ လက်ထပ်ဖို့ တောင်းဆိုခဲ့တယ်ဆိုရင် မေမေက အကျိုးအကြောင်း ရှင်းပြသင့်တာပေါ့၊ ထင်ကျန့်ဂိုဏ်းချုပ်ကရော ဘာကြောင့် အဖြစ်မှန်ကိုပြောမပြရတာလဲ'

တဘာဝမ်းက ရှင်းပြလေသည်။

'အဲဒီအချိန်က ထင်းကျန့်ဂိုဏ်းချုပ်ဟာ ဆရာကြီး ရှုဟိုးရဲ့ ကောင်းကင်ဓားသိုင်းပညာကို လေ့ကျင့်နေဆဲပဲ ရှိသေးတယ်၊ မြို့စားကြီးကိုမယှဉ်နိုင်လို့ ကြောက်နေရတဲ့သဘောရှိခဲ့တာပေါ့၊ မြို့စားကြီးကလဲ ငယ်ရွယ်တဲ့အချိန်ဆိုတော့ သူ့ကိုအခံတဲ့ လူတွေကို မြှောက်ပြတ်သားသားဆုံးဖြတ်ကဲ့ သဘောတွေ ရှိတယ်လေ၊ တကယ်လို့သာ သခင်မက ငြင်းလိုက်ပြီး အဖြစ်မှန်ကို ထုတ်ဖော်ပြောလိုက်မယ်ဆိုရင် မြို့စားကြီးက ထင်းထိုက်တောင်ကို မြေလှန်ပစ်မယ့်ပုံပဲ၊ ဒီလိုဖြစ်နိုင်တာလို့ ဘယ်သူမှမပြောနိုင်ကြဘူးလေ'

ကျင်းလုံမှာ အသက်ရှူကြပ်သကဲ့သို့ ခံစားလာရလေသည်။

ထိုစဉ်က ထင်းကျွန်ဂိုဏ်းချုပ်နှင့် သူ၏မိခင်မှာ အလွန်ပင် ပူဆွေးသောကရောက်ခဲ့ကြလိမ့်မည်ဟု တွေးမိသည်။

သူ၏ဖခင်မှာ အောင်မြင်သူဖြစ်ခဲ့ပြီး ထင်းကျွန်ဂိုဏ်းချုပ်က အရေးနိမ့်သူ ဖြစ်ခဲ့ပေသည်။

ထို့ကြောင့်လည်း ထင်းကျွန်ဂိုဏ်းချုပ်မှာ နာကြည်းမှုဖြင့် သိုင်းပညာကို ဖိ၍လေ့ကျင့်ခဲ့ရာမှ ဖခင်ဖြစ်သူထက် သာသွားခြင်းဖြစ်မည်ဟု ဆင်ခြင်မိလိုက်လေသည်။

တဘဝမ်းက ရှယ်ဉ်အားချီးကျူးစကားဆိုလိုက်၏။

'ဘာပဲဖြစ်ဖြစ် သခင်မဟာ မြို့စားကြီးနဲ့လက်ထပ်ခဲ့ပြီးတဲ့ နောက်မှာ အိမ်ထောင်ရှင်ကောင်းပီသစွာ နေထိုင်ခဲ့ပါတယ်၊ ဇနီးကောင်း၊ တစ်ယောက်ရဲ့ တာဝန်လဲ ကျေပြွန်ခဲ့ပါတယ်၊ ထင်းကျွန်ဂိုဏ်းချုပ်နဲ့ အဆက်အသွယ် လုံးဝမလုပ်ဘဲ လူသစ် စိတ်သစ်နေခဲ့တယ်၊ သခင်လေးကို မွေးဖွားလာပြီးတဲ့နောက် ပိုင်း ပိုပြီးပြောင်းလဲသွားတယ်၊ အတိတ်ကဖြစ်ရပ်တွေကိုလုံးဝ မေ့ပစ်လိုက်တယ် မြို့စားကြီးတို့ မိသားစုဟာ အင်မတန်ပဲ ပျော်ရွှင်ချမ်းမြေ့ခဲ့ကြပါတယ်'

ကျင်းလုံက မေးလိုက်သည်။

'ဒါဆိုပြီးပြတ်သွားပြီပေါ့၊ ဘာကြောင့်ထင်းကျွန်ဂိုဏ်းချုပ်နဲ့ ပြဿနာဖြစ်ပေါ်ခဲ့ရတာလဲ'



တဘဝမ်း ခေါင်းညိတ်လိုက်သည်။

'ကျုပ်ရှင်းပြပါမယ် သခင်လေး၊ ထင်းကျွန်ဂိုဏ်းချုပ်ဟာ ဟောင်းကောင်ခါး သိုင်းပညာကို လေ့ကျင့် အောင်မြင်ပြီးတဲ့ နောက်ပိုင်း ထင်ကျွန်ဂိုဏ်းကိုထူထောင်ခဲ့တယ်၊ သိုင်းလောက မှာ တဖြည်းဖြည်း နာမည်ရလာတယ်၊ အထက်တန်းလွှာက လူဌေးသူကြွယ်တွေ၊ မင်းစိုးရာဇာတွေနဲ့ ရင်းနှီးမှုရလာတယ်၊ မြို့စားကြီးထက် အဆဆအရာရာ သာလွန်လာချိန်မှာ ကျင်းမြို့ နယ်မှာ စီးပွားရေး ကျဆင်းလာတယ်၊ ပြောင်းရွှေ့သွားသူ တွေ များလာတယ်၊ လူဆိုး ဓားပြတွေ ပေါများလာတယ်၊ နောက်ဆုံး မြို့စားကြီးဟာ တာဝန်ကျေပြွန်အောင် မထမ်း ဆောင်နိုင်ဘူးဆိုပြီး ရာထူးချခံရတယ်၊ သခင်လေး မြင်တဲ့ အတိုင်း ကျင်းမြို့နယ်ဟာ မှီတင်းနေထိုင်သူ တစ်ရာတောင် မပြည့်တော့ဘဲ ခြောက်ကပ်သွားခဲ့တာပဲ'

ကျင်းမြို့နယ် စည်ပင်ဝပြောခြင်းမရှိသည်မှာ ဖခင်တာဝန် ဟုသတ်မှတ်လျှင် ကျင်းလုံလည်း ငြင်းမည်မဟုတ်ပါ။

မြို့စားကြီးတစ်ယောက်ဖြစ်၍ တာဝန်ယူရမည်သာ ဖြစ်လေသည်။

တဘဝမ်းဆက်ပြောလိုက်သောစကား ကြားလိုက်ရသော အခါ ကျင်းလုံ မကျေမနပ်ဖြစ်လာလေသည်။

'မြို့စားကြီးဟာ ကျင်းမြို့နယ် ဆုတ် ယုတ် သွား ခဲ့ ရ တဲ့ အကြောင်းရင်းထဲ ရှာဖွေစုံစမ်းလိုက်တော့ နောက်ကွယ်မှာ

ထင်ကျွန်ဂိုဏ်းချုပ်က ကြိုးကိုင်ဆောင်ရွက်နေတာကို သိလိုက်ရတယ်'

'ဗျာ...'

'ထင်းကျွန်ဂိုဏ်းချုပ်က ကုန်သည်ပွဲစားတွေကို ကျင်းမြို့နယ်ကထွက်သွားဖို့ ခြိမ်းခြောက်ခဲ့တယ်၊ လူဆိုး မှားပြုတွေ အများကြီးမွေးပြီး ဆူပူသောင်းကျန်းအောင် မြှောက်ပင့်ပေးခဲ့တယ်၊ မြို့စားကြီး၊ ပျက်စီးရာပျက်စီးကြောင်း ကြိုးစားအားထုတ်ခဲ့တယ်'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုလုပ်တာ မကောင်းပါဘူး၊ သူက အခဲမကျေဖြစ်နေတော့ကော ဘာထူးမလဲ၊ ပြီးတဲ့ကိစ္စတွေ ပြီးခနပြီပဲ'

'ဟုတ်ပါတယ် သခင်လေး၊ မြို့စားကြီးနဲ့ သခင်မတို့ဟာ အတိဘ်ကို မေ့လိုက်ကြပေမယ့် ထင်းကျွန်ဂိုဏ်းချုပ်ကတော့ ရန်ငြိုးထားခဲ့ပါတယ်၊ သူ့ရဲ့လက်ချက်မှန်းသိတော့ မြို့စားကြီးက သွားပြီးဆွေးနွေးခဲ့တယ်၊ ထင်ကျွန်ဂိုဏ်းချုပ်က သူမလုပ်ဘူးလို့ ငြောင်ငြင်းလိုက်တယ်၊ သက်သေ အထောက်အထားပြခိုင်းတယ်၊ မပြနိုင်ရင် လူသိရှင်ကြား တောင်းပန်ရလိမ့်မယ်လို့ ခြိမ်းခြောက်တယ်၊ အဲဒီအချိန်ကစပြီး မဟာရန်သူတော်ကြီးတွေ ဖြစ်သွားခဲ့ကြတာပါပဲ'

ကျင်းလုံ မျက်မှောင်ကုပ်သွား၏။

အနည်းငယ်စဉ်းစားပြီးမှ ပြောလိုက်သည်၊



'ဖေဖေက ကြေးစားလူသတ်သမားငှားပြီးထင်းကျွန်ဂိုဏ်းက လူတွေကို လုပ်ကြံခိုင်းတယ်ဆိုတဲ့ ကိစ္စကကော'

ဘဘဝမ်း၏မျက်နှာတွင် စိတ်ပျက်သွားသည့်အသွင် ဖြစ်ပေါ်လာလေသည်။

'မြို့စားကြီးက ကြေးစားတစ်ယောက်ကို ငှားရမ်းခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ထင်ကျွန်ဂိုဏ်းက လူတွေကို လုပ်ကြံခိုင်းတာ မဟုတ်ပါဘူး၊ သူတို့ရဲ့ မကောင်းတဲ့အကြံအစည်တွေကို ဖော်ထုတ်နိုင်အောင် စုံစမ်းခိုင်းတာပါ၊ ဒါပေမယ့်...'

'ကျွန်တော်သဘောပေါက်ပါပြီ ဘဘရယ်'

ထင်းကျွန်ဂိုဏ်းချုပ်သည် သူ၏ မိဘနှစ်ပါး သေဆုံးခဲ့ရသည့် အဓိကတရားခံ ဖြစ်နေပေသည်။

'ကျွန်တော် ဘယ်တော့မှမကျေဘူး'

ကျင်း လုံအံကြိတ်ကာ ပြောလိုက်သောအခါ ဘဘဝမ်းက ကပျာကယာတားမြစ်လိုက်၏။

'သခင်လေး စိတ်လိုက်မာန်ပါ လုပ်လို့ မဖြစ်ဘူး၊ မြို့စားကြီး တောင်မှ မတတ်နိုင်ခဲ့တာ သခင်လေး ဘယ်နည်းနဲ့မှ ထင်းကျွန်ဂိုဏ်းကို အံတုနိုင်မှာ မဟုတ်ဘူး'

ယို့ထိန်က ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ် သခင်လေး၊ ထင်းကျွန်ဂိုဏ်းကို ရင်ဆိုင်ဖို့ နည်းလမ်းတစ်ခုပဲ ရှိပါတယ်၊ စစ်လိန်တောင်ကို သွားပြီး ရှောင်လင်ကျောင်းက ပျောက်ဆုံးသွားတဲ့တာမိ သိုင်းကျမ်းကို တွေ့အောင်ရှာဖို့ပါပဲ'

တာမိုသိုင်းကျမ်းသည် သိုင်းလောက၌ အသုံးပြုလျက်ရှိသော သိုင်းပညာရပ် အသီးသီး၏အခြေခံသိုင်းကွက်များကို မှတ်တမ်းတင်ထားသော သိုင်းကျမ်းဖြစ်သည်။

တာမိုသိုင်းကျမ်းအား လေ့လာရမည်ဆိုပါက သိုင်းပညာရပ်အသီးသီး၏ အားသာချက် အားနည်းချက်များကို သိရှိနိုင်မည်ဖြစ်သကဲ့သို့ မည်သို့သော သိုင်းပညာနှင့် ကြုံတွေ့ရပါစေ၊ မည်သို့ခုခံရမည်၊ ရှောင်တိမ်းရမည် ပြန်လည်တိုက်ခိုက်ရမည်ဆိုသည်များကို သိနိုင်မည်ဖြစ်လေသည်။

သိုင်းပညာရပ်များကို အရည်ကျို ဖောက်ထားသူတစ်ယောက်ပမာ ဖြစ်သွားနိုင်သည်ဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် ကျင်းလုံက စစ်လိန်တောင်သို့ သွားလိုသည်ကို နောက်ဆုံးအချိန်ရောက်မှ မိဘနှစ်ပါးက ကြည်ဖြူစွာ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

'ကျွန်တော်သာ တာမိုသိုင်းကျမ်းကိုလေ့ကျင့်ခဲ့ရင် ထင်းကျန့်ဂိုဏ်းချုပ်ကို မှုစရာမလိုတော့ဘူး ဟုတ်လား'

ဟု ထိန် ခေါင်းညိတ်လိုက်သည်။

'ဒါ အမှန်ပဲ သခင်လေး'

'ကောင်းပြီ၊ ကျွန်တော်တွေ့အောင်ရှာမယ်၊ တာမိုသိုင်းကျမ်းကိုရရင် ဘယ်လောက်ကြာကြာ လေ့ကျင့်ပြီးမှ အောင်မြင်မှု ရနိုင်မလဲ'

ဟု ထိန်နှင့် ဘဘဝမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။



နှစ်ယောက်သား တိကျသောအဖြေများ မဖြေနိုင်အောင်ဖြစ်နေကြ၏။

'ဘယ်လောက်ကြာမှ လေ့ကျင့်အောင်မြင်နိုင်မယ်ဆိုတာ မှန်းဆလို့မရဘူးလား ဘဘ'

ကျင်းလုံက ထပ်မေးလိုက်သောအခါ ဘဘဝမ်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့လဲ တာမိုသိုင်းကျမ်းအကြောင်း ကြားဘူးတာပဲရှိတယ်၊ မြင်လဲမမြင်ဖူးဘူး၊ လေ့လဲမလေ့ကျင့်ဖူးဘူးဆိုတော့ မပြောနိုင်ဘူး'

'ဟုတ်တယ်၊ ခန့်မှန်းရခက်တယ် သခင်လေး'

ကျင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

'ဒါဆို ထင်းကျန့်ဂိုဏ်းချုပ်ကိုဆုံးမဖို့ တခြားနည်းလမ်းကို အသုံးပြုရတော့မှာပဲ'

ဟု ထိန်နှင့် ဘဘဝမ်းတို့ ပြိုင်တူကန့်ကွက်လိုက်ကြ၏။

'ထင်းကျန့်ဂိုဏ်းချုပ်ကို ရင်ဆိုင်ဖို့ သခင်လေး မကြိုးစားသင့်ပါဘူး'

'ပြီးခဲ့တာတွေအားလုံးကို မေ့ပစ်လိုက်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ် သခင်လေး'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် ဘက်တော့မှ မေ့သွားမှာ မဟုတ်ဘူး၊ ကျွန်တော်အသက်ရှင်နေရင်ထင်းကျန့်ဂိုဏ်းချုပ်သေရလိမ့်မယ်၊ မဟုတ်ရင် ကျွန်တော်သေသွားဖို့ရှိတယ်၊ ကဲ....ဘဘနဲ့

တံခါးမှူးကြီးတို့ ဘယ်လိုဆုံးဖြတ်ကြမလဲပြောပါ၊ ကျွန်တော်ကို ကြည့်
လက်တဲ့ပြီး သစ္စာရှိရှိလက်တွဲမလား၊ ဒါမှမဟုတ် လမ်းခွဲကြ
မလား ပြောပါ'

ဘဘဝမ်းနှင့် ယို့ထိန်တို့ တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်မိပြန်လေသည်၊

····★····

မိုးစဲသွားပြီဖြစ်သည်၊

ကျင်းလုံသည် မြို့စားဂေဟာ၏ဧည့်ခန်းအတွင်း၌ ငြိမ်သက်
စွာ ထိုင်နေ၏၊

သူသည် စကားမပြောတော့သကဲ့သို့ စကားပြောဖေါ်
လည်း မရှိတော့ပါ၊

ယို့ထိန်နှင့် ဘဘဝမ်းတို့သည် သူ့အား လမ်းခွဲထွက်သွား
ကြပြီမဟုတ်ပါလား၊

ကျင်းလုံမှာ ရှုံးနိမ့်သူသာမက သစ္စာဖောက်ခံရသူပါ ဖြစ်ခဲ့
ရပြီတည်း၊

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်၊



ဧည့်ခန်းအတွင်းသို့ လူတစ်ယောက် တိတ်တဆိတ်ဝင်ရောက်
လာလေသည်၊

ထိုလူကား အနက်ရောင်ဝတ်ဆင်ထားသည့် ညလူပင်တည်း၊

····★····

ညလူသည် ကျင်းလုံနှင့်မလှမ်းမကမ်း၌ ခုံတစ်လုံးဆွဲကာ
ထိုင်ချလိုက်၏၊

ထို့နောက် အသင့်ရှိနေသောအရက်အိုးထဲမှအရက်တစ်ခွက်
သောက်လိုသည်၊

ကျင်းလုံက မလှုပ်မယှက်ထိုင်ရင်း ညလူအား မျက်တောင်
မခတ် ကြည့်နေ၏၊

'ကောင်းလိုက်တဲ့ အရက်'

ထိုလူသည် ချီးကျူးစကားပြောပြီး ကျင်းလုံအား ပြုံးပြ
လိုက်သည်၊

'မင်းကော အရက်မသောက်ဘူးလား'

ကျင်းလုံက ခေါင်းခါယမ်းပြိက်၏၊

'ဟင့်အင်း'

'မင်းတော်တော်ညံ့တာပဲ၊ ထင်းကျွန်ဂိုဏ်းက ပန်းချယ်ရီ့အရက်ဟာ လောကပေါ်မှာ အကောင်းဆုံးအရက်လို့နာမည်ကြီးနေတာ၊ မင်းအဖေအတွက် အရက်တစ်အိုးတောင် လက်ဆောင်ပေးလိုက်သေးတယ် မဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် ကျုပ်ကိုတစ်ခွက်လောက်တိုက်သင့်တယ်လို့ ကျုပ်ထင်တယ်၊ ဘယ်သို့လဲ'

ညလှကား မည်သူမည်ဝါမှန်း ကျင်းလုံ မသိရသေးပါ၊ ထိုလူသည် သူ့အားကူညီမည့်သူတစ်ယောက် ဖြစ်သည်ဟုတော့ ယုံကြည်မိသည်။

ထို့ကြောင့်....

'ထင်းကျွန်ဂိုဏ်းချုပ် လက်ဆောင်ပေးလိုက်တဲ့ အရက်က ကျန်ဦးမယ်ထင်ပါတယ်၊ ရှာကြည့်ရင်တော့ တွေ့ရမှာပါ၊ ဒါပေမယ့် သောက်သင့်တဲ့အရက်တော့ မဟုတ်ပါဘူး'

ညလှ မျက်မှောင်ကုပ်သွား၏။

'ဘာဖြစ်လို့လဲ'

'ပန်းချယ်ရီအရက်ကို အဆိပ်ခတ်ပြီး ပေးပို့ခဲ့တာ ဖြစ်နေလို့ပါ'

'ဩော်....'

'ထင်းကျွန်ဂိုဏ်းချုပ် ပို့ပေးလိုက်တဲ့ ပန်းချယ်ရီအရက်တစ်ခွက်စီသောက်ပြီး ကျွန်တော့်ရဲ့မိဘနှစ်ပါး သေဆုံးသွားကြတာပါ'



ညလှက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'အဆိပ်ခတ်ထားတဲ့ အရက်က တော်တော် အရသာရှိမှာပေါ့၊ ဒါ့ထက် မင်းရဲ့အဖေဟာ ထင်းကျွန်ဂိုဏ်းချုပ်ရဲ့ညီမလို လူသိများတဲ့ ရှယဉ်ကို ထင်းကျွန်ဂိုဏ်းချုပ်နဲ့ ချစ်သူဖြစ်မှန်း မသိဘဲ လက်ထပ်ယူခဲ့တယ်၊ နောက်ပိုင်းသိသွားတော့ ထင်းကျွန်ဂိုဏ်းကို ဒုက္ခပေးခဲ့တယ်၊ ဒါကြောင့် အဆိပ်အရက်လက်ဆောင်ရခဲ့တယ် ဆိုပါတော့'

'ခင်....ခင်ဗျား....'

ကျင်းလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'လက်စသတ်တော့ ဘာဘာစမ်းတို့ပြောဆိုခဲ့ကြတဲ့စကားတွေကို ခင်ဗျား ချောင်းမြောင်းနားထောင်ခဲ့တာကိုး'

'ဟဲ....ဟဲ....ကျုပ်က ဘာမဟုတ်ချောင်းပြီး နားထောင်နေတာမဟုတ်ပါဘူး၊ မင်းဆီကိုလာရင်း မတော်တဆ ကြားလိုက်ရတာပါ'

'နေပါဦး... ကျွန်တော့်ဆီကို လာတယ်ဆိုတော့ ဘာကိစ္စတဲ့ ပြောပါဦး'

ကျင်းလုံက ညလှအားအကဲခတ်ကြည့်ကာ မေးလေသည်။

ညလှ ရယ်မောလိုက်၏။

'ဟုတ်တာပေါ့ ကိစ္စရှိနေတယ်၊ ထင်းကျွန်ဂိုဏ်းက မတရားလုပ်တာကို ခေါင်းငုံ့ခံမနေဘဲ သူတို့ကိုဆုံးမဖို့ လာပြီး တိုက်တွန်းတာပေါ့ကွာ'

'ဩော်....'

‘ထင်းကျူနို့ဂိုဏ်းကရိုက်နှက်လွှတ်လို့ မင်း အတော်ကလေး နာသွားတယ် မဟုတ်လား’

ကျင်းလုံ မကျေမနပ်ဖြစ်သွားသည်။

‘ကျုပ်က မမှုသေးပါဘူးဗျာ၊ နေပါဦး....ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ထင်းကျူနို့ဂိုဏ်းအပေါ် မကျေမနပ်ဖြစ်နေရတာလဲ’

ထင်းကျူနို့ဂိုဏ်းချုပ်နှင့် ရင်ဆိုင်ရန် တိုက်တွန်းနေခြင်းကြောင့် အကြောင်းတစ်ခုခုရှိရမည်ဟု ကျင်းလုံယုံကြည်မိလေသည်။

ညလူ ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်... ငါလဲ ထင်းကျူနို့ဂိုဏ်းကိုလုံးဝမကျေနပ်ဘူး’

‘ဘာကြောင့်မကျေနပ်ရသလဲဆိုတာ ပြောပါဦး’

‘အေး....ရှင်းရှင်းပြောရရင် မင်းအဖေကြောင့်ပဲ၊ မင်းရဲ့အဖေဟာ ငါ့ကိုကူညီခဲ့တဲ့ကျေးဇူးရှိဖူးတယ်၊ ငါ့ကျေးဇူးရှင်ကို ဒုက္ခပေးခဲ့တဲ့အတွက် ငါ မကျေနပ်တာပဲ’

‘ဪ....’

ကျင်းလုံ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

သစ္စာရှိလူယုံတော်များဖြစ်ကြသော ဘာဘာဝမ်းနှင့်ယို့ထိန်တို့က သစ္စာဖောက်ကာ သူ့အား ကျောခိုင်းစွန့်ခွာသွားကြပြီဖြစ်ပါသည်။

ညလူသာလျှင် သူ့ဖခင်၏ကျေးဇူးကိုမမေ့ဘဲ လာ၍ကူညီရန် ကြိုးစားနေသည်။



ကျင်းလုံ ဦးညွှတ်လိုက်သည်။

‘ဦးကို ကျေးဇူးတင်လို့မဆုံးပါဘူးဗျာ၊ ထင်းကျူနို့ဂိုဏ်းကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ကျွန်တော့်ကို အကြံဉာဏ်ပေးဖို့ မေတ္တာရပ်ခံပါတယ်’

ညလူ ကျေနပ်သွားလေသည်။

‘မင်း ကျုပ်အပေါ် ယုံကြည်မှုရှိတဲ့အတွက် ဝမ်းသာပါတယ်ကွာ၊ ခုချိန်မှာ ထင်းကျူနို့ဂိုဏ်းဟာ အင်အားကြီးမားနေတယ်၊ ထင်းကျူနို့ဂိုဏ်းချုပ်ကလဲ ကောင်းကင်ဓားပညာကို လေ့ကျင့်အောင်မြင်ခဲ့ပြီ၊ ဒီတော့ မင်းအနေနဲ့ သူ့ကိုရင်ဆိုင်နိုင်အောင် သိုင်းပညာရှာဖွေရမှာဖြစ်သလို တစ်ဖက်ကလဲ မင်းအဖေ အသုံးပြုသွားတဲ့နည်းလမ်းကိုသုံးပြီး ထင်းကျူနို့ဂိုဏ်းကို ဒုက္ခပေးရမယ်’

သိုင်းပညာရှာဖွေဖို့ဆိုသည်ကို ကျင်းလုံ နားလည်သော်လည်း ဖခင်၏နည်းလမ်းကို အသုံးပြုဖို့ဆိုသည်ကိုမူ မရှင်းပါချေ။

ထို့ကြောင့်....

‘ကျွန်တော့် အဖေက ဘယ်လိုနည်းများ အသုံးပြုသွားသလဲ၊ ပြောပါဦးဗျာ’

ညလူက ရုတ်တရက်မဖြေသေးဘဲ အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

ပြီးမှ တစ်လုံးချင်း ပြောလေသည်။

‘မင်းရဲ့အဖေဟာ အင်အားကြီးမားလှတဲ့ ထင်းကျူနို့ဂိုဏ်း

ကို မယုံနိုင်မှန်းသိတာနဲ့ ကြေးစားတွေငှားပြီး လုပ်ကြံခိုင်းခဲ့တယ်'

ကျင်းလုံ စိတ်ပျက်သွားသည်။

'ဒီနည်းက မဖြစ်ပါဘူးဗျာ'

'မင်း မှားသွားလိမ့်မယ်၊ မင်းအဖေဟာ အကောင်းဆုံးနည်းလမ်းကို ရွေးသွားခဲ့တာပဲ'

'ဗျာ...ဒါ အကောင်းဆုံးနည်းလမ်း၊ ဟုတ်လား'

'ဟုတ်တယ်လေ၊ ထင်းကျုန့်ဂိုဏ်း ခုလို အောင်မြင်ကျော်ကြားနေတာဟာ ထင်းကျုန့်ဂိုဏ်းချုပ် တစ်ယောက်တည်းရဲ့ အစွမ်းကြောင့်ထက် သူကို ဝိုင်းစန့်ပံ့ပိုးကြတဲ့ မိတ်ဆွေရောင်းရင်းတွေ လက်ရုံးလူယုံတော်တွေ ရှိနေကြလို့ပဲ'

ညလူက ဥပမာနှိုင်းကာ ပြောပြလေသည်။

'တစ်ချီထဲနဲ့ အပိုင်ဖြိုခွဲပစ်မယ်ဆိုရင် သစ်ပင်တစ်ပင်ကို ရေသောက်မြစ် ဖြတ်လိုက်သလို လုပ်ရလိမ့်မယ်၊ သည်လို လုပ်နိုင်ဖို့ အင်အားရှိမှာမဟုတ်ဘူး၊ မင်းတတ်နိုင်ပါ့မလား'

ညလူက ဆက်ပြောသည်။

'သစ်တစ်ပင်ကို ရေသောက်မြစ်ဖြတ်ဖို့ ပင်စည်က လဲပစ်ဖို့ မတတ်နိုင်ဘူးဆိုရင် အကိုင်းအခက်တွေကို အရင်ဆုံး ချိုးပစ်ရတယ်၊ လူယုံတော်တွေ မိတ်ဆွေသင်္ဂဟတွေ မရှိတော့ဘူးဆိုရင် ထင်းကျုန့်ဂိုဏ်းချုပ်ဟာ အထီးကျန်ဖြစ်သွားလိမ့်မယ်'

သူက ကျင်းလုံကို မေးလိုက်လေသည်။

'အလင်းထဲက လူတစ်ယောက်ဟာ အမှောင်ထဲက လူကို ရုတ်တရက် တွေ့မြင်နိုင်ဖို့ ခက်ပေမယ့် အမှောင်ထဲက လူက



တော့ အလင်းထဲကလူကိုတွေ့မြင်နိုင်တာပဲမဟုတ်လား၊ ထင်းကျုန့်ဂိုဏ်းချုပ်ဟာ တစ်ယောက်တည်း အထီးကျန် ဖြစ်သွားပြီဆိုတာနဲ့ သူ့ကို ဘယ်လိုသုတ်သင်ရှင်းလင်းပစ်ရမယ်ဆိုတာ နည်းလမ်းတွေ ပေါ်လာလိမ့်မယ်၊ ကျုပ်ပြောတာကို မင်းလက်ခံနိုင်ရဲ့လား'

ကျင်းလုံ ခေါင်းညိတ်လိုက်မိလေသည်။

'ဟုတ်ကဲ့၊ ကျွန်တော်လက်ခံနိုင်ပါတယ်'

'အေး...အဓိပ္ပာယ်ရှိလို့လဲ မင်းအဖေက သည်နည်းလမ်းကို အသုံးပြုခဲ့တာပဲ'

'ဒါပေမယ့်...ကြေးစားတွေက မယုံရဘူး၊ သူတို့ကြောင့် ဖေဖေရဲ့လုပ်ရပ်တွေကို ထင်းကျုန့်ဂိုဏ်းချုပ် သိသွားခဲ့တာပဲ၊ ဒါကြောင့်လဲ'

ကျင်းလုံ ဆက်မပြောနိုင်အောင် ဖြစ်သွားလေသည်၊

ညလူက လက်ကာပြလိုက်၏။

'မြို့စားကြီးရဲ့ အခြေအနေနဲ့ မင်းရဲ့အခြေအနေမတူပါဘူး၊ မြို့စားကြီးဟာ အတော့်ကို ပရိစိုက်ပြီးလုပ်ရှားခဲ့ရတယ်၊ လူသိမခံနိုင်တဲ့အခြေအနေ မဟုတ်လား၊ မင်းကတော့ ဘာကိုမှ မှုစရာမလိုပါဘူး၊ ထင်းကျုန့်ဂိုဏ်းချုပ်ဆီ သွားတော့ကော ဘာဖြစ်သလဲ'

ညလူက ကျင်းလုံအား စိုက်ကြည့်လိုက်၏။

'မင်းရဲ့မိဘတွေ မရှိတဲ့နောက်ပိုင်း မင်းဟာ ရန်ငြိုးထားပြီး တစ်နေ့ဒုက္ခပေးလိမ့်မယ်လို့ ထင်းကျုန့်ဂိုဏ်းချုပ်က နား

လည်ယားမှာပဲ၊ တစ်နည်းနည်းနဲ့မင်းကိုရှင်းပစ်ဖို့ကြံစည်မှာပဲ၊ သည်လိုမလုပ်ဘူးလို့ မင်းပြောနိုင်မလား'

'မပြောနိုင်ပါဘူး'

'အေး....သူက မင်းကိုရှင်းပစ်မယ်ဆိုတာ သေချာတယ်၊ မင်းကကော ဘာကြောင့် သူ့ကို ရှင်းပစ်ဖို့မကြံစည်စံ့ရမှာလဲ ကွ'

ကျင်းလုံ အံကြိတ်လိုက်သည်။

'ဟုတ်တယ်၊ သူ့ကိုရှင်းပစ်ရမယ်'

'ဘား....ဟား... ဟား'

ညလူက ရယ်မောလိုက်လေသည်၊

'မင်းသာ ထင်းကျန့်ဂိုဏ်းချုပ်ကို ဆုံးမချင်တယ်ဆိုရင် ငါက မင်းကို ကူညီသွားမှာပါ၊ ပထမဆုံး မင်းဘာလုပ်ရမယ် ဆိုတာ ငါပြောပြမယ်'

ကျင်းလုံ ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ'

'အေး....မင်း သေသေချာချာ မှတ်ထားပါ'

ညလူသည် မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို တီးတိုး ပြောပြလိုက်လေသည်။

....★....

## ပထမခြေလှမ်း

---

အနောက်လမ်းကြား....

အနောက်လမ်းကြားအား အများက အမှောင်လမ်းကြား ဟုလည်း ခေါ်ကြလေသည်။

အကြောင်းမှာ....

အနောက်လမ်းကြားတွင် လောင်းကစားဝိုင်းများ အပျော် ဂေဟာများ ရှိနေခြင်းကြောင့်ဖြစ်သည်၊

လူဆိုးလူမိုက်ဒုစရိုက်သမားပေါင်းစုံ ကျင်လည်ကျက်စား ရာ ရပ်ဝန်းလည်းဖြစ်သည်၊

ယနေ့....

ကျင်းလုံသည် အနောက်လမ်းကြားသို့ မထင်မရှားရောက် ရှိလာခလေသည်။

လမ်းကြားအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် လမ်းဘေးကမ်ဖက်တစ်ချက်၌ စားသောက်ဆိုင်များ၊ ကပွဲရုံများမှ တူရိယာသံများ၊ တေးဆိုသံများ၊ ကခုန်နေသံများ၊ ရယ်မောသံ၊ လက်ခုပ်တီးသံ၊ စကားပြောသံများ ဆူညံစွာ ထွက်ပေါ်နေသည်ကို ကြားရလေသည်။

လမ်းပေါ်၌လည်း ဘာပဆိုလုပ်ဖို့သည့်အသွင်ရှိကြသူများ ဥဒဟို သွားလာနေကြသူများ နှီးသကဲ့သို့ အချို့က ဆည်စဉ် ငါးစောင့်နေသော ဗျိုင်းများပမာ လမ်းဘေး၌ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲရပ်ကာ ကျိုးကန်းတောင်းမှောက် ကြည့်နေကြသည်ကို တွေ့ရလေသည်။

ကျင်းလုံ၏စိတ်ထဲ မသိုးမသန့်ဖြစ်သွားလေသည်။

သို့သော် မိဘများအတွက် လက်ဆောင်ကျကျဆောင်ရွက်ရမည်မို့ အားတင်းကာ လှမ်းဝင်သွားလိုက်လေသည်။

လမ်းကြားထဲရောက်ရုံမျှသာ ရှိသေးသည်။

'ညီလေး....ဘယ်သွားမလို့လဲကွ'

လူသုံးယောက် လှမ်းလာနေကြသည်ကို တွေ့လိုက်ရလေသည်။

ကျင်းလုံ ခြေလှမ်းရပ်လိုက်သည်။

ထိုလူသုံးယောက်မှာ သန်မာထွားကြိုင်းပြီး ခက်ထန်ကြမ်းတမ်းသည့် ရုပ်သွင်ရှိကြသည်။

လူကောင်းများမဟုတ်၊ ဒုစရိုက်သမားများ ဖြစ်ကြောင်း ထင်ရှားနေပေသည်။



လူကြမ်းကြီးတစ်ယောက်က ကျင်းလုံအား ပခုန်းပုတ်၍ မေးလိုက်သည်။

'ညီလေး...မင်းက အပျော်လာရှာတာလားကွ'

'ဗျာ....'

'ဟဲ....ဟဲ....နုတ်သမီးလေးတွေလို ချောမောလှပတဲ့ မိန်းကလေးတွေကို မင်းရနိုင်ပါတယ်၊ ဒါပေမယ့် မင်းမှာငွေအလုံအလောက် ပါဖို့တော့ လိုတယ်နော်'

'ခြော်....'

မိမိအား မကောင်းမှုပြုလုပ်ရန် မြူဆွယ်နေကြောင်းကို ကျင်းလုံ နားလည်လိုက်လေသည်။

'မင်းမှာ ငွေဘယ်လောက်ပါသလဲ၊ ကြည့်ရအောင်'

သူသန်ကြီးတစ်ယောက်က ပြောရင်း ကျင်းလုံ၏အိတ်ထဲ နှိုက်ရန်ဟန်ပြင်လိုက်သည်။

ကျင်းလုံ နောက်ဆုတ်လိုက်၏။

'ကျုပ်က လင်းနို့ကို လာရှာတာ'

'ဘာ....လင်းနို့ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ဆီက ငွေတစ်ချို့ သိုချင်တယ်ဆိုရင် လင်းနို့ဆီကို လိုက်ပို့ပေးရမယ်'

လူသန်ကြီးသုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။

လင်းနို့ဟူသော အမည်ကြောင့် မျက်နှာ ပျက်သွားကြသော်လည်း အံကြိတ်ဆည်လိုက်ကြလေသည်။

တစ်ယောက်က ပြော၏။

'လက်စသတ်တော့ မင်းက အစ်ကိုကြီးလင်းနို့ ကို တွေ့ချင်နေတာကိုး၊ ကောင်းပြီ.. ကျုပ်တို့အတွက် ငွေတစ်ရာ သာပေးပါ၊ လိုက်ပို့ပေးပါ့မယ်'

ကျွင်းလုံ့ သဘောတူလိုက်သည်။

'ကျေးဇူးပါပဲဗျာ'

ချက်ချင်းပင် ငွေတစ်ရာထုတ်ပေးလိုက်၏။

လူသန်ကြီးက ဖျတ်ခနဲဆွဲယူပြီး ကျွင်းလုံ့အား ခေါ်သွားသည်။

'ကျုပ်နောက်လိုက်ခဲ့'

ကျွင်းလုံ့လည်း စိတ်ချလက်ချ လိုက်သွားလေတော့သည်၊

★

မြို့ပြင်သို့ရောက်ရှိသောအခါ မသမ်းမတမ်း၌ သချိုင်းမြေ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လူသန်ကြီး သုံးယောက်က ကျွင်းလုံ့အား သင်္ချိုင်းမြေသို့ ခေါ်သွားခြင်းဖြစ်လေသည်။

ကျွင်းလုံ့ မျက်မှောင်ကုပ်သွား၏။



'လင်းနို့က ဘယ်မှာလဲ'

'သာလား....သင်္ချိုင်းထဲမှာ ရှိတယ်လေ'

'ခင်ဗျားတို့ သေချာရဲ့လား'

လူသန်ကြီးသုံးယောက်သည် ကျွင်းလုံ့ထံမှ လုယက်ရန်ဟန်ပြင်လိုက်ကြလေသည်။

ကျွင်းလုံ့ ဒေါသထွက်သွား၏။

'လက်စသတ်တော့ ကျုပ်ကို ဒုက္ခပေးချင်လို့ လှည့်စားပြီး ခေါ်လာကြတာကိုး'

ချက်ချင်း ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ထိုစဉ်....

'ဒုတ်....ဒုတ်....ဒုတ်'

မာကျောသော အရာဝတ္ထုတစ်ခုနှင့် မြေကြီး ထိတွေ့သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်

ကျွင်းလုံ့တို့ လှမ်းကြည့်လိုက်သောအခါ အဘိုးအို တစ်ယောက်သည် တောင်ဝှေးတစ်ချောင်းကို အားပြု လျှောက်လှမ်းလာနေသည်ကို တွေ့ရလေသည်။

မျက်မမြင် အဘိုးအိုတစ်ယောက်ဖြစ်ပေသည်၊

ကျွင်းလုံ့ စိုးရိမ်သွားသည်။

'ဗျို့... အဘိုး ဒီဘက်ကိုမလာနဲ့၊ အဘိုးကို ဒုက္ခပေးမယ့်လူတွေ ရှိနေတယ်'

သူ့စကားသံကြောင့် အဘိုးအိုခြေလှမ်းရပ်သွား၏။

လူသန်ကြီး သုံးယောက်သည် အဘိုးအိုကို မြင်သည်နှင့် ချက်ချင်း မြေပေါ်ဒူးထောက်လိုက်ကြ၏။

မျက်စိမျက်နှာပျက်ကာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အဘိုးအိုအား တောင်းပန်လိုက်ကြလေသည်။

'ကျွန်...ကျွန်တော်တို့ကို ခွင့်လွှတ်ပါဗျာ'

'ဟုတ်ပါတယ်ဗျာ၊ လောင်းကစားဝိုင်းမှာရှုံးပြီး တစ်ပြားတစ်ချပ်မှမရှိတော့တာနဲ့ ကြံရာမရလုပ်မိတာပါ'

'တောင်း....တောင်းပန်ပါတယ်ဗျာ'

ထိုလူသုံးယောက်၏ အပြုအမူကြောင့် ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လူကြမ်းကြီးသုံးယောက်သည် မျက်မမြင်ဒုက္ခိတအဘိုးအိုအား အဘယ်ကြောင့် ဤမျှ ကြောက်ရွံ့နေကြရပါသနည်း။

အဘိုးအိုက ချောင်းတစ်ချက်ဟန့်လိုက်သည်။

'ငါ့နာမည်ကြားရင် ဝေးဝေးရှောင်သွားဖို့ ကောင်းတာပေါ့၊ ထားပါတော့လေ....တင်ကြိမ် တစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ ကဲ....မြေပေါ် လေးဘက်ထောက်ပြီး ထွက်သွားကြပေတော့'

လူကြမ်းကြီးသုံးယောက်သည် စောဒက မတက်ဝံ့ကြဘဲ မြေပေါ် လေးဘက်ထောက်ကာ ဒရောသောပါး ထွက်သွားကြလေတော့သည်။

....★....



လူကြမ်းကြီးသုံးယောက် ထွက်သွားကြပြီ ဖြစ်လေသည်။ ကျင်းလုံသည် မျက်မမြင်အဘိုးအိုကို အံ့သြစွာ ကြည့်နေမိသည်။

အဘိုးအိုက ကျင်းလုံဘက်သို့ မျက်နှာမူလိုက်၏။

'မင်းက လင်းနို့ကိုရှာနေတာ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'လင်းနို့ဆိုတာ ငါပဲ၊ ဘာကိစ္စနဲ့ ငါ့ကိုတွေ့ချင်ရတာလဲ၊ ပြောပါ'

'ဩော်...'

ထိုအဘိုးအိုမှာ လင်းနို့ဖြစ်နေသည်တကား....

'ဦးက လင်းနို့ဆိုရင်တော့ ကျွန်တော်က ဦးကိုငှားရမ်းဖို့ လာခဲ့တာပါ'

'ငါက ဈေးကြီးတယ်နော်'

'ကိစ္စမရှိဘူး၊ ကျွန်တော်တတ်နိုင်ပါတယ်'

အဘိုးအို (ဝါ) လင်းနို့ သဘောကျသွားသည်။

'ငါက ကြိုက်ဈေးရမယ်ဆိုရင် ဘာမဆိုလုပ်ဝံ့တယ်၊ ကဲ....ပြော'

ကျင်းလုံ လှုပ်လှုပ်ရှားရှား ဖြစ်အားသည်။

'ထင်းကျွန်းဂိုဏ်းချုပ်ကို လုပ်ကြံပေးရမယ် ဟုတ်လား'

'ဟုတ်တယ်....ကျွန်တော်ဘယ်လောက်ပေးရမလဲ ပြောပါ'

လင်းနို့ ခေါင်းခါယမ်းလိုက်လေသည်။

'တစ်ပြားမှ ပေးစရာမလိုဘူး'

'ဗျာ....'

'ငါက မင်းရဲ့အလုပ်ကို လက်ခံနိုင်မှာမဟုတ်လို့ပဲ'

ကျောင်းလုံ အားမလိုအားမရ ဖြစ်သွားလေသည်။

'ဘာကြောင့် လက်မခံနိုင်ရသလဲဆိုတာကိုတော့ ဦးပြောပြနိုင်မယ် ထင်ပါတယ်'

'အေး….ငါ့ငွေယူပြီး တာဝန်ကျေအောင် လုပ်ပေးနိုင်မှာမဟုတ်လို့ပဲ'

'ဦးဟာ အင်မတန်ကြောက်စရာကောင်းတဲ့ဆေးတစ်ကြိုးယောက်လို ကျွန်တော်ကြားပါတယ်၊ ဦးကိုတာဝန်ပေးလိုက်ပြီဆိုတာနဲ့ မဖြစ်မနေ ဆောင်ရွက်ပေးတတ်တယ်ဆိုတဲ့ သတင်းကြားလို့ ကျွန်တော်လာခဲ့တာပါ'

လင်းနို့ ခေါင်းသိတ်လိုက်သည်။

'အရင်ကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုမလုပ်တော့ဘူး၊ ထင်းကျွန်းဂိုဏ်းချုပ်ကို ရှင်းပစ်ဖို့ မင်းထက်အရင်လာပြီး ငှားမေ်းတဲ့လူတစ်ယောက်ရှိသေးတယ်'

'ဗျာ….'

'ငါက သူ့ရဲ့ငွေကိုလက်ခံပြီး ထင်းကျွန်းဂိုဏ်းချုပ်ကို လုပ်ကြံဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ငါအရှုံးနိမ့်သွားတယ်'

ကျောင်းလုံ ငိုင်သွားလေသည်။

လင်းနို့က ဆက်ပြောလိုက်၏။

'ထင်းကျွန်းဂိုဏ်းချုပ်ဟာ အင်မတန် သဘောထားပြည့်ဝတဲ့လူတစ်ယောက်ဖြစ်နေတယ်၊ ကျုပ်ကို အသက်ချမ်းသာပေးပြီး ပြန်လွှတ်ပေးခဲ့တယ်၊ ကျုပ်ရဲ့အသက်ကို တစ်ကြိမ်ချမ်း



သာပေးခဲ့တာကြောင့် ကျုပ်က သူ့ကို ဘယ်တော့မှ ဒုက္ခမပေးဘူးလို့ ဆုံးဖြတ်ခဲ့တယ်'

ထင်းကျွန်းဂိုဏ်းချုပ်သည် ကြေးစားလင်းနို့အား အသက်ချမ်းသာပေးခဲ့သည်မှာ မယုံနိုင်စရာ ဖြစ်လေသည်။

'ဒါ အမှန်ပဲလားဗျာ'

'လိမ်ပြောလို့လဲ ကျုပ်အတွက် အကျိုးရှိမှာမှ မဟုတ်တဲ့ ဘာကြောင့် လိမ်ပြောရမှာလဲ'

ရန်သူတော်ကြီးဖြစ်သည့်ထင်းကျွန်းဂိုဏ်းချုပ်အားချီးကျူးပြောဆိုနေသံကို ကြားလိုက်ရသောအခါ ကျောင်းလုံမကျေနပ်ဖြစ်သွားလေသည်။

'အင်းလေ၊ ခင်ဗျား တာဝန်မယူနိုင်ဘူးဆိုရင်လဲ ပြီးတာပါပဲ'

ခပ်ပြတ်ပြတ်ပြောကာ ချာခနဲ လှည့်ထွက်လာခဲ့လေတော့သည်။

လင်းနို့ လိုက်မလာပါချေ။

ကျောင်းလုံမှာ အကြီးအကျယ်စိတ်ပျက်နေမိလေတော့သည်။

★

ကျင်းလုံသည် ဆယ်ရက်အတွင်း ကြေးစားသိုင်းသမား ခြောက်ယောက်နှင့် တွေ့ဆုံခဲ့ပြီး ဖြစ်လေသည်။

သို့သော် မည်သူကမှ ထင်းကျန့်ဂိုဏ်းချုပ်အား လုပ်ကြံရန် လက်မခံခဲ့ကြပါချေ။

ထင်းကျန့်ဂိုဏ်းချုပ်ဟူသည့်အမည်ကိုကြားသည်နှင့် ထိတ်လန့်ကာ ခါးခါးသီးသီးပင် ငြင်းဆန်ကြလေသည်။

ကျင်းလုံ စိတ်ဓာတ်ကျဆင်းသွား၏။

'လူဆိုးလူမိုက်တွေကတောင် ထင်းကျန့် ဂိုဏ်းချုပ်ကို ကြောက်ရွံ့ကြတယ်၊ ကြည်ညိုလေးစားကြတယ်၊ အဲဒါ ဘာကြောင့်လဲ'

ထင်းကျန့်ဂိုဏ်းချုပ်သည် သိုင်းလောကတွင် အခိုင်အမာ နေရာယူထားနိုင်ခဲ့ပြီဖြစ်ကြောင်း ထင်ရှားလေသည်။

ထင်းကျန့်ဂိုဏ်းချုပ်အား သုတ်သင်ရှင်းလင်းရန် ကြံစည်ခြင်းသည် အောင်မြင်နိုင်ပါမည်လော။

'ခဟာက်....'

ကျင်းလုံ တက်ခေါက်လိုက်မိလေသည်။

ထိုစဉ်....

'မင်း ဘာတွေမကျေမနပ်ဖြစ်နေတာလဲ'

မေးမြန်းသံ ထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ညီလှူဖြစ်နေသည်ကို တွေ့ရလေသည်။

ကျင်းလုံက မအောင့်အည်းနိုင်ဘဲ ပြောလိုက်၏။

'ထင်းကျန့်ဂိုဏ်းချုပ်ဟာ ဘယ်သူကမှ မတို့မထိဝံ့ကြဘူး ဖြစ်နေတယ်၊ အဲဒါ ဘာကြောင့်လဲ'



'ဟား....ဟား....ဟား'

ညီလှူက ရယ်မောလိုက်လေသည်။

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဒါ ရယ်စရာကိစ္စမဟုတ်ဘူးဗျ'

'ဟုတ်ပါတယ်၊ ငါသိပါတယ်ကွာ'

'ဒါဖြင့် ဦးက ဘာကြောင့်ရယ်ရတာလဲ'

'မင်းကို သဘောကျလို့ပေါ့ကွ'

'ဗျာ...'

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ကျွန်တော့်ကို ဘာတွေများသဘောကျတာလဲ ပြောပါဦး'

'ထင်းကျန့်ဂိုဏ်းချုပ်ကို လုပ်ကြံချင်လို့ပေါ့'

'အို....သူက ကျွန်တော့်ရဲ့မိဘတွေကို ဒုက္ခပေးခဲ့တာပဲ'

'အေးလေ၊ သူကဒုက္ခပေးခဲ့တော့ကော မင်း ဘာတတ်နိုင်မှာမို့လဲ'

'ကျွန်တော်....'

'မင်းအဖေဟာ မင်းထက်တောင် မကျေမနပ်ဖြစ်ခဲ့သေးတယ်၊ ဒါပေမယ့် သူ ဘာများတတ်နိုင်ခဲ့လို့လဲ၊ မင်းအဖေ သုံးခဲ့တဲ့ နည်းလမ်းကို မင်းဆက်ပြီးအသုံးပြုတော့ကော ဘာများ ဖြစ်လာမှာမို့လဲ'

'ဒါဖြင့် ဦးက ကျွန်တော့်ကို ဒီလိုလုပ်ဖို့ တိုက်တွန်းခဲ့ရတာလဲ....'

ညီလှူ သက်ပြင်းချလိုက်၏။

'ငါက ဒီလိုဖြစ်မယ်မှန်းသိလျက်နဲ့ မင်းကိုတိုက်တွန်းခဲ့တာ ဟာ မင်းကိုယ်တိုင် လက်တွေ့ကျကျသိစေချင်လို့ပဲ'

ကျင်းလုံ မျက်မှောင်ကုပ်သွား၏။

'ဒါဖြင့် အောင်မြင်မှာမဟုတ်ဘူးဆိုတာ သိလျက်နဲ့ ကျွန်တော့်ကို လမ်းညွှန်ပေးခဲ့တာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ကွာ၊ ငါက တခြားနည်းလမ်းကိုသုံးပါလို့ ပြောရင် မင်းကလက်ခံမှာမှမဟုတ်တာ၊ ဒါကြောင့် မင်းစိတ် ကျေနပ်မှုရအောင် လုပ်ခိုင်းခဲ့တာပဲ'

ကျင်းလုံ အနည်းငယ်စဉ်းစားပြီး မေးလိုက်သည်။

'ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာကော ဦးပြောပြနိုင် မလား'

ညလူ ခေါင်းညိတ်လိုက်သည်။

'ကျုပ် လမ်းညွှန်ပေးနိုင်ပါတယ်'

ကျင်းလုံက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ဒါဖြင့် ကျွန်တော့်ကို ပြောပြပါလားဗျာ'

ညလူ သက်ပြင်းချလိုက်၏။

'ငါပြောပြလဲ မင်းအနေနဲ့ လက်ခံဖို့ခဲယဉ်းလိမ့်မယ်၊ ဘာ ကြောင့်လဲဆိုတော့ မင်းရဲ့မိဘတွေဖြစ်နေခဲ့သလို သိုင်းပညာ ရှာဖွေတာ မင်းအတွက်အကောင်းဆုံးဖြစ်နေလို့ပဲ'

'ဗျာ....'

'မင်းမှာသာ ပြိုင်ဘက်ကင်းတဲ့ သိုင်းပညာ ရှိနေပြီဆိုရင် ဘယ်သူ့ကိုမှ မမှုရတော့ဘူး'

ကျင်းလုံ ငိုင်ကျသွားလေသည်။



ညလူက ဆက်ပြောလိုက်၏။

'ကြေးစားငှားယူ့ခံရပြီဆိုပါတော့၊ ကြေးစားကထင်းကျူနီဂိုဏ်းချုပ်ကို သုတ်သင်ပစ်နိုင်ပြီပဲ ထားပါတော့၊ မင်းအတွက် အရသာရှိပါ့မလား၊ မင်းကိုယ်တိုင်ဆုံးမရတာကဗိုပြီးအရသာ မရှိနိုင်ဘူးလား'

'ဒါ အမှန်ပဲ'

ကျင်းလုံ ချက်ချင်းလက်ခံလိုက်လေတော့သည်။

ထင်းကျူနီဂိုဏ်းချုပ်အား သူကိုယ်တိုင် လက်စားပြန်ရမည် မဟုတ်ပါလား။

'သူဟာ မင်းအတွက်ပဲ ဖြစ်ရမှာပေါ့'

'ဟုတ်တယ်...ထင်းကျူနီဂိုဏ်းချုပ်ဟာ ကျွန်တော့်အတွက် ပဲ ဖြစ်ရမယ်'

'ဟား....ဟား....ဟား'

ညလူက ရယ်မောလိုက်လေသည်။

'ကောင်းတယ်...ကောင်းတယ်...စစ်လိန်တောင်ကို မင်း သွားဖို့ စဉ်းစားပေတော့'

ကျင်းလုံက မေးလိုက်သည်။

'စစ်လိန်တောင်မှာ တာမိုသိုင်းကျမ်းရှိတယ်ဆိုတာ အမှန် ပဲလား'

'လူတိုင်းက ပြောနေကြတာပဲ၊ ရှိလို့ပြောတာပေါ့၊ ရှောင် လင်ကျောင်းကလဲ မငြင်းဘူး၊ တာမိုသိုင်းကျမ်းကိုရှာတွေ့ခဲ့ရင် ရှောင်လင်ကျောင်းကို ပြန်အပ်ဖို့တောင် သိုင်းလောကမှာ မေတ္တာရပ်ခံခဲ့သေးတယ်'

ဤသို့ဆိုလျှင်....

စစ်လိုင်နိုင်တောင်၌ တာမိုသိုင်းကျမ်း ရှိနေမည်မှာ သေချာသည်ဟု ကျင်းလုံ ယုံကြည်လိုက်လေသည်။

'တာမိုသိုင်းကျမ်းကိုရရင် ထင်းကျန့်ဂိုဏ်းချုပ်ကို ရင်ဆိုင်နိုင်မယ်ဆိုတာကော သေချာရဲ့လား'

ညလူ ရယ်မောလိုက်ပြန်သည်။

'ဟား....ဟား....ဟား....တခြား တစ်ယောက်ယောက်ကို သွားပြောရင် မင်းကို ရူးသွပ်နေပြီလို့ သတ်မှတ်လိုက်မှာပဲ၊ တာမိုသိုင်းကျမ်းကိုရပြီး လေ့ကျင့် အောင်မြင်သွားမယ်ဆိုရင် ထင်းကျန့်ဂိုဏ်း မပြောနဲ့ သိုင်းလောက တစ်ခုလုံးကိုတောင် မှုစရာမလိုတော့ဘူးကွ'

ကျင်းလုံ ကျေနပ်သွားလေသည်။

'ဒါဖြင့် တာမိုသိုင်းကျမ်းကို ကျွန်တော်ရအောင်ရှာမယ်'

ညလူလည်း ကျေနပ်သွားလေတော့သည်။

....★....

# ရွှေ ကျီး ဂိုဏ်း

---

ကျင်းလုံ၏ စစ်လိုင်နိုင်တောင်ခရီးမှာ ယခုတစ်ကြိမ်၌ အဆင်ပြေ ချောမွေ့ခြင်း မရှိတော့ချေ။

တံခါးမှူးယို့ထိန် မြင်းလှည်းဖြင့် လိုက်လံပို့ဆောင်ပေးစဉ်က သက်သောင့်သက်သာ လိုက်လာနိုင်ခဲ့သော်လည်း သူနောက်ကြောင်းပြန်လှည့်ခဲ့၏။

ယခုတော့ လိုက်လံပို့ဆောင်ပေးမည့်သူမရှိတော့ပြီ၊ ကိုယ်တိုင် ခရီးနှင်ရသောအခါ လမ်းခရီး၏ ပင်ပန်း ကြမ်းတမ်းမှုကို ကြုံတွေ့ခံစားရတော့သည်။

ကျင်းလုံသည် ညလူနှင့်လမ်းခွဲကာ စစ်လိုင်နိုင်တောင်သို့ ဦးတည် ခရီးနှင်လာခဲ့၏။

ဒုတိယနေ့တွင် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့သည်၊ မြို့ထဲလှမ်းဝင်လိုက်သည်နှင့် လူအများ ရှုတ်ရှုတ်သဲသဲဖြစ်နေကြသည်ကို တွေ့ရသည်။

အသက် လေးဆယ်ကျော် ငါးဆယ်နီးပါးခန့်ရှိသူ တစ်ယောက်အား လူတစ်စုက ကြိုးတုပ်ရိုက်နှက်ခေါ်ဆောင်လာခြင်း ဖြစ်သည်၊

လမ်းသွားလမ်းလာများသည် ခပ်လှမ်းလှမ်းမှကြည့်နေကြပြီး မည်သူကမျှ ဝင်မဆွဲဝံ့ကြချေ။

ကျင်းလုံ မျက်မှောင်ကုပ်သွား၏၊

'လူတစ်ယောက်ကို တိရစ္ဆာန်တစ်ကောင်လို ညှင်းပန်းနှိပ်စက်နေတာတော့ မကောင်းပါဘူး၊ ဘာကြောင့် ဒီလိုလုပ်ရတာပါလိမ့်'

ကျင်းလုံ လွတ်ခနဲ ရေရွတ်မိလိုက်လေသည်၊

သူ၏အနီး၌ရှိနေသောလူတစ်ယောက်က ပခုန်းတွန့် ပြိုက်သည်၊

'ရွှေကျီးဂိုဏ်းက ဒီလို ထင်ရာလုပ်နေတာပဲ၊ ထင်းကျုန့်ဂိုဏ်း ကျောထောက်နောက်ခံရှိတယ်ဆိုပြီး ထင်ရာလုပ်နေကြတာပေါ့'

'ဗျာ....'

ထင်းကျုန့်ဂိုဏ်း၏ အမည် ပါလာသောကြောင့် ကျင်းလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်၊

ထိုလူက ဆက်ပြောသည်၊

'ရွှေကျီးဂိုဏ်းချုပ်ရဲ့ သမီးဟာ မကြာခင်မှာ ထင်းကျုန့်



ဂိုဏ်းချုပ်နဲ့ လက်ထပ်ရတော့မယ်လေ၊ ဒါကြောင့် ရွှေကျီးဂိုဏ်းကို အားလုံးက အခရေးပေးနေရတယ်၊ သူတို့ မကောင်းတာ လုပ်နေတာကိုတွေ့ရင်တောင် မျက်နှာလွှဲပြီး မသိချင်ယောင်ဆောင်နေကြတယ်၊ ဟွန်း....ရွှေကျီးဂိုဏ်းဟာ ဘယ်တုန်းကကောင်းဖူးလို့လဲ နောက်ကွယ်မှာ ထင်ရာစိုင်းနေကြတာ လူတိုင်း သိနေကြတာပဲ'

ကျင်းလုံ ဒေါသထွက်လာလေသည်၊

'ဒါဟာ ထင်းကျုန့်ဂိုဏ်း နောက်ကွယ်က ပံ့ပိုးပေးထားလို့ ထင်တိုင်းကျဲနေနိုင်တာပဲ၊ ထင်းကျုန့်ဂိုဏ်းကရော ဘယ်တုန်းကကောင်းလို့လဲ'

ကျင်းလုံမှာ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ကြားဝင်စွက်ဖက်ရန် ဆုံးဖြတ်လိုက်သည်၊

ထိုစဉ်....

'ခင်ဗျားကို မတရားမလုပ်နဲ့'

အော်ဟစ်သံနှင့်အတူ လူငယ်တစ်ယောက် ပြေးလွှားလာပြီး ရွှေကျီးဂိုဏ်းသားများအား တိုက်ခိုက်လိုက်သည်၊

ထိုလူငယ်သည် သိုင်းပညာ တတ်မြောက်ထားပုံရပြီး မကြောက်မရွံ့တိုက်ခိုက်လိုက်ရာ ရွှေကျီးဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြတော့၏၊

'ဝုန်း...'

'အား....'

'အမယ်လေး....'

ဆူညံသောအော်ဟစ်သံများ ထွက်ပေါ်လာလေတော့၏၊

ကျင်းလုံ အံ့သြားသကဲ့သို့ ကျေနပ်သွားသည်။

'ကောင်းတယ်၊ ရွှေကျီးဂိုဏ်းသားတွေကို မှတ်လောက်အောင် ဆုံးမရလိမ့်မယ်'

လူငယ်သည် ကြိုးတုပ်ခံထားရသူအား ဖေးမလိုက်သည်။

'ဖေဖေ ကျွန်တော်ကို သည်နေရာက မြန်မြန်သွားကြမယ်'

'သား....ဖေဖေတို့'

'လာပါဖေဖေရယ်'

သားအဖနှစ်ယောက် ဖြစ်ပုံရကြောင်း ကျင်းလုံ သိလိုက်ပြီး ဝင်ရောက်ကူညီလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်မှာပင်....

ရွှေကျီးဂိုဏ်းကို အာခံခဲ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး'

ကျယ်လောင်သောစကားသံနှင့်အတူ အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုမှာ ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ဥပဓိရုပ်ကောင်းသူဖြစ်လေသည်။

ရွှေကျီးဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ် ဝှာကျုံးဖြစ်သည်။

သားအဖနှစ်ယောက်သည် ဝှာကျုံးကိုမြင်လျှင် မျက်နှာပျက်သွားကြ၏။

'သား....မြန်မြန်ပြေးပါ'

'ကျွန်တော် မပြေးဘူးဖေဖေ'

ဖခင်ဖြစ်သူက သားအား ထွက်ပြေးခိုင်းသော်လည်း သားဖြစ်သူက ထွက်မပြေးဘဲ ခေါင်းမာနေ၏။



'ရွှေကျီးဂိုဏ်း သည်လောက်ထောင် ရက်စက်နေတာ ကျွန်တော် သည်းမခံနိုင်တော့ဘူး'

သားဖြစ်သူက ပြောရင်း ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။

'ဟား....ဟား....ဟား'

လက်ထောက်ဂိုဏ်းချုပ် ဝှာကျုံးက ဟားတိုက်ရယ်မောလိုက်လေသည်။

'စန်းမင်းနဲ့စန်းရိ၊ မင်းတို့သားအဖရွှေကျီးဂိုဏ်းကို အာခံခဲ့ကြတာ အတော့်ကို အံ့သြစရာကောင်းတာပဲ၊ မင်းတို့ကို ဘယ်နည်းနဲ့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး'

သားဖြစ်သူ စန်းရိက ရင်ကော့လိုက်လေသည်။

'ကျုပ်တို့က ရွှေကျီးဂိုဏ်းကို အာခံတာမဟုတ်ဘူး၊ ရွှေကျီးဂိုဏ်းက ကျုပ်တို့ကို ဒုက္ခပေးခဲ့တာဟ'

'ဘာကွ'

'ကျုပ်အဖေမှာ ဘာအပြစ်ရှိလို့ ခင်ဗျားတို့ ဖမ်းဆီးနှိပ်စက်ရတာလဲ ပြောစမ်းပါဦး'

ဝှာကျုံးက ရှေ့တိုးလိုက်သည်။

'မင်းတို့အပြစ် မင်းတို့မသိဘူးလား'

'မသိဘူး'

'ဪ....မင်းမသိဘူးဆိုရင်လဲ ပြောရသေးတာပေါ့၊ ရွှေကျီးဂိုဏ်းက ထွက်ပြေးသွားတဲ့သခင်မလေးကို မင်းအဖေက ဝှက်ပေထားခဲ့တယ်၊ ဒါအပြစ်မဟုတ်လို့ဘာလဲ'

စန်းမင်းက အော်လိုက်လေသည်။

'ကျုပ်ဝှက်ထားတာ မဟုတ်ဘူး၊ ညာကြီး အချိန်မတော် ကျုပ်ရဲ့အိမ်ကို သခင်မလေးရောက်လာတယ် ရွှေကျီးဂိုဏ်းမှာ မနေချင်တော့လို့ထွက်လာတာလို့ပြောတယ်၊ ကျုပ်လဲ ဖျောင်းဖျပြီး ခေါ်ထားမိလိုက်တယ်၊ စိတ်လိုက်မာန်ပါနဲ့ တစ်နေရာရာကို ထွက်သွားရင် ဒုက္ခရောက်မှာ စိုးရိမ်လို့ ပဲ'

ဥာကျုံး ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ခင်ဗျားရဲ့အိမ်မှာ သခင်မလေး ဘာကြောင့် မရှိတော့တာလဲ ပြောပါဦး'

'ကျုပ်မသိဘူး၊ သခင်မလေးကို အိမ်ထဲမှာ အိပ်ခိုင်းပြီး ကျုပ်တို့သားအဖက အပြင်ဘက်သစ်ပင်အောက်မှာ ထွက်အိပ်ခဲ့ကြတာ၊ မနက်မိုးလင်းလို့ အိမ်ထဲဝင်ကြည့်တော့ သခင်မလေးကို မတွေ့ရတော့ဘူး'

'ဟား....ဟား....ဟား'

ဥာကျုံးက ဟားတိုက်ရယ်မောလိုက်လေသည်၊

'စန်းမင်း....မင်းလိမ်ပြောတာကသဲ ပိပိရိရိ မရှိပါလား၊ မင်းတို့သားအဖဟာ တစ်ချိန်က ရွှေကျီးဂိုဏ်းရဲ့ စားဖိုဆောင်မှာ အလုပ်လုပ်ခဲ့ကြတယ်၊ မင်းရဲ့သားနဲ့ သခင်မလေးတို့ရင်းရင်းနှီးနှီး နေကြတာကို ဂိုဏ်းချုပ်ကြီးက သဘောမကျလို့ မင်းတို့သားအဖကို မောင်းထုတ်ပစ်ခဲ့တာ လူတိုင်းသိကြတယ်၊ မင်းကိုယ်တိုင်က သခင်မလေးနဲ့မင်းရဲ့သားကိုနီးစပ်စေချင်လို့ ခုလိုကြံစည်ခဲ့တာ မဟုတ်လား'

စန်းရီ ဒေါပွသွား၏၊



'ခင်ဗျား စကားကြီး ပြောပါ၊ ကျုပ်နဲ့ သခင်မလေးတို့ဟာ မောင်နှမအရင်းအချာလို နေခဲ့ကြတာဗျ၊ ဘယ်တော့မှ မရိုးသားတဲ့စိတ်မရှိဘူးဆိုတာ မှတ်ထားပါ'

'အပိုတွေပြောမနေနဲ့၊ မင်းတို့သားအဖပဲ သခင်မလေးကို ဝှက်ထားတာဖြစ်မယ်၊ ဟေ့....သူတို့ကိုဖမ်းလိုက်ကြစမ်း'

ဥာကျုံးက အမိန့်ပေးလိုက်လျှင် ရွှေကျီးဂိုဏ်းသားများက ညာသံပေးကာ ဝိုင်းဝန်းဖမ်းဆီးလိုက်ကြလေသည်၊

စန်းမင်းက အံကြိတ်ကာ ဆီးကြိုတိုက်ခိုက်လိုက်၏၊ လမ်းပေါ်၌ ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေသည်၊ ကျင်းလုံ မနေနိုင်တော့ပါ၊

'ထင်းကျန့်ဂိုဏ်းအားကိုးနဲ့ ထင်ရာစိုင်းနေတဲ့လူတွေ သိကြသေးတာပေါ့'

စန်းမင်းတို့ဘက်မှ ပါဝင်ကူညီ တိုက်ခိုက်လိုက်လေသည်၊ တိုက်ပွဲက ပို၍ပြင်းထန်သွားလေသည်၊

'ဝုန်း....'

'အား....'

'အမလေး'

ဒူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်၊ ရွှေကျီးဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြ၏၊ ဥာကျုံး ဒေါပွသွားသည်၊

'စန်းမင်း....မင်းမှာ အဖေ်တွေ ဘာတွေတော င် ရှိနေပြီ ကိုး၊ သိကြသေးတာပေါ့'

ချက်ချင်းပင် ရှေ့တိုးကာ ကိုယ်တိုင် ဝင်ရောက်တိုက်ခိုက် လိုက်သည်။

ဝှာကျုံးသည် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေ ရကား စန်းမင်း မယှဉ်နိုင်ခဲ့ပါချေ။

'ဝုန်း....'

'အ :....'

စန်းမင်း အဝေးသို့ လွင့်စဉ်သွားတော့သည်။

ကျင်းလုံ ရင်ထိတ်သွား၏။

ဝှာကျုံးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသည်။

တိုစဉ်....

'အင့်....'

ဝှာကျုံး မသဲမကွဲညည်းညူကာ နောက်ဆုတ်သွားသည်။

'ဟင်....'

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ကျင်းလုံ ကြောင်အမ်း အမ်း ဖြစ်သွားလေသည်။

ဝှာကျုံးကား မျက်စိမျက်နှာ ပျက်နေသည်။

'ပြန်မယ်ဟေ့'



အနာတရဖြစ်နေသော ရွှေကျီးဂိုဏ်းသားများအားအမိန့် ပေးလိုက်ပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားကြသည်။

ရွှေကျီးဂိုဏ်းသားများကလည်း ဒရောသောပါးပြေးလိုက် သွားကြလေတော့သည်။

....★....

ဝှာကျုံးဦးဆောင်သော ရွှေကျီးဂိုဏ်းသားများ ထွက်ပြေး သွားကြပြီ ဖြစ်လေသည်။

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်နေ၏။

စန်းရိတ္တိသားအဖက ကျင်းလုံကိုကျေးဇူးတင်မဆုံးအောင် ဖြစ်သွားကြလေသည်။

'မောင်ရင်လေး ကူညီလို့ ကျုပ်တို့သားအဖ အသက်ချမ်း သာရ ရခဲ့ကြတာပါ'

'ညီလေးရဲ့ကျေးဇူးကို မမေ့ပါဘူး၊ ညီလေးဘယ်သူဘယ် ဝါဆိုတာ သိပါရစေလား'

ကျင်းလုံ သက်ပြင်းချလိုက်သည်၊

'ကျုန်တော်ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ မိတ်ဆွေတို့ဝေးဝေးကိုရှောင်သွားကြရင် ကောင်းလိမ့်မယ်၊ ရွှေကျီးဂိုဏ်းက ကျေနပ်ကြမယ် မထင်ဘူး'

စန်းမင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....သခင်မလေးနဲ့ ကျုပ်သားဟာ မောင်နှမတွေလို ခင်မင်ကြတာပါ၊ ရွှေကျီးဂိုဏ်းချုပ်က အထင်မှားနေတာပါ၊ ကျုပ်တို့က ဖွက်ထားတာ မဟုတ်ပါဘူး၊ ကျုပ်တို့အိမ်က ဘယ်အချိန်ထွက်သွားမှန်းတောင် မသိလိုက်ရပါဘူး'

စန်းရီကလည်း ပြောလေသည်။

'သခင်မလေး တုတုဖုံးဟာ အင်မတန် သနားစရာကောင်းပါတယ်၊ ရွှေကျီးဂိုဏ်းချုပ်က သူ့ရဲ့အကျိုးကို မျှော်ကိုးပြီး ကိုယ့်အဖေလောက် အသက်အရွယ်ရှိတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့စီစဉ်ခဲ့တာ၊ ဒါကြောင့်လဲ သခင်မလေးအိမ်က ထွက်ပြေးသွားတာပေါ့၊ ကျုပ်တို့ဆီကို အားကိုးတကြီးပြေးလာပေမယ့် ကျုပ်တို့ကလဲ လက်မခံခဲ့ဘူး၊ အိမ်ပြန်ဖို့ဖျောင်းဖျနစ်သိမ့်ခဲ့တာကြောင့် သခင်မလေးက အသိမပေးဘဲထွက်ပြေးသွားတာ ဖြစ်ပါလိမ့်မယ်'

ကျင်းလုံက လက်ကာပြလိုက်သည်။

'ကဲ....ဒီကိစ္စတော့ ထားလိုက်ပါတော့၊ ရွှေကျီးဂိုဏ်းသားတွေ ပြန်ရောက်မလာခင် ခင်ဗျားတို့ ဒီနေရာကထွက်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်'

'ကောင်းပါပြီဗျာ'.



စန်းရီတို့သားအဖ ကျင်းလုံကိုနှုတ်ဆက်ကာ ချက်ချင်းပင် ထွက်သွားကြလေတော့သည်။

---★---

ကျင်းလုံသည် စန်းမင်းတို့သားအဖနှင့် လမ်းခွဲကာ ခရီးဆက်လာခဲ့လေသည်။

တောလမ်းအတိုင်းခရီးနှင်လာခဲ့၏၊ အလင်းရောင်တဖြည်းဖြည်း အားနည်းလာသောအခါ....

'ဒီအတိုင်းဆက်သွားနေလို့ မဖြစ်သေးပါဘူး၊ တစ်ညတာ နားခိုစရာနေရာ ရှာဦးမှပါပဲ'

ထိုစဉ် မလှမ်းမကမ်း တစ်နေရာ၌ ဘုံကျောင်းပျက်တစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကျင်းလုံ ဝမ်းသာသွားသည်။

'ဒီဘုံကျောင်းပျက်မှာပဲ အနားယူလိုက်တာအကောင်းဆုံး ဖြစ်မယ်'

ဘုံကျောင်းပျက်လေးဆီသို့ ခပ်သုတ်သုတ်လှမ်းသွားလိုက်သည်။

ပတ်ဝန်းကျင်မှာ လူသူကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက်နေ၏။

သို့သော် ကျင်းလုံ ဘုံကျောင်းပျက်ထဲလှမ်းဝင်လိုက်သော အခါ၊ သူ့ ယက်အရင်ရောက်ရှိနေသူတစ်ယောက်ကို တွေ့ရှိလိုက် ရလေသည်။

အဘွားအိုတစ်ယောက်ဖြစ်၏။

ကျင်းလုံ ခြေလှမ်း တုန့်ခနဲရပ်သွား၏။

ဘုံကျောင်းပျက်ထဲသို့ဆက်ဝင်ရကောင်းနိုး မဝင်ရကောင်း နိုး ဝေခွဲမရ ဖြစ်သွား၏။

အဘွားအိုက ကျင်းလုံကိုမျက်လုံးလှန်ကြည့်လိုက်ပြီး လက် ယပ် ခေါ်လိုက်လေသည်။

'ဝင်လာလေ၊ ဘာကြောင့် ပြန်ထွက်သွားချင်ရတာလဲ'

ကျင်းလုံက ဘုံကျောင်းပျက်ထဲ လှမ်းဝင်လိုက်သည်၊

'လာ...ဒီမှာ ထိုင်'

အဘွားအိုသည် သူမနှင့်မလှမ်းမကမ်းသို့ညွှန်ပြလိုက်သည်။

ကျင်းလုံသည်နှာခံတတ်သောကလေးငယ်တစ်ယောက်ပမာ အဘွားအိုညွှန်ပြသော နေရာအနီး၌ ထိုင်ချလိုက်၏။

အဘွားအိုသည် ကျင်းလုံအား ခြေဆုံးခေါင်းဆုံး အကဲ ခတ်ကြည့်လိုက်လေသည်၊

'မင်းတစ်ယောက်ထဲလား၊ ထိပ်ပြောင်အဘိုးကြီးကော ပါ မလာဘူးလား'

'ဗျာ....'

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်၊

အဘွားအိုက....



'ငါက နည်းနည်းစောသွားတယ်၊ သူတို့နဲ့ ညသန်းခေါင် အချိန်မှာချိန်းထားတာပဲလေ၊ ကဲ....မင်းအေးအေးဆေးဆေး နားလိုက်ပါဦး'

သူမသည် ဆီစိမ်စက္ကူဖြင့်ထုပ်ထားသည့် အထုပ်လေးတစ် ထုပ်အား ချပေးလေသည်၊

ကျင်းလုံ မဝံ့မရဲ ဖြစ်နေ၏၊

'မင်း စားလိုက်ဦးလေ'

ကျင်းလုံ ခေါင်းခါယမ်းလိုက်၏၊

'ကျွန်တော် ဗိုက်မဆာလို့ မစားပါရစေနဲ့ ခင်ဗျာ'

'ဟင်....'

ထိုစဉ်....

'တော်တော်မိုက်မဲတဲ့ ကောင်လေးပါလား'

ကျယ်လောင်သောစကားသံထွက်ပေါ်လာပြီး ဘုံကျောင်း ပျက်ထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက် ရလေသည်။

ကျင်းလုံ လှမ်းကြည့်လိုက်သည်၊

ထိုလူကား ငှက်ကြီးတစ်ကောင်ပမာ ခန္ဓာကိုယ်ပိန်ပိန်ရှည် ရှည် အရပ်မြင့်မားသူ ဖြစ်လေသည်၊

မျက်လုံးပြူးသည်၊ နှာခေါင်းကောက်သည်၊ ငှက်ကြီးဝံပို တစ်ကောင်ပမာ ရှိလေသည်၊

အဘွားအို မဲ့ပြုံးပြုံးလိုက်သည်၊

'ငှက်ရိုးကြီး ရှင်လဲ တော်တော်စောပါလား'

ငှက်ရိုးကြီးဆိုသူက ရယ်မောလိုက်သည်၊

'ကျုပ်က တပင် စောစောသွားခဲ့တာ၊ ခင်ဗျား စောပြီး ရောက်နေမယ်မှန်းသိရင် ပလာပါဘူးဗျာ'

အဘွားအို ပခုန်းတွန့်လိုက်သည်။

'ကျွန်မကလဲ ရှင်တို့မရောက်ခင် ကြိုလာခဲ့တာ၊ အေးအေး ဆေးဆေး အနားယူချင်လို့ပါ'

'အင်း....ခင်ဗျား နယ်ခြားရောက်နေတယ် သတင်းကြားတားတော့ ဒီနေ့ ရောက်လာနိုင်ပါမလားလို့ စိတ်ပူနေတာ'

'စိတ်ချ ကျွန်မ ရောက်ဖြစ်အောင် ရောက်လာမှာပါ။စိတ်ပူနေစရာ မလိုပါဘူး၊ ကျွန်မ အချိန်မီမရောက်ကဲ့နှစ်များရှိခဲ့ဖူးလို့လား'

'ဟုတ်ပါတယ်ဗျာ....ဟုတ်ပါတယ်'

ငှက်ရိုးကြီးက အဘွားအိုနှင့် မျက်နှာချင်းဆိုင်၍ ထိုင်ချလိုက်၏။

တစ်ဖန်....

ကျင်းလုံကို လှမ်းပြောလိုက်သည်။

'မင်းတော့ ဒုက္ခရောက်တော့မယ်'

'ဗျာ....'

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ငှက်ရိုးကြီးက ဆီစိမ်ခတ္တူကို ညွှန်ပြလိုက်သည်။

'စိတ်တိုဘွားဘွားအကြောင်းကို မင်းမသိဘူးလား၊ သူက စားဆိုရင် စားမကြိုက်တာ၊ ဒါမှမဟုတ်ရင် မင်း ဒုက္ခရောက်လိမ့်မယ်'



ကျင်းလုံက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

'ကျွန်တော့်မှ ဗိုက်မဆာတာ၊ မစားမှမစားချင်တာပဲဗျာ'

'ဟာ....ပြောလေ ပိုဆိုးလေပါပဲလား'

ငှက်ရိုးကြီးက စိတ်တိုဘွားဘွားဆိုသည့် အဘွားအိုအား ကြည့်လိုက်လေသည်။

'ဘယ်လိုလဲဗျ....ခင်ဗျား တပည့်မွေးထားတာ ခင်ဗျားကို ဂရုတောင် မစိုက်ပါလား'

စိတ်တိုအဘွားအိုက ခေါင်းခါယမ်းလိုက်သည်။

'သူက ကျွန်မရဲ့တပည့်မှ မဟုတ်တာ'

'ဟင်....'

ငှက်ရိုးကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ခင်ဗျားရဲ့တပည့်မဟုတ်ဘူးလား၊ ဒါနဲ့ ခင်ဗျားနယ်ခြားကအပြန်မှာ လူငယ်တစ်ယောက်ကို သဘောကျပြီး တပည့်အဖြစ် မွေးမယ်လို့ သတင်းတွေထွက်ပေါ်ခဲ့သေးတာပဲဗျ'

စိတ်တိုဘွားဘွား သက်ပြင်းချလိုက်သည်။

'ကျွန်မက သဘောကျတယ်၊ ဒါပေမယ့် သူကကျွန်မကို သဘောမကျဘူး၊ ဒါကြောင့် တပည့်မွေးဖို့အကြံအစည် ပျက်သွားခဲ့ရတာပေါ့'

'လက်စသတ်တော့ ဒီလိုကိုး၊ တပည့် မမွေးဖြစ်တာလဲ ကောင်းပါတယ်၊ဒါမှမဟုတ်ရင်စိတ်တိုတတ်တဲ့လူတစ်ယောက် သိုင်းလောကမှာ ပေါ်လာဦးမှာ'

ကျင်းလုံသည် အကဲခတ်ရင်း ငှက်ရိုးကြီးနှင့် စိတ်တိုဘွားဘွားတို့မှာ သိုင်းပညာရှင်များဖြစ်ရည်ဟု တွေးမိလာသည်။

စိတ်တိုဘွားဘွား သက်ပြင်းချလိုက်ပြန်သည်။

'ရှင်မှားနေပြီ၊ လောကပေါ်မှာ ဘယ်အရာမှ မတည်မြဲဘူး၊ ပြောင်းလဲတတ်တဲ့သဘောရှိတယ်၊ ကျွန်မဟာ အရင်ကလိုမဟုတ်တော့ဘူး၊ ထစ်ခနဲဆို စိတ်ဆိုးပြီး ထင်ရာမလုပ်ချင်တော့ဘူး၊ အသက်လဲ စကားပြောလာလဲလေ'

'ဟား....ဟား....ဟား'

ငှက်ရိုးကြီးက ရယ်မောလိုက်သည်။

'ခင်ဗျား သည်လောက်တောင် စကားရှည်ရှည်ဝေးဝေး ပြောကတည်းက ခင်ဗျားရဲ့စိတ်တွေ ပြောင်းလဲလာပြီဆိုတာ ကျုပ်ရိပ်မိလိုက်ပါတယ်ဗျာ၊ သည်အတိုင်းဆိုစိတ်တိုဘွားဘွားဆိုတဲ့နာမည်ပျောက်ပြီး စိတ်ရှည်ဘွားဘွားလို့တောင် အမည်တွင်နိုင်သေးတယ်'

'ရှင်....ရှင်'

ငှက်ရိုးကြီး၏ စကားကြောင့် စိတ်တိုဘွားဘွား စိတ်တိုသွားလေတော့၏။

ငှက်ရိုးကြီးက လက်ကာပြလိုက်သည်။

'နေဦး၊ ခင်ဗျားဘာကြောင့် စိတ်တိုချင်ရတာလဲ'

စိတ်တိုဘွားဘွားလည်း ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ငှက်ရိုးကြီးက ကျင်းလုံဘက်သို့ လှည့်လိုက်သည်။



'မင်း ဘယ်သူလဲ၊ ဘာကြောင့် သည်နေရာကို ရောက်လာတာလဲ'

ကျင်းလုံက တလေးမြန်စွာ အဖြေပေးလိုက်သည်။

'ကျွန်တော်ဟာ ခရီးသွားတစ်ယောက်ပါ၊ တောလမ်းခရီးကထွက်လာရင်း တစ်ညတာအနားယူဖို့ ဒီနေရာကို ရောက်လာခဲ့တာပါ'

ငှက်ရိုးကြီးက စိတ်တိုဘွားဘွားဘက်သို့ လှည့်လိုက်လေသည်။

'ကဲ....သူပြောတာကြားတယ်မဟုတ်လား၊ခင်ဗျားဘယ်လိုသဘောရသလဲ'

'သူက ဘာဖြစ်လို့လဲ'

'သည်နေရာမှာ လူစိမ်းတစ်ယောက်ရောက်နေတယ်'

'အဲဒါဘာဖြစ်သလဲ'

'ခင်....ခင်ဗျား'

စိတ်တိုဘွားဘွား ရယ် မောလိုက်လေသည်ည်။

'ရှင်ဟာ စိတ်တိုငှက်ရိုးဖြစ်တော့မယ်'

ငှက်ရိုးကြီးပါးစပ်ပိတ်ထားလိုက်၏။

စိတ်တိုဘွားဘွားက ဆက်ပြောလိုက်၏။

'ကျွန်မ အလက်ကြီးလာပြီ၊ သိုင်းလောကမှာ ထင်သလိုနေလာခဲ့တဲ့ နှစ်ပေါင်းမနည်းတော့ဘူး၊ ကိုယ့်အကျိုးကောသူများအကျိုးကော ဘာမှမလုပ်ခဲ့ဘူး၊ ကျွန်မသေသွားရင် ကျွန်မရဲ့ သိုင်းပညာပါ မြေကြီးထဲရောက်သွားမယ့်အပြင် လူတွေကလဲ ကျွန်မကို မေ့သွားကြလိမ့်မယ်၊ ဒီလိုတွေးမိတာနဲ့

တပည့် တစ်ယောက်မွေးပြီး သိုင်းပညာကို လက်ဆင့်ကမ်း ပေးမလားလို့ စဉ်းစားမိတယ်'

ငှက်ရိုးကြီး မျက်မှောင်ကုတ်သွားသည်'

'ခင်ဗျားက သူ့ကို တပည့်မွေးမယ်လို့ စဉ်းစားနေတာလားဟင်'

'ဟုတ်ပါတယ်ရှင်'

ငှက်ရိုးကြီး ပြုံးလိုက်သည်။

'ခင်ဗျား ဒီလောက်တောင် ပြောင်းလဲသွားလိမ့်မယ်လို့ ကျုပ်မထင်မိခဲ့ဘူး။ မျက်ပြူးသိရင် အတော်ကို အံ့သြသွားမှာပဲ'

ထိုစဉ်....

'ဟော့....ဘာတွေအံ့သြရမှာလဲကွ၊ ပြောစမ်းပါဦး'

စကားသံနှင့်အတူ မျက်လုံးအလွန်ပြူးသောလူတစ်ယောက်က ဘုံကျောင်းပျက်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

—★—

## တပည့်

မျက်ပြူးသည် ပုပုဝဝဇီးကွက်တစ်ကောင်နှင့်တူသူ ဖြစ်သည်။

သူ၏အသံက သြပြီး ကျယ်လောင်နေသည်။

စိတ်တိုဘွားဘွားက မကြားချင်ဟန်ဆောင်နေလိုက်လေသည်။

ငှက်ရိုးကြီးက တဟားဟား ရယ်မောလိုက်သည်။

'မျက်ပြူး ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ၊ အခြေအနေတွေကတော့ အတော်ကို ပြောင်းလဲနေပြီဗျ'

'ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး'

မျက်ပြူးကမေးရင်း ငှက်ရိုးကြီးတို့နှင့် ဖိုခနောက်ဆိုင်ထိုင်ချလိုက်လေသည်။

ငှက်ရိုးကြီးက စိတ်တိုဘွားဘွား၏ ပြောင်းလဲသွားပုံကို ရှင်းပြလိုက်သည်။

'သူက စိတ်မတိုတော့ဘူးတဲ့'

မျက်ပြူးသည် စိတ်ဝင်စားစွာ နားထောင်နေပြီး ငှက်ရိုးကြီး၏ စကားဆုံးလျှင် ဟားတိုက် ရယ်မောလိုက်လေသည်။

'အတော့်ကို အံ့ဩစရာကောင်းတဲ့ကိစ္စပဲ'

သူက စိတ်တိုဘွားသွားကိုကြည့်ကာ ပြောလိုက်သည်။

'ကျုပ်တို့ ခုလို ခင်ဗျားရဲ့အကြောင်းကို ဝေဖန်ပြောဆိုနေကြတာကို ခင်ဗျား စိတ်မဆိုးဘူးလား'

စိတ်တိုသွားဘွား ပြုံးလိုက်သည်။

'ကျွန်မ ပြောင်းလဲသွားပြီဆိုတာ ရှင်တို့ ခုချိန်ထိမယုံနိုင်ကြသေးဘူးလား'

မျက်ပြူး ပခုန်းတွန့်လိုက်သည်။

'အခြေအနေကိုကြည့်ရတာ ယုံချင်စရာပါပဲ၊ ဒါပေမယ့် ဘာကြောင့် ဒီလောက်တောင်ပြောင်းလဲသွားရသလဲဆိုတာကို စဉ်းစားလို့ မရအောင် ဖြစ်နေမိတယ်'

'ဒါ အမှန်ပဲ

ငှက်ရိုး ႏ:က ထောက်ခံလိုက်သည်။

စိတ်တိုဘွားဘွားက ရှင်းပြလိုက်၏။

'ကျွန်မ နယ်ခြားကို ရောက်သွားပြီး တောထဲတောင်ထဲမှာ နေခဲ့တယ်၊ လူတွေနဲ့ဝေးရာမှာနေပြီး လူတွေအကြောင်းကိုစဉ်းစားမိတယ်၊ လူတစ်ယောက်ဟာ မွေးလာပြီးတဲ့နောက် တစ်နေ့မှာ မလွဲမသွေသေဆုံးသွားရလိမ့်မယ်၊ ကဲ....ကျွန်မတို့



လူဖြစ်လာခဲ့ကြပြီ၊ မသေခင်စပ်ကြားမှာ ဘာတွေလုပ်ကြမလဲ၊ ဒီအတွေးဝင်လာတာနဲ့ သိုင်းပညာတောင် မလေ့ကျင့်နိုင်တော့ဘဲ လူ့ဘဝ အဓိပ္ပာယ်ရှိအောင် ဘာလုပ်သင့်သလဲ ဆိုတာကိုပဲ တွေးနေမိတော့တယ်၊ ကျွန်မတို့ အသက်ကြီးလာကြပြီ၊ ဘဝရဲ့ နောက်ဆုံးအချိန်ဟာ မဝေးတော့ဘူး မဟုတ်လား'

ငှက်ရိုးကြီးနှင့်မျက်ပြူးတို့ ငိုင်သွားကြလေသည်၊

ကျင်းလုံက အသာငြိမ်ကာ နားထောင်နေလိုက်၏။

အတော်ကလေးကြာမှ ငှက်ရိုးကြီးက သက်ပြင်းချလိုက်သည်။

'အင်း....ကျုပ်တို့က ဘဝတစ်လျှောက်လုံး သိုင်းလောကထဲမှာ ကျင်လည်ကျက်စားခဲ့တယ်၊ ထင်သလိုပြုမူနေထိုင်ခဲ့ကြတယ်၊ တစ်နေ့သေရမယ်၊ မသေခင် ဘာလုပ်ကြမလဲဆိုတာကို တစ်ခါမှ မတွေးမိခဲ့ဘူး'

မျက်ပြူးက ထောက်ခံလိုက်လေသည်၊

'ကျုပ်လဲ ဒီအတိုင်းပါပဲဗျာ'

အမှန်တော့ စိတ်တိုဘွားဘွား၊ မျက်ပြူးနှင့်ငှက်ရိုးကြီးတို့သည် သိုင်းလောက၌ လူထူးဆန်းသုံးယောက်ဟု ကျော်ကြားခဲ့ကြသူများ ဖြစ်လေသည်၊

လူထူးဆန်းများပီပီ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာလုပ်တတ်ကြပြီး မှားသည်မှန်သည်ကို ဘယ်တုန်းကမှ တွေးတောတွက်ဆခဲ့ကြသူများ မဟုတ်ကြပါချေ၊

ထို့ကြောင့် အချို့က သူတို့အား လူကောင်းများဟု သတ်မှတ်ကြပြီး အချို့က လူဆိုးများဟု သတ်မှတ်ထားကြလေသည်။

လူထူးဆန်းသုံးယောက်သည် သိုင်းလောက၌ တကွဲတပြားစီ ကျင်လည်ကျက်စားခဲ့ရာမှ မမျှော်လင့်ဘဲ ဆုံတွေ့ကြသည့် တစ်နေ့တွင် ပြဿနာဖြစ်ပေါ်လာခဲ့ကြလေသည်။

သုံးယောက်သား အခုံင်းများပြီး ပညာပြိုင်ခဲ့ကြ၏။

သို့သော် တစ်ယောက်ကိုတစ်ယောက် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခြင်း မရှိခဲ့ကြပါချေ။

ဤတွင် ထူးဆန်းသော စိတ်နေသဘောထားအရ မိမိကသလျှင် အသာရရမည်ဟူ၍ ထပ်မံယှဉ်ပြိုင်ရန် ချိန်းဆိုခဲ့ကြလေသည်။

ငါးနှစ်တိုင်တိုင် သိုင်းပညာစွမ်းအောင် မွမ်းမံပြင်ဆင်ခဲ့ကြပြီး ပြန်လည်ဆုံတွေ့ကာ ယှဉ်ပြိုင်ခဲ့ကြသော်လည်း မည်သူမျှ အသာမရဘဲ သရေပွဲဖြစ်သွားပြန်သည်။

ဤသို့ဖြင့် အခြား ဘာကိုမှ မစဉ်းစားကြတော့ဘဲ ငါးနှစ်တစ်ကြိမ် ပညာယှဉ်ပြိုင်ရန်သာ အဓိကထား အာရုံစိုက်ခဲ့ကြရာ နောက်ပိုင်းတွင် သိုင်းလောကနှင့် ကင်းကွာသွားပြီး သိုင်းလောကသားများကပင် သူတို့အားမေ့လျော့သွားကြသည်ဟု ဆိုရလောက်ပေသည်။

စိတ်တိုဘွားဘွားက စိတ်ထားပြောင်းလဲသွားသော အဖိုးငှက်ရိုးကြီးနှင့် မျက်ပြူးတို့လည်း ငိုသွားကြလေသည်။

စိတ်တိုဘွားဘွားက ပြောလေသည်။



'ကျွန်မဟာ နယ်ခြားကပြန်လာတော့ လူငယ်တစ်ယောက်ကို တွေ့မိတယ်၊ သူ့ကိုသဘောကျတာနဲ့ တပည့်အဖြစ်မွေးမြူဖို့ စဉ်းစားခဲ့တယ်၊ ဒါပေမယ့် သူက လက်မခံဘူးလေ'

ယူမသည် ကျင်းလုံအား ညွှန်ပြလိုက်လေသည်။

'ဒါကြောင့် သူ့ကိုတပည့်အဖြစ်မွေးမြူဖို့ စိတ်ကူးမိတယ်'

'ဟင်....'

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

မျက်ပြူးက ကျင်းလုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

'အင်း....ခုမှပဲ ကျုပ်လဲ သေသေချာချာကြည့်မိတော့တယ်၊ ဒီကောင်လေးဟာ သိုင်းပညာသင်ပေးလို့ ကောင်းတဲ့အရွယ်ပဲ၊ မဆိုးဘူး'

ငှက်ရိုးကြီးလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'မှန်းစမ်း'

ချက်ချင်းပင် ကျင်းလုံအနီးသို့ရောက်ရှိလာပြီး ကျင်းလုံ၏ ခန္ဓာကိုယ်အရိုးအဆစ်များကို ကိုင်တွယ် စမ်းသပ်ကြည့်လိုက်သည်။

သူ၏လှုပ်ရှားမှု လျင်မြန်လွန်းလှသဖြင့် ကျင်းလုံ ရှောင်တိမ်းဖို့ အချိန်မရလိုက်ချေ။

ငှက်ရိုးကြီးက နောက်သို့ပြန်ဆုတ်သွားသည်။

'သိပ်ကောင်းတယ်၊ သူ့ရဲ့အရိုးအဆစ်တွေဟာ သိုင်းပညာသင်ဖို့ သိပ်ကောင်းတဲ့ အခြေအနေမှာရှိတယ်၊ သူ့ကို တပည့်အဖြစ်ရရင် အတိုင်းထက် အလွန်ပဲ'

စိတ်တိုဘွားဘွားက ဝေါက်ခနဲ ထရပ်လိုက်၏။

'သူ့ကို တပည့်အဖြစ် ကျွန်မက ရွေးထားပြီးပြီ'

'ဟာ...ဒီလိုတော့ ဘယ်ဖြစ်မလဲ'

မျက်ပြူးက ကန့်ကွက်လိုက်သည်။

စိတ်တိုဘွားဘွား၏မျက်လုံးများသည် မျက်ပြူး၏မျက်လုံးများထက် ပြူးကျယ်သွားသည်ဟု ထင်ရလေသည်။

'ဘာကြောင့် မဖြစ်ရမှာလဲ'

'သူ့ကို ခင်ဗျားခေါ်လာတာ မဟုတ်ဘူးလေ'

ငှက်ရိုးက ထောက်ခံလိုက်သည်။

'ဟုတ်တယ်....ဒီနေရာကိုရောက်မှ တွေ့ရတာ မဟုတ်လား ဒီနေရာဟာ ကျုပ်တို့နဲ့လဲ သက်ဆိုင်တဲ့နေရာဆိုတာ မမေ့သင့်ပါဘူး'

'ဒါ...ရှင်တို့ သက်သက် ခုတိုက်တာပဲ'

'ဟောဗျာ၊ ကျုပ်တို့က အမှန်အတိုင်းပြောနေတာပဲ'

'ဒီကောင်လေးကို ကျုပ်လဲသဘောကျတယ်'

ငှက်ရိုးကြီးနှင့် မျက်ပြူးတို့၏စကားများကြောင့် စိတ်တိုဘွားဘွားမှာ နဂိုအတိုင်း စိတ်တိုလာလေတော့သည်။

'သူဟာ ကျွန်မအတွက်ပဲ၊ ရှင်တို့ဝင်ရှုပ်ရင် ကျွန်မအကြောင်း ကောင်းကောင်းကြီး သိရမယ်'

'ဟား...ဟား...ဟား'

ငှက်ရိုးကြီးက ရယ်မောလိုက်သည်။

မျက်ပြူးက ရင်ကော့လိုက်သည်။

'ကျုပ်က အဆင်သင့်ပဲ'



'ကောင်းပြီ၊ ရှင့်ရဲ့ပညာ သည်ငါးနှစ်အတွင်း ဘယ်လောက်တိုးတက်လာသလဲဆိုတာ ကျွန်မ သိချင်သေးတယ်'

စိတ်တိုဘွားဘွားက အံကြိတ်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

မျက်ပြူးကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ဘုံကျောင်းဝင်းလေးအတွင်း၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

...★...

ဆရာ

---

မျက်ပြူးနှင့် စိတ်တိုဘွားဘွားတို့ ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြလေသည်။

မျက်ပြူးသည်သိုင်းတစ်ကွက်နှစ်ကွက် တိုက်ခိုက်ပြီးလျှင်...

'ဒီမှာနေရာကျဉ်းတယ်၊ အပြင်ကိုသွားကြမယ်'

အော်ပြောပြီး ဘုံကျောင်းအပြင်ဘက် ခုန်ထွက်သွားလေသည်။

'ရှင်ထွက်ပြေးဖို့သာ မကြိုးစားပါနဲ့'

စိတ်တိုဘွားဘွားက ချက်ချင်းလိုက်သွားလေသည်။

ဘုံကျောင်းပျက်လေးအတွင်း၌ ကျင်းလုံနှင့် ငှက်ရိုးကြီးတို့နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ကြလေသည်။



ငှက်ရိုးကြီးက ပြုံးပြလိုက်သည်။

'သူတို့နှစ်ယောက် ယှဉ်ပြိုင်ကြပြီဆိုရင် မိုးလင်းတာတောင် တိုက်ပွဲက ပြီးမှာမဟုတ်ဘူးကွ'

ကျင်းလုံမှာ မိမိကြောင့် တိုက်ပွဲဖြစ်လာသည်ကို စိတ်မကောင်း ဖြစ်မိလေသည်။

ငှက်ရိုးကြီးက ဆက်ပြောသည်။

'သူတို့ ယှဉ်ပြိုင်နေကြတာနဲ့ မင်းကို တပည့်အဖြစ် မွေးမြူဖို့ကိစ္စကိုတောင် မေ့သွားကြလိမ့်မယ်၊ ဒါပေမယ့် မပူပါနဲ့ကွာ၊ ငါတစ်ယောက်လုံး ရှိပါသေးတယ်၊ မင်းကို ငါ့တပည့်အဖြစ် လက်ခံပါတယ်'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော်လက်မခံနိုင်ဘူး'

'ဟေ....'

ငှက်ရိုးကြီး အံ့သြသွားလေသည်။

'မင်းလက်မခံနိုင်ဘူး ဟုတ်လား၊ နေပါဦး၊ ငါ့ရဲ့ပညာကို မင်းအထင်သေးနေတာလား၊ ငါ့တပည့် ဖြစ်ချင်တဲ့လူတွေ သိုင်းလောကမှာ တပုံကြီး မင်းကို ငါရွေးချယ်လိုက်တာ ကံကောင်းတယ်လို့ မှတ်လိုက်စမ်းပါ'

ကျင်းလုံ လက်မခံပါ။

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်တပည့်မခံနိုင်ပါဘူး'

'မင်း....မင်း'

ငှက်ရိုးကြီး မကျေမနပ်ဖြစ်ကာ ရှေ့တိုးလာသည်။

ကျွင်းလုံသည် ခြေဖြာက်ရှိထိတ်လန့်ခြင်းမရှိပဲ မလှုပ်မယှက် ရပ်နေလိုက်လေသည်။

ငှက်ရိုးကြီးက နှာခေါင်းရှုံ့လိုက်သည်။

'မင်းခြင်ဝံ့တယ်ဟုတ်လား၊ ကောင်းပြီ၊ မင်းဘာကြောင့် များ လက်မခံနိုင်ရသလဲ ပြောစမ်းပါဦး'

ကျွင်းလုံက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်၊

'ကျွန်တော်ကိုယ်တိုင်လဲ သိုင်းပညာ ရှာဖွေနေသူတစ်ယောက်ပါ၊ ဒါပေမယ့် ကျွန်တော်ဟာ တာမိုသိုင်းကျမ်းလို ပြိုင်ဘက်ကင်းတဲ့သိုင်းပညာရပ်များကိုပဲ လိုချင်ပါတယ်၊ တခြား ပညာတွေကို စိတ်မဝင်စားပါဘူး'

'ဟား....ဟား....ဟား မင်းရူးနေပြီ'

ငှက်ရိုးကြီးက တောက်ကာငေါက်ကာ ရယ်မောလိုက်လေသည်၊

'တာမိုသိုင်းကျမ်းကို လိုချင်တာဟာ ရူးသွပ်နေလို့ပဲကွ၊ သိုင်းလောကသားတိုင်းက လိုချင်ကြတယ်၊ ဒါပေမယ့် ဘယ်သူက ရခဲ့သလဲ၊ စစ်လိန်တောင်မှာ သွားရှာရင်း ဒုက္ခရောက်ခဲ့ကြတာ ဘယ်လောက်များပြီလဲ'

ကျွင်းလုံ အခလျှော့မပေးပါ၊

'ဦး ဘယ်လိုပဲပြောပြော ကျွန်တော်ကတော့ တာမိုသိုင်းကျမ်းကို ရှာဖွေဖို့ ရည်ရွယ်ချက်ပြဲ့ စွန့်လွှတ်မှာ မဟုတ်ပါဘူး'

ငှက်ရိုးကြီးက ဒေါပွသွားသည်။



'သေချာတယ် မင်းရူးနေပြီ၊ မင်းသွားရှာလို့ ဆုံးဖြတ်သွားကျိုးတဲ့အထိ တာမိုသိုင်းကျမ်းကို ရတယ်မထင်နဲ့၊ ငါ့နောက်ကလိုက်ခဲ့ရင် မင်းအတွက် အကျိုးရှိလိမ့်မယ်'

ကျွင်းလုံ ငြင်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်မလိုက်နိုင်ပါဘူး'

'မင်းမလိုက်လို့ မရဘူးကွ၊ ငါက မင်းကိုတပည့်မွေးဖို့ ဆုံးဖြတ်ပြီးပြီ၊ ကဲ....သွားရအောင်'

စကားဆုံးလျှင် ငှက်ရိုးကြီးက လက်တစ်ဖက်ဆန့်ယုတ်ကာ ကျွင်းလုံ၏ပခုံးကို ဖမ်းဆုပ်လိုက်၏။

ရုတ်တရက် သူ၏လက်တံသည် နှစ်ဆခန့် ရှည်ထွက်လာသည်ဟု ထင်ရလေသည်၊

ကျွင်းလုံ ရှောင်တိမ်းရန် ဟန်ပြင်လိုက်စဉ်မှာပင် ပခုံးကို ဆုပ်ကိုင်ခြင်း ခံလိုက်ရတော့သည်။

ငှက်ရိုးကြီး၏ လက်တစ်ချောင်းက ကျွင်းလုံ၏ပခုံးပေါ်မှ သွေးကြောတစ်ခုကို ထိုးပိတ်ပြီးသား ဖြစ်သွားလေသည်။

'အင့်....'

ကျွင်းလုံမှာ မသိမကွဲညည်းညူကာ မလှုပ်မယှက်ဖြစ်သွားလေသည်၊

ငှက်ရိုးကြီးက ကျွင်းလုံအား ပခုံးပေါ်ထမ်းကာ ဘုံကျောင်းပျက်ထဲမှ ပြေးထွက်သွားလေတော့သည်။

....★....

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်၊

အေးမြသော လေပြည်လေညင်းက ဝှေ့ယမ်းတိုက်ခတ်နေ၏၊

မွှေးကြိုင်သောပန်းရနံ့များ လွင့်ပျံ့နေ၏။

ကျေးငှက်ကလေးများက ဘာသာဘာဝတေးကိုသီကြွေးရင်း ဟိုမှသည် ပျံဝဲနေကြ၏၊

ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်၊

ငှက်ရိုးကြီးသည် ပန်းပင်များဝိုင်းရံနေသော သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေလှမ်းရပ်လိုက်လေသည်၊

သူ၏မျက်နှာ ပြုံးရွှင်နေ၏၊

'ဟဲ….ဟဲ….စိတ်တိုဘွားဘွားက ငါ့ကိုအကြံပေးလိုက်သလို ဖြစ်သွားတာပဲ၊ သူတောင် တပည့်တစ်ယောက်မွေးဖို့စိတ်ကူးသေးရင် ငါကကော ဘာကြောင့် တပည့်တစ်ယောက်မမွေးနိုင်ရမှာလဲ'

သွေးကြောပိတ်ခံရကာ မလှုပ်မယှက်ဖြစ်နေသော ကျင်းလုံကို လှမ်းကြည့်လိုက်လေသည်၊

တစ်ဖန် ကျင်းလုံအနီးသို့ ချဉ်းကပ်သွားပြီး သွေးကြောများ၊ အရိုးအဆစ်များကို သေသေချာချာ စစ်ဆေးကြည့်လိုက်လေသည်၊

ငှက်ရိုးကြီး၏မျက်နှာတွင် အားရကျေနပ်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်၊

'ကောင်းတယ်….သိပ်ကောင်းတယ်၊ မင်းလောက် သိုင်းပညာ သင်လို့ကောင်းတဲ့ကောင်လေးမျိုး ငါ မတွေ့ဖူးသေး



ဘူး၊ မင်းကို ငါ့ရဲ့ အကောင်းဆုံးသိုင်းပညာတွေ သင်ပေးရမှာပေါ့ကွာ'

ကျင်းလုံဟာ အတင်းအဓမ္မ ဖမ်းဆီး လာခြင်းကြောင့် မကျေမနပ်ဖြစ်နေကြောင်း သူ၏မျက်လုံးများကဖော်ပြနေပါသည်၊

ထိုစဉ်….

'ဟား….ဟား….ဟား'

'ဟား….ဟား….ဟား'

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

ငှက်ရိုးကြီး ကပျာကယာ လှည့်ကြည့်လိုက်သောအခါ စိတ်တိုဘွားဘွားနှင့် မျက်ပြူးတို့ ရောက်ရှိလာကြသည်ကို တွေ့ရလေသည်၊

'ဟင်….ခင်….ခင်ဗျားတို့….'

စိတ်တိုဘွားဘွား နှာခေါင်းရှုံ့လိုက်သည်၊

'ရှင့်ရဲ့ အကောင်းဆုံး ပညာတွေဟာ ဘာတွေလဲဆိုတာ ကျွန်မ သိချင်သေးတယ်'

စကားဆုံးလျှင် ငှက်ရိုးကြီးထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်၊

ငှက်ရိုးကြီးကလည်း ရှောင်တိမ်းရန် အချိန်မရသဖြင့် ပြန်လည် တိုက်ခိုက်လိုက်ရလေသည်၊

သိုင်းအစ်ကွက် ထုတ်ဖော်လိုက်သည်နှင့် နောက်တစ်ကွက် ထုတ်ဖော်လိုက်ရသည်ဖြစ်ရာ နောက်ဆုတ်၍မရတော့ဘဲဆက်၍ တိုက်ခိုက်လိုက်ရတော့သည်။

ငှက်ရိုးကြီးနှင့် စိတ်တိုဘွားဘွားတို့ ရင်ဆိုင်တိုက်ခိုက်နေကြသည်ကို တွေ့ရလျှင် မျက်ပြူးသည် ဟိုဟိုသည်သည် ကြည့်ပြီး ကျင်းလုံကို ပွေ့ချီကာ ဘဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

....★....

ချောင်စုံ ကျောက်တုံး ကျောက်ဆောင်များ ပေါများလှသည့်တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိသောအခါ မျက်ပြူးက ခြေလှမ်းရပ်လိုက်သည်။

ဟိုဟိုသည်သည်ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်သည်။

'ဟဲ....ဟဲ....နောက်ဆုံးတော့ငါ့တပည့်တစ်ယောက်ရလိုက်တာပေါ့'

သူတို့သည် တပည့်လိုချင်နေကြခြင်းလော....

သို့မဟုတ်....



အချင်းချင်းပြိုင်ဆိုင်နေကြခြင်းလော မပြောနိုင်တော့ချေ။

မျက်ပြူးက ကျင်းလုံအား ပြုံးပြလိုက်သည်။

'ဘာမှမပူပါနဲ့ကွာ၊ ငါ့တပည့်ဖြစ်ရရင်လဲ သိုင်းလောကမှာ လက်မထောင်လို့ ရပါတယ်ကွာ၊ တာမိုသိုင်းကျမ်းကိုရမှ မဟုတ်ပါဘူး'

ထိုစဉ်....

'ဟား....ဟား....ဟား'

'ဟား ...ဟား... ဟား'

ရယ်မောသံများ ထွက်ပေါ်လာပြီး စိတ်တိုဘွားဘွားနှင့် ငှက်ရိုးကြီးတို့ ရောက်ရှိလာကြလေသည်။

မျက်ပြူး မကျေမနပ် ဖြစ်သွား၏။

'လက်စသတ်တော့ မင်းတို့က မျက်ခြည်ပြတ်မခံဘဲ လိုက်လာကြတာကိုး'

စိတ်တိုဘွားဘွားက ခေါင်းညိတ်လိုက်သည်။

'ရှင်ကသာ ထွက်မသွားဘူးဆိုရင် ကျွန်မတို့ဆက်ပြီးတိုက်ခိုက်နေကြမှာပဲရှင့်'

'ဂျပ်ကွ....'

'ကျွန်မတပည့်ကို ဘယ်သူမှယူလို့မရဘူး'

ငှက်ရိုးကြီးက ရယ်မောလိုက်လေသည်။

စိတ်တိုဘွားဘွားက စိန်ခေါ်လိုက်၏။

'ရှင်တို့က ဒီကလေးကိုတောင် လိုချင်နေကြတယ်ဆိုရင်ဘယ်သူ့ရဲ့ ပညာက အသာဆုံးလဲဆိုတာ ယှဉ်ပြိုင်ရအောင်၊အသာရတဲ့သူက တပည့်ရယူကြေးပေါ့'

မျက်ပြူးက လက်ခံလိုက်လေသည်။

'တုတ်တယ်၊ ကျုပ်တို့သုံးယောက်ထဲမှာသိုင်းပညာအတော်ဆုံးလူကသာ တပည့်လုပ်တဲ့လူကို အကောင်းဆုံးပညာ သင်ပေးနိုင်မယ်၊ တပည့်ကလဲ တစ်နေ့မှာ ထိပ်တန်းရောက်လာလိမ့်မယ်၊ သင်ပေးတဲ့လူကိုယ်တိုင်က အသုံးမကျရင် တပည့်လဲ ဘယ်လိုလုပ်ပြီး အသုံးကျနိုင်တော့မှာလဲ'

ငှက်ရိုးကြီးကလည်း သဘောတူလေသည်။

'ကောင်းပါပြီဗျာ၊ တုံးစံအတိုင်း ကျုပ်တို့ယှဉ်ပြိုင်ပြီး ဆုံးဖြတ်ကြတာပေါ့'

သူတို့သုံးယောက်၏ ပြိုင်ဆိုင်မှုကား ပြီးဆုံးသွားနိုင်စရာအကြောင်းမရှိတော့ပါချေ။

သုံးယောက်သား ယှဉ်ပြိုင်ရန်ဟန်ပြင်လိုက်ကြစဉ်မှာပင်....

'ရောင်စုံတောင်ကြားထဲမှာ ဘယ်သူတွေ ဆူဆူညံညံလုပ်နေကြတာလဲ'

စူးရှသေးငယ်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရောင်စုံကျောက်တုံးကျောက်ခဲများကြားမှ လူတစ်ယောက် ခုန်ထွက်လာလေသည်။

ကျစ်ဆံမြီးရှည်နှစ်ဖက်ချထားသော အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။

အသက် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်ခန့်သာရှိဦးမည်ဟု ထင်ရ၏။



ကလေးဆန်သော မျက်နှာလေးနှင့် ချစ်စရာကောင်းသူလေး တစ်ယောက်ဖြစ်လေသည်။

ငှက်ရိုးကြီးက လက်ဝေ ယမ်းပြလိုက်သည်။

'မိန်းကလေး...လာမရှုပ်နဲ့၊ ဝေးဝေးသွားစမ်း'

မိန်းကလေး နှာခေါင်းရှုံ့လိုက်၏။

'ရောင်စုံတောင်ကြားထဲလဲ ခွင့်မတောင်းဘဲ ဝင်လာသေးတယ်၊ ကျွန်မကိုလဲ အော်ငေါက်ရဲသေးတယ်၊ ရှင့်ကို ဆုံးမရလိမ့်မယ်'

စကားဆုံးလျှင် မြေပေါ်မှ ကြွတက်ကာ လေထဲရောက်သွားပြီး ငှက်ရိုးကြီးအား ပါးရိုက်ချလိုက်လေသည်။

'ဖြန်း....'

မည်သံတစ်ချက်နှင့်အတူ ငှက်ရိုးကြီး ပါးရိုက်ခံရကာ ပါးပြင်တစ်ဖက် နီရဲသွားတော့သည်။

'ဟာ....'

ငှက်ရိုးကြီး တ်ခနဲ အော်လိုက်လေသည်။

မြေးအရွယ် မိန်းကလေး တစ်ယောက်၏ ပါးရိုက်ခြင်းကို ခံလိုက်ရခြင်းကြောင့် မယုံကြည်နိုင်အောင် ဖြစ်သွားကာ ပါးပြင်ကို ယောင်ယမ်းပြီး လက်ဖြင့် ပွတ်နေမိပါတော့သည်။

စိတ်တိုဘွားဘွားနှင့် မျက်ပြူးတို့လည်း ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

'ခစ်....'

မိန်းကလေးက ရယ်မောလိုက်သည်။

သူမ၏ရယ်သံကြားမှ ငှက်ရိုးကြီးသတိဝင်လာကာ ဒေါသ ချောင်းချောင်း ထွက်လာတော့သည်။

'မင်း....မင်း၊ သေချင်လို့ပဲ ဖြစ်ရမယ်'

လက်နှစ်ဖက် ဆန့်ထုတ်ကာ မိန်းကလေးအား တိုက်ခိုက် လိုက်သည်၊

သူ၏လက်များသည် အံ့ဩစရာကောင်းအောင် ရှည်ထွက် လာပြီး လက်ချောင်းကလေးများသည် သံဆူးချွန်များပမာ ထိုးစိုက်ချလိုက်ခြင်း ဖြစ်လေသည်။

မိန်းကလေး ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ငှက်ရိုးကြီး၏မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

'ဒုတ်... ဒုတ်'

ငှက်ရိုးကြီး၏ လက်ချောင်းကလေးများသည် ရေညှိတက် နေသော အစိမ်းရောင် ကျောက်တုံးကြီးကို အပေါက်ကလေး များ ဖြစ်ပေါ်လာအောင် ထိုးဖောက်ပြီးသား ဖြစ်သွားလေ သည်။

အကယ်၍ မိန်းကလေးသာ အချိန်မီ ရှောင်တိမ်းနိုင်ခြင်း မရှိလျှင် တစ်ကိုယ်လုံး ဇကာပေါက်ဖြစ်သွားမည်မှာ သေချာ လှပေတော့သည်။

'ဟင်....'

မိန်းကလေး မြင်ကွင်းမှ ပျောက်ကွယ်သွားသဖြင့် ငှက်ရိုး ကြီး ကြောင်အမ်းအမ်း ဖြစ်နေစဉ်....

'ရှင် ဘာရှာနေတာလဲ'



မိန်းကလေး၏အသံ နောက်ကျောဘက်မှ ထွက်ပေါ်လာ သဖြင့် ငှက်ရိုးကြီး ရင်ထိတ်ကာ ကပျာကယာခုန်ထွက်လိုက် လေသည်။

'ခစ်....'

ငှက်ရိုးကြီး ဖြစ်ပုံက်သွားပုံကို ကြည့်ကာ မိန်းကလေးက ရယ်မောလိုက်၏။

ငှက်ရိုးကြီး မကျေမနပ်ဖြစ်သွားသည်၊

'မင်း....မင်း'

မိန်းကလေး မျက်နှာတည်သွားလေသည်၊

'ကျွန်မ ဘာဖြစ်လဲ ပြောစမ်းပါဦး'

'မင်း....'

'ရှင် သေချင်လို့လား'

ထိုစဉ်....

'တောက်....လူကြီးကို လူကြီးမှန်းမသိတဲ့ ကောင်မလေး၊ သေဖို့သာ ပြင်ထားပေတော့'

မျက်ပြူးက အောင်ပေါက်ရင်း လျှပ်တပြက်ခုန်ဝင်တိုက်ခိုက် လိုက်၏။

မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်၊

'လာပြန်ပြီ တစ်ယောက်'

သူမသည် ရှောင်တိမ်းခြင်းမပြုဘဲ ထိပ်တိုက် ရင်ဆိုင်လိုက် လေသည်။

မျက်ပြူးကလက်ဝါးဖြင့်ရိုက်ချလိုက်လျှင် သူမကလက်သို့ တစ်ချောင်းဖြင့် မျက်ပြူး၏ပါးပြင်ပေါ်သို့ ထောက်ချလိုက်လေသည်။

'ဟာ....'

မျက်ပြူး အထိတ်တလန့်အော်ကာ ကယောင်ကတမ်းနောက်ဆုတ်လိုက်ရလေသည်။

စိတ်တိုဘွားဘွား မျက်နှာပျက်သွား၏။

မိန်းကလေးက ပြုံး၍မေးလေသည်။

'ကဲ....အရုပ်ဆိုး အကျည်းတန်လှတဲ့ ဘွားဘွားတကော ဘာလုပ်ချင်သေးလဲ'

'ညည်း....ညည်း'

စိတ်တိုဘွားဘွား အမှန်ပင်စိတ်တိုသွားပြီး တရကြမ်းတိုက်ခိုက်လိုက်လေသည်။

မဟာရန်သူတော်ကြီး တစ်ယောက်နှင့် ရင်ဆိုင်နေရသည့်ပမာ ပြင်းထန်စွာ တိုက်ခိုက်ပစ်လိုက်ခြင်းလည်း ဖြစ်ပါသည်။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသည်။

ဖုန်များ သဲများ တထောင်းထောင်းထသွားလေသည်။

ကျွင်းလုံ ရင်ဘိတ်သွားသည်။

စိတ်တိုဘွားဘွား၏ လက်ချက်ဖြင့် မိန်းကလေးဒုက္ခရောက်ရောက်တော့မည်ဟု ထင်မှတ်မိလိုက်သည်။

'သတိထား'

လွှတ်ခနဲ့ အော်ပြောလိုက်မိသည်။

နေ့းကျွင်တစ်ခုလုံး မှုံဝါးဝါးဖြစ်သွားရာမှ ဖုန်များသဲ



များက ဖြည်းဖြည်း ပြန်လည်ကျဆင်းသွားပြီး ကြည်ကြည်လင်လင်ဖြစ်လာသောအခါ စိတ်တိုဘွားဘွားသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လာသည်ကို တွေ့ရ၏။

သူမ၏ဝဲဘက်ပခုံးခနရာ၌ အင်္ကျီများ စုတ်ပြဲနေသည်ကိုတွေ့လိုက်ရသည်။

သူမသည်လည်း မိန်းကလေးအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားပြီဖြစ်ကြောင်း ထင်ရှားလေသည်။

မိန်းကလေးက လက်နှစ်ဘက်နောက်ပစ်ကာ ပြုံး၍ရပ်နေ၏။

လထူးဘူးဆန်းသုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။

ထို့နောက် စကားတစ်လုံးမှမပြောဘဲ ချာခနဲလှည့်ကာပြေးလွှားထွက်ခွာသွားကြလေတော့သည်။

...★...

လူထူးဆန်းသုံးယောက် ထွက်သွားကြပြီဖြစ်လေသည်။

ကျွင်းလုံက မလှုပ်မယှက်ဖြင့် ကျန်ရစ်ခဲ့သည်။

မိန်းကလေးသည် အနီးသို့ ချဉ်းကပ်လာပြီး ပခုံးကိုလက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်သည်။

'အင်....'

ကျင်းလုံ မသဲမကွဲ ညည်းညူကာ လှုပ်ရှားလာနိုင်တော့သည်၊

မိန်းကလေး ရယ်မောလိုက်သည်၊

'ကျွန်မက ကျောက်ရုပ်တစ်ရုပ်ကို အသက်သွင်းလိုက်တာပဲ'

ကျင်းလုံ မျက်မှောင်ကုပ်သွား၏။

ထိုမိန်းကလေး၏ ပြောဆိုပြုမူပုံသည် သာမန်လူနှင့်မတူဘဲ ထူးခြားနေသည်ဟု ထင်မိ၏၊

'ကောင်းတယ်၊ ကျွန်မအသက်သွင်းလိုက်တဲ့အရုပ်ကို ကျွန်မ ပိုင်ဆိုင်သွားပြီ'

သူမ ဆက်ပြောလိုက်သောစကားကြောင့် ကျင်းလုံပါးစပ် အဟောင်းသား ဖြစ်သွားလေသည်၊

'ကျုပ်က အရုပ်ကလေးတစ်ရုပ် မဟုတ်ဘူး'

ကပျာကယာ ပြောလိုက်လေသည်၊

မိန်းကလေးက ခေါင်းညိတ်လိုက်၏၊

'ကျွန်မ သိသားပဲ'

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ သွားခွင့်ပြုပါဦး'

ကျင်းလုံက ခွင့်တောင်းလိုက်သည်။

မိန်းကလေးအပေါ် ကျေးဇူးတင်မိသော်လည်း စိတ်နေသဘောထား ထူးခြားသူဖြစ်၍ ကြာကြာမဆက်ဆံဝံ့တဲ့ ထွက်သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်၊



မိန်းကလေးက ချက်ချင်း လမ်းပိတ် ဟန့်တားလိုက်သည်၊

'ရှင်ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ'

'ကျုပ်က....'

'ဟိုလူသုံးယောက်က ရှင့်ကို ဘာကြောင့် ဖမ်းဆီးခေါ်ဆောင်လာကြတာလဲ၊ ပြောစမ်းပါဦး'

'သူတို့ဟာ ကျုပ်ကို တပည့်မွေးချင်လို့ပါ'

ကျင်းလုံက အကျိုးအကြောင်း ပြောပြလိုက်လေသည်၊

မိန်းကလေးက စိတ်ဝင်စားစွာနားထောင်နေပြီး ကျင်းလုံ၏ စကားဆုံးလျှင် လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်လေသည်။

'ကောင်းတယ်.... သိပ်ကောင်းတယ်'

'ဗျာ....'

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်၊

မိန်းကလေးက ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောလေသည်၊

'ကျွန်မလဲ တပည့်တစ်ယောက်လိုချင်နေတာနဲ့ အတော်ပဲ'

'ဘာ....'

'ရှင့်ကို တပည့်မွေးရမယ်'

'မင်း....မင်း'

ကျင်းလုံ ကပျာကယာ နောက်ဆုတ်လိုက်လေသည်၊

မိန်းကလေးကိုလည်း မျက်လုံးပြူးကာ ကြည့်လိုက်မိသည်၊

မိန်းကလေးက ရယ်မောလိုက်၏၊

'ဘာလဲ ရှင်သဘောမကျဘူးလား၊ ကျွန်မကတော့ သဘောကျတယ်ရှင့်၊ ဘုတ်ကတောင် ရှင့်ကို တပည့်မွေးချင်ကြသေး ကျွန်မကတော့ ဘာကြောင့် တပည့်အဖြစ်မသတ်မှတ်နိုင်ရမှာလဲ'

ကျင်းလုံ မကျေမနပ် ဖြစ်သွားလေသည်။

မိမိထက် ငယ်ရွယ်သော မိန်းကလေး တစ်ယောက်ထံ တပည့်ခံယူရန် သူ တယ်တုန်းကမှ မစဉ်းစားဖူးခဲ့ပါချေ။

'ရှင့်ကို ကျွန်မရဲ့ အကောင်းဆုံး သိုင်းပညာတွေ သင်ပေးမယ်၊ ရှင် ဘယ်လိုသဘောရသလဲ'

ကျင်းလုံ လက်မခံနိုင်ပါချေ။

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် လက်မခံနိုင်ပါဘူး'

'ရှင်က ငြင်းပယ်တယ်ပေါ့ ဟုတ်လား'

'ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ'

အခြေအနေမဟန်ဟုတွေးကာ ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

မိန်းကလေးက ခွင့်မပြုပါချေ။

'ကျွန်မဆီမှာ တပည့်မခံဘဲ ရှင် ထွက်သွားလို့မရဘူး'

ကျင်းလုံ အခက်ကြုံသွားလေတော့သည်။

ထိုစဉ်....

'စုစု မင်း ဘယ်မှာလဲ'

အသံဩဩကြီးတစ်ခု ထွက်ပေါ်လာကာ အဘိုးအို တစ်ယောက် ရောက်ရှိလာ၏။

စုစု ဝမ်းသာသွားလေသည်။



'ဘိုးဘိုး ရောက်လာတာနဲ့ အလော်ပဲ၊ ကျွန်မ တပည့်တစ်ယောက် ရလာပြီ'

'ဟော....'

စုစုဆိုသော မိန်းကလေးက ကျင်းလုံကိုညွှန်ပြ၍ အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

အဘိုးအိုက ကျင်းလုံအား အကဲခတ်ကြည့်လိုက်၏။

ထိုအဘိုးအိုမှာ ဥပဓိရုပ်ကောင်းသော်လည်း မျက်လုံးများက ကြောမငြိမ် ဖြစ်နေသည်ဟု ကျင်းလုံ ထင်မိလေသည်။

မည်သို့ဆိုစေ....

အဘိုးအိုအား အကျိုးအကြောင်းရှင်းပြကာ ထွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။

အဘိုးအို ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကောင်းတယ်....သိပ်ကောင်းတယ်'

'ဗျာ....'

'ငါ့မြေးအတွက် တပည့်တစ်ယောက်ရတယ်ဆိုတော့ သိပ်ကောင်းတာပေါ့'

ကျင်းလုံ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

စုစုကား ဝမ်းသာ ပျော်ရွှင်နေသည်။

'ဘိုးဘိုး၊ သူ့ကို ကျွန်မခေါ်သွားမယ်နော်'

'ကောင်းပြီ....ကောင်းပြီ'

အဘိုးအိုက သဘောတူခွင့်ပြုလိုက်လျှင် စုစု ရှေ့သို့ လှမ်းထွက်လာလေသည်။

'ကဲ....တပည့်လေး၊ ဆရာတို့ သွားကြရအောင်'

ကျင်းလုံ ဒေါပွသွားလေသည်။

'ကျုပ် မလိုက်နိုင်ဘူး၊ မင်းကိုလဲ ဆရာမတင်နိုင်ဘူး'

'ဘာ....ဘာပြောတယ်'

စုစုက ကျင်းလုံအား မျက်လုံးပြူး၍ ကြည့်လိုက်၏။ တစ်ဖန် အဘိုးအိုဘက်သို့လှည့်ကာ ပြောလိုက်လေသည်၊

'ဘိုးဘိုး သူက တပည့်မလုပ်ဘူးလို့ ပြောနေတယ်'

'ဟာ....မလုပ်လို့ဘယ်ရမလဲ၊ လာ....လာ'

အဘိုးအိုသည် ရှေ့တိုးလာကာ ကျင်းလုံအားလျှပ်တပြက်ဆွဲချိပြီး ချိုင်းကြားညှပ်ကာ ခေါ်ဆောင်သွားတော့၏၊

ကျင်းလုံလည်း ရုန်းကန်၍မရဘဲ လိုက်ပါသွားရလေတော့သည်။

စုစုက သဘောကျစွာဖြင့် တခစ်ခစ်ရယ်မောလိုက်လေတော့သည်။

...★...

# အရှုံးပညာ

---

ထူးခြားသောတောင်ကြားအတွင်းသို့ ကျင်းလုံရောက်ရှိသွားပြီဖြစ်ပါသည်။

စုစုတို့မြေးအဘိုးက မျက်ခြည်မပြတ် စောင့်နေကြခြင်းကြောင့် ထွက်ပြေးရန် မဖြစ်နိုင်တော့ချေ။

လူထူးဆန်းသုံးယောက်သည်ပင် စုစုအား မယှဉ်နိုင်ကြသဖြင့် သူလည်း ဘာမျှမတတ်နိုင်မည် မဟုတ်ကြောင်း နားလည်ထားလေသည်၊

စုစုနှင့် အဘိုးအိုတို့သည် တစ်စုတစ်ခုအား တီးတိုးတီးတိုးဖြင့် ကျိတ်၍တိုင်ပင်ပြောဆိုနေကြလေသည်၊

ကျင်းလုံမှာ အလိုလိုနေရင်း မလုံမလဲဖြစ်လာသည်။

'သူကို ငါ့အကြောင်း ပြောနေတာပဲ ဖြစ်မယ်'

ထိုစဉ်...

'ကဲ... တပည့် ဆရာနဲ့လိုက်ခဲ့'

စုစုက ထိုင်ရာမှထကာ လှမ်းခေါ်လိုက်သည်။

ကျင်းလုံ ခံပြင်းသွား၏။

'ကျုပ်ဘာကြောင့်လိုက်ရမှာလဲ'

'ဆရာက တပည့်ကို သိုင်းပညာသင်ပေးမလို့ပေါ့'

'မထင်နဲ့ မဖြစ်ဘူး'

ဤတွင် အဘိုးအိုက ဝင်ပြောသည်။

'ဘာလဲ ငါတို့ရဲ့သိုင်းပညာကို မင်း အထင်သေးနေတာလား၊ မင်းသေသေချာချာမှတ်ထား၊ သိုင်းလောကထဲမှာ ငါကျင်လည်ကျက်စားခဲ့တုန်းက ဘယ်ခရိုင်မှာ ပြိုင်ဘက်ကောင်းခဲ့တယ်ဆိုတာ လူတိုင်းကို မေးကြည့်လို့ရတယ်'

ကျင်းလုံ ဘာမှမပြောဘဲ နေလိုက်သည်။

စုစုက လူထူးဆန်းသုံးယောက်အား အနိုင်ယူလိုက်ကတည်းက သိုင်းပညာမခေကြောင်း ရိပ်မိထား၏။

သူကိုယ်တိုင်လည်း သိုင်းပညာရှာဖွေနေသူဖြစ်ရာ သင်ယူနိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ကြောင်း သိထား၏။

သို့သော်လည်း....

မိမိထက်ငယ်ရွယ်သောမိန်းကလေးတစ်ယောက်ထံ၌ သင်ကြားရမည်အပြင် ၎င်းတို့မြေးအဘိုးမှာ လူထူးဆန်းသုံးယောက်ထက်ပင် ထူးခြားသူများ ဖြစ်နေကြောင်း ရိပ်မိသဖြင့် သင်ယူလိုစိတ်မရှိခြင်း ဖြစ်လေသည်။



အဘိုးအိုက ခြိမ်းခြောက်လာလေသည်

'ငါ့မြေးဆီမှာ တပည့်ခံပြီး သိုင်းမသင်ဘူးဆိုရင် မင်းကို ချမ်းသာမပေးနိုင်ဘူး၊ ရိုက်နှက်နှိပ်စက်ရမှာပဲ၊ ပြီးတော့လဲ ကောင်ကြားလမ်းက တစ်သက်လုံး ထွက်ခွင့်မပြုတော့ဘူး'

ကျင်းလုံ ရင်ထိတ်သွားသည်။

စိတ်ဝေဖျာမငြိမ်သောအဘိုးအိုသည် သည်အတိုင်းပြုလုပ်မည့်သူ ဖြစ်နေသည်ဟု သူတွေးမိလိုက်၏။

စုစုက ဝင်ပြောလိုက်၏။

'ကဲ... ကျွန်မရဲ့သိုင်းပညာကို လေ့လာကြည့်ပါဦး၊ ရှင်သဘောကျမယ်ဆိုမှ သင်ပေါ့ ဟုတ်လား'

ကျင်းလုံ စိတ်သက်သာရာရသွား၏။

'ကောင်းပါပြီဗျာ'

သူက သဘောတူလိုက်လျှင် စုစုသည် ကျောက်တုံးအိမ်ကလေးအပြင်ဘက်သို့ ခေါ်ဆောင်သွားလေတော့သည်။

...★...

ကျောက်ရောင်စုံတောင်ကြား၌ စုစုတို့ မြေးအဘိုးသည် ကျောက်တုံးအိမ်ကလေးတစ်လုံးဆောက်ကာ နေထိုင်ကြခြင်း ဖြစ်လေသည်။

မြေးအဘိုးနှစ်ယောက်စလုံး ထူးခြားသောစိတ်နေသဘော ထားများ ရှိကြလေသည်။

ကျောက်တုံး အိမ်ကလေးအတွင်း၌လည်း ပစ္စည်းပစ္စယ များ ရှုပ်ထွေးကာ ထားချင်သလို ထားသည့်သဘော ရှိလေ သည်။

အိမ်အပြင်ဘက်သို့ရောက်လာမှ ကျင်းလုံမှာ အသက်ဝဝ ရှူနိုင်သည်ဟု ခံစားရလေသည်။

စုစုကား သိုင်းပညာသင်ပေးဖို့သာ စိတ်ဝင်စားလျက် ရှိ နေပေသည်။

သစ်ပင်ကလေးများ ဝိုင်းရံလျက်ရှိသော မြေကွက်လပ် တစ်ခုသို့ ခေါ်ဆောင်သွားပြီးလျှင် သူမ၏သိုင်းပညာကို သုတ်ဖော်ပြသလိုက်လေတော့သည်။

....★....

အရှုံးသိုင်းသမား

---

လေပွေကလေးများ ဝှေယမ်းတိုက်ခတ်နေသည်။

သစ်ပင်ငယ်ကလေးများ လှုပ်ယမ်းသွားသကဲ့သို့ သစ်ရွက် ကလေးများလည်း ဘဖြုတ်ဖြုတ် ကြွေလွင့်ကုန်လေသည်။

သဲများ၊ ဖုန်များ တထောင်းထောင်းထသွား၏။

စုစုအသုံးပြုလိုက်သော သိုင်းပညာမှာ ပေါ့ပါးသွက်လက် သကဲ့သို့ အုံမခန်း အစွမ်းရှိနေသည်ကို တွေ့ရသဖြင့် ကျင်းလုံ ရင်သပ်ရှုမောဖြစ်သွားလေသည်။

စုစုက ရယ်မောလျက်၏။

'ဘယ်လိုလဲ....ကျွန်မရဲ့သိုင်းကွက်ကို ရှင် သဘောမကျဘူး လား၊ ဒါဟာ ရွက်ကြွေလေပွေလို့ ခေါ်တယ်၊ တကယ်လို့

ရန်သူနဲ့ရင်ဆိုင်ရတဲ့အခါ ရှင်က ထုတ်ဖော် အသုံးပြုလိုက်ရင် ရန်သူ့ရဲ့ အဓိကသွေးကြောကြီးနေရာကို တပြိုင်နက်ထဲ တိုက်ခိုက်ပြီးသား ဖြစ်သွားပြီး အနိုင်ရလိုက်မှာပဲ'

သူမ၏သိုင်းကွက် အစွမ်းထက်လှပုံကို ပြောပြလေသည်။

ကျင်းလုံ စိတ်မဝင်စားပါချေ။

စုစုကိုမကြည့်ဘဲ ငုငုကြီး ရပ်နေလိုက်လေသည်။

'ရှင် ဘယ်လိုဖြစ်နေတာလဲ'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူး'

'ရှင် သိုင်းပညာသင်ဖို့ စိတ်မဝင်စားဘူးလား'

'ဟင့်အင်း'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

စုစု မကျေမနပ်ဖြစ်သွားသည်။

'ရှင်ဟာ သိုင်းပညာသင်ယူဖို့ကောင်းတဲ့ အရိုးအဆစ်ရှိတယ်လို့ ဘိုးဘိုးက ပြောတယ်၊ ရှင်က ကျွန်မရဲ့တပည့် ဘာကြောင့် မဖြစ်ချင်ရတာလဲ'

'ကျုပ်က တာမိုသိုင်းကျမ်းကလွဲပြီး ဘာမှ စိတ်မဝင်စားဘူးဗျ'

'ဟင်....ရှင် ဘာပြောလိုက်တာလဲ၊ တာမိုသိုင်းကျမ်းဟုတ်လား၊ ပြန်ပြောစမ်းပါဦး'

စုစု အံ့သြစွာဖြင့် မေးလေသည်။

ကျင်းလုံက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။



'ဟုတ်တယ်...သိုင်းလောကမှာ ပြိုင်ဘက်ကင်းတယ်ဆိုတဲ့ တာမိုသိုင်းကျမ်းကိုပဲ ကျုပ် လိုချင်တယ်'

'ဪ....ကျွန်မကိုတော့ အထင်သေးတယ်ပေါ့လေ'

ကျင်းလုံ ဘာမှမပြောဘဲ နေလိုက်သည်။

စုစု ဒေါပွနေသည်။

'တာမိုသိုင်းကျမ်းကို လိုချင်တာ ရှင်ရူးနေလို့ပဲ ဖြစ်ရမယ်' ဆိုစဉ်....

'သူက ရူးနေတယ် ဟုတ်လား'

စကားသံနှင့်အတူ အဘိုးအိုက အနီးသို့ရောက်ရှိလာလေသည်။

စုစုက မကျေမနပ်ဟန်ဖြင့် တိုင်တန်းလိုက်လေသည်။

'ဘိုးဘိုး သူက ကျွန်မတို့ရဲ့သိုင်းပညာကို အထင်မကြီးဘူး၊ တာမိုသိုင်းကျမ်းကိုပဲ လိုချင်နေတယ်၊ သူ ရူးသွပ်နေပြီ'

အဘိုးအို မျက်လုံးပြူးသွားလေသည်။

'သူ ရူးနေတယ် ဟုတ်လား'

'ဟုတ်တယ် ဘိုးဘိုး'

အဘိုးအိုက ကျင်းလုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်၏။

တစ်ဖန်....

'မင်းရူးနေတယ် ဟုတ်လား'

ဟု၍ အံ့သြသောလေသံဖြင့် မေးလိုက်လေသည်။

ကျင်းလုံလည်း စိတ်ထဲခပ်ချဉ်ချဉ်ရှိလာသည်မို့ အရှိတိုက်ကာ ပြောလိုက်လေသည်။

'ဟုတ်တယ်၊ ကျွန်တော်ရှူးနေတာ ကြာပြီ'

'ဟေ:....'

ရုတ်တရက် အဘိုးအိုက ကုယ်လောင်စွာ အော်ဟစ်လိုက်သည်၊

တစ်ဖန် လက်ခုပ် လက်ဝါးတီးကာ ရယ်မောလိုက်လေသည်၊

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားသည်၊

အဘိုးအိုသည် အဘယ်ကြောင့် ဤမျှ သဘောခွေ့သွားရပါသနည်း၊

အဘယ်ကြောင့် လက်ခုပ်လက်ဝါးတီးကာ ကခုန်နေရပါသနည်း၊

စုစု နှုတ်ခမ်းစူလိုက်၏၊

'သူက အရှူးတစ်ယောက်ဆိုတာကို ဘိုးဘိုးသဘောကျနေတာပေါ့ ဟုတ်လား'

အဘိုးအိုက ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်လေ၊ ဘယ်လောက် သဘောကျစရာကောင်းသလဲ စဉ်းစားကြည့်စမ်း၊ အရှူးသိုင်းသမားဆီကို အရှူးလေးတစ်ယောက် ရောက်လာတာပဲမဟုတ်လား'

စုစု မျက်မှောင်ကုပ်သွား၏၊

သူမ အနည်းငယ်စဉ်းစားသွက်ပြီး မျက်နှာတစ်ခုလုံး ပြုံးယောင်သန်းလာလေသည်၊

ထို့နောက် အဘိုးအိုကဲ့သို့ပင် လက်ခုပ်လက်ဝါးတီးကာ ခုန်ပေါက်ရယ်မောလိုက်လေသည်၊



ကျင်းလုံ ကယောင်ကတမ်း နောက်ဆုတ်လိုက်၏၊

ဝမ်းသာလုံးဆို့နေကြသည့်မြေးအဘိုးနှစ်ယောက်ကို မယုံနိုင်အောင် ဖြစ်နေမိပါတော့သည်၊

မြေးအဘိုးနှစ်ယောက် တဝါးဝါးတဟားဟား ရယ်မောလိုက်ကြပြီးသော် ကျင်းလုံအား စိုက်ကြည့်လိုက်လေသည်၊

အဘိုးအိုက ချိုသာသောလေသံဖြင့် ပြောသည်၊

'အရှူးလေးရယ်၊ ကျုပ်တို့နဲ့ခွဲမသွားပါနဲ့လို့ တောင်းပန်ပါတယ်၊ မင်းလိုချင်တဲ့ တာမိုသိုင်းကျမ်းကို ကျုပ်တို့လဲ ကူပြီး ရှာဖွေပေးပါ့မယ်'

စုစုလည်း မည်သို့ စိတ်ကားပြောင်းလဲသွားသည်မသိပါ၊

'ဟုတ်တယ်၊ ကျွန်မတို့ သိုင်းပညာကို ရှင်မကြိုက်ဘူးဆိုရင် တာမိုသိုင်းကျမ်းကို လိုက်ရှာပေးမယ်၊ ဒါပေမယ့် ရှင်ဟာ ကျွန်မတို့နဲ့ ဘယ်တော့မှခွဲမသွားရဘူးနော်'

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားလေသည်၊

'နေပါဦး....ကျုပ်က....'

'ရှင်ဟာ ရှားပါးလှတဲ့ အရှူးလေးတစ်ယောက် ဖြစ်နေလို့ပေါ့ရှင်'

'ဟာ....'

ကျင်းလုံ အော်လိုက်မိလေသည်၊

အဘိုးအို ရယ်မောလိုက်၏၊

'လောကပေါ်မှာ အရှူးတွေ များလှပါတယ်ကွာ၊ ဒါပေမယ့် ဘယ်သူမှ ကိုယ့်ကိုယ်ကို ရှူးသွပ်နေတယ်ဆိုတာ မသိကြဘူး၊ မင်းကတော့ ကိုယ့်ကိုယ်ကို ရှူးတယ်ဆိုတာ သိနေတယ်

လေ၊ ဒါကြောင့် မင်းဟာ ကျုပ်တို့နဲ့အသွင်တူနေတဲ့ လူတစ်ယောက်ဖြစ်နေတာကြောင့် မင်းကို လက်မလွှတ်နိုင်တာပေါ့'

ကျင်းလုံ မျက်လုံးပြူးသွားလေသည်။

'ခင်...ခင်ဗျားတို့က ရူးသွပ်နေကြတယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ကျုပ်တို့ရူးနေကြတာကို သိုင်းလောကတစ်ခုလုံး သိကြတာပဲ၊ ကျုပ်တို့က သိုင်းလောကသားတွေနဲ့ မပတ်သက်ချင်လို့ ဒီရောင်စုံတောင်ကြားထဲမှာ လာနေခဲ့ကြတာပေါ့၊ ဒါတောင် သိုင်းလောကသားတွေက ရောင်စုံတောင်ကြားက အရူးမြွေအဘိုးလို့ ခေါ်ကြသေးတယ်'

ကျင်းလုံ ငိုင်သွားလေသည်။

အလွန်ထူးခြားသူတစ်ယောက်နှင့် တွေ့ဆုံမိပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

'ကျုပ်နာမည် စုသန်းလို့ခေါ်တယ်၊ အရူးသိုင်းသမားဆိုရင် လူတိုင်းသိကြတယ်၊ မင်းက ကျုပ်တို့နဲ့အသွင်တူနေတော့ မင်းလိုချင်တဲ့ တာမိုသိုင်းကျမ်းကို ကျုပ်တို့ကူညီပြီးရှာပေးမယ်၊ မင်း ဘယ်လိုသဘောရသလဲ'

ကျင်းလုံ စိတ်လှုပ်ရှားသွား၏။

မမျှော်လင့်ဘဲ အခွင့်အရေးတစ်ခု ပေါ်ပေါက်လာသည်ဟု သဘောပေါက်လိုက်မိသဖြင့် ချက်ချင်း သဘောတူလိုက်လေသည်။

'ကျွန်တော့်ကို ကူညီမယ်ဆိုရင် ကျေးဇူးတင်လို့မဆုံးပါဘူးဗျာ'



သူက ကျေးဇူးတင်ကြောင်း ပြောလိုက်သဖြင့် အဘိုးအို ကျေနပ်သွားမည် ထင်ရလေသည်။

သို့သော် အဘိုးအိုသည် အလိုမကျသည့်အသွင်ဖြင့် မျက်မှောင်ကြီး ကုပ်သွားသည်ကို တွေ့ရ၏။

စုစုလည်း မျက်နှာတည်သွားသည်။

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားရပြန်သည်။

'မင်းက ကျေးဇူးတင်တယ် ဟုတ်လား'

အဘိုးအို (ဝါ) စုသန်းက မျက်နှာထား တင်းတင်းဖြင့် မေးလာ၏။

ဤတွင် ကျင်းလုံသည် စုသန်းတို့ မြွေအဘိုး၏ စိတ်နေသဘောထားကို ရိပ်မိသလိုရှိလာလေသည်။

ချက်ချင်းပင် မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လေသည်။

'ကျွန်တော့်ကိုယ်ကျွန်တော် ကျေးဇူးတင်တာပါ'

'ဟော....'

'ကျွန်တော့်မှာ အခက်အခဲရှိနေရင် သူများအကူအညီယူရမယ် မဟုတ်လား၊ မကူညီရင် ကျွန်တော်စိတ်ဆိုးမှာပဲ'

'ဟား....ဟား....ဟား'

'ခစ်.. ခစ်....ခစ်'

စုသန်းနှင့်စုစုတို့ မြွေအဘိုး ရယ်မောလိုက်ကြလေသည်။

ကျင်းလုံလည်း ရယ်မောလိုက်လေတော့သည်။

....★....

## အကြံ

နောက်နှစ်ရက်ကြာသောအခါ ကျောင်းလုံသည် စုသန်းတို့ မြေးအဘိုးနှင့်အတူ စစ်လိန်-တောင်သို့ သွားသောလမ်းပေါ်၌ ရောက်ရှိနေပြီဖြစ်သည်။

စစ်လိန်တောင်၌ တာမိုသိုင်းကျမ်းအား ရှာဖွေရာတွင် အရှုံးသိုင်းသမား စုသန်းတို့ မြေးအဘိုးက ကူညီကြလိမ့်မည် ဖြစ်လေသည်။

စစ်လိန်တောင်သို့ သွားသည့် လမ်းခရီး၌ မြို့ကြီး မြို့ငယ် ပေါင်း နှစ်ဆယ်ကျော် လူပေါင်းတစ်ရာကျော်မျှရှိလေသည်။

ယန်စွမ်းခရိုင်ကို ဖြတ်ကျော်ပြီးမှသာလျှင် လူနေရပ်ရွာကို ပါးသွားပြီး စစ်လိန်တောင်တန်းဒေသ ဟစပိုင်းကို ရောက် သွားမည် ဖြစ်လေသည်။



ကျောင်းလုံတို့ ခရီးနှင်လာကြရင်း နေမွန်းတည့် အချိန်သို့ ရောက်ရှိလာသောအခါ ရွာငယ်လေးတစ်ရွာသို့ ရောက်ရှိလာကြသည်။

စုစက ရွာကလေးကို ငေးကြည့်လိုက်၏။

'ဘိုးဘိုး ကျွန်မ ဗိုက်ဆာနေပြီ'

စုသန်း ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ ဗိုက်ဆာရင် စားကြတာပေါ့'

ရွာထဲ၌ ဆိုင်တစ်ဆိုင်ရှိနေအဖြင့် ကံကောင်းသွားသည်ဟု ဆိုနိုင်ပါတော့သည်။

သုံးယောက်သား ထမင်းဆိုင်ထဲဝင်ကာ တောရွာအစား အစာများကို မှာယူစားသောက်လိုက်ကြ၏။

ကျောင်းလုံလည်း ဗိုက်ဆာနေပြီမို့ အားရပါးရစားသောက် မည်ဟု အားခဲထားလိုက်သော်လည်း ထမင်းဆိုင်ထောင့်တစ် နေရာ၌ စားသောက်နေသူ တစ်ယောက်ကို တွေ့လိုက်ရသော အခါ မစားနိုင် မသောက်နိုင်အောင် ဖြစ်သွားတော့သည်။

ထိုလူကား သူ့အား ကူညီလမ်းပြပေးနေသည့် ညလူပင် ဖြစ်နေပါသည်။

နေမွန်းတည့်အချိန်၌ ညလူထွက်ပေါ်လာသည်မှာ ထူးခြား သော အကြောင်းကိစ္စတစ်ခု ရှိရမည်ဟု ယုံကြည်မိလိုက်၏။

ညလူထံသို့ သွားလိုစိတ်များ ဖြစ်ပေါ်လာသော်လည်း အခြေအနေအရ စိတ်ကိုချုပ်တည်းထားလိုက်ရခဲ့လသည်။

စုသန်းတို့ မြေးအဘိုးကား ဘာကိုမျှ အမှုမထားဘဲအား
ပါးရ စားသောက်နေကြ၏၊

နှစ်ယောက်သားစားသောက်ပြီးသွားသောအခါ ကျင်းလုံ
ကို ငိုင်းကြည့်လိုက်ကြ၏၊

'ဘယ်လိုလဲ....ထမင်းစားလို့ မကောင်းဘူးလား'

'ဘာတို့ စားလို့ ကောင်းနေတော့ ကျွန်တော် စားလို့
မကောင်းတော့ဘူး'

သူ၏စကားမှာ အဓိပ္ပာယ်ကောက်ဖို့ခက်ခဲသောအရှုးတစ်
ယောက်၏ စကားပမာရှိနေသည်၊

သို့သော် စိတ်ထားထူးဆန်းသည့် စုသန်းတို့က ကျေနပ်
လက်ခံသွားကြပုံရှိလေသည်၊

'အေးလေ၊ မင်းမစားချင်လဲ ပြီးတာပဲ'

ဆိုင်ရှင်ထံ၌ ကျသင့်ငွေပေးကာ ခရီးဆက်ရန် ဆိုင်အပြင်
ဘက် ထွက်လာခဲ့ကြလေသည်၊

ကျင်းလုံမှာ ဆိုင်ထဲ၌ ညလူရှိနေခြင်းကြောင့် နောက်ဆံငင်
နေပါသည်၊

ဆိုင်အပြင်ရောက်လျှင်....

'ဆိုင်ထဲမှာမစားတော့ လမ်းမှာစာလိမ့်မယ်၊ ကျွန်တော်
အတွက် တစ်ခုခုဝယ်သွားမှဖြစ်မယ်'

ဟုချွဲပြောပြီး ဆိုင်ထဲပြန်ဝင်လိုက်လေသည်၊



စုသန်းတို့မြေးအဘိုးက ဟန့်တားခြင်းမပြုကြချေ၊
ကျင်းလုံသည် ဆိုင်ထဲသို့အပြန်ဝင်ပြီး ညလူနှင့်တွေ့ဆုံလိုက်
သည်၊

'ဦးကို ဒီမနက်မှာ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊
အကြောင်းထူးများ ရှိနေသလို့သား'

ညလူ ခေါင်းညိတ်လိုက်သည်၊

'ထူးတယ်....အရေးလဲကြီးတယ်၊ မင်း သေသေချာချာနား
ထောင်ပေါ့'

'ဟုတ်ကဲ့'

'ခုဘာလော ထင်းကျွန်ဂိုဏ်းချုပ်ဟာ ကိုယ့်သမီးလောက်
အရွယ်ပဲရှိသေးတဲ့ မိန်းကလေးတစ်ယောက်နဲ့လက်ထပ်ဖို့စီစဉ်
ထားတယ်ဆိုတဲ့ သတင်းခေတ္တထွက်ပေါ်နေတယ်'

ကျင်းလုံ မကျေမနပ်ဖြစ်သွားလေသည်၊

'သင်းဟာ ငါဘာလုပ်လုပ် ဖြစ်တယ်ဆိုပြီး လက်မထောင်
ထင်တိုင်းကျဲနေတာပဲ၊ အရှက်မရှိလိုက်တာ၊ မိုးကောင်းတုန်း
ရွာထားဦးပေါ့'

စိတ်ထဲမှ ကြုံးဝါးလိုက်သည်၊

ညလူက ဆက်ပြောသည်၊

'ထင်းကျွန်ဂိုဏ်းချုပ်အိမ်ထောင်ပြုမယ့်ကိစ္စမှာ ကိုယ့်သမီး
လောက်အရွယ်လေးကိုယူမှာမို့ သိုင်းလောကမှာ ပြောစရာ
ဖြစ်လာလိမ့်မယ်၊ ဒါကို သူ့ရဲ့ အချို့ သွေးသောက်မိတ်ဆွေ
တွေက မင်္ဂလာပွဲမဖြစ်အောင် တားဆီးချင်နေကြတယ်

ကျင်းလုံ မျက်မှောင်ကုတ်သွားသည်။

'ထင်းကျွန်ဂိုဏ်းချုပ်ရဲ့ ဒိတ်ဆွေတွေဖြစ်ပြီး မင်္ဂလာပွဲမဖြစ်အောင် တားဆီးချင်ကြတယ် ဟုတ်လား'

'ဟုတ်ကဲ့လေ၊ မင်္ဂလာပွဲကျင်းပဖို့ကိစ္စနဲ့ အနည်းနဲ့အများတော့ ဂုဏ်သိက္ခာကျဆင်းသွားမှာပဲ၊ ဒါ့ဆိုရင် နောက်သုံးနှစ်မှာကျင်းပမယ့် သိုင်းလောကက ဂိုဏ်းပေါင်းစုံ မဟာမိတ်အဖွဲ့မှာ ခေါင်းဆောင်ရာထူးကို ရယူနိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ထင်းကျွန်ဂိုဏ်းချုပ်ကို သိုင်းလောကသားတွေက ခေါင်းဆောင်တင်မြှောက်ဖို့ ရည်ရွယ်ချက် ရှိနေကြတယ်'

'တောက်'

ထင်းကျွန်ဂိုဏ်းချုပ် အောင်မြင်ကျော်ကြားနေသည်ကို ကျင်းလုံ မခံမရပ်နိုင်အောင် ဖြစ်သွားမိလေသည်။

'ဒါကြောင့် တချို့ကကိုယ့်သဘောနဲ့ကိုယ် မင်္ဂလာမဖြစ်အောင်ဖျက်ဆီးဖို့ကြိုးစားနေကြတယ်၊ ဒီတော့မင်းက မင်္ဂလာပွဲဖြစ်အောင် ကြိုးစားရလိမ့်မယ်'

ထင်းကျွန်ဂိုဏ်းချုပ် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သွားကြရန် ကျင်းလုံဆုံးဖြတ်လိုက်လေသည်။

'ကောင်းပါပြီ၊ ကျွန်တော်ဘာလုပ်ရမယ်ဆိုတာ ပြောပါ'

'မင်း လူထူးဆန်း သုံးယောက်နဲ့တွေ့ပြီး ချောင်တုံတောင်ကြားကိုရောက်သွားတာ သိပ်ကောင်းတယ်၊ အရှုးသိုင်းသမားဟာ အတော့်ကို ကြောက်စရာကောင်းတဲ့ လူတစ်



ယောက်ပဲ၊ အရှုးသိုင်းသမားကိုအသုံးချပြီး မင်္ဂလာပွဲပျက်အောင် ဖျက်ဆီးမယ့်လူတွေကို တားဆီးရမယ်'

ကျင်းလုံ အံ့သြသွားလေသည်။

'ကျွန်တော့် အကြောင်းတွေကို ဦးသိနေတယ် ဟုတ်လား'

ညလူ ခေါင်းညိတ်လိုက်သည်။

'ကျုပ်ဟာ မင်းရဲ့နောက်မှာ အရိပ်လိုရှိနေတယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့၊ မင်းကိုကူညီဖို့ ကျုပ်က အဆင်သင့်ရှိနေမှာပါ'

ကျင်းလုံ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

'ဦးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ညလူ လက်ကာပြလိုက်၏။

'ကိစ္စမရှိပါဘူး၊ ကျုပ်စကားကို သေသေချာချာနားထောင်ပါ၊ မင်းဘာလုပ်ရမလဲဆိုရင်....'

ကျင်းလုံ မည်သို့ပြုလုပ်ဆောင်ရွက်ရမည်ကို ပြောပြလိုက်သည်။

ကျင်းလုံ ကောင်းစွာမှတ်သားထားလိုက်၏။

'ကဲ...မင်းနားလည် သဘောပေါက်ရင် သွားပေတော့၊ အရှုးသိုင်းသမား စောင့်နေလိမ့်မယ်၊ ဆိုင်ထဲမှာကြာနေရင် အဖော်ကွဲသွားနိုင်တယ်'

'ကောင်းပါပြီ ခင်ဗျာ'

ကျင်းလုံသည် ညလူအားနှုတ်ဆက်ကာ ဆိုင်ထဲမှထွက်လာလေတော့သည်။

---★---

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

တောလမ်းအတိုင်း ခရီးနှင်လာခဲ့ကြသည့် ကျင်းလုံတို့မှာ မီးရောင်များထွက်ပေါ်နေသည့် မြို့ကလေးတစ်မြို့ကို တွေ့မြင်လိုက်ရလျှင် ဝမ်းသာသွားလေသည်။

'အစတော့ပဲ၊ ရှေ့ကမြို့ကလေးမှာ တစ်ညနားရမယ်'

စုစုက ဝမ်းသာအားရပြောလေသည်။

ခရီးကြမ်းနှင့် လာရသဖြင့် ပင်ပန်း နွမ်းနယ်နေရကာ အနားယူလိုနေပြီဖြစ်ကြောင်း ထင်ရှားလေသည်။

စုသန်းက ရယ်မောလိုက်သည်။

'ငါတို့သာ စစ်လီန်တောင်ကိုရောက်သွားရင် ပိုပြီးစိတ်ပျက်သွားဦးမယ်'



'ဟင်....ဘာဖြစ်လို့လဲ ဘိုးဘိုး'

'စစ်လီန်တောင်မှာ လူနေအိမ်ခြေမရှိဘူး၊ သားရဲတိရစ္ဆာန်တွေ ပေါများတယ်၊ တောတောင်တွေ ဖုံးလွှမ်းနေတယ်လေ'

စုစု မျက်မှောင်ကုတ်သွား၏။

'ဘိုးဘိုးပြောတဲ့အတိုင်းဆိုရင် အဲဒါကို စိတ်ပျက်စရာကောင်းမှာပဲ၊ ဒါပေမယ့် ကျွန်မစိတ်မပျက်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ဘိုးဘိုးက စိတ်ပျက်စရာလို့ပြောတော့ ကျွန်မက စိတ်မပျက်တော့တာပေါ့'

'အင်း....ဒါလဲကောင်းတာပဲ'

ကျင်းလုံသည် ခွကျလှသော မြေးအဘိုး နှစ်ယောက်ကို ကြည့်ကာ ရယ်ချင်လာလေသည်။

'ဘဘက စစ်လီန်တောင်ကို ရောက်ဖူးလို့လား'

သူကမေးလိုက်သောအခါ စုသန်း ခေါင်းညိတ်လိုက်လေသည်။

'ဟာ....ရောက်ဖူးတာပေါ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ရှောင်လင်ကျောင်းခဲ့ ပျက်စီးသွားပြီး တာမိုသိုင်းကျမ်း ပျောက်ဆုံးသွားကလည်းက တခြားသိုင်းလောကသားတွေနဲ့အတူ ရောက်သွားခဲ့တာပေါ့'

'တာမိုသိုင်းကျမ်းကို လိုက်ရှာကြပေမယ့် ဘယ်သူမှမတွေ့ခဲ့

မှတ်သားလို့ သိရတယ်၊ တစ်ယောက်ယောက်က တွေ့သွားတာ တော့ မဖြစ်နိုင်ဘူးလား'

စုသန်း ခေါင်းခါယမ်းလိုက်သည်၊

'မဖြစ်နိုင်ပါဘူး၊ တစ်ယောက်ယောက်ကရသွားရင် ခုချိန် လောက်ဆို ပြိုင်ဘက်ကျောင်း သိုင်းသမားတစ်ယောက် ထွက်ပေါ် လာပြီပေါ့'

သူ့စကားက သဘာဝကျနေသဖြင့် ကျင်းလုံ လက်ခံ လိုက်ရလေသည်။

စုသန်းက ဆက်ပြောသည်၊

'တယ်သူမှ ရှာမတွေ့ကြသေးလို့လဲ၊ သိုင်းလောကသားတွေ က ခုချိန်ထိလက်မလျှော့သေးဘဲ ရှာဖွေဖို့ ကြိုးစားနေကြတာ ပေါ့၊ မင်းကော ရှာချင်နေတာပဲ မဟုတ်လား'

ကျင်းလုံ ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်တော် မရှာချင်တော့ဘူး'

'ဟေ...'

'သူများတွေ ဒီလောက်တောင်ရှာချင်နေရင် ကျွန်တော် လိုက်မရှာချင်တော့ဘူး'

'ကောင်းကွာ'

စုသန်းက စုစုဘက်သို့လှည့်ကာ မေးလိုက်လေသည်၊



'ဂါတ်ထိုးထက်ပိုပြီး ရှုးသွပ်နေတဲ့လူတစ်ယောက်ကို ငါ့မြေး တွေ့ဖူးသလား'

စုစု ခေါင်းညိတ်လိုက်သည်၊

'တွေ့ဖူးတယ်၊ သူပေါ့'

ကျင်းလုံအား ညွှန်ပြကာ ပြောလိုက်၏၊

ထို့နောက် မြေးအဘိုးနှစ်ယောက် သဘောကျစွာရယ် မောလိုက်ကြလေသည်၊

ကျင်းလုံက ခပ်တည်တည်ပြောလိုက်သည်၊

'ကျွန်တော်ကတော့ စစ်လိန်တောင်ကို မသွားတော့ဘူး၊ ထိုက်ဝူးမြို့ကို သွားမယ်လို့ စိတ်ကူးတယ်'

'ထိုက်ဝူးမြို့ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဆို မင်းရှူးနေတာ ပိုပြီးထင်ရှားသွားပြီ၊

'ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမလဲ၊ ရှေ့မှာတွေ့နေရတဲ့မြို့ကလေးဟာ ထိုက် ဝူးမြို့ဖြစ်နေလို့ ပေါ့ကွ'

အရှေ့ကက်မှ မြို့ကလေးကိုညွှန်ပြကာ ပြောလျှင် ကျင်းလို ပါးစပ်ပိတ်သွားလိုက်လေတော့သည်။

★

ထိုက်ဝူးမြို့သို့ ကျင်းလိုတို့ရောက်ရှိလာကြသောအခါ အိမ်တိုင်းလိုလို မီးရောင်များထွန်းညှိထားလိုက်ကြပြီဖြစ်လေသည်၊

လမ်းပေါ်၌ လူအများစည်ကားသိုက်မြိုက်စွာ သွားလာနေကြသည်၊

စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၌လည်း လူစည်ကားနေသည်၊

ကျင်းလိုသည် ထိုက်ဝူးမြို့တွင်းသို့ ရောက်လာသောအခါ ညလူ၏စကားများကို ပြန်လည်သတိရလာသည်၊

ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ရင်း လှမ်းလာခဲ့ရာ တစ်နေရာသို့အရောက်တွင် လမ်းဘေးတစ်နေရာ၌ ခန့်ညားထည်ဝါသော အနီရောင် အဆောက်အဦးတစ်ခုရှိနေသည်ကိုတွေ့လိုက်ရလေသည်၊



ထိုအဆောက်အဦးရှေ့တွင်....

'ထိုက်ဝူး ရွှေဓားဂေဟာ'

ဟူ၍ ရေးသားထားသော ဆိုင်းဘုတ်တစ်ခုရှိနေသည်ကို တွေ့ရသည်။

ကျင်းလို တီးတိုးရေရွတ်မိလိုက်သည်၊

စုသန်း၏စကားသံသည်းထွက်ပေါ်လာလေသည်။

'ဟား....ဟား....ဟား၊ ဟန်ကျလိုက်လေကွာ၊ ထိုက်ဝူးရွှေဓားဂေဟာက ခုချိန်ထိ သိုင်းလောကမှာ ရှိနေသေးတာပဲ၊ ငါတို့အတွက် ဒီညတည်းခိုဖို့ စားသောက်ဖို့ မပူရတော့ဘူး'

စုစုက မျက်မှောင်ကုပ်လိုက်သည်၊

'ထိုက်ဝူးဂေဟာက ဘာဖြစ်လို့လဲ'

'ဟဲ...ဟဲ ဂေဟာပိုင်ရှင် ဝမ်းရှာဟာ သိုင်းရူးတစ်ယောက်ဖြစ်ခဲ့လို့ပေါ့'

'ဩြော်....သူကလဲ အရူးတစ်ယောက်ပဲလား'

'ဟုတ်တယ်၊ ဒါကြောင့်လဲ ကျုပ်တို့မိတ်ဆွေတွေဖြစ်ခဲ့ကြတာပေါ့၊ ဒါပေမယ့် သူက ကျုပ်ထက် အသက် ဆယ်နှစ်လောက်ငယ်တယ်လေ'

'ဘိုးဘိုးက ထိုက်ဝူးဂေဟာကို သွားမှာလို့လား'

'ဒါပေါ့၊ ထိုက်ဝူးမြို့ကိုရောက်မှ ထိုက်ဝူးဂေဟာကို မဝင်လို့ ဘယ်ကောင်းပါ့မလဲ'

ကျင်းလုံ ဝမ်းသာသွားသည်။

သူကလည်း ထိုက်ဝူးဂေဟာသို့သွားလိုနေသည် မဟုတ်ပါလား။

'ကဲ....လာ....လာ'

စုသန်းက ရှေ့မှ ဦးဆောင်မှု ဦးဆောင်ကာသွားလျှင် ကျင်းလုံတို့လည်း လိုက်ပါသွားကြလေတော့သည်။

★

ထိုက်ဝူ ရွှေခါးဂေဟာ၌ နေ့ဘက်နှင့်မခြားအောင်မီးရောင်များ ထိန်ထိန်တင်းနေသည်ကို တွေ့ရလေသည်။

ကျင်းလုံကို ရောက်ရှိသွားကြသောအခါ ဧည့်သည်များ ရောက်ရှိနေကြသည်ကို တွေ့ရ၏။

စုစုံ မျက်မှောင်ကုပ်သွားသည်။

'ဘိုးဘိုး....သူတို့မှာ အကြောင်းတစ်ခုခုရှိနေလို့ တွေ့ဆုံဆွေးနွေးနေကြတာထင်တယ်'

သူမတီးတိုးပြောလိုက်သောအခါ စုသန်းက ခေါင်းညိတ်သည်။



'ဟုတ်မယ် ဘာပဲဖြစ်ဖြစ် တို့ရောက်လာမှတော့ ဝင်သွားကြတာပေါ့'

ဂေဟာအတွင်းသို့လှမ်းဝင်လိုက်သောအခါ အစေခံများ ကြိုဆိုလာကြလေသည်။

'ကြွပါခင်ဗျာ...ကြွပါ'

ယဉ်ကျေး ပျူငှာစွာ ဖိတ်ခေါ်နေရာ ထိုင်ခင်းပေးလေသည်။

'ကျွန်မတို့ ပိုက်ဆာနေပြီရှင့်'

စုစုကပြောလိုက်လျှင် အံ့ဩသလို အကဲခတ် ကြည့်လိုက်ကြပြီး....

'တောင်းပန်ပါပြီခင်ဗျာ၊ ကျွန်တော်တို့စီစဉ်ပေးပါ့မယ်'

ချက်ချင်းပင် စားသောက်ဖွယ်ရာများ ယူဆောင်လာလေသည်။

စုစုက ဘာကိုမှ အမှုမထားတော့ဘဲ အားရပါးရ စားသောက်လိုက်လေသည်။

ကျင်းလုံ မင်သက်ရှုက်မိသည်။

စုစုမှာ ငယ်ရွယ်သော မိန်းမချောလေး တစ်ယောက်ဖြစ်သော်လည်း ဘာကိုမှအမှုမထားသည့်အပြင် အစားအသောက်ကိုအလွန်ခုံမင်သူဖြစ်ကြောင်း နားလည်လိုက်သည်။

စုသန်းက အားလုံးကို ဝေ့ကြည့်ကာ ဖင်တကြွကြွ ဖြစ်လာ၏။

ထိုက်ဦးရွှေဓားဂေဟာပိုင်ရှင်က သူ့အား လာရောက်နှုတ်ဆက်ခြင်းမပြု၍ စိတ်ဆိုးသည့်သဘောမျိုးတော့ မဟုတ်ပါချေ။

ရွှေရောင်ဝတ်ဆင်ကာ မုတ်ဆိတ်ဖွားဖွားနှင့်သည့် အဘိုးအိုတစ်ယောက်အား တွေ့မြင်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုအဘိုးအိုမှာ သိုင်းလောကသားများ ကြည်ညိုလေးစားကြရသော နာမည်ကျော်သိုင်းဆရာကြီးတစ်ယောက် ဖြစ်သည်။

ခွန်လွန်သိုင်းပါရဂူ ပါပုဆိုလျှင် လူတိုင်းသိရှိထားကြလေသည်။

သိုင်းလောကမှ ဧည့်သည်များရှိနေသော်လည်း ထိုက်ဦးရွှေဓားဂေဟာပိုင်ရှင် ဝမ်းရှာနှင့်ခွန်လွန်သိုင်းပါရဂူ ပါပုတို့က အဓိကကျနေကြကြောင်းလည်း ပေါ်လွင်နေသည်။

ထိုက်ဦးရွှေဓားဂေဟာပိုင်ရှင် ဝမ်းရှာနှင့် ပါပုတို့ကမျက်နှာချင်းဆိုင်ထိုင်ကာ အချေအတင် ဆွေးနွေးနေကြခြင်း ဖြစ်လေသည်။

သူတို့၏စကားသံများကို ကျင်းလုံတို့အတိုင်းသား ကြားနေရလေသည်။

ထိုက်ဦးရွှေဓားဂေဟာပိုင်ရှင် ဝမ်းရှာသည် အသက် ငါးဆယ်ကျော်ခန့်ရှိပြီဖြစ်သည်။



တည်ကြည်ခန့်ညားသည့် ရုပ်သွင်ရှိပြီး ဘာမဆို တိတိကျကျ လုပ်ကိုင်ဆောင်ရွက်တတ်သူ တစ်ယောက်၏ အသွင်မျိုးလည်းဖြစ်သည်။

ခွန်လွန်သိုင်းပါရဂူ ပါပု၏မျက်နှာလည်း တည်ကြည်လေးနက်၍နေလေသည်။

'မိတ်ဆွေအောင်သွယ်တော် လုပ်ထားတဲ့ကိစ္စကို ပြန်ပြီး ချုပ်သိမ်းလိုက်ဖို့ ကျုပ်မေတ္တာရပ်ခံချင်ပါတယ်'

ရွှေဓားဂေဟာပိုင်ရှင် ဝမ်းရှာမျက်မှောင် ကုပ်သွားသည်။

'အောင်သွယ် ကိစ္စနဲ့ မိတ်ဆွေတို့ ရောက်လာကြတာကို ကျုပ်အံ့ဩမိပါတယ်ဗျာ၊ ဒီကိစ္စဟာ ကျုပ်ဘယ်လိုမှ နားမလည်နိုင်တဲ့ကိစ္စတစ်ခုဖြစ်နေတယ်'

ပါပု မကျေမနပ်ဖြစ်သွားလေသည်။

'မိတ်ဆွေကိုယ်တိုင်လုပ်ထားပြီး မသိဘူးလို့ပြောတာ ရယ်စရာကောင်းမနေဘူးလားဗျာ'

'နေပါဦး ဘယ်လိုကိစ္စလဲဆိုတာ ရှင်းရှင်းလင်းလင်းပြောစေချင်ပါတယ်'

'ဪ... ခင်ဗျား ရှင်းရှင်းလင်းလင်းသိချင်တယ် ဆိုရင်လဲ ပြောရသေးတာပေါ့၊ ထင်းကျန်ဂိုဏ်းချုပ်နဲ့ ရှေကျိုးဂိုဏ်းကသခင်မလေးတို့ရဲ့ မင်္ဂလာကိစ္စပါပဲ'

ဝမ်းရှာက ချက်ချင်းငြင်းလိုက်လေသည်။

'ဟာ...ဒီကိစ္စ ကျုပ်နဲ့ဘာမှမဆိုင်ဘူး'

ပါပုလက်ကာပြလိုက်၏။

'မဆိုင်ဘူးလို့ မပြောပါနဲ့ဗျာ။ ခင်ဗျားအောင်သွယ်တော် လုပ်သွားခဲ့တာကို သိုင်းလောကသားတိုင်း သိကြပါတယ်ဗျာ'

ဝမ်းရှာ မကျေမနပ်ဖြစ်သွား၏။

ထိုစဉ်....

'ရွှေဓားဂေဟာကိုလာပြီး စွပ်စွဲပြောဆိုနေတာမကောင်း ပါဘူး၊ ကျွန်တော်တို့ဟာ ဘယ်တုန်းကမှ မတရားမလုပ်ဖူး ဆိုတာ လူတိုင်းသိကြပါတယ်'

လူငယ်တစ်ယောက်က ထိုင်ရာမှထကာ ပြောလိုက်သည်။

ထိုလူငယ်ကား ရွှေဓားဂေဟာပိုင်ရှင် ဝမ်းရှာ၏သားဝမ်း လီဖြစ်သည်။

ဝမ်းလီသည် လူငယ်ပီပီ ဖခင်အတွက် မခံမရပ်နိုင်သဖြင့် ထပြောလိုက်ခြင်းဖြစ်လေသည်။

ပါပုက ဝမ်းလီအား တစ်ချက်ကြည့်ပြီး ဘာမှမပြော ဝမ်းရှာဘက်ကိုလှည့်ကာ စိုက်ကြည့်လိုက်၏။

သူ၏အကြည့်အား အဓိပ္ပာယ်များစွာ ပါဝင်နေပါသည်။ ဝမ်းရှာ၏အသံ ထွက်ပေါ်လာလေသည်။



'ဝမ်းလီ လူကြီးတွေစကားပြောနေတာကို မင်းဝင်ရှုပ်ရ သလား၊ မင်းရဲ့အပြုအမူဟာ အတော် ကိုရိုင်းစိုင်းနေပြီ ခုချက် ချင်းတောင်းပန်လိုက်စမ်း'

သားဖြစ်သူအား မာန်မဲလိုက်ခြင်းဖြစ်လေသည်။

ဝမ်းလီမျက်နှာပျက်သွား၏။

သို့သော် ဖခင်စကားနားထောင်သည့် သားအလိမ္မာတစ် ယောက်ဖြစ်ရကား စိတ်လျှော့ကာ ပါပုကိုဦးညွှတ် တောင်း ပန်လိုက်လေသည်။

'ကျွန်တော်အလိုက်မသိဘဲ ကြားဝင်ပြောဆိုမိတာ ရိုင်း စိုင်းသွားလို့ တောင်းပန်ပါတယ်ခင်ဗျာ'

ပါပုက ရယ်မောလိုက်လေသည်။

'ဟား...ဟား....ဟား....တောင်းပန်စရာမလိုပါဘူး ကျုပ် က ခွင့်လွှတ်ပြီးသားပါ'

သူက ဝမ်းရှာကို လှမ်းပြောလိုက်သည်။

'မိတ်ဆွေ ခင်ဗျားမှာ သားအလိမ္မာတစ်ယောက် ရထား တာ အားကျစရာပဲဗျ'

ဝမ်းလီ၏ အပြုအမူကို ဗွေမယူပဲ ခွင့်လွှတ်လိုက်သည့် သဘောဖြစ်လေသည်။

ပါပုနှင့်ဝမ်းရှာတို့ ပြေလည်မှု ပြန်လည်ရရှိသွားကြသည်။

တင်းမာမှုများ ရုတ်ခြည်းလျော့ပါးသွားကြ၏။

ဝမ်းရှာက ချောင်းတစ်ချက်ဟန့်ကာ ပြောသည်။

'ထင်းကျန့်ဂိုဏ်းချုပ်နဲ့ ရွှေကျီးဂိုဏ်းရဲ့ မင်္ဂလာကိစ္စမှာ ကျုပ်က ကြားဝင်မဆောင်ရွက်ပေးတာလေး တစ်ခုတော့ရှိခဲ့ပါတယ်၊ ဒါပေမယ့် အောင်သွယ်တော် လုပ်ခဲ့တာမဟုတ်ပါဘူး။ ဒီကိစ္စကို ကျုပ်ရှင်းပြပါရစေ'

ပါပုက ခေါင်းညိတ်လိုက်၏။

ဝမ်းရှာက ရှင်းပြလေသည်။

ကျင်းလုံလည်း စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

'ရွှေကျီးဂိုဏ်းချုပ်ဟာ တစ်နေ့မှာ ကျုပ်ဆီ ရောက်လာတယ်၊ ထင်းကျန့်ဂိုဏ်းချုပ်နဲ့သူ ပတ်သက်ခဲ့တဲ့ ကိစ္စတစ်ခုကို ပြောပြခဲ့တယ်၊ ထင်းကျန့်ဂိုဏ်းချုပ် ကောင်းဖုံးဟာ တစ်ချိန်က ထင်းကျန့်ဂိုဏ်းကို မထူထောင်ရခင် သိုင်းပညာလေ့ကျင့်နေချိန်မှာ အတွင်းအား တိုးပွားစေတဲ့ ဆေးတစ်မျိုးနဲ့ ပတ်သက်ပြီး ရယူနိုင်အောင်ရွှေကျီးဂိုဏ်းချုပ် တုတုရှောင်ကလမ်းညွှန်ပေးခဲ့ဘူးတယ်၊ 'ဒီဆေးတစ်မျိုးကို ရခဲ့လို့လဲ ကောင်းဖုံးဟာ ကောင်းကင်ဓားပညာကို လေ့ကျင့် အောင်မြင်နိုင်ခဲ့တာဆိုတော့ ကျေးဇူးရှိသလိုဖြစ်နေခဲ့တယ်'



ပါပု အံ့သြသွားလေသည်။

'ဒီကိစ္စကို ကျုပ်တို့မသိပါလား၊ သူတို့အချင်းချင်း ပတ်သက်ခဲ့ကြတာကိုး'

'ဟုတ်ပါတယ်ဗျာ၊ ထင်းကျန့်ဂိုဏ်းချုပ် ကောင်းဖုံးဟာ ကျေးဇူးတင်တဲ့အတွက် တစ်ချိန်မှာ ပြန်ပြီးကူညီမယ်လို့ ကတိပေးခဲ့တယ်'

ကျင်းလုံသည် ရွှေကျီးဂိုဏ်းသားများနှင့် ထမင်းချက်စန်မင်းတို့သားအဖ ပြဿနာဖြစ်ခဲ့ပုံများကို ပြန်လည်မြင်ယောင်လာပြီး ရွှေကျီးဂိုဏ်းအပေါ် မနှစ်မြို့နိုင်အောင် ဖြစ်လာလေသည်။

ဝမ်းရှာက ဆက်ပြောသည်။

'ကောင်းဖုံးဟာ ထင်းကျန့်ဂိုဏ်းချုပ်အဖြစ် အောင်မြင်လာတဲ့အချိန်မှာ ရွှေကျီးဂိုဏ်းကတော့ မသင့်မြတ်သူတွေရှိနေလို့ ရန်သူတွေပေါများနေခဲ့တယ်လို့ ဆိုနိုင်ပါတယ်၊ ရွှေကျီးဂိုဏ်းချုပ်ဟာ သိုင်းလောကမှာ ဆက်ပြီးရပ်တည်ဖို့ ခက်ခဲနေတာကြောင့် ထင်းကျန့်ဂိုဏ်းရဲ့ အကူအညီလိုချင်တယ်၊ ထင်းကျန့်ဂိုဏ်းနဲ့ပတ်သက်နေမယ်ဆိုရင် ဘယ်သူကမှ နှောင့်ယှက်ဝံ့တော့မှာ မဟုတ်ဘူးလို့ ယုံကြည်ထားတယ်၊ ဒါကြောင့် သူတို့ ပြန်ပြီးကူညီ၏အနေနဲ့ သမီးနဲ့လက်ဆက်ပေးချင်တယ်၊ သူကိုယ်တိုင် မပြောဝံ့တာနဲ့ ထင်းကျန့်ဂိုဏ်းချုပ်ကိုပြောဖို့ ကျုပ်ကိုလာပြီး အကူအညီတောင်းတာပဲ'

ပါပု ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားက သွားပြောခဲ့တယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ၊ ရွှေကျီးဂိုဏ်းချုပ်က နားပူနားဆာ လုပ်နေတာနဲ့ ကျုပ်က ထင်းကျန့်ဂိုဏ်းကိုသွားပြီး လည်ပတ်တုန်းကြုံကြိုက်တာနဲ့ ကျုပ်က ထင်းကျန့်ဂိုဏ်းချုပ်ကိုပြောခဲ့တယ်၊ ခင်ဗျားသိပါတယ်၊ ထင်းကျန့်ဂိုဏ်းချုပ်ဟာ လူကြီးလူကောင်းဆန်ပြီး ကတိတစ်လုံးကို အင်မတန်တန်ဖိုးထားတဲ့ လူတစ်ယောက် မဟုတ်လား၊ ရွှေကျီးဂိုဏ်းချုပ်က အကူအညီ လိုတဲ့အခါ ဘယ်လိုအကူအညီမျိုးကိုမဆို ပြန်ပေးပါမယ်လို့ ကတိပေးခဲ့တာကြောင့် သူ့ကတိကို လေးစားတဲ့အနေနဲ့ မဂ်လာကိစ္စကို လက်ခံလိုက်တာပဲ'

ပါပု ဆက်ပြင်းချလိုက်လေသည်။

'မင်္ဂလာကိစ္စရဲ့နောက်ကွယ်မှာ အခုက ကတိတော်းတွေ ရှိခဲ့ကြတာကို၊ ဒါပေမယ့် အသက်ချင်းကွာလှတော့ သိုင်းလောကမှာ ပြောဆိုဝေဖန်စရာတွေ ဖြစ်နေတယ်၊ ထင်းကျန့်ဂိုဏ်းချုပ်အပေါ် အကြည်ညိုပျက်စရာတွေ ဖြစ်နေတယ်၊ ဒီမင်္ဂလာကိစ္စဟာ ဘယ်နည်းနဲ့မှ သဘာဝမကျဘူး၊ ထင်းကျန့်ဂိုဏ်းချုပ်က ကတိကြောင့်သာ လက်ခံခဲ့ပေမယ့် စိတ်ပါလို့ မဟုတ်ဘူး၊ ကျုပ်တို့ကလဲ သဘောမကျနိုင်ကြဘူး၊ ထင်းကျန့်ဂိုဏ်းချုပ်ကိုယ်တိုင်က အိမ်ထောင်ရေးကို ဘယ်တုန်းကမှစိတ်



မဝင်စားခဲ့သလို သူ့ရဲ့အသက်အရွယ်နဲ့လဲ လိုက်ဖက်မညီတော့ ဘူး'

ဝမ်းရှာ သဘောတူလေသည်။

'ဟုတ်ပါတယ်ဗျာ၊ ဂိုဏ်းချုပ်ကောင်းနိုးဟာ ထက်ကယ့်ကို ကြည်ညိုလေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်ပါပဲ၊ အသက်ကြီးမှ မိန်းမငယ်ငယ်လေး ယူတယ်ဆိုတာ ရှက်စရာ တစ်ခုပါပဲ၊ အမည်းစက်တစ်ခုလို ဖြစ်သွားမယ်ဆိုတာ ကျုပ် တွေးမိပါတယ်၊ ကျုပ်ပြောခဲ့မိတာကိုသဲ စိတ်မကောင်းဖြစ်မိ ပါတယ်ဗျာ'

ပါပု ထောက်ကာပြောလိုက်သည်။

'မိတ်ဆွေ ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ အဖြစ် မှန်ကို ကျုပ်တို့ရှင်းသွားပါပြီ၊ မိတ်ဆွေကို အပြစ်တင်စရာမရှိ တော့ပါဘူး၊ ရွှေကျီးဂိုဏ်းကိုသွားပြီး နောက်ဆက်လိုက်ဖို့ မျှော်ဖွယ်ရတော့မှာပဲ'

'ကျုပ်အပေါ် နားလည်မှုရှိတာ ဝမ်းသာပါတယ်ဗျာ'

ပါပုနှင့်ဝမ်းရှာတို့ ပြေလည်မှုရသွားသဖြင့် ရွှေခါးဂေဟာ မှသိုင်းသမားများနှင့် ပါပုနှင့်လိုက်ပါလာကြသော သိုင်း သမားများလည်း ဝမ်းသာသွားကြလေတော့သည်။

ဝမ်းမသာနိုင်သူက ကျင်းလုံဖြစ်လေသည်။

'သူတို့ချင်း အဆင်ပြေစိတ်သွား ထင်းရင်းကျွန်းဂိုဏ်းချုပ်ကို ဖျက်ဆီးပစ်ဖို့ မဖြစ်နိုင်တော့ဘူး'

ထင်းကျွန်းဂိုဏ်းချုပ်အား မုန်းတီးနေသည်ဖြင့်ရတား ဒုက္ခရောက်စေလိုစိတ်ကသာ ကြီးစိုးနေလေသည်။

ပါပုန့်ဝမ်းရှာတို့အား ရန်တိုက်ပေးရန် ကြိုးစားရမည်ဟု ညလူက မှာကြားခဲ့ပါသည်။

ပါပုန့်ဝမ်းရှာတို့ အချင်းချင်းသည်နှင့် အခြေအနေရှုပ်ထွေးသွားလိမ့်မည်ဖြစ်ရာ ထင်းကျွန်းဂိုဏ်းချုပ်မှာ မင်္ဂလာဘိစွကို လက်မခံရှဲမရတော့ဘဲ အကြွင်းရိုက်သွားပေလိမ့်မည်။

သိုင်းလောကဌ် အရှက်တကွဲအကျိုးနည်း ဖြစ်ရပေမည်။

ကျင်းလုံက ပါပုန့်ဝမ်းရှာကို ရန်တိုက်ပေးလိုက်သော်လည်း ရုတ်တရက် မည်သို့ကြံစည်ရမှန်းမသိ ဖြစ်နေ၏။

ထိုစဉ်...

'တော်တော်ရှုပ်ကဲ့ လူတွေပဲ'

စုစု၏ တီးတိုးရေရွတ်သံ ထွက်ပေါ်လာလေသည်။

ကျင်းလုံမှာ ပမျှော်လင့်ဘဲ အကြံတစ်ခုပေါ်လာ၏။

'ဟုတ်ပြီ၊ သူတို့ခြေအတိုးကို အသုံးချရမယ်'

ချက်ချင်းပင် စုသန်းအား လှမ်းပြောလိုက်သည်။

'ဘာဘာ...သိုင်းပညာဆိုတာ ကတိတည်ရမယ်၊ သစ္စာရှိရမယ် မဟုတ်လား'



စုသန်းသည် ကျင်းလုံ၏အကြံကိုမသိဘဲ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ရှုံးနေတယ်ပဲထားဦး သိုင်းလောကမှာနေရင် ကတိတည်ရမယ်၊ သစ္စာရှိရမှာပေါ့'

အကွက်ဝင်သွားပြီဖြစ်၍ ကျင်းလုံဝမ်းသာသွားလေသည်။

'သူတို့ကတော့ ကတိမတည်ကြပါလား၊ ပြီးတော့ ကျေးဇူးတရားလဲ နားမလည်ဘူး၊ ကိုယ်ကျိုးကိုပဲကြည့်ကြတယ်'

'ဟုတ်တယ်တိုတို'

စုစုက ဘာမသိဘာမသိ ထောက်ခံလိုက်လေသည်။

စုသန်း မျက်မှောင်ကုတ်သွားသည်။

ကျင်းလုံ မြှောက်ပင့်ပေးလိုက်သည်။

'လူကောင်းတွေလုပ်ပြီး ကတိမတည်ရင် အရှုံးသိုင်းသမားလို့ သတ်မှတ်ခံထားရတဲ့ ဘာဘာက လက်မခံနိုင်ပေါ့'

အများနှင့်မတူ တစ်မူထူးနေသော စုသန်းသည် ကျင်းလုံ၏စကားကို သဘောကျသွား၏။

'ဟုတ်သားပဲ၊ သူတို့က လူကောင်းတွေဆိုရင် ကတိတည်ရမှာပေါ့၊ ကတိမတည်ဘူးဆိုရင် လူကောင်း ဘယ်ဟုတ်မလဲ'

'ဟုတ်တယ် ဘာဘာ၊ သူတို့ကိုယ်သူတို့ သိုင်းသမားတွေလို့ ပြောနေကြတာ ရှက်စရာကောင်းသေးတယ်၊ ဆုံးမလိုက်စမ်းပါ'

စုစုကလည်း ဘာမသိဘာသိ ငေးမောနေသည်။

စုသန်း ထိုင်ရာမှထရပ်ကာ ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

ထိုကဲ့သို့ ရှေးခါးဝေးယာပုံရှင် ဝမ်းရှာတို့ ခွန်လွန်းသိုင်းပါရဂူ မာပုတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

စုသန်းက...

'ဘယ်လိုလဲ...ထင်ရှားကဲ့သိုင်းသမားတွေက မနေကောင်းဘဲ လုပ်နေကြပါလား၊ ဝမ်းရှာ ခင်ရဲ့သဘောထား ပြောင်းလဲမှုက မြန်လှချည်လား'

ဟူ၍ အော်ပြောလိုက်ခြင်း ဖြစ်လေသည်။

ဝမ်းရှာ၏သား စိတ်ဆတ်သောဝမ်းလီက ဖခင်အား စော်ကားမော်ကား ပြောဆိုလာသည်ကိုတွေ့ရလျှင် ခံပြင်းသွားကာ ချက်ချင်းရှေ့သို့လှမ်းလိုက်လေသည်။

'ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ကျုပ်အဖေကို စော်ကား မော်ကား ပြောနေရတာလဲ၊ ဒုက္ခ ရောက်ချင်ပြီထင်တယ်'

ဤတွင် စုစုကလည်း ထိုင်ရာမှ ခုန်ထလိုက်သည်။

'ကျွန်မအတိုးကို ဒုက္ခရောက်မယ်လို့ ကြုံးဝါးတာ ဘယ်သူလဲ၊ ကျွန်မက လက်ပိုက်ကြည့်နေမယ်ထင်သလား'



စုစုနှင့် ဝမ်းလီတို့ ရင်ဆိုင်မိလိုက်ကြသည်။

စုသန်းက ဟန့်တားခြင်းမပြုသေးသော်လည်း ဝမ်းရှာက ဟန့်တားလိုက်သည်။

'သား... ဝမ်းလီ နောက်ဆုတ်လိုက်စမ်း'

သူက ထိုင်ရာမှထရပ်ကာ စုသန်းအား ဂါရဝပြုလိုက်လေသည်။

'ဘယ်သူများလဲမှတ်တယ်၊ မိတ်ဆွေကြီး စုသန်းရောက်နေတာကိုး၊ ကျုပ်က အမှုမဲ့အမှတ်မဲ့နဲ့ နှုတ်မဆက်မိတာ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ကွာ'

'ဟား...ဟား... ဟား'

စုသန်းက ရယ်မောလိုက်သည်။

'ကျုပ်က တောင်းပန်မယ့်လူမဟုတ်ပါဘူးလေ၊ ခင်ဗျားက ရွှေကျိုးဂိုဏ်းချုပ်သမီးနဲ့ ထင်းကျန်ဂိုဏ်းချုပ်တို့မင်္ဂလာပွဲကို ဘာကြောင့်ပျက်စီးစေချင်ရတာလဲ၊ မင်္ဂလာပွဲ ပျက်သွားရင် ရွှေကျိုးဂိုဏ်းချုပ်တို့ သားအဖ ဘယ်လောက်နစ်နာသွားမယ်ဆိုတာ မတွေးမိဘူးလား'

မာပု မကျေမနပ်ဖြစ်သွားသည်။

'စုသန်း ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်တာကောင်းလိမ့်မယ်၊ သိုင်းလောကနဲ့ အများနဲ့သက်ဆိုင်တဲ့ကိစ္စမှာ မှုမမှန်တဲ့ ခင်ဗျားဝင်ပါလာစရာမလိုဘူးလို့ ကျုပ်ထင်တယ်'

စုသန်းသည် အညီးသိုင်းသမားဟု အမည်ရှိသည့်အတိုင်း သူ၏စိတ်ထဲ ထင်ရာပြုလုပ်တတ်ကြောင်း ဝမ်းရှာနှင့် ပါပုတို့ ကောင်းစွာနားလည်ထားကြသည်။

ဝမ်းရှာက စုသန်းနှင့်တစ်ချိန်က ခင်မင်ရင်းနှီးမှုရှိခဲ့သော်လည်း ပါပုမှာမူ တည်ကြိမ်တစ်ခါမှ ဆက်ဆံခဲ့ဘူးခြင်းမရှိဘဲ နဂိုကပင် ခပ်တန်းတန်းနေခဲ့သူဖြစ်လေသည်။

ပါပုသည် သိုင်းလောကကြီးကို ဦးထိပ်ပန်ဆင်းဆောင်ရွက်လျက်ရှိသော အဖြူရောင်ထိပ်တန်း သိုင်းသမားကြီးတစ်ယောက်ဖြစ်ရကား ကိုယ့်သဘောနှင့်ကိုယ် ထင်ရာလုပ်နေသည့် စုသန်းနှင့်ပတ်သက်ဆက်ဆံခြင်းကလည်း တမင်ရှောင်ရှားခဲ့ခြင်းဖြစ်သည်။

ယခု စုသန်းက ကြားဝင်ရှုပ်လာသောအခါ သူကသက်မခံနိုင်သဖြင့် ခပ်ပြတ်ပြတ်ပြောလိုက်ခြင်းဖြစ်သည်။

စုသန်း ဒေါပွသွားသည်။

'ကျုပ်ဝင်ရှုပ်တော့ကော မင်းဘာလုပ်ချင်သလဲ'

ခပ်ပြက်ပြက်ပင် ပြန်ပြောလိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်တွေ့လိုက်ကြပြီ ဖြစ်သည်။

'ခဏနေကြပါဦးဗျာ'

ဝမ်းရှာက အိမ်ရှင်ပီပီ အချင်းမများရလေအောင် ကြားဝင်ဖြန်ဖြေပေးဖို့ ကြိုးစားလိုက်သော်လည်း စုသန်းရော ပါပုက အမှုမထားကြပေ။



'အရူးသိုင်းသမား ဒီနေရာဟာ ခင်ဗျားနဲ့ဘာမှမပတ်သက်ဘူး၊ ဒီနေရာကနေ မြန်မြန်ထွက်သွားရင်ကောင်းမယ်'

ပါပုက မောင်းထုတ်လိုက်သည်။

စုသန်း ပို၍ဒေါပွသွားသည်၊

ထိုင်ခုံ၌ ဝုန်းခနဲပြန်လည်ထိုင်ချကာ မဲ့ရွဲ့ပြီး ပြောလိုက်လေသည်။

'ကျုပ်ထွက်မသွားဘူးဆိုတော့ မင်းကဘာလုပ်မလဲ'

ပါပုက ရပ်လိုက်သည်။

'သိုင်းလောက အေးချမ်း သာယာနေတာကို ဖျက်စီးအောင်လုပ်ရင် ဘယ်သူကိုမှ ကျုပ်ကလက်မခံဘူးဆိုတာ မှတ်ထားပါ'

စုသန်းက အရွဲ့တိုက်ကာပြောလိုက်သည်။

'ကျုပ်က လုပ်မယ်ဆိုယင်ကော'

'ကောင်းပြီ၊ ခင်ဗျားကို ဆုံးမရမှာပဲ၊ သိုင်းလောကမှာ ဘယ်သူ့ကိုမှ အမှုမထားဘဲ ထင်ရာဆိုင်းနေတဲ့သူတွေကို ကျုပ်ဆုံးမခဲ့တာများပြီ၊ ဒီတစ်ခါတော့ ခင်ဗျားအလှည့်ပဲ ဖြစ်လိမ့်မယ်'

'ဟား....ဟား....ဟား'

စုသန်းက ဟားတိုက်ရယ်မောလိုက်သည်။

'ကျုပ်ကို မဆုံးရတဲ့ ခင်ဗျားတာဆုံးမခံနေရဦးမယ်နော်'

'ကြည့်ကြသေးတာပေါ့လေ'

ပါပုသည် စုသန်းဝင်ရောက်နှောင့်ယှက်ပါက မင်္ဂလာကိစ္စ ကာဒေါက်ကမဖြစ်ရတော့မည်ဟုတွေးကာ လက်ဦးအောင် တိုက်ခိုက်လိုက်သည်။

ခွန်လွန်လက်သိုင်းကို အသုံးပြုကာ သိုင်းကွက်သုံးကွက် တိတိ ဆက်တိုက်ထုတ်ဖော်ကာ တိုက်ခိုက်လိုက်သည်။

'ဟူး....ဟူး....ဟူး'

လေတိုးသံများထွက်ပေါ်လာပြီးအရိပ်များသည်စုသန်း၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

'ဟား....ဟား....ဟား'

စုသန်းက ကြောက်ရွံ့ခြင်းမရှိသည့်အပြင် ဟားတိုက်ရယ်မောလိုက်လေသည်။

'ခွန်လွန်လက်ဝါးသိုင်းက မဆိုးပါဘူး၊ ဒါပေမယ့်ကျုပ်ရဲ့ အရှုံးလက်ဝါးသိုင်းကိုလဲ မြည်းကြည့်ပါဦး'

လက်တစ်ဖက်ဆန့်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဟူး....'

သူ၏လက်ဝါးသည် ပါပု၏လက်ဝါးရိပ်များကြားမှ ထိုးဖောက်ထွက်ပေါ်လာလေသည်။



စုသန်းက မည်သို့ချေဖျက်လိုက်မှန်းမသိနိုင်လောက်အောင်ပင် ပါပု၏လက်ဝါးရိပ်များ ပျောက်ကွယ်သွားကာ စုသန်း၏ လက်ဝါးက ပါပု၏ရင်ဝကို တိုက်ခိုက်ပြီးသား ဖြစ်သွားတော့သည်။

'ဟင်....'

ပါပု ရင်ထိတ်သွားသည်။

အခါခြားအခနေမဟုတ်မှန်းသိ၍ ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း အနည်းငယ် နောက်ကျသွားသဖြင့် စုသန်း၏လက်ဝါးမှာ သူ၏ဝဲဘက်ပခုံးအား ရိုက်ချလိုက်မိလေတော့သည်။

'ဝုန်း....'

'အင့်....'

မသိမသာ ညည်းညူသံနှင့်အတူ ပါပုမှာ ခယီးခယိုင်ဖြင့် နောက်ဆုတ်သွားရတော့သည်။

'ဟား....ဟား....ဟား'

စုသန်းက ဟားတိုက်ရယ်မောလိုက်သည်။

'ခွန်လွန်သိုင်း ပါရဂူကလဲ လမ်းဘေး သိုင်းသမား တစ်ယောက်လောက်တောင် မစွံပါလားဗျ'

ပါပု၏မျက်နှာကြီး မည်းမှောင်သွားလေတော့သည်။

ဝမ်းရှာ မနေနိုင်တော့ဘဲ ကြားဝင်လိုက်ရလေသည်။

'ခဏနေပါဦးဗျာ'

ယခုတစ်ကြိမ် ပါပု ဘာမှမပြောဘဲ နောက်ဆုတ်လိုက်၏။ စုသန်းက ဝမ်းရှာအား မျက်မှောင်ကုပ်ကာ ကြည့်လိုက်သည်။

'ခင်ဗျားကကော'

ဝမ်းရှာက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

'မိတ်ဆွေကြီး စုသန်း ရွှေကျီးဂိုဏ်းချုပ်ဟာ....'

'တော်ပြီ...မပြောနဲ့တော့၊ မင်္ဂလာကိစ္စကို ထင်းကျန့်ဂိုဏ်းချုပ်ကိုယ်တိုင်သဘောတူထားတာပဲ၊ ခင်ဗျားတို့က ဘာလာရှုပ်နေကြတာလဲ'

ဝမ်းရှာက ရှင်းပြလိုက်လေသည်။

'ရွှေကျီးဂိုဏ်းချုပ်ဟာ ထင်းကျန့်ဂိုဏ်းကို ကျောထောက်နောက်ခံပြုချင်တာနဲ့ မင်္ဂလာကိစ္စ တောင်းဆိုခဲ့တာ သေသေချာချာစဉ်းစားကြည့်ရင်သဘာဝမကျပါဘူးဗျာ၊ ကျုပ်က...'

'နေပါဦး ခင်ဗျားက လုပ်တုန်းကလုပ်ခဲ့ပြီး ခုမှဘာတွေလျှောက်ပြောနေတာလဲ'

'ကျုပ်....'

ဝမ်းရှာလည်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။



စုသန်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ကတော့ လက်မခံဘူး၊ စကားတစ်ခွန်းပြောပြီးရင် ပြောတဲ့အတိုင်းပဲဖြစ်ရမယ်၊ ထင်းကျန့်ဂိုဏ်းချုပ်ဟာ ဗလောင်းဗလဲလုပ်တတ်တဲ့ လူတစ်ယောက်ဆိုရင် သိုင်းလောကမှာ ဘာကြောင့် နာမည်ကြီးနေရတာလဲ'

အခြေအနေ စောင့်ကြည့်နေသည့် ကျင်းလုံမှာ ဝမ်းသာအားရဖြစ်နေတော့သည်။

စုသန်းကြောင့် ပါပုနှင့်ဝမ်းရှာတို့သည်အခက်ကြုံသွားကြပြီး မင်္ဂလာပွဲကိစ္စကို စောဒကတက်နိုင်ကြတော့မည် မဟုတ်ပါချေ။

ပါပုနှင့်ဝမ်းရှာတို့ အခက်ကြုံနေကြသည်ကိုမြင်လျှင် ဝမ်းသီက ရှေ့တိုးလာ၏။

စုသန်းအား ဦးညွတ်ရင်း ပြောလိုက်သည်။

'သိုင်းလောကမှာ အရူးသိုင်းသမားဆိုတာ လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့ပါတယ်ဗျာ၊ ထင်းကျန့်ဂိုဏ်းချုပ်ရဲ့ မင်္ဂလာပွဲကိစ္စဟာ တွေးကြည့်ရင် ဘယ်နည်းနဲ့မှသဘာဝမကျပါဘူး၊ ဒါကို ဦးတွေးကြည့်လို့ရပါတယ်၊ သိုင်းလောကသားတစ်ယောက်အတွက် နာမည်သာ အရေးအကြီးဆုံးပါ၊ ထင်းကျန့်ဂိုဏ်းချုပ်ဟာကိုယ့်သမီးအရွယ်လောက်ရှိတဲ့မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်မယ်ဆိုရင် လူ့ကျင့်ဝတ်အရ သိက္ခာကျဆင်းသွားမှာပါ၊ ထင်းကျန့်ဂိုဏ်း ပေါ်ပေါက်လာ

မှပဲ သိုင်းလောက အေးချမ်း သာယာလာတာကို အားလုံး အသိပါပဲ၊ ထင်းကျှန့်ဂိုဏ်းချုပ်သာ သိုင်းလောကကအနားယူသွားရင် အနက်ရောင် သိုင်းလောကသားတွေ ခေါင်းထောင်လာကြမှာပဲ၊ ဒါဆိုရင် သိုင်းလောကရဲ့အေးချမ်းသာယာမှု ပျက်ပြားသွားမယ်ဆိုတာ ပြောစရာမလိုတော့ပါဘူး'

ဝမ်းလီ၏စကားကို အားလုံး ခေါင်းညိတ်ထောက်ခံလိုက်ကြ၏။

စုသန်းကိုယ်တိုင်လည်း ငိုင်ကျသွားသည်။

ထင်းကျှန့်ဂိုဏ်း အောင်မြင်လာပြီးသည့်နောက်ပိုင်း လူဆိုးဓားပြများ၊ အနက်ရောင် သိုင်းသမားများအား ပြတ်ပြတ်သားသား ချေမှုန်းပစ်ခဲ့ရာ သိုင်းလောက အေးချမ်းသွားခဲ့သည်။

ထင်းကျှန့်ဂိုဏ်းသာဂိုဏ်းသတင်းမှေးမှိန်သွားပါက အနက်ရောင် သိုင်းသမားများ ပြန်လည် ခေါင်းထောင်လာကြမည်မှာ သေချာလှပေသည်။

ဝမ်းလီက ထပ်မံဦးညွှတ်လိုက်သည်။

'ကျေးဇူးပြုပြီး သိုင်းလောကကောင်းကျိုးရှေ့ရှုလို့ ထင်းကျှန့်ဂိုဏ်းချုပ်ရဲ့ မင်္ဂလာကိစ္စကို....'

သူ၏စကားမဆုံးမီ စုသန်းက ကြားဖြတ် ပြောလိုက်လေသည်။

'နေပါဦး....ထင်းကျှန့်ဂိုဏ်းချုပ်က ဘာကြောင့်အနားယူ



ရမှာလဲ ပြောစမ်းပါဦး'

ဝမ်းလီက ရှင်းပြလိုက်သည်။

'ဂိုဏ်းချုပ်ကြီးဟာ ပေးခဲ့မိတဲ့ကတိကြောင့် ရှေ့ကျီးဂိုဏ်းချုပ်ရဲ့ ပြောင်းဆိုချက်ကို လိုက်လျှောခဲ့ရပေမယ့် မင်္ဂလာကိစ္စဟာ ဘယ်နည်းနဲ့မှ သဘာဝမကျတာကို သိထားပါတယ်၊ ဒါကြောင့်လဲ မင်္ဂလာကိစ္စပြီးတာနဲ့ သိုင်းလောကက အနားယူဖို့ စီစဉ်ထားတာပါပဲ'

'မင်္ဂလာကိစ္စမရှိရင် အနားယူဖို့ဆိုတာ မရှိဘူးပေါ့'

'ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးဟာ အများအကျိုးဆောင် ရှင်ငင်း သိုင်းလောကထဲမှာ တစ်သက်လုံးနေထိုင်သွားချင်တဲ့ လူတစ်ယောက်ပါပဲ'

ယခု ခွန်လွန်သိုင်းပါရဂူနှင့် သူ၏ မိတ်ဆွေများက ထင်းကျှန့်ဂိုဏ်းချုပ်၏မင်္ဂလာပွဲမဖြစ်စေလိုသည်မှာအဘယ်ကြောင့် ဆိုသည်ကို အားလုံးတို့ နားလည်လိုက်ကြ၏။

ကျောင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

'သိုင်းလောကထဲမှာ မနေရဲအောင် အရှက်တကွဲ အကျိုးနည်းစေပြီး ရှောင်တိမ်းသွားတာမျိုး ဖြစ်ကိုဖြစ်ရမယ်'

စိတ်ထဲမှ ကြုံဝါးလိုက်လေသည်။

သူ၏မိဘများ သေဆုံးသွားရခြင်းမှာ ထင်းကျှန့်ဂိုဏ်းချုပ်ကြောင့်ဟူ၍ အမုန်းကြီးမုန်းတီးနေခြင်း ဖြစ်ပါတော့သည်။

ဝမ်းလီ၏ ရှင်းပြမှုကြောင့် စုသန်း ငေးငိုင်သွားသည်ကို မြင်လျှင် ကျောင်းလုံမနေနိုင်တော့ပါချေ။

'ကျုပ်တို့ ဒီနေရာမှာဆက်နေလို့ အကြောင်းထူးမှာမဟုတ်ဘူး သွားကြရအောင်'

စုစုအား လှမ်းပြောလိုက်လေသည်၊

စုစုခေါင်းခါယမ်းလိုက်၏၊

'ဒီလိုထွက်သွားလို့ ဘယ်ဖြစ်ပါမလဲ'

'ဘာဖြစ်လို့လဲ'

'သူတို့ပြောသလို မင်္ဂလာကိစ္စနဲ့ မပတ်သက်ဘူး ဆိုရင်တောင် ကျွန်မက သူတို့နဲ့ တစ်ပွဲတစ်လမ်းလောက် ယှဉ်ပြိုင်လိုက်ချင်သေးတယ်'

ကျင်းလုံက ရယ်မောလိုက်လေသည်၊

ထိုစဉ် စုသန်း၏စကားသံထွက်ပေါ်လာ၏၊

'ကောင်းပြီလေ ကျုပ်တမင်္ဂလာပွဲကိစ္စကို ဘာမှမပြောလို့တော့ပါဘူး ကျုပ်တို့....'

'ကျွန်မ ပြောစရာရှိတယ် ဘိုးဘိုး'

စုစုက ကြားဖြတ်ပြောလိုက်သည်၊

'ကျွန်မတို့ ဒီနေရာကိုရောက်လာပြီးမှတော့ ရောက်ရကျိုးနပ်အောင် ရွှေဓားဂေဟာရဲ့ သိုင်းပညာကိုနည်းနည်းလောက် လေ့လာသွားချင်ပါတယ်၊ ရှင်က ကျွန်မရဲ့တောင်းဆိုမှုကိုလိုက်လျောနိုင်မယ်ထင်ပါတယ်'

ဝမ်းလီအား ညွှန်ပြကာ ပြောလိုက်လေသည်။

ဝမ်းလီအခက်ကြုံသွားပြီး ဖခင်အား လှမ်းကြည့်လိုက်၏၊



ဝမ်းရှာလည်း မည်သို့ပြောရမှန်းမသိ ဖြစ်နေတော့သည်။

'ဟား....ဟား....ဟား'

စုသန်းက ရယ်မောလိုက်လေသည်၊

'ဟုတ်သားပဲ သိုင်းလောကသား ဆိုတာ သိုင်းပညာကို တန်ဖိုးထားကြတာပဲ၊ ထင်ရှားကျော်ကြားလှတဲ့ ရွှေဓားဂေဟာကိုရောက်လာမှတော့သိုင်းကွက်တစ်ကွက်နှစ်ကွက်လောက်တော့ လေ့လာသွားသင့်တာပေါ့'

ဤတွင် မမျှော်လင့်သော အခြေအနေဖြစ်ပေါ်လာတော့သည်၊

ဝမ်းရှာသည် စုသန်းတို့ မြေး ဘိုး၏ စိတ်နေသဘောထားထူးခြားသည်ကို ရုတ်တရက် မေ့လျော့သွားကာ ရွှေဓားဂေဟာအား လာရောက်စော်ကားသည်ဟူ၍ ဒေါသထောင်းခနဲထွက်သွားလေတော့သည်၊

'ခင်ဗျား စော်ကား လှချည်လား ရွှေဓားဂေဟာက ကြောက်နေတယ်ထင်သလား'

ကိုယ်တိုင် ရှေ့သို့လှမ်းထွက်လိုက်တော့သည်၊

မကျေမနပ်ဖြစ်နေသော စုလွန်ဂိုဏ်း သိုင်းပါရဂူ ပါပုကလည်း ပေါ်ဝင်လာ၏၊

'ကျုပ်လဲ ရှိပါသေးတယ်ဗျာ'

စုသန်းက ရယ်မောလိုက်လေသည်၊

'ကောင်းတယ် ခင်ဗျားတို့ နှစ်ယောက်စလုံး တစ်ပြိုင်နက် ထဲဝင်လာခဲ့ကြပေါ့'

ပါပုနှင့် ဝမ်းရှာတို့သည် ရှေ့တိုးကာ စုသန်းအား ရိုက် ခိုက်ကြလေသည်။

စုသန်းကလည်း ပြန်လည် တိုက်ခိုက်လိုက်ရာ တိုက်ပွဲဖြစ် ပေါ်လာသည်။

စုစု မဲ့ပြုံး ပြုံးလိုက်၏။

'ကျွန်မကာ ရှင့်ကိုဆုံးမယ်'

သူသည် ဝမ်းလီအား တိုက်ခိုက်လိုက်လေသည်။

ပါပုနှင့် ပါလာကြသော သိုင်းသမားများ ရွှေခါးဂေ ဟာမှ သိုင်းသမားများသည်လည်း ဝင်ပါလာကြသဖြင့် ပြင်း ထန်သောတိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

## လမ်းကြို

ရွှေခါးဂေဟာသည် အနောက်ဘက် အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ညဉ့်နက်ပြီဖြစ်၍ လမ်းပေါ်၌ လူရှင်းသွား၏။

အချို့သောအိမ်များမှာ တံခါးပိတ် မီးမှိတ်ထားပြီ ဖြစ် သည်။

ကျင်းလုံသည် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည့် ရွှေ ခါးဂေဟာမှ ထွက်လာခဲ့လေသည်။

သူမျှော်လင့်သကဲ့သို့ တိုက်ပွဲဖြစ်ပေါ်လာရာ ကိုယ်တိုင် ပါ ဝင်တိုက်ခိုက်ရန် စိတ်ကူးမိသေး၏။

သို့သော် စစ်လိန်တောင်သို့ စုသန်းတို့နှင့် အတူသွားခြင်းထက် တစ်ယောက်တည်းသွားခြင်းက ပို၍လွတ်လပ်ပြီး ကိုယ့်သဘောနှင့်ကိုယ် လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု တွေးမိလျှင် အခွင့်အရေးရခိုက် ရှောင်ထွက်လာခဲ့ခြင်း ဖြစ်ပါတော့သည်။

ညဉ့်နက်နေပြီဖြစ်၍ လူရှင်းနေသကဲ့သို့ ရှတ်တရက်စစ်လိန်တောင်သို့ မည်သည့်လမ်းမှသွားရမည်ကို မသိချေ။

စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းလာရာ တစ်နေရာသို့အရောက်တွင်....

'ညီလေး မင်းဘယ်သွားမလို့လဲကွ'

အမှောင်ရိပ်ထဲမှ လူသုံးယောက် ထွက်လာကြပြီး ကျင်းလုံအားဝိုင်းရံထားလိုက်ကြသည်။

ထိုလူသုံးယောက် ပုံသဏ္ဌာန်ကို ကြည့်ယုံဖြင့် ညာက်ဉ့်ကျင်လည်ကျက်စားကြသော ဒုစရိုက်သမားများဖြစ်ကြောင်း သတိပြုမိလိုက်၏။

'ကျွန်တော် စစ်လိန်တောင်ကို သွားမလို့ပါ'

ကျင်းလုံက အမှန်အတိုင်းပြောလိုက်၏။

ထိုလူသုံးယောက်အနက် တစ်ယောက်က အံ့သြဟန်ပြုလိုက်သည်။

'စစ်လိန်တောင် ဟုတ်လား။ အဝေးကြီးပါလား လမ်းခရီးကလဲ ကြမ်းတမ်းတယ်၊ ညအချိန်မတော် ညီလေးတစ်ယောက်ထဲသွားလို့မသင့်ဘူး'



အခြားတစ်ယောက်က ထောက်ခံလိုက်သည်။

'ဟုတ်တယ် ညီလေးတစ်ယောက်ထဲသွားရင်အန္တရာယ်များလှပါတယ်'

'ကဲ....တို့နဲ့လိုက်ခဲ့'

တတိယလူက ကျင်းလုံအား လက်ဆွဲခေါ်ရန် ဟန်ပြင်လိုက်၏။

ကျင်းလုံနောက်ဆုတ်လိုက်၏။

'ခင်ဗျားတို့ ကျွန်တော့်ကို ဘယ်ခေါ်သွားကြမလို့လဲ'

'ညီလေးကို စိတ်ချရတဲ့နေရာ ခေါ်သွားမလို့ပေါ့'

'ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်မလိုက်နိုင်ပါဘူး'

'မင်းမလိုက်ရင်လဲ ကျုပ်တို့က အတင်း ခေါ်သွားရမှာပဲ'

အခြေအနေ ရှုတ်ရှုတ်သဲသဲဖြစ်သွားလေသည်။

ဒုစရိုက်သမားသုံးယောက်သည် ကျင်းလုံအား ဝိုင်းဝန်းလယက်ရန် ဟန်ပြင်လိုက်ကြသည်။

ထို့စဉ်....

'ဟူး....'

လေတိုးသံနှင့်အတူ လူရိပ်တစ်ခုရောက်ရှိလာပြီး ထိုလူသုံးယောက်အား တိုက်ခိုက်လိုက်လေသည်။

'စူန်း....'

'ဖောင်း....'

'အား....'

ထိုသူသုံးယောက် မသဲမကွဲ ညည်းညူကာ နောက်ဆုတ်သွားကြသည်။

အခြေအနေမဟန်မှန်းသိလျှင် ချက်ချင်း ထွက်ပြေးသွားကြတော့သည်။

ကျင်းလုံက သူ့အားကူညီလိုက်သူကို ကြည့်လိုက်သောအခါ မျက်လုံးဝိုင်းစက်စက် မိန်းမချော ချောချောသော လှိုင်ငယ် လေးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်သည်။

ကျင်းလုံက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် လိုက်သည်။

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

လှိုင်ငယ်သည် သွားတက်ကလေးများပေါ်အောင် ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ သွားရင်း လာရင်း အမြင်မတော်လို့ ကူညီလိုက်ရတာပါ။ ဒါထက် နောင်ကြီးက စစ်လိန်တောင်ကိုသွားမယ်လို့ ကြားမိပါတယ်၊ ဒါအမှန်ပဲလားဗျ'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ဒါဆိုအတော်ပဲ၊ ကျွန်တော်လဲ စစ်လိန်တောင်ကို သွားမလို့ပါ'

'ဟင်....'

ကျင်းလုံ အံ့ဩဝမ်းသာသွားလေသည်။

'ညီလေးက စစ်လိန်တောင်ကိုသွားမလို့ ဟုတ်လား'



'ဟုတ်ပါတယ်'

'ဒါဆိုအတော်ပဲ၊ ကျုပ်တို့နှစ်ယောက် အတူတူသွားကြတာပေါ့'

'ကျွန်တော်လဲ ခရီးသွားဖော်ရတာကိုပဲ ဝမ်းသာလို့မဆုံးပါဘူးဗျာ'

ကျင်းလုံမှာ မမျှော်လင့်ပဲ ခရီးဖော်တစ်ယောက် ရလိုက်လေသည်။

နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်သွားကြသည်။

မြို့ပြင်သို့ရောက်မန်းမသိရောက်လာကြသည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီဖြစ်သည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာ လှပနေပါတော့သည်။

ကျင်းလုံမှာ စိတ်ထဲ အလိုလိုကြည်လင်အေးချမ်းလာရလေသည်။

'ကျုပ်နာမည်က ကျင်းလုံလို့ခေါ်တယ်၊ ညီလေးနာမည်ဘယ်လိုခေါ်သလဲဆိုတာ ပြောပြနိုင်မလား'

လှိုင်ငယ် ခေါင်းညိတ်လိုက်သည်။

'ကျွန်တော်နာမည် ကျူးကောသို့ခေါ်ပါတယ်ဗျာ'

'ညီလေးက စစ်လိန်တောင်ကို ဘာသွားလုပ်မလို့လဲ'

ကျင်းလုံက မေးလိုက်ပြန်သည်။

လူငယ် (ဝါ) ကျူးကော့ တေ့တေ့ကလေး ဖြစ်သွားသည်။

ရုတ်တရက် အဖြေမပေးသေးဘဲ အတော်ကလေးကြာမှ သက်ပြင်းချလိုက်သည်။

'အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ စစ်လိန်တောင်ကို သွားရတဲ့ရည်ရွယ်ချက်ကတော့ သိုင်းလောကသားတိုင်း လိုချင်နေကြတဲ့ တာမိုသိုင်းကျမ်းကို သွားရှာမလို့ပါ'

'ဟင်....'

ကျင်းလုံ အံ့သြသွားလေသည်။

ကျူးကော့သည် သူနှင့်ရည်ရွယ်ချက် တူနေသည်မဟုတ်ပါလား။

'လက်စသပ်တော့ ညီလေးက တာမိုသိုင်းကျမ်းသွားရှာမလို့ကိုး'

'ဟုတ်ပါတယ်ခင်ဗျာ၊ နောင်ကြီးကော စစ်လိန်တောင်ကိုသွားမယ်ဆိုတာ ဘယ်လိုရည်ရွယ်ချက်များကြောင့်လဲဗျာ'

'ကျုပ်ကလဲ တာမိုသိုင်းကျမ်းကို သွားရှာမလို့ပါ'

လူငယ် ပြုံးလိုက်သည်။

'လက်စတပ်တော့ ကျွန်တော်တို့နှစ်ယောက် ရည်ရွယ်ချက်ခြင်းတူနေတာကိုး၊ ကျွန်တော်တို့ အတူတူ သွားရှာကြတာပေါ့၊ အစ်ကိုကြီး ဘယ်လိုသဘောရသလဲ'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။



'ကောင်းသားပဲ၊ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် ရည်ရွယ်ချက် ခြင်းတူနေတာခက်တယ်'

'ဘာ့ဖြစ်လို့လဲ အစ်ကိုကြီး'

'တကယ်လို့ တာမိုသိုင်းကျမ်းကို ရှာဖွေတွေ့ရှိခဲ့ရင် ဘယ်လိုလုပ်ကြမလဲ'

ကျူးကော့ မျက်မှောင်ကုတ်သွားသည်။

'အစ်ကိုကြီးရဲ့ သဘောက....'

'တာမိုသိုင်းကျမ်းကိုရရင် ကျုပ်ကလေ့ကျင့်မှဖြစ်မယ်၊ နှစ်ယောက်အတူတူသွားရှာရင်း တွေ့လို့ခွဲဝေယူမယ် ဆိုတာကတော့....'

ကျင်းလုံက အားတုံ့အားနာဖြစ်ကာ ဆက်မပြောဘဲနေလိုက်၏။

ကျူးကော့ ရယ်မောလိုက်လေသည်။

'သိုင်းကျမ်းကိုတွေ့ရင် ဘယ်လိုခွဲဝေ ယူကြမလဲဆိုတာ အစ်ကိုကြီးက စိတ်ပူနေတာကိုး'

'ဟုတ်တယ်ညီလေး ...ဒါ ကြိုတင်တွက်ဆထားရမယ့် ကိစ္စတစ်ခုလို့ ကျုပ်ယူဆထားတယ်'

'အစ်ကိုကြီးပြောတာလဲ မှန်ပါတယ်လေ၊ ကျွန်တော်တို့နှစ်ယောက် အတူတူရှာဖွေလို့တွေ့ရင် နှစ်ယောက်အတူတူ လေ့ကျင့်ကြတာပေါ့၊ မကောင်းဘူးလား'

ကျင်းလုံ တွေဝေသွားပြန်သည်။

ကျူးကော့ပြောသည့်စကားကို လက်ခံနိုင်ပါမည်လော။

'တာမိုသိုင်းကျမ်းဟာ အရမ်းကိုရှုပ်ထွေး နက်နဲတယ်လို့ ကျွန်တော်ကြားမိတယ်၊ ကျွန်တော်တို့ နှစ်ယောက်ပေါင်းပြီး လေ့လာလိုက်ကြမယ်ဆိုရင် ပိုပြီးအကျိုးရှိနိုင်တာပေါ့'

ကျူးကော့က ထပ်ပြောလိုက်သောအခါ ကျင်းလုံသက်ပြင်းချ လိုက်သည်။

'ကောင်းပြီလေ၊ တာမိုသိုင်းကျမ်းကိုတွေ့အောင် အရင် ဆုံး ရှာဖွေကြသေးတာပေါ့'

ညနေအေးများ ဝှေ့ယမ်းတိုက်ခတ်လာသောအခါ မွှေး ကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ကျူးကော့က တည်ကြည်သော မျက်နှာထားဖြင့် ပြော လေသည်။

'ကျွန်တော့်အတွက် တာမိုသိုင်းကျမ်းကိုရမှ ဖြစ်ရမှာမို့ စစ်လီနဲ့တောင်ပျိုသွားဖို့ ဆုံးဖြတ်လိုက်တာပါ၊ လွန်ခဲ့တဲ့နှစ် ပေါင်းများစွာကတည်းက သိုင်းလောကသားတွေဟာ စစ် လီနဲ့တောင်မှာရှိတဲ့ တာမိုသိုင်းကျမ်းကို ရှာဖွေခဲ့ကြတယ်၊ ဒါပေမယ့် ခုချိန်ထိ ဘယ်သူမှရတယ်လို့ မကြားဖူးဘူး၊ ကျွန် တော် သွားရှာမယ်လို့ ဆုံးဖြတ်ထားပေမယ့် တကယ်တန်း ရှာဖွေဖို့ဆိုတာ အိပ်မက်တစ်ခုလိုပါပဲ၊ ကျွန်တော်ကစိတ်ပျက် အောင် ပြောနေတာမဟုတ်ဘူးနော် အစ်ကိုကြီး'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

'ကျုပ်သိပါတယ်၊ တာမိုသိုင်းကျမ်းကို ရှာဖွေတွေ့ဖို့ မလွယ်ဘူးဆိုတာ လူတိုင်းသိကြတာပဲ'



ကျူးကော့က ဆက်ပြောလိုက်၏။

'ကျွန်တော့်အတွက် တာမိုသိုင်းကျမ်းကိုရမှဖြစ်မယ်၊ ဒါ ကြောင့် မဖြစ်မနေ ရအောင်ရှာရမှာပဲ၊ အစ်ကိုကြီးကော'

ကျင်းလုံ သက်ပြင်းချလိုက်သည်။

'ကျုပ်လဲမထူးပါဘူး၊ တာမိုသိုင်းကျမ်းကိုမရရင် ကျုပ်ရဲ့ ဘဝ သေဆုံးသွားတာနဲ့ ခြားမှာမဟုတ်ပါဘူး'

'လက်စသတ်တော့ အစ်ကိုကြီးအတွက်လဲ သိပ်ကိုအရေး ပါနေတာကိုး၊ ဒီအတိုင်းဆိုရင် အစ်ကိုကြီးရဲ့ဘဝမှာ နာကြည်း ချက်တွေ ရှိနေပြီထင်တယ်'

'ရှိတာပေါ့ကွာ၊ လူယုတ်မာတစ်ယောက်ရဲ့ လက်ချက် ကြောင့် ကျုပ်ရဲ့မိဘတွေ သေဆုံးသွားခဲ့ရတယ်လေ'

ကျင်းလုံသည် သူ၏ဘဝအကြောင်းကို တစ်စွန်းတစ်စ ပြောလိုက်မိ၏။

ကျူးကော့ စိတ်မကောင်းဖြစ်သွားလေသည်။

'လက်စသတ်တော့ အစ်ကိုကြီးရဲ့မိဘတွေဟာ လူယုတ် မာတစ်ယောက်ရဲ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတာကိုး၊ ဒါဆိုရင် ကျွန်တော့်ရဲ့အဖြစ်ကမှ တော်သေးတယ်'

ကျင်းလုံ စိတ်ဝင်စားသွားလေသည်။

'ညီလေးက တာမိုသိုင်းကျမ်းကို ဘာကြောင့်လိုချင်ရတာ လဲဆိုတာ ပြောပြနိုင်မလား'

ကျူးကော့၏မျက်နှာတွင် ခံပြင်းသော အရိပ်အယောင် များ ဖြစ်ပေါ်လာလေသည်။

'ကျွန်တော် အဖေဟာ လူဘဝ်ယောက်ရဲ့ အကျပ်ကိုင်ခံခဲ့ရတယ်၊ အဲဒီလူရဲ့သိုင်းပညာက မြင့်မားလှတာကြောင့် သူ့ကိုဆုံးမနိုင်ဖို့ တာမိုသိုင်းကျမ်းကို ကျွန်တော်တို့ချင်နေတာပါ'

'ပြော်....'

ကျင်းလုံ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏၊

ကျူးကော့၏အဖြစ်ကို သိလိုက်ရသဖြင့် သဘောထားပြောင်းလဲသွားလေသည်၊

'ကိုနှစ်ယောက်ဟာ ကံတူအကျိုးပေးလို့ဆိုရမှာပဲ၊ ဒီတော့ တာမိုသိုင်းကျမ်းကို အတူတူရှာဖွေပြီး အတူတူလေ့ကျင့်ကြတာပေါ့'

ကျူးကော့ ဝမ်းသာသွားလေသည်၊

'ကျွန်တော်တော့ အစ်ကိုကြီးနဲ့ တွေ့လိုက်ရတာ သိပ်ကိုအားရှိသွားတာပဲ၊ ကျွန်တော်တို့နှစ်ယောက်....'

ရုတ်တရက် သူ့စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

မျက်နှာတည်သွားပြီး အနောက်ဘက်သို့ ဆက်ခနဲလှည့်ကာ အော်ပေါက်လိုက်လေသည်၊

'ဘယ်သူလဲ'

အော်ဟစ်မေးမြန်းလိုက်သည့်အဖြင့် ခြေနှစ်ချောင်းကိုမြေပေါ်ဆောင့်ကာ ခုန်ထွက်လိုက်လေသည်၊

'ညီလေး....ဘာဖြစ်လို့လဲ'

ကျင်းလုံလည်း အမျှာအယာ လိုက်သွား၏၊



ဝါးတစ်ရိုက်ခန့်အကွာသို့ လိုက်သွားတော့မှ ကျူးကော့က ခြေလှမ်းရပ်လိုက်လေသည်၊

ကျင်းလုံ မျက်မှောင်ကုတ်သွား၏၊

'ညီလေး....ဘာဖြစ်လို့လဲ'

ကျူးကော့က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးမှ ပြောလေသည်၊

'ကျွန်တော်တို့နောက်ကို တစ်ယောက်ယောက်က နောက်ယောင်ခံ လိုက်နေတယ်'

'ဟင်....'

ကျင်းလုံသည် သူ့အားအရိပ်ပမာ လိုက်လံကူညီစောင့်ရှောက်နေသ[illegible] ညလူကို သတိရလာသည်၊

ထို့ကြောင့်....

'တောတောင်ထဲမှာ ဘယ်သူမှမရှိပါဘူး၊ ညီလေးစိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်'

လိမ်လည်ကာ ပြောလိုက်လေသည်၊

ကျူးကော့ ခေါင်းခါယမ်းလိုက်သည်၊

'မဟုတ်ဘူး အစ်ကိုကြီး၊ ကျွန်တော် သေသေချာချာတွေ့လိုက်တာ'

'ညီလေး တွေ့လိုက်တယ်ဟုတ်လား၊ ဘယ်မှာလဲ'

ကျင်းလုံက မသိချင်ဟန်ဆောင်ကာ မေးလိုက်သည်၊

ကျူးကော့က မြောက်ဘက်အရပ်ဆီသို့ ညွှန်ပြလိုက်၏၊

'ဟိုဘက်ကိုပြေးသွားတာ အမျိုးသမီးကြီးတစ်ယောက်ပဲ'

'ဟင်....'

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွား၏။

နောက်ယောင်ခံလိုက်နေသူမှာ ညလူမဟုတ်တဲ့အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။

'ညီလေး သေသေချာချာ တွေ့လိုက်တာလား'

'သေချာပါတယ်၊ ကျွန်တော်လဲ လှည့်ကြည့်လိုက်တော့ တောအုပ်ထဲပြေးဝင်သွားတာ အမျိုးသမီးကြီး တစ်ယောက်ဆိုတာ လရောင်နဲ့ တွေ့လိုက်ရတာပဲ'

ထိုအမျိုးသမီးကြီးမှာ မည်သူဖြစ်ပါသနည်း။

ကျင်းလုံ မတွေးတတ်ပါချေ။

ကျူးကော့က မကျေမနပ် ဖြစ်နေသော်လည်း နောက်ယောင်ခံ လိုက်လာသူအား ရှာမတွေ့တော့သဖြင့် စိတ်လျှော့လိုက်ရသည်။

'ကဲ....ကို သွားရအောင်'

ကျင်းလုံက ပြောလိုက်သောအခါ ကျူးကော့ သဘောတူလိုက်၏။

ထိုနောက် နှစ်ယောက်သား ပခုန်းချင်းယှဉ်ကာ တောလမ်းအတိုင်း လျှောက်သွားကြလေတော့သည်။

....★....

အာဃာတ

---

နောက်တစ်နေ့နံနက်တွင် ကျင်းလုံနှင့် ကျူးကော့တို့သည် တောမြို့လေးတစ်မြို့သို့ ရောက်ရှိသွားကြလေသည်။

ထိုမြို့ကလေး၌ ခေတ္တ အနားယူကာ စားသောက်ကြပြီး နေမွန်းမတည့်မီ ခရီးဆက်လာခဲ့ကြသည်။

စစ်လိန်တောင်သို့ ဦးတည်လာခဲ့ကြရင်း စမ်းချောင်းလေး တစ်ခုကို ကျော်ဖြတ်လိုက်လျှင် တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလုံတို့ ခြေလှမ်းရပ်သွားကြ၏။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

ကျူးကော့က ပြောသည်။

'ရှေ့မှာ တိုက်ပွဲဖြစ်နေတယ်'

'ဟုတ်တယ်...တို့တတွေရှောင်ထွက်သွားတာကောင်းမယ်'

ဒုတိယယောက်သား ရှောင်ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်။

'မပြေးနဲ့'

အော်ဟစ်သံများ၊ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဓားရှာများ ရရှိထားသူ တစ်ယောက်က အသက်လုကာ ပြေးလွှားလာပြီး လူတစ်စုက လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ပြေးလိုက်လာကြလေသည်။

ဓားရှာရထားသူကား လွတ်အောင်မပြေးနိုင်ပါချေ။

'ဝန်း....'

မြေကုန်လက်ပန်းကျကာ မြေပေါ်လဲကျသွားလေသည်၊ လက်နက်ဆွဲကိုင်ထားကြသူများက မီသွားကြပြီး ဝိုင်းရံထားလိုက်ကြလေသည်။

'သစ်မီး'

'ခင်ဗျားကိုဖမ်းခေါ်သွားပြီး အပြစ်ပေးရမယ်'

တစ်ယောက်တစ်ပေါက် အော်ဟစ်လိုက်ကြလေသည်၊

ကျင်းလုံနှင့် ကျူးကော့တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်၊

'တစ်ယောက်နဲ့အများ မတရားဘူး'

ကျင်းလုံ လွှတ်ခနဲပြောလိုက်လေသည်။



ကျူးကော့ ခေါင်းညိတ်လိုက်သည်။

ချက်ချင်းပင် ရှေ့ကိုလှမ်းထွက်ကာ ဟန့်တားလိုက်သည်။

'ဟေ့ သူတွေ ခင်ဗျားတို့ မတရားမလုပ်ကြနဲ့'

ကျင်းလုံကလည်း လိုက်သွားသည်၊

ဓားရှာရသူအား ဝိုင်းရံထားကြသူများသည် ကျင်းလုံတို့ ရောက်ရှိလာသည်ကိုမြင်လျှင် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြ၏။

ကျူးကော့က ဓားရှာရထားသူအား မေးလိုက်၏။

'ဦး လမ်းလျှောက်နိုင်ရဲ့လား'

'လျှောက်နိုင်ပါတယ်ကွာ'

'ဒါဆို သွားပေတော့၊ ဒီလူတွေကို ကျွန်တော်တို့တာဝန်ယူလိုက်မယ်'

ထိုလူ ဝမ်းသာသွားလေသည်။

'ကျေး... ကျေးဇူးပါပဲကွယ်'

ထိုလူ ချက်ချင်းထွက်သွားရန် ဟန်ပြင်လိုက်လေသည်၊

'ရပ်လိုက်'

လက်နက်ကိုယ်စီ ကိုင်ထားကြသူများက ဟန့်တားလိုက်ကြ၏။

ထိုလူ ထွက်သွား၍မရတော့ပါချေ။

ကျူးကော့ မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားတို့ ဆက်ပြီးဒုက္ခပေးဦးမယ်ဆိုရင်တော့ ကျုပ်က သည်းခံနေမှာမဟုတ်ဘူး'

ထိုလူများလည်း ခံပြင်းသွားကြ၏။

'ဘာပြောတယ်၊ ကျုပ်တို့က ဒုက္ခပေးတယ်ဟုတ်လား'

အနီရောင်ဝတ်ထားသူ တစ်ယောက်က ရှေ့သို့လှမ်းထွက်လာ၏။

ထိုလူများ လက်နက်ကိုယ်စီ ကိုင်ထားသူများ၏ ခေါင်းဆောင်ဖြစ်ပုံရလေသည်။

ထိုလူက ကျူးကော့အား 'ခြေဆုံးခေါင်းဆုံး' ကြည့်လိုက်သည်။

'နေပါဦး မင်းကဘယ်သူလဲ၊ ဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲဝင်ရှုပ်ချင်ရတာလဲ'

'ခင်ဗျားတို့ မတရား လုပ်နေတာကို ကျုပ်က လက်ပိုက်ကြည့်မနေနိုင်ဘူး'

'ဟေ့....ကျုပ်တို့က မတရားလုပ်တာ မဟုတ်ဘူး၊ သူက လုပ်နေတာကွ'

'ဘာကွ'

'သူဘယ်သူလဲဆိုတာ မင်းတို့သိလို့လား၊ ရေဖြူစမ်းချောင်း တစ်ဝိုက်မှာ သောင်းကျန်းနေတဲ့ စွန်ရဲဆိုတဲ့ဒမြဟာသူပဲ'

ကျူးကော့က ဒဏ်ရာရထားသူအား လှမ်းကြည့်လိုက်၏၊ ဒဏ်ရာရထားသူက မငြင်းဘဲ ရင်ကော့ကာ ပြောလိုက်သည်။

'ဟုတ်တယ် ကျုပ်စွန်ရဲဟာ လမ်းဒမြတစ်ယောက်ပဲ၊ထင်း



ကျွန်ဂိုဏ်းက ကျုပ်ရဲ့သွေးသောက်တွေကို သတ်ပစ်လိုက်လို့ ကျုပ်ကထင်းကျွန်ဂိုဏ်းနဲ့ ပတ်သက်နေတဲ့ ခင်ဗျားတို့ကို ဒုက္ခပေးခဲ့တာ ဘာဖြစ်သလဲ'

ယခုမှ လမ်းဒမြတစ်ယောက်အား ကူညီမိသည့် အဖြစ်ကို ကျင်းလုံတို့သိလိုက်ကြ၏။

သို့သော် သူကနောင်တရမည်မဟုတ်ပါ၊

စွန်ရဲလမ်းဒမြက ဒုက္ခပေးခဲ့သည်မှာ ထင်းကျွန်ဂိုဏ်းနှင့် ပတ်သက်နေသူများမဟုတ်ပါလား။

ထင်းကျွန်ဂိုဏ်းအား မနှစ်မြို့သဖြင့် ထင်းကျွန်ဂိုဏ်းနှင့် ပတ်သက်နေသူများကိုလည်း သဘောမကျနိုင်အောင် ဖြစ်မိတော့သည်။

ကျင်းလုံရှေ့သို့ လှမ်းထွက်လိုက်သည်။

ထိုစဉ်....

'လက်စသပ်တော့ ခင်ဗျားတို့ဟာ ထင်းကျွန်ဂိုဏ်းနဲ့ ပတ်သက်နေသူတွေကိုး၊ ကောင်းတယ်၊ ထင်းကျွန်ဂိုဏ်းအားကိုးနဲ့ ထင်ရာစိုင်းလို့ရမယ်ထင်သလား၊ ခုချက်ချင်း ထွက်သွားကြစမ်း'

ကျူးကော့က ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

အနီရောင်ဝတ်ထားသူ မကျေမနပ်ဖြစ်သွားသည်၊

'မင်းတို့နှစ်ယောက် ဝင်ရှုပ်တာကို ကျုပ်က သည်းခံနေ

နေမယ်များမှတ်နေသလား၊ ဟေ့....သူတို့ကို သို့လိုက်ကြ
စမ်း'

ထိုသူက အမိန့်ပေးလိုက်လျှင် ကျန်လူများသည် လက်
များ ဝှေ့ယမ်းကာ ရှေ့တိုးလာကြတော့သည်။

ကျူးကော့ မဲ့ပြုံးပြုံးလိုက်သည်။

'လာစမ်း၊ ဘယ်သူက ဆုံးမနိုင်မလဲဆိုတာ သိရမယ်'

ချက်ချင်းဆီးကြိုတိုက်ခိုက်လိုက်သည်။

ကျင်းလုံလည်း မနေနိုင်တဲ့ ဝင်ကူညီလိုက်သည်။

နှစ်ယောက်သား တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြသည်
နှင့်....

'ဂုန်း....'

'အား....'

'အမလေး....'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ အနီ
ရောင်ဝတ်ထားသူ၏လူများ ဖရိုဖရဲ ဖြစ်သွားကြလေတော့
သည်။

အနီရောင်ဝတ်ထားသူ ဒေါပွသွားသည်။

'တောက်....သိကြသေးတာပေါ့'

ဓားဘစ်လက်ဆွဲကာ ကိုယ်တိုင်ဝင်ရောက် တိုက်ခိုက်လိုက်
သည်။

ကျင်းလုံနှင့် ကျူးကော့တို့က ဆီးကြိုတိုက်ခိုက်လိုက်ကြ
သည်။



နှစ်ယောက်သား လက်တွဲညီသည့်အတူ ခံနိုင်လေသည်။

ထိပ်တိုက်ရင်ဆိုင်ကြပြီး သိုင်းလေးငါးကွက်မျှ ထုတ်
ဖော်ပြီးသည်နှင့် ကျင်းလုံကို အနိုင်ရသွားကြတော့သည်။

'ဂုန်း.... ဂုန်း....'

'အား....'

အနီရောင်ဝတ်ထားသူ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်
ရသည်။

ကျင်းလုံတို့က ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်
ကြသည်။

ကျူးကော့က လက်ဝှေ့ယမ်းပြလိုက်သည်။

'ခင်ဗျား ကျူးရှေ့က မြန်မြန်ထွက်သွားရင် သက်သာ
လိမ့်မယ်'

အနီရောင်ဝတ်ထားသူ အံကြိတ်လိုက်သည်။

'မင်းတို့နှစ်ယောက် သတိထားပြီးနေကြတော့'

သူ၏လူများကိုခေါ်ကာ ထွက်ခွာသွားတော့သည်။

....★....

အနီးရောင်ဝတ်ထားသူတို့လူစု ထွက်သွားကြပြီ ဖြစ်လေသည်။

စွန်ရဲက ဦးညွတ်လိုက်သည်။

'ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ကျူးကော ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးတင်စရာမလိုဘူး၊ သူတို့ဟာ ထင်းကျန့်ဂိုဏ်းနဲ့ ပတ်သက်နေသူတွေမဟုတ်ရင် ကျုပ်က ခင်ဗျားကိုကူညီမှာ မဟုတ်ဘူး'

သူ၏စကားကြောင့် ကျင်းလုံမျက်မှောင်ကုပ်သွားသည်။ ကျူးကောသည် ထင်းကျန့်ဂိုဏ်းအပေါ် မကျေမနပ်ဖြစ်နေသည့်သဘောမျိုး မဟုတ်ပါလား။

ထင်းကျန့်ဂိုဏ်းနှင့်ပတ်သက်သည့် အကြောင်းတစ်ခုခု ရှိရမည်ဟုတွေးမိလိုက်သည်။

ကျူးကောက ကျင်းလုံဘက်သို့ လှည့်လိုက်သည်။

'ကျွန်တော်တို့သွားရအောင်'

'ကောင်းပြီ'

ကျင်းလုံလည်း ထွက်သွားရန် သဘောတူလိုက်သည်။

စွန်ရဲက ဟန့်တားလိုက်သည်။

'ခဏနေကြပါဦးဗျာ'

ကျင်းလုံတို့ ခြေလှမ်းရပ်ကာ လှည့်ကြည့် လိုက်ကြလေသည်။



စွန်ရဲ ပြုံးလိုက်သည်။

'မင်းတို့နှစ်ယောက် ဘယ်သွားကြမလို့လဲ'

ကျူးကော ခေါင်းခါယမ်းလိုက်သည်။

'ဘယ်သွားရမလဲဆိုတာ ကျွန်တော်တို့ကိုယ်တိုင် မသိလို့ ပြောဖို့ခက်ပါတယ်ဗျာ'

'ဒါဖြင့် ကျုပ်နဲ့လိုက်ခဲ့ပါလား၊ ကျုပ်က မင်းတို့ကိုပြစရာ ပါရှိစေလား'

'ကိစ္စမရှိပါဘူးဗျာ၊ ထင်းကျန့်ဂိုဏ်းနဲ့ သူ့ရဲ့မိတ်ဆွေတွေက ကျေနပ်ကြမှာမဟုတ်ဘူး၊ သူတို့နဲ့မတွေ့အောင် ရှောင်နေဖို့က ပိုပြီးအရေးကြီးတယ်'

စွန်ရဲ မျက်နှာပျက်သွား၏။

'ဟုတ်တယ်၊ ကျုပ်တစ်ခါဘည်း ဇာတ်မြှုပ်နေလိုက်တော့မယ်၊ မင်းတို့ကိုပြောချင်တာက ဒီလမ်းအတိုင်း သွားကြရင် သုံးရက်အတွင်း စစ်လိန်တောင်ကို ရောက်သွားလိမ့်မယ်၊ မင်းတို့အတွက် အန္တရာယ်နဲ့ကြုံတွေ့နိုင်လို့ ပြောတာပါ'

ကျင်းလုံနှင့် ကျူးကောတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

စွန်ရဲ ဆက်ပြောသည်။

'သိုင်းလောကက လူငယ်လူရွယ်တွေဟာ ထိပ်တန်းရောက်ချင်တာနဲ့ စစ်လိန်တောင်လိုသွားပြီး တာမိုသိုင်းကျမ်းကို ရှာဖွေကြတယ်၊ ဒါပေမယ့် ဘယ်သူမှရမသွားကြဘူး၊ တချို့ဆို

ဒုက္ခတွေ့သွားတယ်၊ တချို့ကတော့ အစအနပျောက်သွားပြီး သတင်းမှ မကြားရတော့ဘူး'

ကျင်းလုံ စိတ်ဝင်စားသွားပြီး မေးလိုက်လေသည်၊

'ဘာကြောင့် ဒုက္ခရောက်ရတာလဲ၊ ဘယ်လိုကြောင့်ပျောက်သွားကြတယ်ဆိုတာ ခင်ဗျားသိသလား'

စွန်ရဲ ပခုံးတွန့်လိုက်သည်၊

'စစ်လီနီတောင်မှာ သိုင်းကျမ်းလာရှာသူတွေ ဒုက္ခကြုံတွေ့ခဲ့ရတယ်ဆိုတာ အမှန်ပဲ၊ ဒါပေမယ့် လူတွေကလက်မခံကြဘူး၊ တာမိုသိုင်းကျမ်း ရှာဖွေမယ့်လူတွေ နောက်ကြောက်လန့်သွားအောင် တမင် ခြောက်လှန့်တာလို့ ယူဆကြတယ်၊ တကယ်ဆိုရင် စစ်လီနီတောင်မှာ သိုင်းကျမ်းလာရှာမယ့်သူတွေကို တိုက်တာဆိုက်ဒုက္ခပေးနေတဲ့ မကောင်းဆိုးဝါးတစ်ကောင်ရှိနေတယ်'

ကျူးကော့ မျက်လုံးပြူးသွားလေသည်၊

'မကောင်းဆိုးဝါး ဟုတ်လား'

'ဟုတ်တယ်၊ စစ်လီနီတောင်မှာ ပျက်စီးသွားခဲ့တာ ရှောင်လင်ကျောင်းခဲ့က ဘာဝန်ရှိသူတစ်ယောက်ပဲ၊ သေဆုံးသွားခဲ့ပြီး တာမိုသိုင်းကျမ်းကို စွဲလန်းတာနဲ့ မကျွတ်မလွတ်တဲ့ မကောင်းဆိုးဝါးတစ်ကောင် ဖြစ်နေပြီး သိုင်းကျမ်းလာရှာတဲ့ လူတွေကို ဒုက္ခပေးနေတာပဲ'

ကျူးကော့ လက်မခံပါချေ၊



'အဓိပ္ပာယ် မရှိလိုက်တာ'

'ဟုတ်တယ်၊ မကောင်းဆိုးဝါးဆိုတာကို ကျုပ်တော့လက်မခံချင်ဘူး'

ကျင်းလုံကလည်း လက်မခံနိုင်ဘဲ ပြောလိုက်၏၊

စွန်ရဲ စိတ်ပျက်သွားသည်၊

'မင်းတို့က ကျုပ်ကိုကူညီခဲ့လို့ စေတနာနဲ့ ပြောပြတာ၊ အဲဒီမကောင်းဆိုးဝါးကို ကျုပ်ကိုယ်တိုင် တွေ့ခဲ့ရတာ'

'ခင်ဗျား တကယ်ပြောတာလား'

'ကျုပ်ဘာကြောင့် လိမ်ပြောရမှာလဲ'

ကျင်းလုံနှင့် ကျူးကော့တို့ အချင်းချင်း ကြည့်လိုက်မိကြပြန်သည်၊

ကျင်းလုံက မေးလိုက်သည်၊

'ဒါဖြင့် မကောင်းဆိုးဝါးကောင်နဲ့ ဘယ်လိုကြုံတွေ့ခဲ့ရသလဲဆိုတာ ခင်ဗျားပြောပြနိုင်မလား'

'သိပ်ပြောနိုင်တာပေါ့'

'ဒါဖြင့် ကျုပ်တို့ကို ပြောပြပါလား'

စွန်ရဲက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏၊

'ဒီနေရာမှာ ကြာကြာနေလို့ မကောင်းဘူး၊ အေးအေးဆေးဆေး စကားပြောလို့ရတဲ့နေရာကို သွားကြတာပေါ့၊ ကျုပ်ရဲ့ဒဏ်ရာတွေကိုလဲ ဆေးထည့်ရဦးမယ်'

မိမိတို့ကကူညီခဲ့သဖြင့် စွန်ရဲသည် ဒုက္ခပေးလိမ့်မည်မဟုတ်ဟု ကျောင်းလုံးယုံကြည်မိသဖြင့် သဘောတူလိုက်လေသည်။

'ကောင်းပြီ၊ သွားကြတာပေါ့'

ကျူးကော့က အာမျှမပြောပါ'

စစ်လိန်တောင်သို့သွားမည်ဟု ဆုံးဖြတ်ထားကြသဖြင့် စစ်လိန်တောင်မှ ထူးခြားချက်များကို သိလိုနေသည် သဘောရှိသည်။

'ကဲ....ကျောင်နဲ့လိုက်ခဲ့ပါ'

စွန်ရဲက ဦးဆောင်ခေါ်သွားလျှင် ကျောင်းလုံနှင့် ကျူးကော့တို့လည်း လိုက်ပါသွားကြလေတော့သည်။

....★....

# မကောင်းဆိုးဝါး ပုံပြင်

---

စမ်းချောင်းလေး၏ အထက်ဘက်၌ ရွာကလေးတစ်ရွာ ရှိနေ၏။

ထိုရွာကလေး၌ ဆေးဆရာတစ်ယောက်လည်း ရှိနေခြင်းကြောင့် အားလုံးအဆင်ပြေသွားလေသည်။

ဆေးဆရာသည် စွန်ရဲ၏ဒဏ်ရာများကို ဆေးကြောသန့်စင်ကာ ဆေးထည့်ပေးသည်။

အနာကျက်ဆေးများလည်း တိုက်ကျွေးသည်။

သဘာဝ သစ်သီးသစ်ဖုများဖြင့် ဖော်စပ်ထားသည့် ပရဆေးများဖြစ်၍ အစွမ်းထက်ရကား စွန်ရဲထူထူထောင်ထောင် ဖြစ်လာတော့သည်။

ဆေးဆရာ၏ အိမ်၌ပင် ခေတ္တ အနားယူခွင့်ရတော့ပြီး ကျင်းလုံတို့အား စစ်လိန်တောင် မကောင်းဆိုးဝါးအကြောင်း ပြောပြလေသည်။

'ကျုပ်ဟာ လူကောင်းတစ်ယောက် မဟုတ်ပါဘူး၊ လမ်းမားပြတစ်ယောက်ဆိုတာ အမှန်အတိုင်းဝန်ခံပါတယ်၊ ကျုပ်တို့မိတ်ဆွေတစ်စုဟာ စွန်ရဲအဖွဲ့လို့နာမည်ခံပြီး ခိုးဆိုးလုယက်တိုက်ခိုက်ခဲ့ကြပါတယ်၊ တစ်နေ့တော့ လုံနီစန်းရယ် ဦးဆောင်တဲ့ ဒေသခံသိုင်းသမားတစ်စုဟာ ထင်းကျန့်ဂိုဏ်းကို ကျောထောက်နောက်ခံပြုပြီး ကျုပ်တို့ကို တိုက်ခိုက်ခဲ့ကြတယ်၊ အရင်ကဆို ကျုပ်တို့ကို ဟန့်တားဝံ့ကြတာ မဟုတ်ပေမယ့် ထင်ကျန့်ဂိုဏ်းက သူတို့ကိုထောက်ခံလိုက်တာနဲ့ ခေါင်းထောင်လာကြတယ်၊ လူတွေကထဲ သူတို့ဘက်က ပူးပေါင်းကူညီကြတော့ ကျုပ်တို့ မရှုမလှခံခဲ့ကြရပါတယ်၊ စွန်ရဲအဖွဲ့ပျက်စီးသွားတယ်၊ ကျန်တဲ့လူတွေလဲ တကွဲတပြား ထွက်ပြေးကြရတယ်၊ ကျုပ်နဲ့ အဖော်သုံးယောက်ဟာ တောတောင်ထူထပ်တဲ့ စစ်လိန်တောင်မှာ ခိုအောင်းဖို့ သွားခဲ့မိကြတယ်'

ကျင်းလုံနှင့် ကျူးကော့တို့သည် စွန်ရဲပြောပြသည့်စကားများ နားထောင်ရင်း စစ်လိန်တောင်သို့ ကိုယ်တိုင်ရောက်ရှိသွားကြသည်ဟု ခံစားကြရလေတော့၏။

စစ်လိန်တောင်မှ မကောင်းဆိုးဝါးကား...

★



နေဝန်းနိမ့်မှာ အနောက်ဘက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်၏။

အလင်းရောင် ပျောက်ကွယ်သွားသဖြင့် မှောင်နှင့်မည်းမည်း ဖြစ်သွားသော်လည်း မကြာမီ ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာသောအခါ လင်းလင်းကျင်းကျင်းဖြစ်လာသည့်အပြင် အေးမြသာယာသော သဘာဝအလှအပများ ပေါ်လွင်လာတော့သည်။

စွန်ရဲနှင့် အဖော် သုံးယောက်တို့သည် စစ်လိန်တောင်သို့ ရောက်ရှိလာကြပြီဖြစ်သော်လည်း စိတ်မအေးနိုင်ကြသေးချေ။

လုံနီစန်းရယ် ဦးဆောင်သော သိုင်းသမားများသည် သူတို့နောက်သို့ ထက်ကြပ်မကွာ လိုက်ကြသည် မဟုတ်ပါလား။

စွန်ရဲတို့သည် တောနက်ထဲသို့ အပြေးအလွှား တိုးဝင်ခဲ့ကြလေသည်။

သစ်ပင်ချုံနွယ်များထူထပ်လာသည်။

လမ်းဟူ၍ မယ်မယ်ရရမရှိတော့ဘဲ တောတိုးနေရခြင်းဖြစ်သည်။

စွန်ရဲ၏ တစ်ကိုယ်လုံး ချွေးများ စိုရွှဲကာ မောပန်းနေသည်။

ခြေလက်များမသေနိုင်အောင် ဖြစ်လာသည်။

ထို ကြောင့်ချုံပုတ်များကြား၌ ပုန်းအောင်းကာ အဖော်များနှင့်အတူ ရပ်နားလိုက်ကြ၏။

သူတို့ အသံမထွက်တဝံ့ကြပါ။

'ဒီဘက်ကိုလာကြဟေ့'

လှိုင်နီစန်းရယ်တို့လူစု၏ အချင်းချင်းခေါ်သံ တောတိုးသံ ချုံနွယ်များအား ခုတ်ထွင် ရှင်းလင်းနေသံများကို ကြားနေရသည်။

မိမိတို့အား ရှာဖွေ တွေ့ရှိသွားလိမ့်မည်လောဟု စွန်ရဲတို့ ရင်တထိတ်ထိတ်ဖြစ်နေကြစဉ် အသံဗလံများသည် ဝဲဘက်သို့ ရွေ့လျားကာ တဖြည်းဖြည်းနှင့် ဝေးကွာသွားလေသည်။

မကြာမီ...

မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသံကြားလိုက်ရ၏။

လှိုင်နီစန်းရယ်တို့လူစုသည် ရှာမတွေ့သည့်နောက်ဆုံး လက်လျှော့ကာ ထွက်ခွာသွားကြပြီဖြစ်ကြောင်း ထင်ရှား၏။

ယခုမှ စွန်ရဲတို့ သက်ပြင်းချနိုင်တော့၏။

'ဟူး....တော်ပါသေးရဲ့'

ချုံပုတ်ထဲမှလေးယောက်သား တိုးထွက်လိုက်ကြ၏။

စွန်ရဲနှင့်အတူ ပါလာသည့် အဖော်သုံးယောက်မှာ တန်အီ၊ တန်အောနှင့် တန်စန်းတို့ညီအစ်သုံးယောက်ဖြစ်သည်။

လူသတ်ဓားပြတိုက်မှုများကို အကြိမ်ပေါင်းများစွာ ကျူးလွန်ခဲ့ကြသည့် လူဆိုးဓားပြများလည်း ဖြစ်ကြပါသည်။

စွန်ရဲကား ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးလျှင် အဖော်သုံးယောက်၏ သဘောထားကို မေးမြန်းလိုက်၏။

'တို့တစ်တွေ နောက်ကြောင်းလှည့်ဖို့တော့ မဖြစ်ဘူး၊ ရှေ့ဆက်သွားကြမယ်၊ ဘယ်လိုသဘောရသလဲ'

တန်အီတို့သဘောတူလိုက်ကြ၏။



'ကောင်းတယ် စစ်လိန်တောင် အတွင်းပိုင်းကို ရောက်အောင်သွားပြီး တစ်နှစ် နှစ်နှစ်လောက်တော့ ခိုအောင်းနေလိုက်ကြရင် အားလုံးအေးအေးချမ်းချမ်းရှိသွားပြီဆိုမှ သိုင်းလောကပြန်သွားကြတာပေါ့'

'ဒါဖြင့် သွားကြမယ်'

'ကောင်းပြီ'

လေးယောက်သား ဓားကိုယ်စီထုတ်ကာ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး ရှေ့ဆက်ခဲ့ကြလေသည်။

ညသည် တဖြည်းဖြည်းနက်ရှိုင်းလာသည်။

အေးမြမှုက ပိုလာသည်။

ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သည့် စွန်ရဲတို့သည် ရေ့မဆက်တော့ဘဲ တစ်ညတာအနားယူနိုင်ရန် သင့်တော်မည့်နေရာကို ရှာဖွေလိုက်ကြလေသည်။

ထိုစဉ်....

'ခေါင်....ခေါင်....ခေါင်'

အဝေးမှ ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

စွန်ရဲ အံ့သြသွားလေသည်။

သူနားကြားလွဲသွားလေသလားဟု သေသေချာချာ နားထောင်လိုက်သောအခါ ခေါင်းလောင်းသံကို မကြားရတော့ပါ။

စွန်ရဲမကျေမနပ်ဖြစ်သွား၏။

'တန်အီ ...မင်းခေါင်းလောင်းသံကို မြင်းကြားလိုက်သလား'

တန်အီ ခေါင်းညိတ်လိုက်သည်။

'အေး ကြားတယ်'

'စစ်လီနဲ့တောင်မှာ ဘယ်လိုလုပ်ပြီး ခေါင်းလောင်းသံက ထွက်ပေါ်လာရတာလဲကွ'

'ဒီ နယ်မှာ ရှောင်လင်ကျောင်းက ဘုံကျောင်းတစ်ခုရှိခဲ့တာပဲ'

'ဟာ....အဲ့ဒီဘုံကျောင်း ပျက်စီးသွားတာ ဘယ်လောက်ကြာပြီလဲ'

တန်အီ ကြောင်အမ်းအမ်းဖြစ်သွားပြီမှ....

'ဟုတ်သားပဲ လမ်းပန်းခရီးဆက်သွယ်ရေး ညံ့ဖျင်းတယ် ရောဂါဘယထူပြောတယ်၊ လူဆိုး ဓားပြတွေ ခိုအောင်းနေကြသေးတယ်၊ တော့မှီ သူတော်စင်တွေ ဘယ်လိုလုပ် တရားရှာနိုင်တော့မှာလဲ....'

'ငါသိသလောက်တော့ ထူးဆန်းတဲ့ ရောဂါတစ်မျိုးစွဲကပ်ပြီး ရှောင်လင် ဘုံကျောင်းမှာ သေကြေ ပျက်စီးခဲ့ကြတာကြောင့် ကျန်တဲ့လူတွေက စွန့်ခွာသွားတာနဲ့ ပျက်စီးသွားတယ်ဆိုပဲ၊ နေဦး လူမရှိတဲ့ဘုံကျောင်းပျက်က ဘယ်လိုလုပ်ပြီးခေါင်းလောင်းသံ ထွက်ပေါ်လာရတာလဲ'

'ငါလဲ ဒါပဲပြောတာ'

ပျက်စီးသွားပြီဖြစ်သောဘုံကျောင်းပျက်မှ ခေါင်းလောင်းသံထွက်ပေါ်လာသည်မှာ အဘယ်ကြောင့်ပါနည်း။

'သူ့ကျောင်းပျက်မှာ ခိုအောင်းနေတဲ့ လူတစ်ယောက်ယောက်ရှိနေပြီထင်တယ်'



တန်အော့က ထင်ကြေးပေးလေသည်။

တန်စန်းက ထောက်ခံလိုက်၏။

'ထိုအဖွဲ့က သုံးယောက်လောက်ဟာ စစ်လီနဲ့တောင်ကို ပြေးမယ်လို့ ပြောသွားကြတာပဲ၊ သူတို့ရောက်နှင့်နေတာပဲဖြစ်မယ်'

အဖော်များ ကြိုတင်ရောက်ရှိနေသျှင် ကံကောင်းခြင်းဖြစ်သည်ဟု တွေးကာ စွန်ရဲတို့ဝမ်းသာသွားကြလေသည်။

'တို့ သွားရအောင်'

'ကောင်းပြီ'

လေးယောက်သား ခေါင်းလောင်းသံထွက်ပေါ်လာရာဆီသို့ ဦးတည်သွားလိုက်ကြလေသည်။

သူတို့ကံကောင်းသွားသည်ဟု ဆိုနိုင်ပါသည်။

သစ်ပင်ချုံနွယ်များကို ဖြတ်ကျော်ပြီးလျှင် မြေကွက်လပ်တစ်ခုသို့ရောက်သွားကြပြီး ပတ်ဝန်းကျင်မှာ ရှင်းရှင်းလင်းလင်းဖြစ်လာခြင်းကြောင့်ပင် မြေပြင်သည်လည်း တစ်ဖက်မြင့်လာ၏။

စစ်လီနဲ့တောင်ကြောပေါ်သို့ ရောက်လာခြင်း ဖြစ်သည်။

လေးယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ မလှမ်းမကမ်းရှိ တောင်ထွဋ်တစ်ခုပေါ်၌ အဆောက်အဦတစ်ခုရှိနေသည်ကို လရောင်ဖြင့်တွေ့လိုက်ရလေသည်။

'ဟိုမှာ တွေ့ပြီ'

တန်အီက အော်ပြောလိုက်၏။

ဘုံကျောင်းပျက်သည် တောင်ထွဋ်ပေါ်၌ သစ်ပင်များ ကျောက်တုံး ကျောက်ခဲများ ကြား၌ တည်ရှိနေခြင်း ဖြစ်ပါသည်။

'သွားကြစို့'

စွန်ရဲကလောဆော်ကာ ရှေ့ဆုံးမှဦးဆောင်ကာ ခပ်သုတ်သုတ် သွားလိုက်လေသည်။

တန်အိတို့လည်း လိုက်ပါလာကြသည်။

များမကြာမီ တောင်ထွဋ်ပေါ်ရှိ ဘုံကျောင်းပျက်ဆီသို့ ရောက်ရှိသွားကြလေတော့သည်။

....☆....

တစ်ချိန်က အဆောင်ဆောင် အခန်းခန်းဖြင့် ခမ်းနားထည်ဝါခဲ့ဟန်ရှိသော ဘုံကျောင်းမှာ ယခုတော့ ပျက်စီးယိုယွင်းနေပြီ ဖြစ်ပါသည်။

လူသူစွန့်ခွာသွားသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်ရာ ပြုပြင်ထိန်းသိမ်းမည့်သူ မရှိတော့၍ ပျက်စီးသွားရခြင်းလည်း ဖြစ်သည်။



ဘုံကျောင်းရှေ့ မြေကွက်လပ်၌ မြက်ပင်များ ရှည်လျားစွာရှိနေသကဲ့သို့ ဘုံကျောင်းဝန်းကျင်၌ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေ၏။

မြက်တောထဲ၌ ကြေးခေါင်းလောင်းကြီးတစ်ခု ရှိနေသည်ကို လရောင်ဖြင့် တွေ့ရလေသည်။

အဖော်များတွေ့ရနိုး မျှော်လင့်ချက်ဖြင့် ဝမ်းသာအားရလာခဲ့ကြသော စွန်ရဲတို့သည် ဘုံကျောင်းပျက်ရှေ့သို့ ရောက်လာလျှင် စိတ်ထဲတစ်မျိုးတစ်မည် ဖြစ်လာကြလေသည်။

ရှေ့မတိုးတော့ဘဲ ခြေလှမ်းရပ်လိုက်ကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

ညလေအေးများ ဝှေ့ယမ်းတိုက်ခတ်လာသောအခါ စွန်ရဲကျောရိုးထဲ အေးစိမ့်သွားလေသည်။

'ဂစ်....'

ငှက်ဆိုးတစ်ကောင်ကလည်း စူးစူးဝါးဝါး အော်မြည်ကာ ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွား၏။

'တောက်....'

စွန်ရဲခေါ်ငွကာ တက်ခေါက်လိုက်မိ၏။

တစ်ဖန်....

'ဘုံကျောင်းပျက်ထဲ သွားကြမယ်'

ပြောပြီး ရှေ့ဆက်သွားလိုက်၏။

တန်းအိတို့ ချက်ချင်း လိုက်လာကြသည်။

ကြေးခေါင်းလောင်းကြီးကား ငြိမ်သက်နေ၏။

ထိုခေါင်းလောင်းကြီးနှင့် မလှမ်းမကမ်းမှ ဖြတ်ကာ ဘုန်းကျောင်းရှေ့သို့ စန်ရဲတို့ ရောက်ရှိသွားကြလေသည်။

ဘုန်းကျောင်းခေါင်မိုး အပေါက်အပြဲများကြားမှ လရောင်တိုးဝင်နေခြင်းကြောင့် အလင်းရောင် မသဲမကွဲရှိနေပါသည်။

စန်ရဲတို့သည် တံခါးချက်ပေါင်းလောင်း ဖြစ်နေသော ဘုန်းကျောင်းတံခါးပေါက်မှနေ၍ အတွင်းဘက်သို့ ချောင်းကြည့်လိုက်ကြသည်။

'ဘယ်သူမှ မရှိဘူးကွ'

တပုဒ်က ခေါင်းညိတ်လိုက်သည်

'အေးကွာ၊ ငါကိုအဖော်တွေ ဒီကိုရောက်မလာကြတူးဆိုတာ သေချာတယ်'

အဖော်များကိုမတွေ့ရသဖြင့် စိတ်ခါတ်ကျသလို ဖြစ်သွားကြ၏။

တန်အောင်က အံ့ဩသောလေသံဖြင့် ပြောသည်။

'ဒါဖြင့် ဘယ်သူက ခေါင်းလောင်းထိုးခဲ့တာလဲ'

ခေါင်းလောင်းသံကို ကြားရသော်လည်း ခေါင်းလောင်းထိုးသူအား မတွေ့ရခြင်းများမှာ ပဟေဠိတစ်ခုပမာ ရှိနေသည်။

စန်ရဲ ပခုံးတွန့်လိုက်သည်။

'ဒီနေရာမှာ တစ်စုံတစ်ယောက်တော့ ရှိနေပြီ၊ ဒါပေမယ့် တို့ကိုဒုက္ခပေးမယ်မထင်ဘူး၊ တို့လိုပဲ တောတောင်ထဲ လာ ရှောင်ပုန်းနေတဲ့ လူတစ်ယောက်ဖြစ်မယ်'

တန်စန်း ပြုံးလိုက်သည်။



'ဒါဆို တို့အတွက် ကောင်းတာပေါ့၊ သူနဲ့မိတ်ဖွဲ့လိုက်ရင် စစ်လိန်တောင်မှာ ပုန်းခိုနေဖို့ အဆင်ပြေသွားမှာပဲ'

ထိုစဉ်....

'ဟင်း.. ဟင်း'

အေးစိမ့်သောရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်၊

'ဟင်....'

စန်ရဲကိုရင်ထိတ်ကာ ကပျာကယာ ... ကြည့်လိုက်ကြလျှင် မလှမ်းမကမ်း၌ လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

စန်ရဲတို့ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထား၊ လိုက်ကြ၏။

'နေဦး'

တန်စန်းက ဟန့်တားလိုက်၏။

'သူ့ကို မိတ်ဖွဲ့ရမယ်ကွ'

အချင်းချင်းကြားသာရုံ တီးတိုးပြောပြီး ရှေ့သို့လှမ်းထွက်လိုက်၏။

တန်စန်းသည် ထိုလူအနီးသို့ ချဉ်းကပ်သွားပြီး ဦးညွှတ်လိုက်၏။

'ကျုပ်တို့ဟာ....'

မိတ်ဆက်ရန်တန်ပြင်လိုက်စဉ် ထိုလူအား သေသေချာချာ တွေ့မြင်လိုက်ရသောအခါ ဆက်မပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

အကြောင်းကား ထိုလူမှာ ဦးခေါင်းမပါဘဲ ခန္ဓာကိုယ်ကြီးသာ ရှိနေသူတစ်ယောက် ဖြစ်နေပါတော့သည်။

တန်စန်း ကြွက်သေသေသွားစဉ် ထိုလူက လက်တစ်ဖက်အနှံ့ထုတ်ကာ လက်ဝါးဖြင့် တန်စန်း၏ရင်ဝကို ရိုက်ချလိုက်သည်၊

'ဝုန်း....'

'အား....'

တန်စန်း စူးရှရှာအော်ဟစ်ကာ အခေးသို့ လွင့်စဉ်သွားတော့သည်၊

...★...

တန်စန်း မြေပေါ်လဲကျသေဆုံးသွားပုံမှာ လျင်မြန်လွန်းသူသဖြင့် စွန်ရဲတို့ မယုံနိုင်အောင်ဖြစ်နေကြသည်၊

'ဟင်း....ဟင်း'

ထိုလူက အေးစက်စွာရယ်မောရင်း ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ မြက်တောထဲသို့ရောက်ရှိသွားပြီး မြင်ကွင်းမှပျောက်ကွယ်သွားလေသည်၊

ထိုအခါမှ စွန်ရဲတို့သတိဝင်လာကြ၏၊

'ရပ်လိုက်'



ချက်ချင်းပင် ရှေ့သို့ခုန်ထွက်လိုက်ကြလေသည်၊

သူတို့၏လက်ထဲမှဓားများ ဝှေ့ယမ်းပြီးသား ဖြစ်သွားသည်၊

'ရှမ်း....ရှမ်း....ရှမ်း'

မြက်ပင်များ အပိုင်းပိုင်းပြတ်သွား၏၊

တန်စန်းအား သတ်သင်သွားသူကို မတွေ့ရပါချေ၊

တန်အိ ဒေါသခြောင်းခြောင်း ထွက်သွား၏၊

'လူယုတ်မာ....ထွက်ခဲ့စမ်း'

'မင်းသတ္တိမရှိဘူးလားကွ၊ ငါညီအတွက် မင်းကိုဆုံးမပြမယ် မှတ်ထား'

တန်အောင်ကလည်း အော်ပြောလိုက်၏၊

ထိုစဉ် မြက်တောထဲမှ လူရိပ်တစ်ခု ဘွားခနဲပေါ်လာပြီး တန်အောင်အား လှမ်းဆွဲယူသွားလေသည်၊

'ဖူး....ဖရူး....'

သွေးမကွဲအော်သံများ ထွက်ပေါ်လာသည်၊

လူနှစ်ယောက်လုံးတွေးသွားပြီး မြက်တောထဲ၌ ပျောက်သွား၏၊

'မပြေးနဲ့'

တန်အိက အော်ငေါက်ရင်းပြေးသွားရာ စွန်ရဲလည်းလိုက်သွား၏၊

မြက်တောထဲရောက်လျှင် လူတစ်ယောက်အား ဆွဲခေါ်သွားသဖြင့် မြက်ပင်များလဲကျသွား စွာ ကြောင်းရာကြီးဖြစ်နေသည်ကို တွေ့ရ၏။

မြက်ပင်များ၌ နီရဲသော သွေးများ ပေကျံနေသည်။

တန့်အော့သည်လည်း အခြေအနေကောင်းမှာ မဟုတ်ကြောင်း စွန်ရဲနားလည် ဟိုက်တော့သည်။

'ဟေး...'

တန့်အိသည်လည်း တန့်အော့၏အဖြစ်ဆိုးကို ရိပ်မိလိုက်သဖြင့် နားကြည်းစွာဖြင့် အာခေါင်ခြစ်ကာ အော်ဟစ်လိုက်တော့သည်။

ထိုအချိန်မှာပင်....

'ဟင်း....ဟင်း'

အေးစိမ့်သောရယ်သံ ထွက်ပေါ်လာကာ မြက်တောထဲမှ လူတစ်ယောက် တိုးထွက်လာလေသည်။

'ဟာ....'

ထိုလူ၏ပုံပန်းသဏ္ဌာန်ကို တွေ့လိုက်ရလျှင် စွန်ရဲ အထိတ်တလန့်အော်ကာ နောက်လှည့် ထွက်ပြေးမိတော့သည်။

တန့်အိကား ဒေါသထွက်နေသည့် အလျောက်....

'ယား....'

ညာသံပေးကာ တစ်ဟုန်ထိုးပြေးဝင် တိုက်ခိုက်လိုက်လေတော့သည်။

...★...



စွန်ရဲက နောက်လှည့် ထွက်ပြေးလာရင်း ကြေးခေါင်းလောင်းကြီးနှင့် မလှမ်းမကမ်းသို့ ရောက်လာ၏။

နောက်ကျောမလုံသဖြင့် လှည့်ကြည့်လိုက်ရာ တန့်အိနှင့် လူသတ်သမားကို မတွေ့ရတော့ပါ။

ပန်းကျွင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေလေသည်။

စွန်ရဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။

မယုံနိုင်စရာကောင်းသည့်အဖြစ်နှင့် ကြုံတွေ့ရပြီး တန့်အိတို့ညီအစ်ကိုသုံးယောက်မှာ ကံဆိုးသွားကြချေပြီ။

လူသတ်ကောင်မှာ မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် သူတို့အား ဒုက္ခပေးခဲ့ရပါသနည်း။

စွန်ရဲ တွေးတောနေစဉ်...

'ဒေါင်ဒေါင်...ဒေါင်ဒေါင်'

ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာလေသည်။

'ဟင်...'

စွန်ရဲ ဂယောင်ချောက်ချား လှည့်ကြည့်လိုက်၏။

ထိုအခါ လူသတ်ကောင်သည် တဟားဟားရယ်မောရင်း ခေါင်းလောင်းထိုးနေသည်ကို တွေ့လိုက်ရ၏။

သူအသုံးပြုနေသော ခေါင်းလောင်းထိုးသံမှာ ရိုးရိုးတုတ်တံမဟုတ်ဘဲ တန့်အိဖြစ်နေ၏။

တန့်အိ၏ ခန္ဓာကိုယ်ကိုမချီကာ လွှဲ၍လွှဲ၍ ခေါင်းလောင်းထိုးနေခြင်း ဖြစ်သည်။

တန်အိဇ်၏ဦးခေါင်းနှင့် ကြေးခေါင်းလောင်းကြီး မိတ်ဆက်မိသောအခါ ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။

ထိုမြင်ကွင်းကိုမြင်လျှင် စွန်ရဲ သွေးပျက်သွားတော့သည်။

'အား....'

စူးရှစွာအော်ဟစ်ရင်း ခြေဦးတည့်ရာ ပြေးထွက်သွားပါတော့သည်။

....★....

စွန်ရဲ မျက်နှာပျက်နေသည်။

တံတွေးမျိုချကာ ပြောလိုက်သည်။

'ဒီအကြောင်းတွေ ပြန်တွေးကြည့်ရင် ကြက်သီးတောင်ထမိပါတယ်ကွာ၊ ကျုပ်လိုနဲ့ စစ်လိန်တောင်မှာ မကောင်းဆိုးဝါးတွေနဲ့ တွေ့ခဲ့ရသူတွေ ရှိသေးတယ်'

ကျင်းလုံ သက်ပြင်းချလိုက်သည်။

'အဲဒီ မကောင်းဆိုးဝါးကောင်ဟာ စစ်လိန်တောင်ပေါ်မှာနေပြီး ဘုံကျောင်းပျက်ကို ရောက်လာတဲ့လူတွေကို သတ်ပစ်နေတာပေါ့ ဟုတ်လား'



စွန်ရဲ ခေါင်းညိတ်လိုက်၏။

'အင်း....ကျုပ်စိတ်ထဲမှာတော့ ဘုံကျောင်းပျက်မှာ သေဆုံးသွားသူ တစ်ယောက်ဟာ မကောင်းဆိုးဝါးဖြစ်သွားပြီး ဒုက္ခပေးနေတာလို့ပဲ ထင်မိတယ်'

ကျူးကော့က ကျင်းလုံကိုမေးလိုက်လေသည်။

'အစ်ကိုကြီး.... မကောင်းဆိုးဝါးဆိုတာ ယုံသလား'

ကျင်းလုံ ပခုံးတွန့်လိုက်၏။

'လူတွေကပြောနေကြတာပဲ၊ ဒါပေမယ့် ကျုပ်ကကိုယ်တွေ့မဟုတ်တဲ့ ဘယ်ကိစ္စကိုမှ မယုံတတ်ပါဘူး'

'ဒါဖြင့် ကျွန်တော်တို့သွားရအောင်'

'ကောင်းပြီ'

ကျင်းလုံတို့ထွက်သွားသောအခါ စွန်ရဲက ဒုတိယအကြိမ်တားဆီးရန်ကြိုးစားလိုက်သော်လည်း မအောင်မြင်တော့ပေ။

ကျင်းလုံတို့သည် ဆေးဆရာအိမ်မှ ထွက်သွားကြတော့သည်။

စွန်ရဲကိုထားကာ ထွက်သွားကြသော ကျင်းလုံတို့၏ ခြေလှမ်းများသည် မူလရည်ရွယ်ချက်သတိုင်း စစ်လိန်တောင်သို့ ဦးတည်နေလေတော့သည်။

....★....

## တစ်ဆင့်ပြီး တစ်ဆင့်

ဇွန်ရဲ့အား ဈာကာလေးဥ္သသွားစေခဲ့ပြီး ကျောင်းလုံနှင့် ကျူးကော့တို့ စစ်လိန်တောင်သို့ ဦးတည်ကာ ခရီးထွက်လာကြရာ မိုးမချုပ်မီ ညှိုမှိုင်းနေသော တောင်တန်းကြီးကို နောက်ခံထားသည့် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြလေသည်။

ကျောင်းလုံဝမ်းသာသွားလေသည်။

'ဘာလိုလိုနဲ့ စစ်လိန်တောင်ခြေကိုတောင် ရောက်လာပြီ'

ကျူးကော့ ရယ်မောလိုက်သည်။

'ကျွန်တော်တို့ စစ်လိန်တောင် မကောင်းဆိုးဝါးနဲ့ တွေ့ဦးမှာပေါ့'

ကျောင်းလုံသည်း ရယ်မောလိုက်လေသည်။



နာမည်ကျော် စစ်လိန်တောင်သို့ သူတို့ လာနိုင်ခဲ့ကြပြီ ဖြစ်သည်။

တာမို သိုင်းကျမ်းအား တွေ့အောင် ရှာဖွေနိုင်ပါမည်လော။

လယ်သင့်တကူ ရှာဖွေတွေ့ရှိမည်ဆိုပါက လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တစ်ယောက်မဟုတ် တစ်ယောက်ရသွားလိမ့်မည်ဖြစ်ပေလသည်။

ကျူးကော့က ပြောလာသည်။

'ဒီမြို့ကလေးမှာ ခဏနားပြီး စစ်လိန်တောင်က မကောင်းဆိုးဝါးအကြောင်းကို စုံစမ်းကြည့်ရင် မကောင်းဘူးလား'

ကျောင်းလုံ ပြုံးလိုက်၏။

'ညီလေးက မကောင်းဆိုးဝါး ဆိုတာကို ယုံကြည်နေလို့လား....'

'မဟုတ်ဘူးလေ ဒီကိစ္စဟာ ထူးခြားမှုတစ်ခုခု ရှိနေရမယ်လို့ ကျွန်တော် တွေးမိလို့ပါ'

'ဇွန်ရဲက အမှန်အတိုင်းပြောတယ်လို့ ထင်နေတာပေါ့'

'ကျွန်တော်တို့က သူ့ကို ကူညီခဲ့တာပဲ၊ လိမ်ပြောမယ်လို့ တော့မထင်ပါဘူး'

ကျူးကော့က ယထာဘူတကျကျပြောလေသည်။

ကျောင်းလုံ တွေဝေသွားလေသည်။

'စစ်လိန်တောင်ပေါ်မှာ မကောင်းဆိုးဝါး တစ်ကောင်တကယ်ပဲ ရှိနေရင်တော့....'

စကားဆုံးအောင် မပြောနိုင်ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

'မြို့ထဲဝင်ပြီး စနည်းနာကြည့်တာ အကောင်းဆုံး ဖြစ်မှာပါ၊ ကဲ....ကျွန်တော်တို့သွားရအောင်'

'ကောင်းပြီလေ'

ကျင်းလို သဘောတူလိုက်လေသည်။

နှစ်ယောက်သား မြို့ထဲသို့ဝင်လိုက်ကြ၏။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်ပါသည်၊

ဆည်းဆာရောင်ခြည်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်ဟု ထင်ရပါတော့သည်။

လမ်းပေါ်၌သွားလာလှုပ်ရှားနေကြသူများနှင့် စည်ကားသိုက်မြိုက်နေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်၌ စားသောက်ဆိုင်များ ဈေးဆိုင်များ အစီအရီရှိနေ၏။

ဈေးဆိုင်များ ဆိုင်လုလင်များ၏ လာပါစားသောက်လှည့်ပါ ဝယ်ပါယူပါ အသံစာစာလေးများ ထွက်ပေါ်နေ၏၊

ကျူးကော့ သဘောကျသွားလေသည်၊

'တောမြို့ကလေး ဖြစ်ပေမယ့် စည်စည်ကားကား ရှိနေသားပဲ'

ကျင်းလိုကား သွားလာလှုပ်ရှားနေသူများကို ကြည့်ရင်း မျက်မှောင်ကုပ်သွားလေသည်၊

ကျူးကော့ အံ့သြသွားလေသည်၊



'အစ်ကိုကြီး ဘာဖြစ်လို့လဲ'

'ညီလေး သတိထားပြီးကြည့်ပါ၊ ဒီမြို့ကလေးမှာ သိုင်းလောကသားတွေ အတော်များများရောက်နေကြတဲ့ သဘောရှိတယ်'

'ဟင်....'

ကျူးကော့ ရင်ထိတ်သွားပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ သွားလာလှုပ်ရှားနေကြသူများတွင် စားသောက်ဆိုင်များ၌လည်းကောင်း ကိုယ်ကြပ်အင်္ကျီ ဝတ်ထားသောလက်နက်ကိုယ်စီကိုင်ဆောင်ထားကြသူများ ပါဝင်နေကြသည်ကိုတွေ့ရလေသည်၊

'သိုင်းလောကသားတွေရောက်နေကြတာ ဘာသဘောလဲ'

ကျူးကော့ တီးတိုးရေရွတ်လိုက်လေသည်၊

ကျင်းလို ပင့်သက်ရှိုက်လိုက်၏၊

'စစ်လိန်တောင်မှာ ခါ်ငုံင်းနှစ်တွေထက် ပိုပြီးသိုင်းလောကသားတွေ လှုပ်ရှားလာကြတယ်ဆိုတဲ့ သဘောပဲ၊ သိုင်းလောကသားတွေ စုံလင်ရင် ပြဿနာတွေလဲ ပေါ်ပေါက်လာမှာပဲ'

ကျူးကော့ မချင့်မရဲဖြစ်သွားသည်၊

'တာမိုသိုင်းကျမ်းကို ရှာပါမယ်ဆိုကာမှ အခြေအနေကရှုပ်ထွေးလာတာ ဒုမ်းနည်းစရာပဲ'

ကျင်းလို လက်ကာပြလိုက်၏၊

'မပူပါနဲ့ ညီလေးရယ်၊ ကျုပ်တို့က သူများတွေထက်ပိုပြီး ကြိုးစားသွားကြတာပေါ့'

ကျူးကော့၏ မျက်လုံးအစုံ၌ ထူးခြားသောအရိပ်အရောင်များဖြစ်ပေါ်လာလေသည်။

ကျင်းလုံအပေါ် ရင်းနှီးတွယ်တာလာသကဲ့သို့ အားကိုးအားထားပြုလိုသည့် သဘောအဓိပ္ပာယ်ဖြစ်ပါသတော့သည်။

ထိုစဉ်...

'တေးကို...တေးကို'

ကျယ်လောင်စွာသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ကျင်းလုံကို ကြည့်လိုက်သောအခါ မြင်းစီးသမားအုပ် ဒုန်းစိုင်းနှင်လာကြသည်ကို တွေ့လိုက်ရသည်။

ကျူးကော့ မျက်နှာပျက်သွား၏။

'ရှေကျိုးဂိုဏ်းကလူတွေပဲ'

လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

ကျင်းလုံ မျက်မှောင်ကုတ်သွားပြီး အကဲခတ်ကြည့်လိုက်၏။ ရှေကျိုးဂိုဏ်းမှ သိုင်းသမားများသည် မြင်းဒုန်းစိုင်းနှင်သွားကြပြီး လမ်းချိုးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်ကာ မြင်ကွင်းမှပျောက်ကွယ်သွားကြလေသည်။

ကျင်းလုံမှာ အရှူးသိုင်းသမား စုသန်းအား သတိရ လိုက်၏။



'သူတို့မြေးအတိုး ဘယ်လိုနေမယ်မသိဘူး၊ ရှေကျိုးဂိုဏ်း ဟာ လျှောက်ဆုံးနေတဲ့သူတို့ရဲ့ သခင်မလေးကို လိုက်ရှာနေကြတာပဲဖြစ်မယ်'

ရှေကျိုးဂိုဏ်းမှ သခင်မလေးသည် ဖခင်အရှုံးရှိသော ထင်းကျန့်ဂိုဏ်းချုပ်အား လက်မသင့်လိုသဖြင့် ထွက်ပြေးရှောင်တိမ်းသွားကြောင်း သိခဲ့ရလေသည်။

အကယ်၍ ရှေကျိုးဂိုဏ်းမှ သခင်မလေးအား တွေ့ရမည်ဆိုပါလျှင် အကူအညီပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

'ကျွန်တော်တို့သွားရအောင်'

ကျင်းလုံ တွေးတောနေစဉ်၊ ကျူးကော့က ခေါ်ဆော်လာသည်။

ကျင်းလုံ အံ့ဩသွား၏။

'ကျုပ်တို့ ဒီမှာတစ်ညနားပြီး စစ်လိန်တောင် မကောင်းဆိုးဝါးအကြောင်းစုံစမ်းမယ်ဆို'

'သိုင်းလောကသားတွေ ဒီမှာခြေချုပ်နေကြတယ် ဆိုတော့ ဆက်မနေချင်တော့ဘူး၊ စစ်လိန်တောင်ကို သွားကြတာပဲ ကောင်းလိမ့်မယ်'

ကျူးကော့သည် သိုင်းလောကသားများနှင့် မပတ်သက်လိုပဲ ရှောင်ကွင်းသွားလိုနေကြောင်း ကျင်းလုံသတိပြုမိလိုက်သည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

နှစ်ယောက်သား ရှေ့ဆက်လျှောက်လာခဲ့ကြလေသည်။

မြို့စွန်သို့ရောက်လာသောအခါ လမ်းပေါ်၌ လူသွားလူလာများ တစ်စထက်တစ်စ ကျဲသွားသကဲ့သို့ လူနေအိမ်များလည်း ကျဲပါးသွားလေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်၌ စိမ်းစိုနေသော သစ်ပင်များ ဖုံးလွှမ်းထားသကဲ့သို့ မလှမ်းမကမ်း၌ မီးရောင်များ ထိန်ထိန်ပြီးနေသော အဆောက်အဦးကြီးတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားကြသော သိုင်းသမားများသည် ထိုအဆောက်အဦးအတွင်းသို့ ဝင်ထွက်သွားလာနေကြသည်ကို တွေ့ရလေသည်။

ကျူးကော့ မျက်နှာပျက်သွားသည်။

'ဒုက္ခပဲ၊ ကျွန်တော်တို့ ဒီလမ်းကလာမိတာ မှားသွားပြီ' လွတ်ခနဲ ညည်းတွားလိုက်သည်။

ကျင်းလုံက မေးလိုက်သည်။

'ဘာဖြစ်လို့လဲ ညီလေး'

'သိုင်းလောကသားတွေဟာ ရှေ့က အဆောက်အဦးကို လာကြတာပဲဖြစ်မယ်'

'ဪ...'

ထိုစဉ် သူတို့အနီးတွင် လူတစ်စုရောက်ရှိလာကြလေသည်၊

ထိုလူများမှာ အစိမ်းရောင်ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားကြပြီး ခေါင်းကိုယ်စီ ခါးချိတ်ထားကြရာ သိုင်း အဖွဲ့အစည်းတစ်ခုခုမှဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။



လူတစ်ယောက်က ရှေ့သို့လှမ်းထွက်လာပြီး ဦးညွှတ်လိုက်သည်။

'အစိမ်းရောင်အလံဂိုဏ်းက ကြိုဆိုပါတယ်ဗျာ၊ ကြွပါ'

ကျင်းလုံနှင့် ကျူးကော့တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

'ဆွေးနွေးပွဲမကြာခင်စတင်ကျင်းပပါတော့မယ်၊ ကြွကြွပါခင်ဗျာ'

ထိုလူက ထပ်မံဖိတ်ခေါ်လာသည်။

ကျူးကော့က ငြင်းရန်ဟန်ပြင်လိုက်သည်။

ကျင်းလုံက ခေါင်းတစ်ချက်ဟန့်လိုက်သည်။

'မိတ်ဆွေတို့ရဲ့ ဆွေးနွေးပွဲက....'

'စစ်လိုနီဘောင်မှာ မကောင်းဆိုးဝါးတစ်ကောင် ထွက်ပေါ်နေပါတယ်၊ သူ့ရဲ့လက်ချက်ကြောင့် သိုင်းလောကသားအတော်များများ ဒုက္ခရောက်ခဲ့ကြပါတယ်၊ ဒါကြောင့် မကောင်းဆိုးဝါးကို နှိမ်နင်းဖို့ ကျုပ်တို့အစိမ်းရောင် အလံဂိုဏ်းချုပ်က သိုင်းလောကသားတွေကိုဖိတ်ခေါ်ပြီး တိုင်ပင်ဆွေးနွေးဖို့ စီစဉ်ထားပါတယ်၊ ဆွေးနွေးပွဲ မကြာခင် ကျင်းပပါတော့မယ်၊ ကြွကြွပါ'

ကျင်းလုံ စိတ်လှုပ်ရှားသွားသည်၊

အစိမ်းရောင် အလံဂိုဏ်း၏ဆွေးနွေးပွဲသို့ တက်ရောက်သင့်သည်ဟု တွေးမိလိုက်၏။

ထို့ကြောင့်....

'ကောင်းပါပြီဗျာ'

မြို့စွန်သို့ရောက်လာသောအခါ လမ်းပေါ်၌ လူသွားလူလာများ တစ်စထက်တစ်စ ကျဲသွားသကဲ့သို့ လူနေအိမ်များလည်း ကျဲပါးသွားလေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်၌ စိမ်းစိုနေသော သစ်ပင်များ ဖုံးလွှမ်းထားသကဲ့သို့ မလှမ်းမကမ်း၌ မီးရောင်များ ထိန်ထိန်ငြိုးနေသော အဆောက်အဦးကြီးတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားကြသော သိုင်းသမားများသည် ထိုအဆောက်အဦးအတွင်းသို့ ဝင်ထွက်သွားလာနေကြသည်ကို တွေ့ရလေသည်။

ကျူးကော့ မျက်နှာပျက်သွားသည်။

'ဒုက္ခပဲ၊ ကျွန်တော်တို့ ဒီလမ်းကလာမိတာ မှားသွားပြီ' လွတ်ခနဲ ညည်းတွားလိုက်သည်။

ကျင်းလုံက မေးလိုက်သည်။

'ဘာဖြစ်လို့လဲ ညီလေး'

'သိုင်းလောကသားတွေဟာ ရှေ့ကအဆောက်အဦးကို လာကြတာပဲဖြစ်မယ်'

'ဩော်....'

ထိုစဉ် သူတို့အနီးတွင် လူတစ်စုရောက်ရှိလာကြလေသည်။

ထိုလူများမှာ အစိမ်းရောင်ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားကြပြီး ခါးကိုယ်စီ ဓါးချိတ်ထားကြရာ သိုင်းအဖွဲ့အစည်းတစ်ခုခုမှဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။



လူတစ်ယောက်က ရှေ့သို့လှမ်းထွက်လာပြီး ဦးညွှတ်လိုက်သည်။

'အစိမ်းရောင်အလံဂိုဏ်းက ကြိုဆိုပါတယ်ဗျာ၊ ကြွပါ'

ကျင်းလုံနှင့် ကျူးကော့တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

'ဆွေးနွေးပွဲမကြာခင်စတင်ကျင်းပပါတော့မယ်၊ ကြွကြွပါခင်ဗျာ'

ထိုလူက ထပ်မံဖိတ်ခေါ်လာသည်။

ကျူးကော့က ငြင်းရန်ဟန်ပြင်လိုက်သည်။

ကျင်းလုံက ချောင်းတစ်ချက်ဟန့်လိုက်သည်။

'မိတ်ဆွေတို့ရဲ့ ဆွေးနွေးပွဲက....'

'စစ်လိုင်နဲ့ဘောင်မှာ မကောင်းဆိုးဝါးတစ်ကောင် ထွက်ပေါ်နေပါတယ်၊ သူ့ရဲ့လက်ချက်ကြောင့် သိုင်းလောကသားအတော်များများ ဒုက္ခရောက်ခဲ့ကြပါတယ်၊ ဒါကြောင့် မကောင်းဆိုးဝါးကို နှိမ်နင်းဖို့ ကျုပ်တို့အစိမ်းရောင် အလံဂိုဏ်းချုပ်က သိုင်းလောကသားတွေကိုဖိတ်ခေါ်ပြီး တိုင်ပင်ဆွေးနွေးဖို့ စီစဉ်ထားပါတယ်၊ ဆွေးနွေးပွဲ မကြာခင် ကျင်းပပါတော့မယ်၊ ကြွကြွပါ'

ကျင်းလုံ စိတ်လှုပ်ရှားသွားသည်။

အစိမ်းရောင် အလံဂိုဏ်း၏ဆွေးနွေးပွဲသို့ တက်ရောက်သင့်သည်ဟု တွေးမိလိုက်၏။

ထို့ကြောင့်....

'ကောင်းပါပြီဗျာ'

ထိုလူများနောက်သို့ လိုက်သွားရန် သဘောတူ လိုက်လေသည်။

ကျူးကော့ သဘောမကျသဲ ဖြစ်သွားသော်လည်း ဘာမျှ မပြောတော့ချေ။

အစိမ်းရောင်ဝတ်သားသူများက ကြိုးဆိုခေါ် ဆောင်သွားပြီး အဆောက်အဦးအတွင်းသို့ ပို့ဆောင်ပေးလိုက်လေတော့သည်။

--- ✶ ---

မီးရောင် ထိန်ထိန်လင်းနေသော အဆောက်အဦးကြီး၏ ဧည့်ခန်းမဆောင်ကြီးမှာ ခန်းနားသည်ဝ လှပန်းလှသည်။

စည့်သည်တော်ပါးဆယ်ခန့် ရောက်ရှိ နေရာယူထားသည်ကို တွေ့ရလေသည်။

အစိမ်းရောင်ဂိုဏ်းသားများက အရက်ခွားသောက်ဖွယ်ရာများဖြင့် ဧည့်ခံနေကြသည်။

ကျွင်းလုံနှင့် ကျူးကော့တို့သည် ချောင်ကျကျ ဘစ်နေရာ၌ နေရာယူလိုက်ကြလေသည်။



'အစ်ကိုကြီးက ဘာကြောင့် ဒီနေရာကို လိုက်လာရတာလဲ' ကျွင်းလုံက ရှင်းပြလိုက်သည်။

'မစ်လိန်တောင် မကောင်းဆိုးဝါးအကြောင်းကို သိတန်သလောက် သိထားရင် အမြတ်ထွက်တယ်လို့ မဆိုနိုင်ဘူးလား'

'ကျွန်တော်တော့ သိုင်းလောကသားတွေ စုဝေးနေတဲ့ နေရာမှာ ဆက်မနေချင်ဘူး'

'ကောင်းပြီလေ... ခဏလောက် အခြေအနေ စောင့်ကြည့်ပြီးမှ သွားကြတာပေါ့'

ကျူးကော့က တော့ ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိုစဉ်....

'ကြွရောက်လာကြတဲ့ သိုင်းလောက မိတ်ဆွေအပေါင်းတို့ ခင်ဗျား... အစိမ်းရောင်အလံ ဂိုဏ်းချုပ် လီမင်းကွမ်း ရောက်ရှိလာပါပြီ'

ကျေညာသံထွက်ပေါ်လာသဖြင့် ကျွင်းလုံတို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ အစိမ်းရောင်ပိုးထည်ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ခန့်ရှိ လူတစ်ယောက်သည် ကိုယ်ရံတော်များခြံရံကာ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား အစိမ်းရောင်အလံဂိုဏ်းချုပ် လီမင်းကွမ်းပင် ဖြစ်ပါသည်။

လီမင်းကွမ်းသည် ညှော်ခန်းဆောင်အတွင်းသို့ ရောက်ရှိနေကြသော သိုင်းလောကသားများအား ဝေ့ကြည့်လိုက်လေသည်။

တစ်ဖန်....

'မိတ်ဆွေတို့ ခုလိုရောက်ရှိလာကြတဲ့အတွက် ကျုပ်ကအမ်းသာဂုဏ်ယူမိသလို ကျေးဇူးတင်တဲ့အကြောင်းလဲ အရင်ဆုံးပြောပါရစေဗျာ'

လီမင်းကွမ်းသည် ချောင်းတစ်ချက်ဟန့်ကာ စကားဆက်လိုက်၏။

'ကျုပ်တို့ အစိမ်းရောင်အလံဂိုဏ်းဟာ စစ်လိန်တောင်အနီးမှာ အခြေချထားခဲ့တာကြာပါပြီ၊ တောတောင်ထူထပ်တဲ့ စစ်လိန်တောင်မှာ လူဆိုးဓားပြတွေ ခိုအောင်းနေတတ်တာကြောင့် ကျုပ်တို့ဂိုဏ်းက အမြဲတမ်း စောင့်ကြည့်ပြီး အခြေအနေပေးတာနဲ့ နှိမ်နင်းချေမှုန်းပစ်ခဲ့တာပါပဲ၊ ဒါပေမယ့် လွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး ထူးဆန်းတဲ့ ဒုဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာတာနဲ့ ကြုံတွေ့ခဲ့ရပါတယ်'

ဧည့်သည်သိုင်းသမားများ လှုပ်လှုပ်ရွရွ ဖြစ်လာကြလေသည်။

လီမင်းကွမ်း၏စကားကို စိတ်ဝင်စားလာကြသည်။

လီမင်းကွမ်း၏မျက်နှာ တည်ကြည်လေးနက်လာသည်။



'စစ်လိန်တောင်မှာ မကောင်းဆိုးဝါးတစ်ကောင် ထွက်ပေါ်လာပါတယ်၊ တောင်ပေါ်ဘုံကျောင်းပျက် အနီးတစ်ဝိုက်မှာ ကျက်စားနေပြီး တာမိုသိုင်းကျမ်း ရှာဖွေသူတွေကို ဒုက္ခပေးနေပါတယ်'

ဤတွင် သိုင်းသမားတစ်ယောက်က ဝင်ပြောလိုက်လေသည်။

'စစ်လိန်တောင်မှာ တာမိုသိုင်းကျမ်း ရှိနေတယ်ဆိုတာ တကယ်ပဲလား၊ ရှိတယ်ဆိုရင် ရှာလို့တွေ့ရမှာပေါ့၊ ဒါတာ သိုင်းလောကသားတွေကို ဒုက္ခပေးဖို့ ထောင်ချောက်ဆင်ထားတာများလား'

လီမင်းကွမ်းက ရှင်းပြလေသည်။

'လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က စစ်လိန်တောင်က ရှောင်လင်ကျောင်းခွဲဟာ ဘေးဆိုးအန္တရာယ်ကျရောက်ပြီး ပျက်စီးသွားခဲ့ပါတယ်၊ ရှောင်လင် ကျောင်းတော်ကြီးကနေ ပုံတူပွားထားတဲ့ တာမိုသိုင်းကျမ်းလဲ ပျောက်ဆုံးသွားခဲ့ပါတယ်၊ ဒါကို ရှောင်လင်ကျောင်းထိုင်က အတိအလင်း ဝန်ခံထားသလို သိုင်းလောကတစ်ခုလုံးလဲ သိထားကြပါတယ်'

'ဒါဆို စစ်လိန်တောင်မှာ တာမိုသိုင်းကျမ်း ရှိနေတယ်ဆိုတာ သေချာတာပေါ့'

'တာမိုသိုင်းကျမ်းဟာ စစ်လိန်တောင်မှာပဲ ပျောက်ဆုံးသွားခဲ့တာပါ၊ ခုချိန်မှာတော့ ရှိသေးသလား၊ ပျက်စီးသွားပြီလား ဘယ်သူမှမပြောနိုင်ပါဘူး'

'တာမိုသိုင်းကျမ်းဟာ ပဟေဠိဆန်တဲ့ သိုင်းကျမ်းတစ်ခုလို့ တာ မှန်နေပါလား'

'ဟုတ်တယ်၊ စစ်လိန်တောင် မကောင်းဆိုးဝါးခေါ်လာ တော့ ပိုပြီးတော့ ပဟေဠိဆန်လာပါသေးတယ်'

တခြားသိုင်းသမား တစ်ယောက်က ထပ်မေးလိုက်သည်၊

'ဘယ်လိုပဟေဠိဆန်တာလဲ ပြောပါဦး'

လီမင်းကွမ်းက ရှင်းပြလေသည်။

'စစ်လိန်တောင် မကောင်းဆိုးဝါးဟာ တာမိုသိုင်းကျမ်း က သိုင်းကွက်တွေကို တတ်မြောက်ထားတယ်လို့ သတင်းတွေ ထွက်ပေါ်နေတာပါပဲ'

ထိုသည့်သိုင်းသမားများ၏ တစ်ယောက်တစ်ပေါက်ဆေ ဖန် ပြောဆိုသံများ ထွက်ပေါ်လာသည်။

'မကောင်းဆိုးဝါးကောင်က တာမိုသိုင်းကျမ်းကို တတ် မြောက်ထားတာ ဘယ်လိုသဘောလဲ'

'သူဟာ ရှောင်လင်ကျောင်းခွဲမှာ သေဆုံးခဲ့ရတဲ့ ရှောင် လင်ကျောင်းကလူတစ်ယောက် မကျွတ်မလွတ်ပဲ၊ မကောင်း ဆိုးဝါး ဖြစ်နေတာလား'

'မကောင်းဆိုးဝါးဆိုတာ ကျုပ်တို့လက်မခံဘူး၊ သူဟာ တာမိုသိုင်းကျမ်းကိုရထားပြီး စစ်လိန်တောင်မှာ လျှို့ဝှက်လှုပ် ရှားနေတဲ့ လူတစ်ယောက်ပဲဖြစ်မယ်'

'ကျုပ်တို့ စစ်လိန်တောင်ကိုသွားပြီး အဖြစ်မှန်ကိုဖော် ထုတ်ကြမယ်'



လီမင်းကွမ်း ဝမ်းသာသွားလေသည်။

'ဟုတ်ပါတယ်ဗျာ စစ်လိန်တောင်က မကောင်းဆိုးဝါးကိစ္စ ကို အမှန်အတိုင်းဖော်ထုတ်ဖို့ ကျုပ်တို့အစိမ်းရောင်အလံဂိုဏ်း က ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့်ကျုပ်တို့ဂိုဏ်းဟာသိုင်း ပညာကော လူအင်အားပါ နည်းပါးတာကြောင့် မိတ်ဆွေ တို့ကိုဖိတ်ခေါ်လိုက်ခြင်းဖြစ်ပါတယ်'

ကျင်းလုံနှင့် ကျူးခေကာ့တို့ အချင်းချင်းကြည့်လိုက်ကြ၏၊

အစိမ်းရောင်အလံဂိုဏ်းမှ ဦးဆောင်ကာ သိုင်းလောက သားများသည် စစ်လိန်တောင်သို့ သွားကြမှာ သေချာနေပါ တော့သည်။

ဤသို့ဆိုလျှင် တာမိုသိုင်းကျမ်း သွားရောက်ရှာဖွေမည့် သူ တို့အတွက် အနှောင့်အယှက် ဖြစ်လာတော့မည် မဟုတ်ပါ လား။

'ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

ကျူးခေကာ့က မေးလာလေသည်။

ကျင်းလုံ သက်ပြင်းချလိုက်၏။

'တို့ချည်းပဲ စစ်လိန်တောင်ကို သွားကြတာထက် သူတို့နဲ့ လိုက်သွားတာ ပိုကောင်းမယ်၊ စစ်လိန်တောင်ကို ရောက်မှ မီးစင်ကြည့်က ကြတာပေါ့'

ကျူးခေကာ့ ငြိမ်နေလိုက်သည်။

အစိမ်းရောင်ဂိုဏ်းချုပ် လီမင်းကွမ်းနှင့် ရောက်ရှိလာကြသည့် ဧည့်သည်သိုင်းသမားများ တိုင်ပင်ဆွေးနွေးနေကြသည့် စကားသံများကို သူတို့နှစ်ယောက် မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေကြ၏။

ထိုစဉ်....

'တောက်'

ကျင်းလုံ၏ ရှေ့သို့ ကျောက်ခဲတစ်လုံး ကျရောက်လာသည်။

'ဟင်....'

ကျင်းလုံ အံ့သြသွားပြီး ဟိုဟိုသည်သည် ကြည့်လိုက်ရာ မလှမ်းမကမ်း တစ်နေရာမှ လူတစ်ယောက်သည် သူ့အား လက်ရပ်ခေါ်ပြီး ထိုင်ရာမှထကာ အပြင်ဘက်ထွက်သွားသည်ကို တွေ့လိုက်ရ၏။

ကျင်းလုံ မယုံနိုင်အောင်ဖြစ်သွားလေသည်။

'ည... ညလူပါလား'

ထိုလူကား နောက်ကွယ်မှနေ၍ သူ့အားဖေးမ ကူညီနေသည့် ညလူဖြစ်ပါတော့သည်။

ကျင်းလုံသည် ထိုင်ရာမှထကာ ချက်ချင်းလိုက်သွား၏။

ကျူးကျော် ကြောင်အမ်းအမ်းဖြစ်သွား၏။

'အစ်ကိုကြီး ဘယ်သွားမလို့လဲ'



ချက်ချင်းပင် ကျင်းလုံနောက်သို့ ပြေးလိုက်သွားလေတော့သည်။

★

အစိမ်းရောင်အလံဂိုဏ်းမှ အစောင့်အကြပ်များသည် ကျင်းလုံအား လုံးဝဟန့်တားခြင်း မပြုကြချေ။

အဆောက်အအုံအပြင်ဘက်သို့ရောက်လျှင် ညလူတစ်ဟုန်ထိုး ပြေးထွက်သွား၏။

ကျင်းလုံလည်း ပြေးလိုက်သွားလေသည်။

အစိမ်းရောင်အလံဂိုဏ်းနှင့် အတော်ဝေးဝေးသို့ ရောက်သွားတော့မှ ညလူက အမှောင်ရိပ်ထဲ၌ ခြေလှမ်းရပ်လိုက်လေသည်။

ကျင်းလုံက လိုက်သွားပြီး မလှမ်းမကမ်း၌ ရပ်လိုက်၏။

ညလူက တစ်ချက်ရယ်မောလိုက်သည်။

'ငါရောက်လာလိမ့်မယ်လို့ မင်းမထင်ဘူး မဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ကျင်းလုံ အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ညလူက လက်ဝှေ့ယမ်းပြလိုက်၏။

'မင်းရဲ့နောက်မှာ ငါက အရိပ်လိုရှိနေမယ်ဆိုတာ ပြောထားပြီးပြီပဲ၊ စစ်လိန်တောင်မှာ တာမိုသိုင်းကျမ်းကိုရဖို့ မင်းအတွက် အခွင့်အရေးပေါ်လာပြီကွ'

ကျင်းလုံ မျက်မှောင်ကုတ်သွား၏။

'ဦးပြောတာကို ကျွန်တော်တော့ ဘယ်လိုမှနားမလည်နိုင်တော့ပါဘူး၊ စစ်လိန်တောင်မှာ ပြဿနာတစ်ခု ပေါ်ပေါက်နေတာပဲ၊ တာမိုသိုင်းကျမ်းကိုရှာဖွေဖို့ ပိုခက်သွားဦးမယ်ထင်ပါတယ်'

'မင်းမှားနေပြီ'

'ဗျာ....'

'စစ်လိန်တောင်မှာ မကောင်းဆိုးဝါးတစ်ကောင် ပေါ်ပေါက်နေတယ်လို့ လီမင်းကွမ်းက ပြောခဲ့တယ်မဟုတ်လား'

ကျင်းလုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ညလူ ရှင်းပြလေသည်။

'မကောင်းဆိုးဝါး တစ်ကောင်ဆိုတာကို ငါလက်မခံဘူး၊ သူဟာ တာမိုသိုင်းကျမ်းက သိုင်းကွက်တွေကို တတ်မြောက်ထားတယ်၊ ဒီတော့ တစ်ချိန်က ရှောင်လင်ကျောင်းခွဲမှာ နေထိုင်ခဲ့သူတစ်ယောက် ဖြစ်ရမယ်၊ ရှောင်လင်ကျောင်းခွဲပျက်စီးသွားတာနဲ့ တာမိုသိုင်းကျမ်း ပျောက်ဆုံးသွားတာ သူ့ရဲ့လက်ချက်ပဲဖြစ်ရမယ်'



'ဗျာ....'

'တာမိုသိုင်းကျမ်းကိုရထားလို့သာ သူက တာမိုသိုင်းကျမ်းက သိုင်းကွက်တွေကို အသုံးပြုနိုင်တာပေါ့'

ကျင်းလုံ တွေဝေသွားလေသည်။

ညလူက ဆက်ပြောသည်။

'အဲဒီမကောင်းဆိုးဝါးကို တွေ့အောင်ရှာနိုင်ပြီဆိုရင် တာမိုသိုင်းကျမ်းကိုရပြီလို့ မှတ်လိုက်ပေတော့'

'ကျွန်တော်က သူ့ကိုတွေ့အောင် ရှာရမယ်ဟုတ်လား'

'ဒါပေါ့၊ မင်းရဲ့သိုင်းပညာနဲ့ တစ်ယောက်တည်းသွားရင် အန္တရာယ်များတယ်၊ လီမင်းကွမ်းတို့လူစုနဲ့ လိုက်သွားပါ၊ စစ်လိန်တောင်ကိုရောက်မှ အခြေအနေကြည့်ပြီး ဆက်လုပ်ပေါ့'

ကျင်းလုံ သဘောတူလိုက်သည်။

'ကောင်းပါပြီဗျာ'

ညလူက သူ့အားကြည့်ကာ မေးလာလေသည်။

'နေပါဦး....မင်းနဲ့တွဲနေတဲ့ ကောင်လေးက ဘယ်သူလဲ'

'ဩော်...သူက ကျူးကောပါ'

ကျူးကောသည်လည်း ထင်းကျန်ဂိုဏ်းအပေါ် မကျေမနပ်ဖြစ်နေသည့်အကြောင်း ရှင်းပြလိုက်လေသည်။

ညလူ ခေါင်းခါယမ်းလိုက်၏။

'ဘာပဲဖြစ်ဖြစ် ဒီကောင်လေးကို ငါ သဘောမကျဘူး၊ တစ်နေ့ကျရင် မင်းအတွက် အနှောင့်အယှက် ဖြစ်လာလိမ့်မယ်၊ ဒါကြောင့် အခြေအနေပေးတာနဲ့ လမ်းခွဲလိုက်ပါ'

ကျင်းလုံ ရင်မောသွားသည်။

'မင်းရဲ့မိဘတွေအတွက် အရေးကြီးတဲ့တာဝန်တွေ ထမ်းဆောင်ရလိမ့်မယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့၊ မင်းရဲ့ရည်မှန်းချက်ကိုမပျက်စီးစေနဲ့'

'ကောင်းပါပြီ ခင်ဗျာ'

ကျင်းလုံ မတတ်သာဘဲ သဘောတူလိုက်ရလေသည်၊ ညလူက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

'ကဲ....ငါသွားတော့မယ်၊ မင်းဘာပြောစရာ ရှိသေးသလဲ'

ကျင်းလုံက တစ်စုံတစ်ခုအား သတိရလာကာ ပြောလိုက်သည်။

'ကျွန်တော်တို့နောက်ကို အမျိုးသမီးတစ်ယောက် နောက်ယောင်ခံ လိုက်လာသေးတယ်၊ အဲဒါ ဦးလွှတ်ထားတာလား'

ညလူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'အမျိုးသမီးတစ်ယောက် ဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒါ ငါမသိဘူး၊ ငါက ဘယ်အမျိုးသမီးနဲ့မှ ပတ်သက်စရာ အကြောင်းမရှိဘူးကွ'

ညလူ၏လေသံက ထူးခြားပြီး ဘနည်းငယ် မာကျောနေသည် ထင်ရ၏။

ကျင်းလုံ ငိုင်သွား၏၊ ညလူက မကျေမနပ်ပြောသည်၊

'မင်းနဲ့တွဲနေတဲ့ ကျူးကောဆိုတဲ့ကောင်လေးဟာ နောက်ကြောင်းမရှင်းလို့ဘဲဖြစ်ရမယ်၊ သူ့ကြောင့် မင်းရဲ့ရည်မှန်းချက်တွေ ပျက်စီးသွားလိမ့်မယ် သတိထားပါ၊ သိပ်ပြီး



အနှောင့်အယှက် ဖြစ်လာမယ်ဆိုရင်တော့ သူ့ကိုငါကိုယ်တိုင် ဖယ်ရှားပစ်ရလိမ့်မယ်'

ကျင်းလုံ စိတ်မကောင်း ဖြစ်သွားလေသည်။

'ဒီကိစ္စကို ကျွန်တော်တာဝန်ယူပါတယ်၊ မကြာခင် သူနဲ့ လမ်းခွဲလိုက်ပါမယ်'

'ဒါဆိုလဲပြီးတာပဲ၊ ကဲ....ငါသွားမယ်၊ မင်းကြိုးစားပါ၊ တာမိုသိုင်းကျမ်း မင်းရဲ့လက်ထဲရောက်လာအောင် ငါအစွမ်းကုန် ကူညီသွားမယ်၊ ဇစ်လိန်တောင်မှာ ပြန်တွေ့ကြသေးတာပေါ့'

'ကောင်းပါပြီဗျာ'

သို့စဥ်...

'အစ်ကိုကြီး'

ခေါ်သံနှင့်အတူ ကျူးကော ပြေးလွှားလာနေသည်ကို တွေ့လိုက်ရ၏။

ညလူ မကျေမနပ်ဖြစ်သွားသော်လည်း ဘာမှမပြောဘဲ အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်၊

'အစ်ကိုကြီး....ကျွန်တော့်ကိုမပြောဘဲ ဘာကြောင့်ထွက်သွားရတာလဲ'

ကျူးကောက အနီးသို့ရောက်ရှိလာ၏။

ကျင်းလုံ ခေါင်းတွန့်လိုက်သည်၊

'ကျုပ်ရဲ့ အသိမိတ်ဆွေ တစ်ယောက်နဲ့ တွေ့လို့ပါ'

'သူက အရေးမကြီးပါဘူး၊ အစိမ်းရောင်အလံဂိုဏ်းမှာဘာ

တွေ့ ဖြစ်နေပြီလဲဆိုတာ အစ်ကိုကြီးသိသလား'

ကျင်းလုံ မျက်မှောင်ကုပ်သွားလေသည်၊

'ကျုပ် ဘယ်သိနိုင်ပါမလဲ'

ကျူးကော့ မကျေမနပ်ဖြစ်သွားလေသည်၊

'ကျွန်တော် ထွက်လာတော့ လူတစ်ယောက် ရောက်လာတာတွေ့လိုက်ရတယ်၊ ဘယ်သူထင်သလဲ'

ကျင်းလုံ ဘာမှမပြောဘဲနေလိုက်လေသည်၊

ကျူးကော့ အံကြိတ်လိုက်သည်၊

'ထင်းကျွန်းဂိုဏ်းက စေတမာန် ဝူးလိပဲ'

'ဟင်....'

ကျင်းလုံမှာ မိဘသေဆုံးသွားခဲ့ရစေသည့် အဆိတ်ခတ်သားသော ပန်းချယ်ရီအရက်လာပို့သူ စေတမာန်ဝူးလိ မျက်နှာကို ဖျပ်ခနဲပြေးမြင်လိုက်လေသည်၊

ဝူးလိသည် ထင်းကျွန်းဂိုဏ်းချုပ် ကောင်းဖုံး၏ လက်ရုံးလူယုံတော်ဖြစ်သလို ထင်းကျွန်းဂိုဏ်း၌ အလွန်အရေးပါသူတစ်ယောက်လည်းဖြစ်လေသည်၊

'စေတမာန် ဝူးလိက အကြောင်းမရှိဘဲ ဒီနေရာအထိလာမှာမဟုတ်ဘူး၊ ထင်းကျွန်းဂိုဏ်းက တာမိုသိုင်းကျမ်းကိုစိတ်ကူးနေပြီဆိုရင် ကျွန်တော်တို့အကဲခတ်လို့ရနိုင်တယ်'

ကျင်းလုံလည်း မကျေမနပ်ဖြစ်လာသည်၊

'ကျုပ်က ရအောင်ယူမှာပါ၊ ကဲ....လာသွားရအောင်'

နှစ်ယောက်သား အစိမ်းရောင် အလံဂိုဏ်းသို့ ပြန်လာခဲ့ကြ၏၊



လီမင်းကွမ်း၏ အဆောက်အဦးရှေ့သို့ရောက်လျှင် အခြေအနေတစ်မျိုးပြောင်းလဲနေပြီဖြစ်သည်ကို တွေ့ရ၏၊

အဆောက်အဦးကြီးမှာ မီးရောင် အနည်းငယ်မျှသာ ရှိတော့သည်၊

တံခါးမကြီး ရှေ့၌ အစောင့် အကြပ်များလည်း တစ်ယောက်စနှစ်ယောက်စမျှသာရှိတော့၏၊

ကျင်းလုံ အံ့သြသွား၏၊

'ဒီမှာ ဘယ်သူမှ မရှိကြတော့ဘူးလား'

လှတ်ခနဲမေးလိုက်မိလေသည်၊

အစောင့်တစ်ယောက်က ဦးညွှတ်လိုက်သည်၊

'ဂိုဏ်းချုပ်ကြီးနဲ့အတူ မိတ်ဆွေတွေဟာ စစ်လိန်တောင်ကို ညတွင်းချင်းပဲ ခရီးထွက်သွားကြပါပြီ၊ စစ်လိန်တောင်က မကောင်းဆိုးဝါးကို နှိမ်နင်းဖို့ဆိုရင် မိတ်ဆွေလေးတို့ လိုက်သွားနိုင်ပါတယ်'

ကျင်းလုံက ကျူးကော့ကိုကြည့်လိုက်သည်၊

'ကျွန်တော်တို့ လိုက်သွားကြမယ်'

ကျူးကော့က အလောတကြီးပြောလာသည်၊

★....

## အတားအဆီး

လဝန်းသည် ကောင်းကင်ပေါ်သို့ တစ်စတစ်စ မြင့်တက်လာသည်။

ညဦးနက်ပြီဖြစ်သည်။

ကျင်းလိုနှင့် ကျူးကော့တို့သည် တောလမ်း အတိုင်း လျှောက်လှမ်းလာခဲ့ကြလေသည်။

စစ်လိုင်တောင်၌ မကောင်းဆိုးဝါး ပေါ်ပေါက် သဖြင့် အခြေအနေရှုပ်ထွေးသွားသည်။

သိုင်းလောကသားများသည် စစ်လိုင်တောင်သို့ ဦးတည်သွားနေကြပြီဖြစ်ရာ တာမိုသိုင်းကျမ်းအား အေးအေးဆေး ဆေးရှာဖွေဖို့ဆိုသည်ကား မဖြစ်နိုင်တော့ပါ။

ကျင်းလိုကော ကျူးကော့ပါ စိတ်ပူနေကြသည်။

စစ်လိုင်တောင်သို့ အရောက် သွားလိုနေကြပါတော့သည်။

သို့သော်....

နှစ်ယောက်သား တောလမ်းကလေး အတိုင်း လျှောက်လှမ်းလာကြရင်း လရောင်ကြောင့် လည်းကောင်း ပတ်ဝန်း



ကျင်၏ သာယာလှပမှုကြောင့် လည်းကောင်း စိုးရိမ်ပူပန်မှုများ လျော့ပါးသွားကာ စိတ်ထဲအေးမြ ကြည်လင်လာကြလေသည်။

ကျင်းလို သက်ပြင်းချလိုက်သည်။

'အတော်ကို သာယာလှပ ပါလား'

တီးတိုးရေရွတ်လိုက်မိသည်။

ကျူးကော့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော်ဟာ ထင်းကျွန်ဂိုဏ်းရဲ့မကောင်းတဲ့ လုပ်ရပ်ကြောင့် တစ်ချိန်လုံး စိတ်ရှုပ်ပူပန်နေခဲ့ရတယ်၊ သောကရောက်ခဲ့ရတယ်၊ အေးချမ်းသာယာမှု မရှိခဲ့တော့ဘူး၊ စစ်လိုင်တောင် ပတ်ဝန်းကျင်ကို ရောက်လာတော့မှပဲ စိတ်ထဲအေးမြကြည်လင်လာတော့တယ်'

'ကျုပ်လဲ အေးအေးချမ်းချမ်းနေချင်ပါတယ်၊ ထင်းကျွန်ဂိုဏ်းချုပ်ကို ဆုံးမပြီးရင်တော့ သိုင်းလောကနဲ့ ဝေးတဲ့နေရာကို ထွက်သွားတော့မယ်လို့ စိတ်ကူးထားတယ်'

သူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကျူးကော့၏ မျက်နှာလေးသည် လရောင်အောက်တွင် ဖြူဖွေးနုနယ်၍နေသည်။

မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပနေသလို

ပါးပြင်က နီစွေးနေ၏၊

မိန်းကလေး တစ်ယောက်ပမာ ချောမောသူဟု ကျင်းလုံ နားလည်လိုက်သည်၊

ကျူးကော့က အနီးရှိ ချုံပုတ်တစ်ခုပေါ်မှ တောပန်းလေး တစ်ပွင့်ကို ခူးယူလိုက်သည်၊

တစ်ဖန် ဦးခေါင်းထက်၌ ပန်ဆင်ရန် ဟန်ပြင်လိုက်၏၊

သူ၏အပြုအမူကြောင့် ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွား၏၊

'ညီလေး မင်းဘာလုပ်မလို့လဲ'

ကျူးကော့လည်း သတိဝင်လာဟန်ရှိလေသည်၊

'ဩော်....ဒီပတ်ဝန်းကျင်ကိုသာ မိန်းကလေးတစ်ယောက် ရောက်လာမယ်ဆိုရင် ပန်းတစ်ပွင့်လောက်တော့ ခူးပြီးပန်မိ လိမ့်မယ်ထင်မိလို့ပါ'

'ဟား....ဟား....ဟား'

ကျင်းလုံ ရယ်မောလိုက်သည်၊

'ညီလေးက တော်တော်စိတ်ကူးယဉ်တတ်တာပဲ'

ကျူးကော့ကလည်း ရယ်မောလိုက်၏၊

ထိုစဉ်....

'ဝှစ်....'



ညာဘက် တစ်ခေါင်က ဝူးဝူးဝါးဝါး အော်မြည်ကာ မလှမ်းမကမ်းမှ ဖြတ်သန်းသွားလေသည်၊

ကျင်းလုံနှင့် ကျူးကော့တို့၏ ရယ်သံများ ရပ်တန့်သွား သည်၊

သူတို့ ဟိုဟိုသည်သည် ကြည့်လိုက်ကြစဉ် မလှမ်းမကမ်း၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်၊

အမျိုးသမီးကြီးတစ်ယောက်၏ အရိပ်သဏ္ဌာန်က သစ်ပင် ချုံနွယ်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားခြင်းဖြစ်သည်၊

'ဟင်....'

'ဟာ....'

ကျင်းလုံတို့ လွတ်ခနဲ ရေရွတ်မိလိုက်ကြလေသည်၊

သူတို့ကား နောက်ယောင်ခံလိုက်နေသည့် အမျိုးသမီး ကြီးအား တွေ့လိုက်ရပြန်ပြီ မဟုတ်ပါလား'

ကျင်းလုံ မကျေမနပ်ဖြစ်သွားလေသည်၊

'မပြေးနဲ့'

ချက်ချင်းပြေးလိုက်သွားသည်၊

ကျူးကော့လည်း လိုက်လာသည်၊

နှစ်ယောက်သား သစ်ပင်များကြားသို့ ရောက်ရှိသွား

သောအခါ အမျိုးသမီးကြီး၏အရိပ်အရောင်ကိုပင် မတွေ့ရတော့ချေ။

'အောက်....'

ကျင်းလုံ အာခေါက်လိုက်မိလေသည်။

'သူက ကျွန်တော်တို့နောက်ကိုဘာကြောင့် နောက်ယောင်ခံလိုက်နေတာလဲ'

ကျူးကောက နားမလည်နိုင်သလို မေးလေသည်။

ကျင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

'တစ်နေ့တော့ သူ့ကိုတွေ့ရမှာပါ။ ဖမ်းဖို့မလွယ်ပါဘူး'

နှစ်ယောက်သား ရှေ့ခရီးဆက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုအချိန်မှာပင် ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာကာ လူတစ်စု ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုလူစုသည် အနီးသို့ရောက်လာသည်နှင့် ကျင်းလုံတို့ထွက်သွား၍မရအောင် လမ်းပိတ်ထားလိုက်ကြသည်။

☆



ကျင်းလုံတို့ ရင်ထိတ်သွားကြလေသည်။

ကျူးကောမှာ နောက်ဆုတ်လိုက်ကြသည်။

သေသေချာချာကြည့်လိုက်သောအခါ ဝိုင်းရံထားသူများမှာ အစိမ်းရောင်အလံဂိုဏ်းသားများဖြစ်နေကြသည်ကို တွေ့ရလေသည်။

ခေါင်းဆောင်ဖြစ်ဟန်ရှိသူတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာသည်။

'မင်းတို့နှစ်ယောက် ကျုပ်တို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ကြပါ'

ကျူးကောမှာ မကျေမနပ်ဖြစ်သွားလေသည်။

'ကျုပ်တို့ ဘာကြောင့်လိုက်ခဲ့ကြရမှာလဲ၊ ပြောပါဦးဗျ'

'မင်းတို့အထဲမှာ ကျင်းလုံဆိုတာ ဘယ်သူလဲ'

ကျင်းလုံက ရှေ့သို့လှမ်းထွက်လိုက်သည်။

'ကျုပ်ပဲ'

ထိုလူက မျက်နှာထားတင်းတင်းဖြင့် ပြောသည်။

'ကောင်းပြီ၊ မင်းက ကျင်းလုံဆိုရင် ကျုပ်နဲ့လိုက်ခဲ့ပါ'

'နေပါဦး၊ ဘယ်လိုအကြောင်းကိစ္စနဲ့ ကျုပ်ကိုခေါ်နေရတာလဲ ပြောစမ်းပါဦး'

'ဟိုရောက်တော့ မင်းသိရမှာပေါ့'

ကျင်းလုံခေါင်းခါယမ်းလိုက်သည်၊

'ဝမ်း...ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မလိုက်နိုင်ပါဘူး'

'မင်း ခေါင်းမာနေကယ်ဆိုရင်တော့ ကျုပ်တို့က အဓမ္မခေါ်သွားရလိမ့်မယ်'

'ဟား... ဟား....ဟား'

ကျင်းလုံက အရွဲ့တိုက်ကာ ရယ်မောလိုက်သည်၊

'ကျုပ်ဟာ ကိုယ့်လမ်းကိုယ်သွားနေတဲ့ လူတစ်ယောက်ပါ၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူး၊ ကျုပ်ကိုဒုက္ခပေးရင်လဲ သည်းခံမှာမဟုတ်ပါဘူး'

'ဩော်....မင်းက အေးအေးမလိုက်ချင်ပဲကိုး၊ ဟေ့....သူ့ကို ဝိုင်းဖမ်းလိုက်ကြစမ်း'

ထိုလူက အမိန့်ပေးလိုက်လျှင် အစိမ်းရောင် အလံဂိုဏ်းသားများသည် ညာသံပေးကာ ရှေ့တိုးလာကြလေသည်၊

ကျင်းလုံ မျက်နှာတည်သွားသည်၊

'ကျုပ်က အစိမ်းရောင်အလံဂိုဏ်းနှင့် ရန်မဖြစ်ချင်ပါဘူး၊ ဒါပေမယ့် ကျုပ်အပေါ် မတရားလုပ်တာကိုတော့ ခေါင်းငုံခံမနေနိုင်တာ ဝမ်းနည်းပါတယ်ဗျာ'

စကားဆုံးလျှင် ဝေယမ်းကာ အစိမ်းရောင်အလံဂိုဏ်းသားများနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်သည်၊



'ကျွန်တော်လဲ ရှိသေးတယ်'

ကျုံးကော့ကလည်း တိုက်ပွဲအတွင်းသို့ ပါဝင်လာလေသည်။

တိုက်ပွဲတစ်ခုဖြစ်ပေါ်လာသည်၊

ထိပ်တိုက်ရင်ဆိုင်လိုက်မိကြလျှင်...

'ဝုန်း....'

'အား....'

'အမလေး....'

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်။

ကျင်းလုံနှင့် ကျုံးကော့တို့က လက်တွဲညီညီတိုက်ခိုက်လိုက်ကြရာ အစိမ်းရောင်အလံဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြလေတော့သည်၊

ခေါင်းဆောင်ဖြစ်သူ အံကြိတ်လိုက်သည်၊

'ကျင်းလုံ မင်းသတိထားပါ'

ကိုယ်တိုင်ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်၊

ထိုခဏ်....

'ခဏစနဦး'

ဟန့်ဟားသံနှင့်အတူ လူတစ်ယောက်ရှိလာလေသည်၊

ထိုလှမှာ ထင်းကျန့်ဂိုဏ်းမှ စေတမန်ဥးလိ ဖြစ်ပါသတို့ ဥးလိရောက်လာသည်ကိုမြင်လျှင် အစိမ်းရောင်အလံဂိုဏ်းသားများ ကမျာကယာ ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

ဥးလိက လက်ဝှေ့ယမ်းလိုက်သည်။

'ကျုပ်ကို ကူညီတာ ကျေးဇူးပဲ၊ မင်းတို့သွားနိုင်ပါပြီ'

'ကောင်းပါပြီခင်ဗျာ'

အစိမ်းရောင်အလံဂိုဏ်းသားများသည် ဥးလိကို နှုတ်ဆက်ကာ အသိုက်သိုက်အပြုံ့ ထွက်သွားကြလေသည်။

ဥးလိက ကျင်းလုံတို့အား အကဲခတ်လိုက်၏

ကျင်းလုံက မျက်နှာထားတင်းတင်းဖြင့် နေလိုက်သည်။

ဥးလိ ရှေ့တိုးလာသည်။

'ကျင်းလုံ....စစ်လိန်တောင်ကိုမသွားဘဲ နောက်ကြောင်းလှည့်ပြန်သွားတာ အကောင်းဆုံးဖြစ်လိမ့်မယ်'

ကျင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က မသွားဘူးဆိုရင်ကော'

'ဒါဆိုရင်တော့ မင်းကို အတင်းလှည့်ပြန်သွားအောင်လုပ်ရလိမ့်မယ်'

'ရပါတယ်၊ ခင်ဗျားလုပ်နိုင်တယ်ဆိုရင် ကျုပ်ပြန်သွားရတာပေါ့ဗျ'

'ကောင်းပြီ'

ဥးလိက ရှေ့တိုးကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။



ကျင်းလုံကလည်း ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

သို့သော်....

ဥးလိက တိုက်ခိုက်ခြင်း မပြုပါချေ။

'ကျင်းလုံ...အန္တရာယ်များလှတဲ့ စစ်လိန်တောင်ကို မင်းဘာကြောင့်သွားချင်ရတာလဲ ပြောပါဦး'

ကျင်းလုံ အံကြိတ်လိုက်သည်။

'ကျွန်တော် တာမိုသိုင်းကျမ်းကို သွားရှာမယ်၊ ပြီးတော့ လူယုတ်မာတွေကို ဆုံးမရလိမ့်မယ်'

'တာမိုသိုင်းကျမ်းကို သိုင်းလောကသားတွေ လိုက်ရှာခဲ့ကြတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ၊ ဘယ်သူမှရှာတွေ့ခဲ့တယ်ဆိုတာ မရှိဘူး၊ မင်းဘယ်လိုလုပ် ရှာတွေ့နိုင်မှာလဲ'

ဥးလိက စိတ်ပျက်သွားအောင်ပြောသော်လည်း ကျင်းလုံ အမှုမထားပါချေ။

သူများတွေရှာလို့ မတွေ့ခဲ့ပေမယ့် ကျွန်တော်ကတော့ တွေ့အောင်ရှာနိုင်ပါလိမ့်မယ်ဗျာ'

'မင်း ဒုက္ခရောက်သွားလိမ့်မယ်'

'လူယုတ်မာတွေကိုဆုံးမဖို့ ဒုက္ခရောက်ရုံတင် မကဘူး၊ အသက်နဲ့သေသွားရမယ်ဆိုရင်လဲ ကျုပ်က အမှုထားမှာမဟုတ်ဘူး'

'ကျင်းလုံ နောက်ကြောင်း လှည့်ပြန်တာ မင်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်'

'ကျွန်တော်ကလဲ စစ်လိန်တောင်ကိုသွားမယ်လို့ ဆုံးဖြတ်ပြီးပါပြီဗျာ'

'ကောင်းပြီ'

ဝူးလိ လက်တစ်ဖက်ဆန့်တုတ်ကာ ကျင်းလုံ၏ဝဲဘက်ပခုံးကို လက်ဝါးချောင်းဖြင့် ဆုပ်ကိုင်လိုက်လေသည်။

'သတိထား'

ကျူးကော့ဂျအော်ပြောရင်း ကျင်းလုံနှင့် ဝူးလိတို့နှစ်ယောက်ကြားသို့ ခုန်ဝင်လိုက်လေသည်။

လက်သီးနှစ်လုံးဖြင့် ဝူးလိအား တိုက်ခိုက်လိုက်၏။

ဝူးလိ၏မျက်နှာထား ပြောင်းလဲသွား၏။

ကျူးကော့၏တိုက်ကွက် ပြင်းထန်နေသည်မို့ သူကလည်း ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ဝူးလိလှုပ်ရှားမှုမှာ ကျူးကော့ထက်ပို၍ လျင်မြန်နေလေသည်။

ကျူးကော့၏တိုက်ကွက်ကို ထိုးဖောက်ကာ ဝူးလိ၏တိုက်ကွက်များ ထွက်ပေါ်လာ၏။

အခြေအနေမဟန်မှန်းတွေ့ရလျှင် ကျင်းလုံ ရင်ထိတ်ကာ အော်ဟစ်သတိပေးရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။



'ဝုန်း....'

'အား....'

ဝူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာကာ ကျူးကော့မှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ညီလေး'

ကျင်းလုံထိတ်လန့်ကာ ကျူးကော့ကို ပြေး၍ဖေးမလိုက်သည်။

ဝူးလိက ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်သည်။

တစ်ဖန်....

'စစ်လိန်တောင်ကို ဆက်သွားဖို့ကြိုးစားမယ်ဆိုရင် ဒုက္ခရောက်လိမ့်မယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့'

ပြတ်ပြတ်သားသားလေသံဖြင့် သတိပေးပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။

ကျင်းလုံ ဒေါသထွက်နေသော်လည်း လိုက်မသွားနိုင်ပါ။

ယခုအချိန်တွင် ကျူးကော့က ပို၍ အရေးကြီးနေသည် မဟုတ်ပါလား။

'ထင်းကျွန့်ဂိုဏ်းကို ကျုပ်တယ်တော့မှမကျေဘူး'

ကျူးကော့ကိုပွေ့ပိုက်ကာ အော်ဟစ် ကြုံးဝါးလိုက်လေတော့သည်။

...★....

## စေတနာရှင်

'အောက်အီးအီး အွတ်'

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်၊

အရှေ့ဘက်တွင် အာရုဏ်ဦး၏ရောင်နီများ နှင့်ထွက်ပေါ်လာသည်။

တစ်ညတာ ကုန်ဆုံးလုပြီဖြစ်သည်။

ကျင်းလုံသည် ကျူးကော့ကိုပွေ့ချီထားရင်း အခေါ်ကြ နေ၏။

ဝူးလီ၏တိုက်ခိုက်မှုခံလိုက်ရသဖြင့် ကျူးကော့မှာ ဒဏ်ရာ ပြင်းစွာရရှိကာ သတိလစ် မေ့မျောနေပါသည်။

'ညီလေး....ညီလေး'

ကျင်းလုံက တိုးရိုးတိုးတိုး ခေါ်လိုက်သော်လည်း ကျူးကော့ မတုံ့ပြန်နိုင်ပါချေ။

'ဒုက္ခပဲ'



ကျူးကော့အား အချိန်မီဆေးကုပေးနိုင်မှ ဖြစ်မည်ဟု ကျင်းလုံ နားလည်လိုက်လေသည်။

'ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး၊ သမားတော် လိုက်ရှာလိုက်ဦးမယ်'

ခက်ချင်းပင် တောအုပ်ထဲမှ ထွက်လာခဲ့လေသည်။

ကျူးကော့ကို ပခုံးပေါ်ထမ်းကာ မပြေးလွှားလာခဲ့ရင်း သူ၏စိတ်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ကျူးကော့၏ခန္ဓာကိုယ်မှာ နွေးညံ့ပျော့ပျောင်းနေ၏။

သို့သော် ကျင်းလုံ ကြာကြာမစဉ်းစားဖြစ်တဲ့ ရှေ့ဆက် ပြေးလွှားသွားလိုက်လေသည်။

အတန်ကြာပြေးသွားပါလျှင် တောအုပ်ကို လွန်မြောက်လာခဲ့ပြီး ရှေ့တူရူမှလာနေသော အမျိုးသမီးကြီးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ကျင်းလုံ ဝမ်းသာသွားလေသည်။

'ခေါ်ခေါ်....ခဏလောက်နေပါဦး ခင်ဗျာ'

အမျိုးသမီးကြီးက ခြေလှမ်းရပ်သွားသည်။

ထိုအမျိုးသမီးကြီးသည် အသက်ငါးဆယ်ခန့်ရှိပြီး မျက်နှာတွင် ဒဏ်ရာအမာရွတ်များရှိကာ အလွန်ပင် အရုပ်ဆိုး အကျည်းတန်နေသူ ဖြစ်ပါတော့သည်။

ဝေလီဝေလင်းအချိန်၌ တွေ့လိုက်ရသည်ဖြစ်ရာ ညတာကို ကျင်လည်ကျက်စားပြီး အလင်းရောင်လာသည်နှင့် ပုန်းရှောင်တတ်သော ပုံဖြင့်ထဲမှ 'မကောင်းဆိုးဝါး' တစ်ကောင်နှင့်ပင် တူနေပါတော့သည်။

ကျင်းလုံသည် အမျိုးသမီးကြီး၏ရုပ်သွင်ကို ပသေချာချာ တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်သွားသော်လည်း ယခုအချိန်၌ အားကိုးစရာမရှိသဖြင့် အကူအညီတောင်းလိုက်ရလေသည်။

'ဒေါ်ဒေါ် ဒီအနီးတစ်ဝိုက်မှာ လူနေအိမ်ခြေများမရှိဘူးလားဟင်၊ ကျွန်တော့်ရဲ့မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေလို့ ဆေးကုချင်လို့ပါ'

အမျိုးသမီးကြီးသည် ကျင်းလုံ၏ပခုံးပေါ်မှ ကျူးတော့ကိုကြည့်လိုက်၏။

'မိန်းကလေးက ဘယ်လိုဖြစ်လာတာလဲ'

'ဗျာ....'

'မင်းရဲ့ပခုံးပေါ်က မိန်းကလေးကိုပြောတာ'

'ဟာ...သူက မိန်းကလေးမဟုတ်ပါဘူး'

ကျင်းလုံက ငြင်းလိုက်၏။

အမျိုးသမီးကြီး ပြုံးလိုက်သည်။



'သူဟာ ယောကျ်ားလေးတစ်ယောက်လို ဝတ်ဆင်ထားပေမယ့် မိန်းကလေးတစ်ယောက်ဆိုတာ ငါသိပါတယ်၊ သူ ဘယ်လိုဖြစ်လာတာလဲ ပြောပါဦး'

သူမ ပြုံးလိုက်သောအခါ လုံးမလာဘဲ ပို၍အကျည်းတန် အရုပ်ဆိုးသွားသည်ဟု ထင်ရလေသည်။

ကျင်းလုံက ရှင်းပြလိုက်သည်။

'လူယုတ်မာတစ်ယောက်က တိုက်ခိုက်သွားလို့ပါခင်ဗျာ'

'လက်စသတ်တော့ လူဆိုးတွေနဲ့ တွေ့လာတာကိုး၊ ဒီနှစ်စေ့လိုင်တောင်မှာ အတော့်ကိုထူးခြားလာတယ်၊ မကောင်းဆိုးဝါးတစ်ကောင်ပေါ်ပေါက်လာသလို တာမိုသိုင်းကျမ်းကို ရှာဖွေဖို့ အစိမ်းရောင် သိုင်းသမားတွေကော အနက်ရောင်သိုင်းသမားတွေပါ စုရုံးရောက်ရှိလာကြတယ်၊ ပြဿနာတွေဖြစ်ပေါ်လာမှာ အသေအချာပဲ၊ ကဲ....ကဲ....ကျုပ်နောက်ကို လိုက်ခဲ့ပါ'

အမျိုးသမီးကြီး ချာခနဲလှည့်ထွက်သွားလေသည်။

ကျင်းလုံ ငိုင်သွား၏။

အမျိုးသမီးကြီး ပြောသည့်စကားအရ သာမန်လူ တစ်ယောက်မဟုတ်ဘဲ သိုင်းလောကနှင့် ပတ်သက် နှီးနွယ်နေကြောင်းထင်ရှားပါသည်။

သူမ နောက်သို့ လိုက်သွားရန် သင့်မသင့် ဝေခွဲမရ ဖြစ်သွား၏။

မည်သို့ဆိုစေ သူ့အား ထိုရှပ်ဆိုးအမျိုးသမီးကြီးသာလျှင် ကူညီနိုင်မည့်အခြေအနေဖြစ်ရာ ပင့်သက်ရှိုက်ကာ လိုက်ပါသွားရလေတော့သည်။

☆

အရှေ့ဘက်တွင် နေဝန်းထွက်ပေါ်လာပြီဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်လာသည်။

ကျင်းလုံက အကဲခတ်ကြည့်လိုက်သောအခါ မှိုင်းညို့ညို့ တောင်တန်းကြီးကို တွေ့လိုက်ရလေသည်။

'စစ်လိန်တောင်ခြေကိုတောင် ရောက်လာပါပကောလား' မှန်ပေလည်း။

အခက်အခဲများ ကြုံတွေ့ပြီး စစ်လိန်တောင်ကို ရောက်လာသည်ကိုပင် သတိမပြုမိနိုင်အောင်ဖြစ်ခဲ့ရလေသည်။

နာမည်ကျော် စစ်လိန်တောင်ကား တောင်စဉ် တောင်တန်းလျှိုမြောင်းချိုင့်ဝှမ်းအသွယ်သွယ်ဖြင့် သာယာလှပနေပါတော့သည်။



စစ်လိန်တောင်ပေါ်၌ တာမိုသိုင်းကျမ်းရှိနေသည်။

တာမိုသိုင်းကျမ်းအား လာရောက်ရှာဖွေကြသည့် အဖြူရောင်သိုင်းသမား၊ အနက်ရောင် သိုင်းသမားများလည်း ရှိနေသည်။

ထိုအဖြူရောင်၊ အနက်ရောင် သိုင်းသမားများအား ဒုက္ခပေးနေသည့် မကောင်းဆိုးဝါး တစ်ယောက်လည်း ရှိနေပါတော့သည်။

'မင်း ဘာငိုင်နေတာလဲ မြန်မြန်လာ'

ရှပ်ဆိုးအမျိုးသမီးကြီး၏ အသံထွက်ပေါ်လာတော့မှ ကျင်းလုံ သတိဝင်လာကာ ကျူးကော့ကို ထမ်းပိုးရင်း လိုက်သွားလေသည်။

အမျိုးသမီးကြီးက စစ်လိန်တောင်ပေါ်သို့ ခေါ်ဆောင်သွားခြင်းဖြစ်၏။

ထမင်းတစ်အိုးချက်ခန့် အချိန်ကြာသွားသောအခါ သစ်ပင်ပန်းများဖြင့် စိမ်းစိမ်းစိုစိုရှိနေသည့် တောင်ကုန်းလေးတစ်ခုသို့ရောက်သွား၏။

ထိုတောင်ကုန်းလေးပေါ်၌ အိမ်ကလေးတစ်လုံး ရှိနေပါသည်။

ကျင်းလုံ အံ့သြသွားသည်။

'ဒေါ်ဒေါ်က ဒီမှာနေတာလား'

လွှတ်ခနဲ မေးလိုက်၏။

ရှပ်ဆိုးအမျိုးသမီး ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူးကွဲ့. ဒါကလူတစ်ယောက်ဒုက္ခရောက်မှာကို စိုးရိမ်လို့ အချိန်မီတားဆီးဖို့ စစ်လိန်တောင်ကို လိုက်လာခဲ့တာ ဒီနေရာမှာ အိမ်ကလေးတစ်လုံးရှိနေတာကို မမျှော်လင့်ပဲ တွေ့လာခဲ့တာကြောင့် မင်းကိုခေါ်လာတာ'

စစ်လိန်တောင်သို့ သွားရာလမ်းခရီး၌ လူနေမြို့ရွာများရှိသော်လည်း စစ်လိန်တောင်နှင့် နီးကပ်လာလေလေ လူနေအိမ်ခြေကျဲပါးသွားလေလေပင်။

'မိန်းကလေးကို အချိန်မီ ဆေးကုပေးဖို့လိုတယ်၊ လူနေမြို့ရွာတစ်ခုခုကို ရောက်ဖို့ အနည်းဆုံး တစ်ရက် တစ်မွန်းတည့် လောက်သွားရလိမ့်မယ်၊ ဒါကြောင့် ဒီနေရာကို ခေါ်လာရတာပဲ'

အမျိုးသမီး ရှင်းပြသောအခါ ကျင်းလုံ ဘာမျှမပြောနိုင်တော့အောင်ဖြစ်သွားလေသည်။

ရှေ့ဆက်လှမ်းသွားသောအခါ အိမ်ကလေးရှေ့သို့ရောက်သွားကြ၏။

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ်ရှိနေသည်။

အိမ်တံခါးများ ပိတ်ထားရကား မည်သူ တစ်ဦးတစ်ယောက်မျှရှိပုံမရချေ။



လူသူစွန့်ပစ်ထားသည့်အိမ်တစ်လုံးမျိုးလည်း မဟုတ်ပါ။ အိမ်ရှင်က အကြောင်းကိစ္စရှိသဖြင့် အိမ်တံခါးပိတ်ကာ ထွက်သွားပုံမျိုး ဖြစ်နေသည်။

ရှပ်ဆိုးအမျိုးသမီး မျက်မှောင်ကုပ်သွား၏။

'ဒီနေရာကို ငါရောက်လာတုန်းကလည်း အိမ်တံခါးပိတ်ထားတယ်၊ ခုချိန်ထိ အိမ်ရှင်ပြန်မရောက်သေးဘူး ထင်တယ်၊ ကိစ္စမရှိပါဘူး၊ သူရောက်လာမှပဲ တောင်းပန်ရမှာပဲ၊ ကဲ... လာ'

သူမသည် အိမ်တံခါးကို လက်နှစ်ဖက်ဖြင့် တွန်းဖွင့်လိုက်သည်။

တွန်းလိုက်ပုံမှာ အသာကလေးဖြစ်သော်လည်း အတွင်းအားစိုက်ထုတ်ကာ တွန်းလိုက်ခြင်းဖြစ်ကြောင်း ကျင်းလုံ ရိပ်မိလိုက်သည်။

'ကျွီ...'

အိမ်တံခါးပွင့်သွားလျှင် အမျိုးသမီးကြီးကပင် ဦးဆောင်ကာ ဝင်သွားလေသည်။

ကျင်းလုံသည် ကျူးကော့ကိုထမ်းကာ လိုက်သွားသည်။

အိမ်ထဲ၌ အိမ်ဆောင်ပရိဘောဂပစ္စည်း မယ်မယ်ရရ ရှိလှသည်မဟုတ်သော်လည်း အဓိကလိုအပ်သည့်ပစ္စည်းများ ရှိနေသည်။

'မိန်းကလေးကို ချထားလိုက်'

ရှပ်ဆိုး အမျိုးသမီးကြီး၏ စကားအတိုင်း ကျင်းလုံက ကျူးကော့အား အခန်းထောင့်၌ ခုတင်ပေါ်၌ ချထားလိုက်သည်၊

ကျူးကော့အား မိန်းကလေးဟု ပြောဆိုနေသည်ကို ကျင်းလုံ နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်၊

ရှပ်ဆိုးအမျိုးသမီးသည် မီးဖိုချောင်အတွင်းသို့ ဝင်သွားပြီး မကြာမီပြန်ထွက်လာသည်၊

'ကဲ...မင်းက မီးဖိုချောင်ထဲမှာ ရေနွေးတစ်အိုးတည်လိုက်ပါ၊ မိန်းကလေးကို အတွင်းအားနဲ့ ကုပေးရမယ်၊ ရေနွေးဆူသွားရင် အိမ်အပြင်ဘက်မှာထွက်နေ၊ ငါခေါ်မှဝင်လာခဲ့ရမယ်'

ကျင်းလုံ ဘာမျှမပြောလိုတော့ပါ၊

'ကောင်းပါပြီဗျာ'

ကျူးကော့ကို စိတ်ချလက်ချထားရစ်ခဲ့တာ မီးဖိုချောင်ထဲ ဝင်သွားတော့သည်၊

—★—

လူသူကင်းမဲ့ခဲ့သော အိမ်ကလေးမှာ ယခုတော့ အသက်ဝင်လာခဲ့ပြီဖြစ်သည်၊

အိမ်အနောက်ဘက်မှ မီးခိုးများ ထွက်ပေါ်နေ၏၊

ကျင်းလုံသည် ရေနွေးတည်ပြီး အိမ်အပြင်ဘက်သို့ ထွက်လာခဲ့၏၊



ရှပ်ဆိုးအမျိုးသမီးက ကျူးကော့အား ဆေးဝါး ကုသပေးနိုင်မည်ဟု ယုံကြည်မိလေသည်၊

အိမ်အပြင်ဘက်၌ စိမ်းလန်းနေသော သစ်ပင်ချုံနွယ်များ ရှိနေသကဲ့သို့ တောပန်းကလေးများလည်း ဝှားဝှား စွင့်စွင့် ဖူးပွင့်နေကြပါသည်၊

လေပြည်လေညှင်း ငွေ့ယူးတိုက်ခတ်လာသောအခါ ပန်းရနံ့များဖြင့် ဝန်းကျင်တစ်ခုလုံး မွှေးကြိုင်သင်းပျံ့နေပါတော့သည်၊

တောငှက်ကလေး များကလည်း ဟိုမှသည် ပျံဝဲကာ ဘာသာဘာဝ တေးသီကျူးနေကြလေသည်၊

ကျင်းလုံမှာ မောပန်းနွမ်းနယ်မှုများ ပြေပျောက်သွားသည်ဟု ခံစားရလေသည်၊

'ကျူးကော့ဟာ မိန်းကလေးတစ်ယောက်ဆိုပါလား'

ကျူးကော့သည် မိန်းကလေးတစ်ယောက် ဖြစ်နေသည် ဆိုခြင်းကို မယုံနိုင်အောင်ဖြစ်နေ၏၊

'သူက မိန်းကလေး တစ်ယောက်ဆိုရင် ဘာ ကြောင့် ယောကျ်ားလိုဝတ်ဆင်ထားရတာလဲ၊ မိဘတွေကို အကြပ်ကိုင်ပြီး ဒုက္ခပေးနေတဲ့လူကို ဆုံးမချင်လို့ စစ်လိနိတောင်မှာ တာမိုသိုင်းကျမ်း သွားရှာမယ်လို့ ပြောခဲ့တာကော အမှန်ပဲလား'

သူတွေးတောနေစဉ် မလှမ်းမကမ်း၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်၊

ကျင်းလုံ မျက်မှောင်ကုပ်သွားသည်။

'ညလူများလား'

ညလူဆိုလျှင် အကြောင်းမဟုတ်သော်လည်း တိတ်ဆိတ်ချောင်းမြောင်းနေသည့်အမျိုးသမီးဆိုလျှင် ခက်နေပေမည်၊

ကျူးကျော် ဒုက္ခရောက်နေသူဖြင့် ဆေးကုရဦးမည်မဟုတ်လား။

'ဘယ်သူလဲ'

ကျင်းလုံ ချက်ချင်းပြေးသွားလိုက်သည်။

သစ်ပင်များကြားသို့ တဟုန်ထိုးပြေးဝင်လိုက်ပြီးလျှင် တုန့်ခနဲ ရပ်တန့်လိုက်ရလေသည်။

အကြောင်းအား သစ်ပင်များကြား၌ မလှုပ်မယှက် ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ထိုလူကား အလွန်အရပ်ပုသော သူတော် တစ်ယောက်ဖြစ်၏။

ခန္ဓာကိုယ် ပိန်လှီနေသကဲ့သို့ ဦးခေါင်းကလည်း သာမာန်လူများထက် သေးငယ်နေ၏။

'ခင်...ခင်ဗျား'

ကျင်းလုံသည် ရုပ်သွင်ထူးခြားနေသည့် သူတော်ကို တွေ့လိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်၊

သူတော်၏မျက်လုံးများသည်အဖြူရောင်ကများပြီးအနက်ရောင်ကနည်းနည်းလေးသာ ရှိလေသည်။



သူတော်သည် ကျင်းလုံ အလန့်တကြား ဖြစ်သွားသည်ကို မြင်လျှင် ရယ်မောလိုက်လေသည်။

'ကျုပ်က မရှိသူတော်ပါ'

'ဗျာ....'

'မင်းကကော ဘယ်သူလဲ'

'ကျွန်....ကျွန်တော်က ကျင်းလုံပါ'

'ဪ....ကျင်းအမျိုးအနွယ် နဂါးလေးပေါ့ ဟုတ်လား၊ ကောင်းတယ်....ကောင်းတယ်'

သူတော်သည် မလှမ်းမကမ်း၌ရှိ အိမ်ကလေးဆီသို့ ညွှန်ပြလိုက်သည်။

'အိမ့်ထဲမှာ နေမကောင်းတဲ့လူတစ်ယောက် ရှိနေတယ် ဟုတ်လား၊ သေးနံ့ရတယ်'

ကျင်းလုံခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ရဲ့ သူငယ်ချင်းတစ်ယောက်ဟာ လူဆိုးတစ်ယောက်ရဲ့ လက်ချက်ကြောင့် ဒဏ်ရာရခဲ့ပါတယ်၊ ဒါကြောင့် သူ့ကိုအချိန်မှီ ဆေးကုပေးနေရပါတယ်'

'ဪ....ဪ'

သူတော် ဦးခေါင်းတဆက်ဆက် ညိတ်လိုက်လေသည်၊

'မင်းမှာ အကူအညီလိုသေးသလား၊ လိုသေးရင် ကျုပ်ကူညီပါမယ်ဗျာ'

ကျင်းလုံ ဦးညွှတ်လိုက်သည်၊

'ကျေးဇူးတင်ပါတယ်ဗျာ၊ အမျိုးသမီးကြီး တစ်ယောက်က ဆေးကုပေးနေပါတယ်'

'ဒါဆိုလဲ ပြီးတာပါပဲ'

သူတော်က ထွက်မသွားချေ၊

ကျင်းလုံသည် သူတော်အား စိတ်ဝင်စားလာလေသည်၊ သူတော်သည် မည်သူမည်ဝါ ဖြစ်ပါသနည်း၊

စစ်လိန်တောင်ပေါ်သို့ အဘယ်ကြောင့် ရောက်ရှိလာပါသနည်း၊

လူဆိုးတစ်ယောက်လော၊ လူကောင်းတစ်ယောက်လော၊

'သူတို့ဆေးကုနေတုန်း တို့ ဟိုဘက်သွားပြီး စကားခပြောကြတာပေါ့'

သူတော်က ဝဲဘက်တစ်နေရာသို့ ညွှန်ပြကာ ထွက်သွားသည်၊

ကျင်းလုံလည်း စိတ်ဝင်စားနေမိသည်ဖြစ်ရာ ချက်ချင်းလိုက်သွားလေသည်၊

ခြေလှမ်းနှစ်ဆယ်ခန့် လှမ်းသွားမိလျှင် တောင်စောင်းတစ်နေရာသို့ ရောက်ရှိသွား၏၊

ထိုနေရာ၌ ရောင်စုံပန်းများ ဝေဝေဆာဆာ ပွင့်ဖူးနေသည်၊

အလေ့ကပေါက်နေပုံမျိုး မဟုတ်ဘဲ စနစ်တကျ စိုက်ပျိုးထားပုံမျိုး ဖြစ်လေသည်၊



ပန်းပင်များကြား၌ ခုံတန်းလျားလေးတစ်ခု ရှိနေ၏၊

သူတော်က ထိုခုံတန်းလျားလေး၌ သွားရောက်ထိုင်ချလိုက်ပြီး ကျင်းလုံကို လက်ရပ်ခေါ်လေသည်၊

'လာ...ဒီမှာလာထိုင်ပါ'

ကျင်းလုံက ခပ်သွက်သွက်လှမ်းသွားကာ သူတော်နှင့်မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်၊

သူတော်က အရှေ့ဘက်သို့ ညွှန်ပြလိုက်သည်၊

'ကြည့်လိုက်စမ်းပါ၊ စစ်လိန်တောင်ဟာ ဘယ်လောက်များ သာယာလိုက်သလဲလို့'

ကျင်းလုံက လှမ်းကြည့်လိုက်၏၊

နိမ့်ချည်မြင့်ချည် တောင်စဉ်တောင်တန်း အသွယ်သွယ်ဖြင့် ညို့မှိုင်းသော စစ်လိန်တောင်ကြီးက သာယာလှပနေပါသည်၊

'စစ်လိန်တောင်မှာ ဝမ်းနည်းကြေကွဲစရာတွေ ဖြစ်ပေါ်လာတာတော့ တော်တော်အရုပ်ဆိုးတာပဲ'

'ဗျာ....'

'တာမိုသိုင်းကျမ်းလာရှာတဲ့ သိုင်းလောကသားတွေဟာ မကောင်းဆိုးဝါးတစ်ကောင်ရဲ့ လက်ချက်နဲ့ သေဆုံးသွားရတာ မနည်းတော့ဘူး'

ကျင်းလုံ သက်ပြင်းချလိုက်သည်၊

'ဟုတ်ပါတယ် ခင်ဗျာ၊ ဦးကကော တာမိုသိုင်းကျမ်းကို လာရှာတာလားဗျာ'

သူတော်၏မျက်နှာ ပြုံးယောင်သန်းလာ၏။

'လက်စသတ်တော့ ငါ့ကို သိုင်းကျမ်းလာရှာတဲ့ လူတစ်ယောက်လို့ မင်းထင်နေတာကိုး'

'ဦးက....'

သူတော် လက်သုံးချောင်း ထောင်ပြလိုက်သည်။

'စစ်လိုင်တောင်မှာ ငါနေခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပြီ'

'ဗျာ....'

'စစ်လိုင်တောင်ဟာ ငါ့ရဲ့အိမ်လို ဖြစ်နေပါပြီကွာ၊ ဘယ်နေရာမှာဘာရှိတယ်၊ ဘယ်ကသွားရင် ဘယ်ကိုရောက်မယ်၊ ထားပါတော့... စစ်လိုင်တောင်မှာ ငါမရောက်ဖူးတဲ့နေရာ မရှိသလို ငါ့ရဲ့ခြေဖဝါးရာချင်း ထပ်နေပြီလို့ မှတ်သားလိုက်ပေါ့ကွာ'

ကျောင်းလုံ မယုံနိုင်အောင် ဖြစ်နေသည်။

သူတော်က အမှန်အတိုင်း ပြောနေခြင်းဖြစ်လျှင် တကယ့် သိုင်းကျမ်းရှာဖွေဖို့ အားတက်စရာ ဖြစ်နေလေသည်။

စစ်လိုင်တောင်ကို ကျွမ်းကျင်နှံ့စပ်သည့် သူတော်ထံမှ အကူအညီရယူနိုင်လိမ့်မည် မဟုတ်ပါလား။

'ဦးက စစ်လိုင်တောင်မှာ နေတယ်ဆိုရင်....'

စစ်လိုင်တောင် မည်သည့်နေရာ၌ နေထိုင်သနည်းဟု မေးရန်ကြံရွယ်ပြီးမှ သူက ကျူးကျော်တို့ရှိနေသည့် အိမ်ကလေးကို သတိရလိုက်ကာ မမေးတော့ပေ။

ထိုအိမ်ကလေးသည် သူတော်၏အိမ်ဖြစ်ကြောင်း ရိပ်မိ



လိုက်တော့၏။

သူတော် ပြုံးလိုက်သည်။

'မင်းတို့ဟာ မဖိတ်ခေါ်ဘဲရောက်လာတဲ့ ငါ့ရဲ့ဧည့်သည်တွေပေါ့'

ကိုစဉ်....

'ကျောင်းလုံ....ကျောင်းလုံ'

ခေါ်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရုတ်တရက် ကျောင်းလုံ၏ခန္ဓာကိုယ်က ဆတ်ခနဲတုန်ခါသွားသည်။

ကြားလိုက်ရသော အသံများမှာ သူ့မိခင်၏အသံနှင့် တူနေသည်ဟု ထင်မိလေသည်။

သို့သော် ရုပ်ဆိုးအမျိုးသမီးကြီးက ခေါ်နေခြင်း ဖြစ်ကြောင်း သတိဝင်လာခြင်းကြောင့် အချိန်မီ စိတ်ထိန်းထားလိုက်ရလေသည်။

'သူတို့ ဆေးကုလို့ ပြီးသွားပြီထင်တယ်'

သူတော် ပြုံးလိုက်သည်။

'ကောင်းသားပဲ၊ တို့သွားကြည့်ကြတာပေါ့'

နှစ်ယောက်သား အိမ်ကလေးဘက်တို့ ခြေဦးလှည့်လိုက်ကြတော့သည်။

....★....

## ထူးဆန်းသောသူတော်

ကျင်းလုံနှင့် မရှိသူတော်တို့ ရောက်ရှိလာသောအခါ ရှပ်ဆိုးအမျိုးသမီးကြီးမှာ ချေးတလုံးလုံးရှိနေပြီး ကျူးကော့လည်း သတိရလာပြီဖြစ်သည်ကို တွေ့ရလေသည်၊

'ညီလေး....မင်းသက်သာလာပြီလား'

ကျင်းလုံ ပမ်းသာသွားလေသည်၊

ကျူးကော့က ကျင်းလုံကိုမြင်လျှင် ချက်ချင်း ခေါင်းငုံ့ထားလိုက်၏၊

'ညီလေး'

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏၊

အကြောင်းကား ကျူးကော့၏ နက်မှောင်ရှည်လျားသော ဆံပင်များသည် ကျောပေါ် ကျနေခြင်းကြောင့် ဖြစ်သည်၊

ကျူးကော့ကား မိန်းကလေးတစ်ယောက် ဖြစ်နေပါတော့သည်၊

ရှပ်ဆိုးအမျိုးသမီး ရယ်မောလိုက်လေသည်၊



'ငါပြောတာ မင်းမယုံဘူးမဟုတ်လား၊ ကဲ... သူဟာယောကျ်ားလေးလား မိန်းကလေးလား'

ကျင်းလုံ မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်၊

ရှပ်ဆိုးအမျိုးသမီးက ဆက်ပြောသည်၊

'ဘာမှ မပူပါနဲ့တော့ သူ့ရဲ့အတွင်းဒဏ်ကို ဆေးကုပေးပြီးပါပြီ၊ တစ်ရက်နှစ်ရက်လောက် အနားယူလိုက်ရင် လုံးကောင်းကောင်းဖြစ်သွားပါလိမ့်မယ်'

ကျင်းလုံ လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်၏၊

'ကျွန်တော်တို့ကို ကူညီတဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ အခွင့်ကြုံတဲ့တစ်နေ့ကျရင်....'

သူ၏စကားမဆုံးမီ ရှပ်ဆိုးအမျိုးသမီးက ကြားဖြတ်ပြောလေသည်။

'ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ်ပြောတာကို နားထောင်မယ်ဆိုရင် ကျေးဇူးတင်တာနဲ့အတူတူပါပဲ'

'ဟုတ်ကဲ့ ပြောပါဗျာ'

ရှပ်ဆိုးအမျိုးသမီးကြီးက တည်ကြည်သော မျက်နှာထားဖြင့်ပြောလေသည်၊

'မင်း ဒီနေ့ရာကနေ အမြန်ဆုံးထွက်သွားဖို့ပါပဲ'

'ဗျာ....'

'စစ်လိန်ဟောင်ကို မင်းလာခဲ့တာဟာ ဘာမိုသိုင်းကျမ်းကို ရှာဖို့ပဲမဟုတ်လား'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်ဗျာ'

'ဘာမှိုသိုင်းကျမ်းကို ရှာတွေ့ပြီး သိုင်းပညာ လေ့ကျင့်ပြီး ပြီဆိုရင်ကော'

ကျင်းလုံအံကြိတ်လိုက်သည်။

'ကျွန်တော့်ရဲ့ မိဘတွေသေဆုံးသွားရအောင် ဖန်တီးခဲ့တဲ့ လူယုတ်မာကို သုက်သင်ရှင်းလင်းပစ်မယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်'

ရှပ်ဆိုးအမျိုးသမီး ခေါင်းခါယမ်းလိုက်သည်။

'မင်း မှားနေပြီ၊ မင်းရဲ့ မိဘတွေအကြောင်း မင်း ဘယ်လောက်များသိလို့လဲ'

'ကျွန်တော့်မိဘတွေအကြောင်း ကျွန်တော်မသိပဲ နေပါ့မလားဗျာ'

'အဲဒါ မင်းမှားနေတာပေါ့၊ မင်းဟာ မိဘတွေအပေါ်မှာ ယုံကြည်ချက်နဲ့ တွေမြင်ကြားသိရသမျှကို အမှန်လို့ ထင်မှတ်ခဲ့တယ်၊ မင်းကိုမမွေးဖွားခင်က ဖြစ်ပျက်ခဲ့တဲ့အကြောင်းကိစ္စတွေကို ဘယ်လိုလုပ်သိနိုင်မှာလဲ ပြောပါဦး'

'ကျွန်တော်....'

ကျင်းလုံ မည်သို့ပြောရမှန်း မသိဖြစ်သွားသည်။

ရှပ်ဆိုးအမျိုးသမီးကြီးက တည်ငြိမ်သောလေသံဖြင့် ပြောသည်။

'ကံတရားဟာ အင်မတန်ဆန်းကြယ်တယ်၊ တစ်ခါတစ်ရံမှာ သူကောင်းလို့ထင်ရတဲ့လူဟာ လူဆိုးဖြစ်နေသလို လူဆိုးလို့



ထင်ရတဲ့သူဟာလဲ လူကောင်းဖြစ်နေတတ်တာမျိုး တွေ့ရှိရတတ်တယ်....

'ဘယ်အရာကိုမှ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ အရာရာကို သေချာစဉ်းစားပြီးမှ လုပ်ကိုင်ဆောင်ရွက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ မင်းအခုနေနဲ့ စစ်လိန်တောင်ကို ကျော်ခိုင်းတာ တစ်နေ့နေ့တရမယ့်ကိစ္စကို ရှောင်ရှားပြီးသားဖြစ်လိမ့်မယ်....

စကားဆုံးလျှင် အိမ်ထဲမှ လှမ်းထွက်သွားရန် ဟန်ပြင်လိုက်သည်။

'နေပါဦးဗျာ'

ကျင်းလုံက ယုန့်တားလိုက်၏။

ရှပ်ဆိုးအမျိုးသမီး ခြေလှမ်းရပ်တန့်လိုက်၏။

'မင်း ဘာမေးမြန်းချင်လို့လဲ'

'ခေါ်ခေါ်ဟာ ကျွန်တော်တို့စစ်လိန်တောင်ကို လာခဲ့တဲ့ လမ်း တစ်လျှောက်မှာ နောက်ယောင်ခံ လိုက်လာခဲ့တယ် မဟုတ်လား'

ကျင်းလုံက သံသယစိတ်ဖြင့် မေးလိုက်သည်၊

ရှပ်ဆိုးအမျိုးသမီးခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်ကွယ်၊ စစ်လိန်တောင်ကို သွားရင် မင်းတို့ရှေ့ရောက်မှာစိုးရိမ်လို့ တိတ်တဆိတ် နောက်ယောင်ခံ လိုက်လာတာပါ၊ မင်းနဲ့စကားပြော ဖို့ အခွင့်အရေးမရခဲ့တာကြောင့်ထွက်မတွေ့ခဲ့တာပါ'

'ကျွန်တော် ဒုက္ခရောက်မှာစိုးရိမ်လို့ သတိပေးချင်တယ်ဆို

တော့ ဒေါ်ဒေါ်ဟာ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်နေလို့
လဲဆိုတာ ပြောပြပါလားဗျာ'

ရှပ်ဆိုးအမျိုးသမီး ခေါင်းညိတ်လိုက်သည်။

'စိတ်ချ တစ်နေ့မင်းသိလာမှာပါ၊ မိန်းကလေးဟာ အတွင်း ဒဏ်ရာရသွားတော့ အနားယူဖို့ လိုလိမ့်မယ်၊ သူ့ကို ဂရုစိုက် လိုက်ပါ၊ ဒို့တစ်တွေပြန်တွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် အိမ်ထဲမှထွက်သွားလေ တော့သည်။

…★…

ရှပ်ဆိုးအမျိုးသမီး ထွက်သွားပြီဖြစ်လေသည်။

ကျင်းလုံငူငူကြီး ရပ်နေမိ၏။

အချိန်မည်မျှကြာသွားမှန်းမသိ သူဇော်၏ အသံ ထွက် ပေါ်လာသည်ကို ကြားရမှ သတိဝင်လာသည်။

'ရှပ်ဖျက်ပညာတော်တော်ကောင်းတာပဲ'

ကျင်းလုံ မျက်မှောင်ကုပ်သွားသည်။

သို့သော် ကျူးကော့က မိန်းကလေးဟန်ဆောင်ထားခြင်း အား ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်မည်ထင်မိပြီး ကျူး



ကော့ကို လှမ်းကြည့်လိုက်သည်။

ကျူးကော့ ခေါင်းငုံ့ထားသည်။

ယခု သူမသည် ယောကျ်ားလေးဟန်ဆောင်ထားသည့်မိန်း ကလေးတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေပြီဖြစ်သည်။

မိန်းကလေးအသွင်ပြောင်းလဲသွားရာ၌ ပို၍ချောမောလှပ သည်ဟု ကျင်းလုံထင်မိသည်။

'သူဟာ မိန်းကလေး ဖြစ်နေတာကိုး၊ ဒါကြောင့်လဲသူနဲ့ မျက်လုံးချင်းဆုံမိတိုင်း ငါ့ရင်ထဲမှာ ထူးခြားတဲ့ ခံစားချက် တွေဖြစ်ပေါ်လာရတာကိုး'

သူဇော်၏အသံထွက်ပေါ်လာပြန်သည်။

'သူက အနားယူရမယ်ဆိုရင်လဲ ဒီမှာပဲနေပေါ့လေ၊ စား သောက်ဖို့အတွက် ဘာမှမပူနဲ့ ကျုပ်တာဝန်ယူမှာပေါ့'

ကျင်းလုံကြည့်လိုက်သောအခါ သူဇော်ရယ်ရယ်မောမော ရှိနေသည်ကို တွေ့ရသည်။

'ကျုပ်က စစ်လိန်တောင်ပေါ်မှာ တစ်ယောက်တည်းနေ ရတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ပျင်းစရာကောင်းလိုက်တာ မင်းတို့ ရောက်လာတော့ ကျုပ်အတွက် စကားပြောဖော် ရတာ ပေါ့၊ ကျုပ်ကအိမ်ရှင်ဝတ္တရား ကျေပွန်ရမှာပေါ့လေ'

ကျင်းလုံ စိတ်သက်သာရာရသွားလေသည်။

သူဇော်က ကြည်ကြည်ဖြူဖြူရှိသဖြင့် ကျူးကော့ အနား ယူဖို့နေရာရှာစရာမလိုတော့ပေ။

'ဦးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ကျောင်းလုံလက်နှစ်ဘက် ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်လေသည်။

★

နှစ်ရက်....

နှစ်ရက်ဟူသော အချိန်ကုန်ဆုံးသွားပြီဖြစ်သည်။

ကျောင်းလုံနှင့်ကျူးကော့တို့သည် သူ့ဘော်၏အိမ်ဂေဟာ၌ အေးချမ်းစွာ အနားယူနိုင်ခဲ့လေသည်။

နေထိုင်စားသောက်ရေးအတွက် သူ့ဘော်က လိုလေသေးမရှိအောင် တာဝန်ယူခဲ့ခြင်းကြောင့် ကျေးဇူးတင်မဆုံးဖြစ်ခဲ့ရလေသည်။

သူ့ဘော်သည် အိမ်ရှင်ပီပီ ညှော်ဝင်ကျော့မွန်ခဲ့သည့်အပြင် ဆေးဘက်ဝင်သော ပရဆေးပင်များဖြင့် ဖော်စပ်ထားသည့် ဆေးဝါးများလည်း တိုက်ကျွေးခဲ့သည်ဖြစ်ရာ ကျူးကော့မှာ အချိန်တိုတိုဖြင့် လူကောင်းပကတိ ဖြစ်လာခဲ့တော့သည်။

ထိုနှစ်ရက်အတွင်း ကျူးကော့သည် ကျောင်းလုံအား စကား တစ်လုံးမျှ မပြောခဲ့ချေ။



သူ့ဘော်ပေးထားသော အခန်းတွင်း၌ပင် တံခါးပိတ်ကာ အခန်းအောင်းနေခဲ့လေတော့သည်။

★

ည....

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှနေသည်။

သူ့ဘော်သည် ညနေစောင်း အချိန်ကတည်းက အပြင်ထွက်သွားဦးမည်ဟုပြောကာ ထွက်သွားရာမှ ပြန်မရောက်သေးချေ။

ကျူးကော့ကလည်း အခန်းထဲ အောင်းနေခြင်းကြောင့် ကျောင်းလုံမှာ တစ်ယောက်တည်း ပျင်းရိလာတော့သည်။

အိမ်အပြင်ဘက်သို့ ထွက်လာခဲ့ပါသည်။

ထိန်ထိန်သာနေသော လဝန်းကြီးကို မော့ကြည့်လိုက်မိသည်။

သာယာလှပသော ဝန်းကျင်ကြောင့် စိတ်ထဲကြည်လင်လန်းဆန်းလာ၏။

ရုတ်တရက် အဝန်းထဲ၌ ကျူးကော့၏ လှပသောမျက်နှာလေးကို မြင်ယောင်လာသည်။

'သူက ဘာကြောင့် ယောကျ်ားလေးအဖြစ် ဟန်ဆောင်ထားတာလဲ'

ကျူးကော့သည် လျှို့ဝှက်သူတစ်ယောက် ဖြစ်နေ၍၊ သူမပြောသည့် စကားများကို ယုံကြည်ရပါမည်လော။

ကျောင်းလုံ တွေးတောငေးမောနေစဉ် နောက်ကျောဘက်မှ ညင်သာပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာခြင်းကြောင့် ကပျာကယာ လှည့်ကြည့်လိုက်မိလေသည်။

သူတွေ့လိုနေသည့် ကျူးကော့အား ပြန်တွေ့လိုက်ရ၍၊

ယောက်ျားလေးတစ်ယောက်ကဲ့သို့ ဘိုက်ကျပ်အင်္ကျီ ဝတ်ဆင်ထားပါသော်လည်း ဖားလျားချထားသော ဆံပင်များနှင့် သန့်ရှင်းစင်ကြယ်သော မျက်နှာလေးက နတ်မိမယ်လေးအလား ချောမော လှပသူလေးဖြစ်ကြောင်း ဖော်ပြနေပါတော့သည်။

သူမသည် ယောက်ျားလေးအဖြစ် ဟန်ဆောင်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း မည်သို့မျှ ငြင်းမရတော့ချေ။

'ညီလေး'

ကျောင်းလုံ လွှတ်ခနဲခေါ်လိုက်သည်။

ကျူးကော့က ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မဟာ မိန်းကလေးတစ်ယောက်ပါ၊ ဒါကြောင့် ညီလေးလို့ မခေါ်သင့်တော့ပါဘူးရှင်'

ကျောင်းလုံ သက်ပြင်းချလိုက်၍၊

'ညီမလေး.... မင်းကဘာကြောင့် ယောက်ျားလေးတစ်ယောက်အဖြစ် ဟန်ဆောင်ထားရတာလဲ၊ ကျုပ်တော့ နားမလည်နိုင်တော့ဘူး'



ကျူးကော့က မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ လှမ်းသွားပြီး ခြေလှမ်းရပ်လိုက်၍၊

ကျောင်းလုံလည်းလိုက်သွားပြီး သူမနှင့်မလှမ်းမကမ်း၌ ရပ်လိုက်သည်။

ကျူးကော့က လဝန်းကိုငေးမောကြည့်ကာ ရုတ်တရက် စကားမပြောနိုင်ချေ၊

ကျောင်းလုံလည်း ငြိမ်နေလိုက်၍၊

အတော်ကလေးကြာမှ ကျူးကော့ထံမှ စကားသံထွက်ပေါ်လာလေသည်။

'ကျွန်မနာမည် ကျူးကော့ မဟုတ်ပါဘူး၊ ကျွန်မနာမည်အရင်းက တုတုဖုံးပါ၊ ရွှေကျီးဂိုဏ်းချုပ် တုတုရှောင်ရဲ့သမီးပါ'

'ဟာ....'

သူမ ဝန်ခံလိုက်သောစကားကြားလျှင် ကျောင်းလုံ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ကျူးကော့(ဝါ) တုတုဖုံးအား မျက်လုံးပြူးကာ ကြည့်လိုက်၍၊

တုတုဖုံးအား လိုက်ရှာနေသည့် ရွှေကျီးဂိုဏ်းသားများသည် စန်းရိတိုသားအဖအား ရန်ရှာခဲ့ရာမှ သူက ကြားဝင်မိသည်။

ထို့ကြောင့်လည်း ရောင်စုံတောင်ကြားသို့ ရောက်ကာ အရှုံးသိုင်းသမားနှင့် တွေ့ဆုံခဲ့ရသည်။

ထိုမှတစ်ဖန် ထိုက်ဝူးရွေဓားဂေဟာသို့ ရောက်ခဲ့ရပြီးမှ ကျူးကော့ (ဝါ) တုတုဖုံးနှင့် ဆုံတွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ထိုက်ဝူးရွေဓားဂေဟာသို့ ရောက်ခဲ့ရခြင်းကြောင့် ထင်းကျူန့်ဂိုဏ်းချုပ်နှင့် ရွှေကျီ၊ဂိုဏ်းမှ သခင်မလေး တုတုဖုံးတို့၏ မင်္ဂလာပွဲသည် သူ၏အာသအတွက် အရေးကြီးလှကြောင်း ကျင်းလုံနားလည်မိ၏။

မင်္ဂလာပွဲဖြစ်မြောက်မှသာလျှင် ထင်းကျူန့်ဂိုဏ်းချုပ်အား ထိုးနှက်ပြီးသား ဖြစ်သွားမည် မဟုတ်ပါလား။

ထင်းကျူန့်ဂိုဏ်းချုပ် အချက်တကွဲ အကျိုးနည်းဖြစ်ကာ သိုင်းလောကဌ် မျက်နှာမပြုံ့သည့်အဖြစ်မျိုး ဖန်တီးနိုင်မည်ဆိုလျှင် သူ့အတွက် အောင်မြင်မှုတစ်ရပ်ဟု ဆိုရပေမည်။

သိုင်းလောက အသိုင်းအဝိုင်းကြားမှ ဖယ်ရှားခံရသည့် ထင်းကျူန့်ဂိုဏ်းချုပ်မှာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားပေမည်။

ထင်းကျူန့်ဂိုဏ်းချုပ် စိတ်ဆင်းရဲလေလေ၊ သူ ဝမ်းသာရလေလေပင် မဟုတ်ပါလော။

ထင်းကျူန့်ဂိုဏ်းချုပ်၏ မင်္ဂလာပွဲကို ဖြစ်မြောက်အောင် ကြိုးပမ်းသွားမည်ဟု ဆုံးဖြတ်ထားသော ကျင်းလုံမှာ သတို့သမီး တုတုဖုံးအား တွေ့လိုက်ရလျှင် ရင်လဲပြောင်းဆန်သွားတော့သည်။

'လက်ထပ်တော့ မင်းဟာ ထင်းကျူန့်ဂိုဏ်းချုပ်နဲ့ လက်ထပ်ရမယ့် သတို့သမီးလောင်း ဖြစ်နေတာကိုး'

ကျင်းလုံ၏ရေရွတ်သံကြောင့် ကျူးကော့ (ဝါ) တုတုဖုံး



ကလှည့်ကြည့်ပြီး ခေါင်းညိတ်ပြလေသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မဟာ ထင်းကျူန့် ဂိုဏ်းချုပ်နဲ့ လက်ထပ်ရမယ့်သူပါ၊ ဒါကြောင့် ကျွန်မ အိမ်ကထွက်ပြေးလာခဲ့တာပါ'

ကျင်းလုံ၏ရင်ထဲ တစစ်စစ်နာကျင်လာသည်။

အံ့သြစရာကောင်းအောင်ပင် တုတုဖုံးအား သံယောဇဉ်တွယ်နေမိပြီ ဖြစ်သောကြောင့် ကိုယ့်ကိုယ်ကို ဆင်ခြင်လိုက်မိသည်

တုတုဖုံးအား လက်လွှတ်ဆုံးရှုံးရမည်ကို ထိတ်လန့်လာသည်။

'မင်း....မင်းက ထင်းကျူန့်ဂိုဏ်းချုပ်နဲ့ လက်မထပ်ချင်တော့ဘူး ဟုတ်လား'

ကျင်းလုံ အထစ်ထစ်အငေါ့ငေါ့ မေးလိုက်လေသည်။

တုတုဖုံးက နှုတ်ခမ်းကို သွားဖြင့်ကိုက်လိုက်၏။

'လက်မထပ်ချင်လို့ ကျွန်မ ထွက်ပြေးလာခဲ့တာပေါ့'

ကျင်းလုံ မင့်သက်ရှိုက်လိုက်လေသည်။

တုတုဖုံးက ဆက်ပြောသည်။

'ထင်းကျူန့်ဂိုဏ်းချုပ်ဟာ ကျွန်မအဖေအရွယ်လောက် ရှိပါတယ်၊ ပြီးတော့ ကျွန်မအဖေကို အကျပ်ကိုင်ပြီး မင်္ဂလာပွဲ စီစဉ်ခိုင်းတာပါ၊ ကျွန်မ ဘယ်လိုလုပ်ပြီး ဘဝဘာတူနိုင်မှာလဲ၊ သူ့ကိုဆုံးမခံမှ ကျွန်မကျေနပ်မယ်'

ပြောရင်း သူမအသံ တုန်လာလေသည်။

ခံပြင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ယူကျုံးမရခြင်း

စသောခံစားချက်များကို ရောပွန်း ဖြစ်ပေါ်နေရတော့သည်။

ကျင်းလုံ ငေးကြည့်နေမိ၏။

သူ၏ရင်ထဲ တစစ်စစ်နာကျင်လာသည်။

တုတုဖုံးမှာ လက်လွှတ် ဆုံးရှုံးလိုက်ရမည့်အရေးကို လက်မခံနိုင်အောင် ဖြစ်လာသည်။

တုတုဖုံး ဒမ်းနည်း ကြေကွဲနေရသည်ကို သူမကြည့်ရက် မမြင်ရက်တော့ပါ။

ဒါကြောင့်....

'စိတ်ချ၊ ထင်းကျန့်ဂိုဏ်းချုပ်ကို ဆုံးမပေးမယ်လို့ ကျုပ် တာဝန်ယူပါတယ်'

ရဲရဲကြီး ပြောလိုက်သည်။

တုတုဖုံးက မျက်လုံးရွဲကြီးများဖြင့် ကြည့်လာ၏။

'အစ်ကို....အစ်ကို တကယ်ပြောတာနော်'

'တကယ်ပေါ့ ညီမရယ်'

'ဝမ်းသာလိုက်တာရှင်၊ အစ်ကို့ကျေးဇူးကို တယ်တော့ မမေ့တော့ပါဘူးရှင်'

ကျင်းလုံ လက်ကာပြလိုက်၏။

'ကျုပ်က ညီမအတွက် ဘာမှမဆောင်ရွက်ရသေးပါဘူး။ ကျုပ်ကို ကျေးဇူးတင်စရာမလိုသေးပါဘူး'

'အို....ဘာပဲဖြစ်ဖြစ် ကျွန်မကို ကူညီချင်တဲ့အတွက် ကျေးဇူးတင်ရမှာပါ'

ကျင်းလုံ ပြုံးလိုက်မိသည်။

သူတို့သည် ပို၍ရင်းနှီးလာကြသကဲ့သို့ ပို၍သံယောဇဉ်ဖြစ်လာကြလေသည်။



တုတုဖုံး၏မျက်ဝန်းအစုံ၌ ထူးခြားခဲ့သော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

သူမသည် အပျိုစင်မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

သူမဒုက္ခရောက်စဉ် သတိလစ်မေ့မြောနေစဉ်၌ ကျင်းလုံက ပွေ့ချီခဲ့ရာ သူမ၏အသားကို ထိတွေ့ကိုင်တွယ်သူ ဖြစ်ခဲ့လေသည်။

ကျင်းလုံနှင့် ရင်းရင်းနှီးနှီး ရှိနေခဲ့ရပြီးနောက် သူမ၏ဘဝကို ကျင်းလုံသာလျှင် ပိုင်ဆိုင်သွားပြီဟု ခံယူမိလေသည်။

ကျင်းလုံသည်လည်း သူမ၏မျက်ဝန်းမှတစ်ဆင့် သူမ၏ နှလုံးသားကို တွေ့မြင်လိုက်ရသကဲ့သို့ ရှိနေသည်။

ရုတ်တရက် ကျင်းလုံ၏လက်နှစ်ဖက်က ရှေ့သို့ဆန့်တန်းလိုက်မိလေသည်။

တုတုဖုံးကလည်း တိုးဝင်လာသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားလိုက်မိကြလေတော့သည်။

...✱...

သူတော် ပြန်ရောက်မလာသေးပါ။

ထို့ကြောင့် နေကောင်းလာပြီဖြစ်သည့် တုတုဖိုးကပင် စားသောက်ဖွယ်ရာများ ချက်ပြုတ်စီမံရတော့သည်။

ကျင်းလုံက အိမ်ကလေးနှင့် မလှမ်းမကမ်းရှိ ရေတွင်း၌ ရေခပ်ပေးရသည်။

ရေသုံးပုံးမျှခပ်ပြီးချိန်၌ ရေတွင်းအနီးသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူမှာ ညာလှဖြစ်ပါသည်။

'ခင်....ခင်ဗျား....'

ညာလှ ရယ်မောလိုက်သည်။

'အရေးကြီးတဲ့အချိန်မှာ ငါက မင်းဆီရောက်လာမှာပဲ၊ ဘာမှအံ့သြစရာမလိုပါဘူးကွာ'

'အရေးကြီးတယ် ဟုတ်လား'

'ဟုတ်တယ်'

ညာလှ၏မျက်နှာ တည်ကြည်လေးနက်သွားခဲ့သည်။

'စစ်လိန်တောင်မှာ အခြေအနေတွေက အတော်ရှုပ်ထွေးနေပြီ၊ အနယ်နယ်အရပ်ရပ်က သိုင်းသမားတွေ စုရုံးရောက်ရှိလာကြတယ်၊ ထင်းကျန့်ဂိုဏ်းကလူတွေလဲ ရောက်နေကြတယ်၊ မကြာခင်မှာ ထင်းကျန့်ဂိုဏ်းချုပ်ကိုယ်တိုင် ရောက်လာလိမ့်မယ်လို့ သိရတယ်'

ကျင်းလုံမျက်နှာ ခက်ထန်တင်းမာသွားလေသည်။

ထင်းကျန့်ဂိုဏ်းချုပ်မှာ သူ၏မဟာရန်သူတော်ကြီး မဟုတ်ပါလား။



'သူရောက်လာရင် သိပ်ကောင်းတာပေါ့၊ ကျွန်တော်လိုက်ရှာစရာမလိုတော့ဘူးပေါ့'

ညာလှ ခေါင်းယမ်းလိုက်သည်။

'စိတ်လိုက်မာန်ပါ လုပ်လို့မဖြစ်ဘူး၊ မင်းအနေနဲ့ သူ့ကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာမဟုတ်ဘူး'

ကျင်းလုံ အံကြိတ်လိုက်သည်။

ညာလှက ဆက်ပြောသည်။

'စစ်လိန်တောင်မှာ မကောင်းဆိုးဝါးတစ်ကောင် ပေါ်ပေါက်နေတဲ့ကိစ္စကို ထင်းကျန့်ဂိုဏ်းချုပ်က ဦးဆောင်ပြီး ဖြေရှင်းလိမ့်မယ်၊ ဒီကိစ္စမှာ မြှုပ်ကွက်တွေရှိနေတာကို မင်းသတိထားမှဖြစ်မယ်'

ကျင်းလုံ မျက်မှောင်ကုပ်ကာမေးလိုက်သည်။

'ဘယ်လိုမြှုပ်ကွက်များရှိနေလို့လဲ'

ညာလှက ရှင်းပြသည်။

'တစ်ခြားမဟုတ်ဘူး မကောင်းဆိုးဝါးကောင်ဟာ တာမိုသိုင်းပညာကို တတ်မြောက်နေတာပဲ၊ သူ့ကို တွေ့အောင်ရှာနိုင်ရင် ရှောင်လင်ကျောင်းရဲ့ ဘာကြောင့်ပျက်စီးသွားရတယ်၊ တာမိုသိုင်းကျမ်း ဘာကြောင့်ပျောက်ဆုံးသွားရတယ် ဆိုတာကိုသိရမှာပဲ'

ကျင်းလုံစောဒကတက်လိုက်သည်။

'မကောင်းဆိုးဝါး တစ်ကောင်ကို ဘယ်လိုလုပ်ပြီး တွေ့အောင်ရှာရမလဲ နည်းလမ်းရှိရင် ကျွန်တော့်ကို ပြောပြပါလား...'

ညလူ ရယ်မောလိုက်သည်၊

'မင်းက မကောင်းဆိုးဝါးဆိုတာကို ယုံသလား'

ကျင်းလုံ ပါးစပ်ပိတ်ထားလိုက်သည်။

ညလူက ခေါင်းခါယမ်းလိုက်၏။

'ငါ့သဘောကတော့ မကောင်းဆိုးဝါး ဆိုတာကို မယုံကြည်ဘူး၊ လူတစ်ယောက်က ဟန်ဆောင်ထားတာပဲ ဖြစ်ရမယ်လို့ယူဆတယ်'

'ဟင်....'

ညလူပြောသည့်အတိုင်းဆိုလျှင် စစ်လိန်တောင်၏ ပြဿနာမှာ နှယ်နှယ်ရရမဖြစ်နိုင်တော့ပါ၊

တစ်စုံတစ်ယောက် တာမိုသိုင်းကျမ်းအား ရရှိထားပြီဆိုလျှင် သိုင်းလောကအတွက် ရတက်မအေးနိုင်စရာ ဖြစ်လေသည်။

တာမို သိုင်းကျမ်း ရထားသူက မကောင်းဆိုးဝါးဟန်ဆောင်ကာ စစ်လိန်တောင်သို့ ရောက်ရှိလာသူများအားတိုက်ခိုက် သတ်ဖြတ်နေခြင်းသည် အန္တရာယ်ဆိုးကြီး တစ်ခုဖြစ်ကြောင်း ဖော်ပြနေသည်၊

'စစ်လိန်တောင်ကို မင်းသွားရမယ် တာမိုသိုင်းကျမ်းရအောင်ကြိုးစားရလိမ့်မယ်'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်၊

'စိတ်ချပါ ကျွန်တော်ကြိုးစားသွားမှာပါ'

'ကောင်းတယ် ဒီအိမ်ကလေးမှာနေတဲ့ သူတော်ကို မင်းစိတ်တိုင်းကျ အသုံးချနိုင်အောင်ကြိုးစားရမယ်၊ သူဟာ စစ်



လိန်တောင်အကြောင်း မင်းတို့ငါတို့ထက် ပိုပြီးသိနေတယ်၊ သူ့ဆီကနေ ငါတို့အမြတ်ထုတ်လို့ရနိုင်တယ်'

ကျင်းလုံဘာမှမပြောဘဲနေလိုက်သည်၊

သူတို့အပေါ် သဘောကောင်းလှပြီး ကူညီခဲ့သည့်သူတော်အား ဒုက္ခမပေးလိုပါချေ။

'ရော့... ဒီဆေးလုံးလေးယူသွားလိုက်'

ညလူက အနက်ရောင် ဆေးလုံးလေးတစ်လုံး ထုတ်ပေးလိုက်သည်၊

ကျင်းလုံကြောင်အမ်းအမ်း ဖြစ်သွားသည်၊

'ဒါ ဘာလုပ်ဖို့လဲ'

ကျင်းလုံ နောက်ဆုတ်လိုက်လေသည်၊

ညလူ မျက်မှောင်ကုပ်သွားသည်၊

'ဘာဖြစ်လို့လဲဗျ'

'ဒါ အဆိပ်ဆေးလုံးမဟုတ်လား၊ ဒီလိုမတရားတဲ့အလုပ်မျိုး ကျွန်တော်မလုပ်ချင်ဘူး'

'ဘာကွ'

ညလူ မကျေမနပ်ဖြစ်သွားသည်၊

'သူတော်ဟာ အရေးပါတဲ့လူတစ်ယောက်ဖြစ်ရမယ်ဆိုတာ သေချာတယ်၊ ငါခိုင်းတဲ့အတိုင်း လုပ်စမ်းပါ၊ တာမိုသိုင်းကျမ်းကို မင်းမလိုချင်ဘူးလား'

ကျင်းလုံ စကားမပြောဘဲ နေလိုက်သည်၊

ထိုစဉ်....

'အစ်ကို....'

တုတုဖုံး၏ ခေါ်သံထွက်ပေါ်လာသည်။

ညလူ သက်ပြင်းချလိုက်သည်။

'တို့ပြန်တွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

...★...

## စိတ်ပြောင်းရန်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီဖြစ်ပါသည်။

တစ်နေ့တာကုန်ဆုံးသွားသည့်တိုင် သူတော်ပြန်ရောက်လာခြင်းမရှိသေးပါချေ။

ကျောင်းလုံးနှင့် တုတုဖုံးတို့သည် မိုးချုပ်သွားသည့်တိုင်စောင့်ဆိုင်းနေပြီးမှ ဗိုက်ထဲ ဆာလောင် လာသဖြင့် သူတော်အားမစောင့်နိုင်တော့ဘဲ စားသောက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်....

'ဒီမှာ အိမ်ကလေးတစ်လုံးရှိနေပါ့လား။

'ဗိုက်ဆာနေတာနဲ့အတော်ပဲ'

စကားသံအချို့ ထွက်ပေါ်လာကာ လူနှစ်ယောက်ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်

ထိုလူနှစ်ယောက်က ခွင့်မတောင်းဘဲ အိမ်ထဲဝင်လာကြသည်။

ခွင့်မတောင်းသဖြင့် သူတို့အား အပြစ်တင်၍မရပါ၊

သူတို့သည် ကိုယ့်သဘောနှင့်ကိုယ် ဝင်ရာလုပ်တတ်ကြသူများပင်မဟုတ်ပါလား။

ထိုလူနှစ်ယောက်အား တွေ့လိုက်ရလျှင် ကျောင်းလုံ့ဝမ်းသာအားရဖြစ်သွားလေသည်။

ထိုလူ နှစ်ယောက်မှာ ချောင်စုံတောင်ကြားမှ အရှုံးသိုင်းသမား စုသန်းနှင့် စုစုတို့မြေးအဘိုး နှစ်ယောက် ဖြစ်ကြလေသည်။

စုသန်းနှင့်စုစုတို့သည်လည်း ကျောင်းလုံ့ကိုတွေ့လျှင် ဝမ်းသာအားရဖြစ်သွားကြသည်။

'လက်စသတ်တော့ မင်းက ဒီနားရောက်ပြီး ဟန်ကျနေတာကိုး'

'ရှင်ပျောက်သွားလို့ ကျွန်မတို့စိတ်ပူနေကြတာ၊ ရှင် မိန်းမတစ်ယောက်နောက်ကို လိုက်သွားတာကိုး'

'ဟာ....'

ကျောင်းလုံ တ်ခနဲ့အော်လိုက်မိသည်။

တုတုဖုံးသည် မျက်နှာနီရဲသွားလေသည်။

စုသန်းနှင့် စုစုတို့က ထမင်းဝိုင်း၌ဝင်ဆိုင်လိုက်ကြသည်။



'ကဲ...ဧည့်သည်တွေ ရောက်လာပြီ၊ ရှင်တို့ ဧည့်ခံကြမယ်မဟုတ်လား'

'ရပါတယ်'

ကျောင်းလုံကပြောလိုက်သည်နှင့် စုသန်းတို့ မြေးအဘိုးသည် ဘာကိုမျှ အားမနာတော့ဘဲ အားရပါးရ စားသောက်လိုက်ကြတော့သည်။

ကျောင်းလုံ ငိုင်သွား၏။

အကြောင်းကား စုသန်းတို့မြေးအဘိုးသည် အစားအစာအားလုံးကို စားသောက်ပစ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ကျောင်းလုံတို့ စားစရာမရှိတော့သလို သူတော်အတွက်သည်း မကျန်တော့ပါ။

တုတုဖုံး ခေါပွသွားလေသည်။

'မတော်တော် အသိုက်မသိတတ်တဲ့ သူတွေပဲ'

သူမ တီးတိုးရေရွတ်လိုက်သော်လည်း စုသန်းတို့မြေးအဘိုးက ကြားဖြစ်အောင် ကြားသွားလေသည်။

နှစ်ယောက်သား မျက်လုံးပြူးသွားတာ ကြည့်လာ၏။

'မိန်းကလေး....ဘာပြောလိုက်တာလဲ'

တုတုဖုံး မကြားချင်ဟန် ဆောင်နေလိုက်သည်။

စုစု နှုတ်ခမ်းစူလိုက်သည်။

'ဘိုးဘိုး...သူက ကျွန်မတို့ကို အစားကြီးတဲ့လူတွေလို့ပြောနေတယ်'

'ဟေ....'

စုသန်းသည် အံ့သြသွားဟန်ရှိပြီးမှ သဘောကျသွားဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

စုစု မကျေမနပ်ဖြစ်သွား၏။

'ဟိုးဟိုး....ဘာရယ်တာလဲ'

'ခြော်....သူ့ကိုသဘောကျလို့ပေါ့'

'ဟင်....သူ့ကိုသဘောကျလို့ ဟုတ်လား'

'ဟုတ်တယ်လေ၊ တို့ကို အစားကြီးတယ်လို့ ပြောတာ သဘောကျစရာ ကောင်းလို့ပေါ့'

စုစု မျက်မှောင်ကုတ်သွား၏။

သို့သော် သူမ၏သဘောထား မည်သို့ ပြောင်းလဲသွားမှန်း မသိ ကောက်ကာငင်ကာ ရယ်မောလိုက်သည်။

မြေးအဘိုးနှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြသောအခါ တုတုဖုံးက ကျင်းလုံကိုကြည့်မိလေသည်။

ကျင်းလုံ ပခုံးတွန့်လိုက်သည်။

'ညီမ....အခွင့်အရေးရတာနဲ့ ကျုပ်တို့ ဒီကထွက်သွားကြမယ်'

ဟု တီးတိုးပြောလိုက်၏။

သူ၏စကားကိုလည်း စုစုတို့မြေးအဘိုးက ကြားသိသွားလေသည်။

'မင်း ထွက်သွားတော့မလို့ ဟုတ်လား'

စုသန်းကမေးသောအခါ ကျင်းလုံမဘက်သာဘဲ ဝန်ခံလိုက်ရ၏။



'ဟုတ်ပါတယ်ဗျာ'

'ဘယ်ကိုသွားမှာလဲ ပြောစမ်းပါဦး'

'ကျွန်တော်....'

'မင်းက တာမိုသိုင်းကျွမ်းကို သွားရှာမယ် မဟုတ်လား'

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

'ဒါဖြင့် အေးအေးဆေးဆေးပေါ့ကွာ၊ တို့အတူတူသွားရှာကြတာပေါ့'

'ကျွန်တော်....'

ကျင်းလုံက ငြင်းဆန်ရန် ဟန်ပြင်လိုက်လေသည်။

စုသန်း ဆက်ပြောလိုက်သည့် စကားကြောင့် မပြော ဖြစ်တော့ချေ။

'ရွှေမားဂေဟာမှာ ငါတို့တိုက်ပွဲဖြစ်နေတုန်း မင်းထွက်သွားတာကြောင့် ဝမ်းရှာတို့နဲ့ ငါတို့ အဆင်ပြေသွားတာကို မင်းမသိလိုက်တာပေါ့'

'ဗျာ....'

'ငါတို့ဆက်ပြီး မတိုက်ခိုက်ဖြစ်တော့ဘူး၊ ထင်းကျွန်ဂိုဏ်းက စေတမန် ဝူးလီရောက်လာတယ်လေ'

'ခြော်....'

ကျင်းလုံ မကျေမနပ်ဖြစ်လာ၏။

ထင်းကျွန်ဂိုဏ်း၏ အမည်ကြားလျှင် ဒေါသထွက်ရစမြဲဖြစ်သည်။

'ဦးလိက မင်္ဂလာကိစ္စ ကို ငါတို့ကျေနပ်အောင် တာဝန်ယူပြီး ဖြေရှင်းပေးမယ်လို့ပြောတယ်၊ မင်္ဂလာကိစ္စအကြောင်း စစ်လိနီ တောင်က မကောင်းဆိုးဝါးကိစ္စဟာ ပို့ပြီးစိုက်ဝင်စားစရာ ကောင်းတဲ့အကြောင်း ပြောတာနဲ့ ငါတို့ လိုက်လာခဲ့တာ၊၊ ဝမ်းရှာတို့လူစုလဲ လိုက်လာကြတယ်'

ကျောင်းလုံ ငုတ်တိသွားလေသည်၊

စစ်လိနီတောင်တို့ ထိပ်သီးသိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပြီဖြစ်သည်၊

'မိုးချုပ်တာနဲ့ မကောင်းဆိုးဝါးကောင်က သောင်းကျန်းတတ်တယ်လို့ သတင်းကြားတာနဲ့ တို့တစ်တွေလူစုခွဲပြီး လိုက်ရှာကြရင်း ဒီကိုရောက်လာကြတာပဲ'

စစ်လိနီတောင်မှ တာမိုသိုင်းကျမ်းနှင့် မကောင်းဆိုးဝါးကောင်သည် အဆက်အနွယ်ကြီးနေပြီ ဖြစ်သည်၊

'နေပါဦး....မင်းကကော ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ ပြောစမ်းပါဦး'

'ကျွန်တော်....'

ကျောင်းလုံက ရှင်းလင်းပြောပြရန် ဟန်ပြင်လိုက်စဉ်...

'အား....'

အဝေးမှ စူးရှသောအော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

'ဟင်....'

စုသန်းတို့မြေးအဘိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်၊



'မကောင်းဆိုးဝါးကောင်က တစ်ယောက်ယောက်ကို ရကွပေးလိုက်ပြီထင်တယ်'

စုစုက လွှတ်ခနဲ ရေရွတ်လိုက်သည်၊

ထို့နောက် ထိုင်ရာမှတကာ အိမ်အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်၊

'ငါ့မြေး သတိထား'

စုသန်းကသတိပေးရင်း ပြေးလိုက် သွားလေတော့သည်၊

....✱....

စုသန်းတို့မြေးအဘိုး ထွက်သွားကြပြီ ဖြစ်သည်၊

ကျောင်းလုံနှင့် တုတုဖုံးတို တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်၊

'မကောင်းဆိုးဝါးကောင်တော့ သောင်းကျန်းနေပြီ'

တုတုဖုံးက ပြောသောအခါ ကျောင်းလုံ ခေါင်းညိတ်လိုက်လေသည်၊

'ဟုတ်တယ် ညီမ'

'ကျွန်မတို့ လိုက်သွားကြရင်ကောင်းမယ်'

'အင်း....သွားကြတာပေါ့'

ကျင်းလုံသဘောတူလိုက်သည်။

ထိုစဉ်....

'မင်းတို့မသွားသင့်ဘူး'

စကားသံနှင့်အတူ ညလူက အိမ်ထဲလှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

ကျင်းလုံ မျက်မှောင်ကုပ်သွားသည်။

'ဘာဖြစ်လို့လဲ'

'စစ်လီနိုင်တောင်ပေါ်မှာ သိုင်းလောကသားတွေ ခြေရှုပ်နေကြတယ်၊ မကောင်းဆိုးဝါးကောင်နောက်ကို လိုက်ရှာတာထက် သူတော်ကိုဖမ်းဆီးဖို့က ပိုအရေးကြီးတယ်'

ကျင်းလုံတောင်းပန်လိုက်သည်။

'သူတော်ကို ဒုက္ခမပေးပါနဲ့ဗျာ'

ညလူက မကျေမနပ်ဖြစ်သွား၏။

'နေဘာဦး မင်းကဘာကြောင့် သူတော်အတွက်ကိုးရိမ်နေရတာလဲ ပြောစမ်းပါဦး'

'သူဟာ လူကောင်းတစ်ယောက်ပါ ကျွန်တော်တို့ကိုကူညီခဲ့ပါတယ်'

ကျင်းလုံက ရှင်းပြလိုက်သည်။

ညလူက လက်မခံပါချေ။

'အားလုံးဟာ မကောင်းဆိုးဝါးကောင်ကိုပဲ သဲကြီးမဲကြီးဖြစ်နေကြတယ်၊ တကယ်တော့သူတော်ဟာ ပိုပြီးအရေးပါတဲ့လူတစ်ယောက်ဖြစ်နေတာကို ကျုပ်ဘော့မိတယ်'



သူက အနက်ရောင်ဆေးလုံးလေးအား ထုတ်ပေးလိုက်ပြန်သည်။

'ဒီဆေးလုံးလေးကိုသာ သူတော်ကို တိုက်လိုက်ပါ စစ်လီနိုင်တောင်က မကောင်းဆိုးဝါးကောင်ကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်'

ကျင်းလုံလက်မခံနိုင်ပါချေ။

'တခြားနည်းလမ်းနဲ့ကော စမ်းသပ်ကြည့်လို့ မရနိုင်ဘူးလားခင်ဗျာ'

'မရဘူး သူတော်ကိုပေါ့ပေါ့ တန်တန် သဘောထားရင် မင်းမှားသွားလိမ့်မယ်၊ ရော့ယ်ဒီဆေးယူထားလိုက်'

ကျင်းလုံ ငြင်းလိုက်လေသည်။

'ကျွန်တော်မယူပါရစေနဲ့ဗျာ'

'မင်း....'

'သူတော်ကို မသက်ာရင် တခြားနည်းလမ်းနဲ့ စုံစမ်းစစ်ဆေးကြည့်တာ ကောင်းပါလိမ့်မယ်၊ ကျွန်တော်ကြိုးစားပေးပါမယ်၊ မကောင်းတဲ့နည်းလမ်းနဲ့ အကြပ်ကိုင်တဲ့လုပ်ရပ်မျိုးတော့ မလုပ်ပါရစေနဲ့ခင်ဗျာ'

ညလူစိတ်ဆိုးသွားသည်။

'ငါ့စကား နားမထောင်ရင် မင်းကိုဆက်ပြီး မကူညီနိုင်တော့ဘူး'

'နေပါဦး ရှင်ကဘာယ်သူလဲ'

တုတုဖူးက ကြားဝင်မေးလိုက်သည်။

ညလူက ကျောင်းလုံအပေါ်၌ နိုင်လိုမင်းထက်သဘောမျိုးရှိသည်ဟူ၍ သူမသဘောမကျဖြစ်နေ၏။

ညလူက ဘာမှမပြောဘဲ ထွက်သွားရန် ဟန်ပြင်လိုက်၏။

'ရပ်လိုက်'

တုတုဖုံးက ဟန့်တားလိုက်သေးသည်။

ညလူက မဲ့ပြုံး ပြုံးလိုက်၏။

'ကျုပ်ကို ဟန့်တားလို့ရရင် မင်းဟာအခု မိန်းကလေးတစ်ယောက်ဖြစ်မှာပဲ'

ချက်ချင်းပင် လက်ဝှေ့သမ်းကာ တိုက်ခိုက်လိုက်သည်။

ကြည့်မရအောင်ဖြစ်နေသော တုတုဖုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူမ၏ လက်နှစ်ဘက်ကို ဆန့်ထုတ် တိုက်ခိုက်လိုက်ပုံမှာ ငှက်ကလေးတစ်ကောင်က နှုတ်သီးဖြင့် ထိုးဆိတ် တိုက်ခိုက်ပုံမျိုးဖြစ်နေပါသည်။

သူမ၏ထူးခြားသော သိုင်းပညာကြောင့် ကျောင်းလုံ အံ့ဩသွားလေသည်။

ညလူက နှာခေါင်းရှုံ့လိုက်သည်။

'မင်းရဲ့ ငှက်နှုတ်သီးသိုင်းက ဘယ်ဆိုးလို့လဲ'

ဆက်၍တိုက်ခိုက်ခြင်းမပြုပဲ နောက်ဆုတ်လိုက်၏။

တုတုဖုံး မျက်နှာပျက်သွားပြီးတိုက်ခိုက်ခြင်းမပြုတော့ပါ၊

သူမ၏ သိုင်းကွက်ကို ညလူကသိနေခြင်းကြောင့် ရင်ထိတ်သွားခြင်းလည်းဖြစ်သည်။



ညလူသည် တုတုဖုံးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'ကျုပ်သိုင်းလောကထဲမှ သွားလာရင်း ရွှေကျီးဂိုဏ်းချုပ်ရဲ့သမီးနဲ့ ထင်းကျန့်ဂိုဏ်းချုပ်တို့ မကြာခင်မှာမင်္ဂလာပွဲ ကျင်းပမယ်လို့ သတင်းကြားခဲ့တာပဲ၊ ရွှေကျီးဂိုဏ်းကသခင်မလေးက မင်္ဂလာကိစ္စကို လက်မခံနိုင်တာနဲ့ ထွက်ပြေးရှောင်တိမ်းနေတယ်လို့ ကြားသိရသေးတယ်'

သူက တုတုဖုံးအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်သည်။

'ပြောစမ်း မင်းဟာတုတုဖုံးမဟုတ်လား'

တုတုဖုံးက ရင်ကော့လိုက်သည်။

'ဟုတ်တော့ ဘာဖြစ်သလဲ'

'ဟား....ဟား....ဟား'

ညလူက ဟားတိုက်ရယ်မောလိုက်သည်။

'ကျုပ်က ဘယ်သူမှ ရှာမတွေ့တဲ့ ထင်းကျန့်ဂိုဏ်းချုပ်ရဲ့ သတို့သမီးကို ရှာတွေ့ခဲ့တာပဲ၊ ကောင်းတယ် ကောင်းတယ်'

သူက ကျောင်းလုံအားလှမ်းပြောလိုက်သည်။

'ကျောင်းလုံ ထင်းကျန့်ဂိုဏ်းမှာ မင်္ဂလာပွဲကြီး ကျင်းပဖြစ်ရင် ဘာတွေဖြစ်လာမလဲကိုတော့ မင်းသိသလား'

ကျောင်းလုံက ဘာမှမပြောဘဲနေလိုက်သည်။

ညလူက ပြတ်သားစွာပြောလေသည်။

'သူတို့ရဲ့မင်္ဂလာပွဲဖြစ်မြောက်ရမယ်၊ ဒါမှ ထင်းကျန့်ဂိုဏ်းချုပ်သိက္ခာကျသွားမယ်၊ သူကြေညာထားတဲ့သိုင်းလောကက

နှုတ်ထွက်ရလိမ့်မယ်၊ အသိ၊ ကျွန်ဂိုဏ်းချုပ်ကို ဆုံးမဖို့ဆိုတာ မခက်တော့ဘူးပေါ့'

တုတုဖိုး မည်သူမည်ဝါဖြစ်ကြောင်း သိသွားလျှင် အကြံတစ်မျိုးပြောင်းသွားပြန်လေသည်။

ကျောင်းလုံ ငိုင်သွား၏။

ထင်းကျွန်ဂိုဏ်းချုပ်အား ဒုက္ခပေးရာ၌ တုတုဖိုးအား အသုံးမချလိုတော့ပါ။

အမှန်ဝန်ခံရလျှင် သူမအပေါ် သံသယဇာဥ် ဖြစ်တွယ်နေမိပြီ မဟုတ်ပါလား။

ညလူ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကျောင်းလုံ မင်းက ထင်းကျွန်ဂိုဏ်းချုပ်ကို ဒုက္ခပေးဖို့ သူ့ကို ဖမ်းထားတာပေါ့လေ၊ တော်တယ် မင်းသိပ်တော်တယ်၊ ဒါမှ မင်းမိဘကို ဒုက္ခပေးခဲ့တဲ့ ထင်းကျွန်ဂိုဏ်းချုပ်ကို ကောင်းကောင်းကြီးဆုံးမနိုင်မှာကွ'

ကျောင်းလုံမှာ တုတုဖိုးအထင်မှားသွားမည်ကို စိုးရိမ်ကာ ပျာပျာသလဲ ငြင်းလိုက်လေသည်။

'ဟာ...သူ့ကိုဖမ်းထားတာမဟုတ်ပါဘူး၊ သူကလဲ ထင်းကျွန်ဂိုဏ်းချုပ်အပေါ် ကျေနပ်တာမဟုတ်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး တာမိသိုင်းကျမ်းကို ရှာကြမယ်၊ ပြီးရင် ထင်းကျွန်ဂိုဏ်းချုပ်ကို ဆုံးမကြမယ်လို့ စီစဉ်ထားပါတယ်'



ညလူ နှာခေါင်းရှုံ့လိုက်သည်။

'ကျောင်းလုံ... မင်းမိုက်မဲလှချည်လား၊ ထင်းကျွန်ဂိုဏ်းချုပ်ကို ဆုံးမနိုင်မယ့်အခွင့်အရေး မင်းရဲ့လက်ထဲ ရောက်နေတာတောင် အသုံးမချနိုင်တော့ဘူးလား၊ ထင်းကျွန်ဂိုဏ်းချုပ်က လက်ဆယ်ပိုက်တာနဲ့ သိုင်းလောကက နှုတ်ထွက်ရလိမ့်မယ်၊ သူဟာ သိုင်းလောကသားတစ်ယောက် မဟုတ်တော့ဘူးဆိုရင် သိုင်းပညာ အသုံးပြုနိုင်တော့မှာ မဟုတ်ဘူး၊ ဒါဆိုသူ့ကို ဆုံးမဖို့ လွယ်သွားပြီပေါ့'

တုတုဖိုး ခံပြင်းလာသည်။

ညလူသည် မိမိဒုက္ခရောက်စေရန် ကျောင်းလုံအား မြှောက်ပင့်ပေးနေကြောင်း နားလည်လိုက်လေသည်။

ကျောင်းလုံက လက်မခံပါချေ။

'ကျွန်တော်က ထင်းကျွန်ဂိုဏ်းချုပ်နဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပါတယ်'

'မင်း...မင်း'

ညလူ ကျောင်းလုံနှင့် တုတုဖိုးတို့အား အကဲခတ်ကြည့်လိုက်လေသည်။

အခြေအနေကို သဘောပေါက်သွားသည်။

ရုတ်တရက် သူ၏မျက်လုံးအစုံ၌ ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

လူကပြုံး၍ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ကောင်းပြီလေ မင်းဟာ သူတော်ကောင်းစိတ်ရှိတယ်ဆိုရင်လဲ မင်းရဲ့သဘောပဲ၊ ဘာပဲဖြစ်ဖြစ် ထင်းကျွန်ဂိုဏ်းချုပ်ကို

ဆုံးမဖို့ကတော့ ငါဘယ်တော့မှ လက်လျှော့သွားမှာ မဟုတ်ဘူး၊ မင်းလဲ နောက်ဆုတ်လို့မရဘူးဆိုတာ မှတ်ထားပါ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်၊

ကျင်းလုံ ဝမ်းသာသွားလေသည်၊

'ကျုပ်တို့ ဒီကထွက်သွားကြရင် ကောင်းမယ်'

တုတုဖုံး ခေါင်းညိတ်လိုက်သည်၊

ညလူသည် ကြောက်စရာကောင်းပြီး သူမတို့အတွက် အန္တရာယ်ရှိသူ ဖြစ်ကြောင်း ကောင်းစွာရိပ်မိလိုက်ပြီ မဟုတ်ပါလား'

ဆိုစဉ်....

'ဝှစ်....'

'ဖောက်....'

ထူးခြားသော မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဘာဖြစ်တာလဲ'

ကျင်းလုံနှင့် တုတုဖုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်ကြလေသည်၊

ထူးခြားမှု တစ်စုံတစ်ရာမတွေ့ရချေ၊

သို့သော်....

ကျင်းလုံ နှာခေါင်းတရှုံ့ရှုံ့ဖြစ်လာသည်၊

'ညီမ ...အမွှေးနံ့ တစ်ခု ရသလား'

တုတုဖုံး ခေါင်းညိတ်လိုက်သည်၊



'ရတယ် အစ်ကို၊ အတော့်ကိုသင်းပျံ့တဲ့ အမွှေးနံ့ပဲ'

မှန်ပါသည်၊

သင်းပျံ့သော အမွှေးနံ့တစ်ခုကို သူတို့ ရှူရှိုက်မိလိုက်ကြသည်၊

သူတော်၏အိမ်ဂေဟလေး၌ သူတို့ ရောက်ရှိနေခဲ့ကြသည်မှာ သုံးလေးရက်ရှိသွားပြီ ဖြစ်ပါသည်၊

ယခုကဲ့သို့ သင်းပျံ့သောအမွှေးနံ့ ရှူရှိုက်ရခြင်း မရှိခဲ့ချေ၊

ယခု ထူးထူးခြားခြား ရှူရှိုက်ပိုက်ရခြင်းဖြစ်ရာ အံ့ဩနေမိလေသည်။

ကျင်းလုံစိတ်ထဲ သံသယဖြစ်လာ၏၊

'ညလူက မကောင်းကြံသွားတာများများ'

ညသူကို မယုံကြည်နိုင်အောင် ဖြစ်လာရကား....

'ညီမ....အပြင်ဘက်ထွက်ကြတို့ရင် ကောင်းမယ်'

'အစ်ကို့ သဘောပဲလေ'

နှစ်ယောက်သား အိမ်အပြင်ဘက်သို့ ထွက်လာခဲ့ကြ၏၊

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်၊

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပ နေလေသည်၊

ရုတ်တရက် ကျင်းလုံစိတ်ထဲ ကြည်နူးသာယာမှုများ ဖြစ်ပေါ်လာသည်၊

ပူပန်သောကများ မေ့ပျောက်သွားသည်၊

တုတုဖုံးအား ကြည့်လိုက်သောအခါ လဒရောင်အောက်၌ အလွန်လှပသော နတ်မိမယ်လေးတစ်ပါးအလား ရှိနေသည်ကို တွေ့ရ၏။

သူမ၏မျက်နှာ ပြုံးရွှင်နေသည်။

လူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ကျောင်းလုံး၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ရုတ်တရက် သူ၏လက်နှစ်ဖက်ကို ဆန့်တန်းမိလိုက်သည်။

တုတုဖုံး၏မျက်နှာပေါ်၌ ရှက်သွေးလျှမ်းသွား၏။

သူမသည် ရှေ့တိုးလာပြီး ကျောင်းလုံး၏ရင်ခွင်ထဲ တိုးဝင်လိုက်တော့သည်။

သူတို့သည် အရာရာကိုမေ့လျော့ကာ အိပ်မက်ထဲ၌ရှိနေသည်နှင့် တူနေ၏။

သူတို့စိတ်များ ပြောင်းလဲသွားကြသည်။

နှစ်ယောက်စလုံး ပတ်ဝန်းကျင်ကို လှစ်လျူရှုထားလိုက်ကြလေသည်။

....★....

## သံသယ

---

'အောက်အီးအီးအွတ်...'

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

အရှေ့ဘက်တွင် အာရုဏ်ဦး၏နေရောင်များ ထွက်ပေါ်လာ၏။

တစ်ညတာ ကုန်ဆုံးလုနီးပြီ ဖြစ်လေသည်။

ကျောင်းလုံ အိပ်ပျော်ရာမှနိုးလာသောအခါ သူတော်၏အိမ်ကလေး ဝဲဘက်ရှိ ပန်းပင်များဝိုင်းရံထားသော မြက်ခင်းပြင်ပေါ်၌ လဲလျောင်းကာ အိပ်ပျော်နေသည့်အဖြစ်ကို တွေ့လိုက်ရ၏။

'ဟင်....ငါဘယ်လိုလုပ်ပြီး ဒီနေရာမှာ ရောက်နေတာပါလိမ့်'

သူက လူးလိမ့်ထရန် ပန်ပြင်လိုက်ရင်း ညာက အလွန်သင်း ပျံ့ကြည်နူးဖွယ်ကောင်းသော အိပ်မက်တစ်ခု မက်ခဲ့သည်ဟု ခံစားလိုက်ရလေသည်။

ကျင်းလုံ ရုက်ပြုံးပြုံးလိုက်မိလေသည်။

လူးလှိမ့်ထလိုက်သောအခါ...

'အင့်....'

ဝဲဘက်မှ ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် အံ့သြသွားလေသည်။

ကျင်းလုံကြည့်လိုက်သောအခါ အိပ်ပျော်နေသော တုတုဖုံးအား တွေ့လိုက်ရလေသည်။

'ဟာ....'

ကျင်းလုံ အလန့်တကြား အော်ဒီလိုက်လေသည်။

တုတုဖုံးအားကြည့်လိုက်သည်နှင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်မှာ အိပ်မက်မဟုတ်ကြောင်း သဘောပေါက်သွားလေတော့သည်။

ထိုအချိန်မှာပင် တုတုဖုံးကညည်းညူရင်း နိုးလာလေသည်။

'ဟင်....'

သူမသည်း သတိဝင်လာပြီး လူးလိမ့်ထလိုက်၏။

တိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သောရယ်မောသံ ထွက်ပေါ်လာသည်။



ကျင်းလုံနှင့် သူမတို့ လှမ်းကြည့်လိုက်သော အခါ မလှမ်းမကမ်း ဘစ်နေရာ၌ ဟားဘိုက်ရယ်မောနေသည့် ညလူအား တွေ့လိုက်ရသည်။

'ထင်းကျန့်ဂိုဏ်းချုပ်ဟာ အပျိုစင်မဟုတ်တော့တဲ့ သတို့သမီးကို လက်ထပ်ရတော့မယ်၊ ဟား....ဟား....ဟား'

ယခု ညလူ၏စိတ်သဘောနှင့် လုပ်ရပ် ပေါ်လွင်လာပြီဖြစ်သည်။

ထူးခြားသောဆေးဝါးများဖြင့် စီရင်ထားသည့် စိတ်ပြောင်းနံ့ ကိုအသုံးပြုကာ ကျင်းလုံအား အမှားကြီးမှားစေခဲ့ချေပြီ။

ကျင်းလုံ ဒေါပွသွားသည်။

'ခင်....ခင်ဗျား ယုတ်မာလှချည်လား'

ကျယ်လောင်စွာ အော်ပြေစ်လိုက်မိလေသည်။

ညလူ ပခုံးတွန့်လိုက်သည်။

'ဒီလိုလုပ်ရပ်မျိုးကို ထင်းကျန့်ဂိုဏ်းချုပ်က လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်ကတည်းက လုပ်ခဲ့တာပါကွာ'

'ခင်....ခင်ဗျား....'

'ထင်းကျန့်ဂိုဏ်းချုပ်တော့ ကောင်းကောင်းကြီး ဝင်လည်ပြီပေါ့၊ ကျင်းလုံ....သူဟာ မင်းရဲ့မိဘတွေကို သတ်သွားတဲ့ လူယုတ်မာဆိုတာ ဘယ်တော့မှမမေ့နဲ့'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

'ရပ်လိုက်'

ကျင်းလုံက အော်ဟစ်တား ပြေးလိုက်သွားလေသည်။

သို့သော် သစ်ပင်များကြားသို့ ရောက်ရှိသွားသောအခါ ညလူမှာ ပျောက်ကွယ်သွားတော့သည်။

'လူယုတ်မာကြီး....ခင်ဗျားမပြေးနဲ့'

ကျင်းလုံ ဒေါသအကြီးအကျယ်ဖြစ်ကာ လိုက်လံရှာဖွေပါသော်လည်း ညလူ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါချေ။

မတတ်သာသည့်အဆုံး ကျင်းလုံ လက်မှိုင်ချကာ အိမ်လေးဆီသို့ ပြန်လာခဲ့ရသည်။

သူမနှင့်ရင်ဆိုင်ရမည်ကို ရှက်နေပူနေသည်။

အိမ်ကလေးသို့ရောက်လာသောအခါ မျက်နှာမပူရတော့ပါ။

တုတုဖုံးက ထွက်သွားနှင့်ပြီ ဖြစ်ခြင်းကြောင့်တည်း။

ကျင်းလုံ၏ရင်ထဲ ဟာသွားလေတော့သည်။

နေသစ်၏ရောင်နီ ထွက်ပေါ်လာပြီ ဖြစ်သည်။

တောက်ပသောနေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကျင်းလုံသည် အိမ်ကလေးရှေ့၌ ငူငူကြီးထိုင်နေ၏။

ညလူ ထွက်သွားပြီဖြစ်သည်။

သူမလည်း ပျောက်ခြင်းမလှ ပျောက်သွားပြီ ဖြစ်သည်။

ယခုမှ ကျင်းလုံမှာ သူမအပေါ် နက်ရှိုင်းစွာ မေတ္တာသက်ဝင်နေမိပြီဖြစ်ကြောင်း နားလည်လာသည်။

'ညီမလေး'

ကျင်းလုံ ညည်းတွားမိလိုက်သည်။



သူမ မည်သည့်နေရာရောက်သွားသည် မသိနိုင်ပါ။

အန္တရာယ်များလှသည့် ဇစ်လီနဲတောင်၌ သူမတစ်ယောက်တည်း လှုပ်ရှားသွားလာနေသည်ကား စိုးရိမ်စရာကောင်းလှသည်။

ရှေ့ကျိုးဂိုဏ်းက သူမအားလိုက်လံရှာဖွေနေသကဲ့သို့ ထင်းကျန်ဂိုဏ်းမှလည်း အလွတ်ပေးမည် မဟုတ်ပါချေ။

'သူ့ကိုလိုက်ရှာရမယ်'

ကျင်းလုံ တုတုဖုံးအား လိုက်လံရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

သို့သော်...

သူမသည် ထင်းကျန်ဂိုဏ်းချုပ်၏ သတို့သမီးဖြစ်နေသည်။

မင်္ဂလာပွဲအောင်မြင်သွားပါလျှင် ထင်းကျန်ဂိုဏ်းချုပ်သည် သိုင်းလောကမှ နှုတ်ထွက်သွားရမည် ဖြစ်လေသည်။

သိုင်းပညာ အသုံးမပြုတော့သည့် ထင်းကျန်ဂိုဏ်းချုပ်အား လွယ်လင့်တကူ အနိုင်ယူနိုင်လိမ့်မည် ဖြစ်လေသည်။

သူ၏ဘဝအတွက် အရေးအကြီးဆုံးအရာကား ထင်းကျန်ဂိုဏ်းချုပ်အား အနိုင်ယူနိုင်ရေးပင် ဖြစ်လေသည်။

ထင်းကျန်ဂိုဏ်းချုပ်အား အနိုင်ယူရေးနှင့် နှလုံးသားရေးရာ ပတ်သက်လာသောအခါ ကျင်းလုံ ခေါင်းစိုက်သွားရလေသည်။

ထိုစဉ်....

'မင်း ဘယ်လိုဖြစ်နေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ကျင်းလှုံကြည့်လိုက်သောအခါ သူ့ဘော်ကို တွေ့လိုက်ရသည်။

သူတော် ပြန်ရောက်လာပြီဖြစ်သည်။

····★····

ကျင်းလှုံက ငိုင်နေဆဲ....

သူတော် အနီးသို့ရောက်လာပြီး ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

'မင်းဘယ်လိုဖြစ်နေတာလဲ'

ကျင်းလှုံက မလှုပ်မယှက်။

'ဟေ့....မင်းဘယ်လိုဖြစ်နေတာလဲ'

သူတော်က ကျင်းလှုံ၏ပခုံးကို လက်ဝါးဖြင့် ဖျတ်ခနဲပုတ်ကာ မေးလိုက်တော့မှ ကျင်းလှုံ သတိဝင်လာသည်။

'ဗျာ....'

'မင်းဘယ်လိုဖြစ်တာလဲ'

'ကျွန်....ကျွန်တော်....'



'မင်းကိုကြည့်ရတာ မကောင်းဆိုးဝါးတစ်ကောင်နဲ့ တွေ့ခဲ့ရသလိုပဲ၊ လာစမ်းပါ၊ အိမ်ထဲသွားရအောင်'

ကျင်းလှုံ၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

အိမ်ထဲရောက်လျှင် ညကစားသောက်ခဲ့သည့် ပန်းကန်ခွက်ယောက်များကို မသိမ်းရသေးဘဲ သည်အတိုင်းရှိနေသည်ကို တွေ့ရ၏။

သူတော် မျက်မှောင်ကုတ်သွားသည်။

'ညီ့သည်တွေ ရောက်လာတယ် ထင်တယ်'

ကျင်းလှုံခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

'ကောင်းတာပေါ့၊ ငါ့ဆီကို ဘယ်သူမှ ရောက်မလာတာကြာပြီ၊ အခု မင်းတို့ ရောက်လာတော့မှပဲ ညီ့သည်တွေလဲ ရောက်လာကြတယ်၊ ကောင်းတယ် ကောင်းတယ်'

သူတော်သည် ဟိုဟိုသည်သည်ကြည့်လိုက်သည်။

'ညီ့သည်တွေ တစ်ယောက်မှလဲ မတွေ့ပါလား၊ ဘယ်ရောက်သွားကြပြီလဲ'

ကျင်းလှုံပင့်သက်ရှိုက်လိုက်သည်။

'သူတို့ ထွက်သွားကြပါပြီ'

'ထွက်သွားပြီ'

'ဟုတ်ပါတယ်'

'ကောင်းကွာ'

သူတော်သည် စိတ်ပျက်သွားသည့်အသွင်ဖြင့် ထိုင်ခုံကစ်လုံး ဆွဲကာ ထိုင်ချလိုက်သည်။

ကျင်းလုံ ငိုင်သွားပြန်သည်။

တစ်ခဏအကြာတွင် သူတော် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'ညက မင်းဘာတွေကြားသေးသလဲ'

'ဗျာ....'

'ညက မကောင်းဆိုးဝါးကောင် တော်တော်သောင်းကျန်သွားတယ်ကွ'

'ဗျာ....'

'ဟာ....မင်းကိုပြောလိုက်ရင် တဗျာဗျာနဲ့ တာမိုသိုင်းကျမ်းကိုရှာဖို့လာကြတဲ့ သိုင်းလောကသားတွေ မကောင်းဆိုးဝါးရဲ့လက်ချက်နဲ့ အတော်ဒုက္ခရောက်သွားခဲ့ကြတယ်ကွ'

ယခုမှ ကျင်းလုံသတိဝင်လာသည်။

'မကောင်းဆိုးဝါးက စစ်လိန်တောင်ကိုရောက်လာတဲ့သိုင်းလောကသားတွေကို တိုက်ခိုက်နေတယ်ဟုတ်လား'

'ဟုတ်တယ် သိုင်းလောကသားတွေ အတော်ကို ခံလိုက်ရတယ်၊ မရှုမလှပဲကွ'

ကျင်းလုံ မကျေမနပ်ဖြစ်သွားလေသည်။

'မကောင်းဆိုးဝါးကောင်က ဘာကြောင့် သိုင်းလောကသားတွေကို တိုက်ခိုက်နေရတာလဲ'



'သိုင်းလောကသားတွေက တာမိုသိုင်းကျမ်းကို လာရှာကြတာကိုး၊ ဒါကြောင့် ဒုက္ခရောက်ရတာပေါ့'

ကျင်းလုံ မျက်မှောင်ကုပ်သွားသည်။

'မကောင်းဆိုးဝါးက တာမိုသိုင်းကျမ်းကို ကာကွယ်စောင့်ရှောက်နေတယ်လို့ ဦးဆိုလိုချင်တာလား'

သူတော်၏မျက်နှာ တည်သွားသည်။

မျက်ထောင့်နီဖြင့် ကျင်းလုံအား စိုက်ကြည့်လိုက်သည်။

ကျင်းလုံ ရင်ထိတ်သွား၏။

သူတော်မှာ လူတစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မမြင်ဘူးသူ တစ်ယောက်အလား ခံစားလိုက်ရလေသည်။

'မကောင်းဆိုးဝါးက တာမိုသိုင်းကျမ်းကို ကာကွယ်စောင့်ရှောက်နေတယ်ဟုတ်လား'

ကျင်းလုံ ပခုံးတွန့်လိုက်သည်။

'ဦးပြောတာက ဒီလိုသဘောမျိုးဖြစ်နေတာပဲ'

သူတော် တွေဝေသွားသည်။

အတော်ကလေးကြာတော့မှ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ဟုတ်တယ် မကောင်းဆိုးဝါးက တာမိုသိုင်းကျမ်းကိုစောင့်ရှောက်နေတာပဲ'

'ဦးက သိတယ်ဟုတ်လား'

'ငါလား....'

သူတော်၏ မျက်နှာတွင် စိတ်ရှုပ်ထွေးသွားသည့်အမူအရာများဖြစ်ပေါ်လာလေသည်။

'နေဦး....'

ကျင်းလုံအား လက်ကာပြလိုက်သည်။

ပြီးမှ ထိုင်ရာမှဂေါက်ခနဲ ထလိုက်၏။

'လာ ငါ့နောက်လိုက်ခဲ့'

ကျင်းလုံ၏လက်ကိုဆွဲကာ အိမ်ထဲမှအဟုန်းထိုး ပြေးထွက်သွားလေတော့သည်....။

ပထမပိုင်းပြီး၏။

( ဒု-ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန် )

ဝဏ္ဏအောင်